၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၃၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၆ ၊ ၂၀၁၂)

# လိုင်စင်ရုပ်သိမ်းခံရသော ရှေ့နေ ၁၄ ဦး လိုင်စင်ပြန်ရ

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ-၃**

နိုင်ငံရေးသမားများ၏ အမှုများကိုလိုက်ပါဆောင်ရွက်ရာမှ လိုင်စင်ရုပ်သိမ်းခံရသည့် တရားလွှတ်တော်ရှေ့နေ ၂၅ဦးအနက် ၁၄ဦးမှာ ယခုရက်ပိုင်းအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ လိုင်စင်ပြန်လည်ရရှိခဲ့ကြောင်း လိုင်စင်ပြန်လည်ရရှိခဲ့သူများအနက် တစ်ဦးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်းက ပြောသည်။

"နိုင်ငံရေးနဲ့ပတ်သက်တဲ့ အမှုတွေလိုက်ရင်းနဲ့ ထောင်ကျပြီးလိုင်စင်ရုပ်သိမ်းခံရတဲ့ တရားလွှတ်တော်ရှေ့နေ ၂၅ ယောက်မှာ ကျွန်တော်အပါအဝင် ၁၄ ယောက်ကို နိုဝင်ဘာ ၁၉ ရက်နေ့မှာလိုင်စင်ပြန်ထုတ်ပေးလိုက်ပါတယ်" ဟု ဦးအောင်သိန်းကပြောသည်။ **စာ(၁၂)သို့**

## လက်ပံတောင်းတောင်ပဋိပက္ခ ဘယ်လိုအဖြေထုတ်မလဲ

**အောင်ခိုင်၊မျိုးမင်းဦး**

**ဒေါ်အောင်ဆန်းစုကြည်၏အခန်းကဏ္ဍသည် လက်ပံတောင်းတောင်အရေးတွင် အရေးအကြီးဆုံးဖြစ်လာ**

နှစ်ထပ်အဆောက်အအုံတစ်ခု၏ အပေါ်ထပ်ခန်းမထဲတွင် မီးလောင်ဒဏ်ရာ အသီးသီးရရှိထားသော လူနာများဖြင့် ပြည့်ကျပ်နေသည်။

**စာ(၂၈)သို့**



မုံရွာမြို့မှပြည်သူများကို နှုတ်ဆက်နေသော ဒေါ်အောင်ဆန်းစုကြည်



ကြေးနီတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်ခဲ့သော ကြေးစင်တောင်အနီးရှိ ကံကုန်းရွာ၌ စွန့်ပစ်မြေစာပုံများနှင့်ဒေသခံကလေးငယ်တစ်ဦးကို ဒီဇင်ဘာ၁ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# နောက်ကြောင်းပြန်မလှည့်ရန် အားလုံးမှာ တာဝန်ရှိသည်

**သတင်းအဖွဲ့**

**သမ္မတ** ဦးသိန်းစိန် အစိုးရလက်ထက် မှန်ကန်ရဲဝံ့လှသော ပြုပြင်ပြောင်းလဲမှုများကြောင့်ကမ္ဘာကပင်မြန်မာကိုသြဘာပေးနေချိန်၊ကမ္ဘာ့သြဇာအကြီးဆုံးအမေရိကန်သမ္မတပင် လာရောက်ခဲ့ပြီး ဆယ်ရက်အကြာ လက်ပံတောင်းတောင်သပိတ်စခန်းများတွင် ဆန္ဒပြသူများကို အစိုးရက အင်အားသုံး ဖြိုခွင်းလိုက်ရာ ပြည်သူများ အံ့သြမှင်တက်သွားရသည်။

သတ်မှတ်ချိန်အတွင်း အဆိုပါသပိတ်စခန်းများ မရုပ်သိမ်းလျှင် လူစုခွဲမည်ဟု သက်ဆိုင်ရာကကြိုတင်သတိပေးထား၍ သိရှိထားသော်လည်းသံဃာတော်နှင့်ပြည်သူများ အပြင်းအထန်ထိခိုက်ဒဏ်ရာရစေသည် အထိ အင်အားသုံးဖြိုခွင်းခဲ့ခြင်းအပေါ် အများပြည်သူက အံ့သြမှင်တက်မိခဲ့ကြခြင်းဖြစ်ပါသည်။အံ့သြမှင်တက်ခြင်းနှင့်အတူ မြန်မာပြည်သူများထံတွင် စိုးရိမ်ပူပန်တစ်ခုဖြစ်ပေါ်လာသည်။ **အချပ်ပို(B)သို့**

## တက္ကသိုလ်နှစ်ခုတွင် အားကစားဘာသာရပ် အထူးပြုသင်တန်းများ ဖွင့်တော့မည်

**ညီညီဇော်**

**မန္တလေး၊ဒီဇင်ဘာ-၃**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်တန်းအောင် အားကစားထူးချွန်သူများအတွက် ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်များတွင် အားကစားဘာသာရပ် အထူးပြုသင်တန်းများ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ သတင်းရရှိသည်။ **စာ(၁၂)သို့**

## ဈေးကွက်မှ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စစ်ဆေး၍ ရလဒ်ကို ကြေညာမည်

စာ(၅)သို့

## ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသွားမည်

စာ(၃)သို့

## ထိုင်းရောက်မြန်မာလုပ်သားများ ဒီဇင်ဘာ ၁၁ နောက်ဆုံးထား၍ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးမည်

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# အခါလွန်မိုးနှိပ်စက်ခံရသော စပါးစိုက်တောင်သူလယ်သမားများကို ကူညီမည်

**သိမ့်သိမ့်စိုး၊ သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

နှစ်ရက်ဆက်တိုက်အခါလွန်မိုး ရွာသွန်းမှုကြောင့် စိုက်ဧက၏ ၅၀ ရာခိုင်နှုန်းကျော် ပျက်စီးနိုင်သည့် အခြေအနေကြုံတွေ့နေ၍ စပါးစိုက်တောင်သူများ လိုအပ်နေသည့် ပစ္စည်းများကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်းတို့က ကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါက်တာစိုးထွန်းကပြောသည်။

"အစိုးရကို ထူးခြားတဲ့အခြေအနေတစ်ရပ်အနေနဲ့ စီမံချက်ချ လုပ်ဆောင်ဖို့ တင်ပြထားတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အတွင်းရေးမှူး ကိုရဲမင်းအောင်ကပြောသည်။

လက်ရှိစာရင်းများအရ အထိခိုက်ဆုံးသတ်မှတ်ပြီး ပံ့ပိုးကူညီရန် စီစဉ်ထားသော ဒေသများမှာ ဖျာပုံ၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ တွံတေး၊ ကျိုက်လတ်ဒေသများဖြစ်သည်။

အဆိုပါဒေသများသို့ ကျပ် ၇၀,၀၀၀ တန်ဖိုးရှိ မိုးကာအလိပ် ၁၀၀၊ ခြွေလှေ့စက် အစီးရေ ၂၀၊ အခြောက်ခံစက် နှစ်လုံး၊ ၁၂ လက်မ ရေစုပ်စက် အလုံး ၁၀၀ တို့ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ တောင်သူများ၏ တောင်းဆိုမှုကို ဒေသခံစပါးစက်ပိုင်ရှင်များနှင့်ပါ တိုင်ပင်ပို့ဆောင်ခြင်းပြုလုပ်နေကြောင်း ယင်းကပြောသည်။

"ပစ္စည်းတွေက ငါးရက်အတွင်း ပို့မှရမှာ၊ မပို့ရင် စပါးတွေ အကုန်ပျက်သွားနိုင်တယ်" ဟု ဒေါက်တာစိုးထွန်းကပြောသည်။

ပျက်စီးနိုင်သည့် စပါးများထဲတွင် ပေါ်ဆန်းစပါးများမှာ အများဆုံး ပျက်စီးနိုင်သည့် အခြေအနေတွင် ရှိနိုင်သည်ဟု ကိုရဲမင်းအောင်က ခန့်မှန်းပြောသည်။

ထိုဒေသများတွင် ရှိနေသော စပါးအများစုမှာ ရိတ်သိမ်းကာလဖြစ်သည့်အတွက် အချို့မှာ ရိတ်သိမ်းပြီး ကန်သင်းများပေါ်၌ပင် မိုးမိထားသည့် အခြေအနေတွင် ရှိနေသည်။ ယခုပေးပို့သည့် ပစ္စည်းများမှာ လတ်တလောအရေးပေါ် လိုအပ်နေသော ပစ္စည်းများအဖြစ် ကူညီခြင်းဖြစ်သော်လည်း အမှန်တကယ်လိုအပ်မှုသည် ငွေဖြစ်နေသဖြင့် နိုင်ငံတော်ကိုပါ အကူအညီတောင်းရခြင်းဖြစ်သည်ဟု ကိုရဲမင်းအောင်က ပြောသည်။

"စပါးရိတ်သိမ်းဖို့ အလုပ်သမားကလည်း မရှိဘူးဖြစ်နေတယ်။ အဓိကလိုအပ်နေတာကတော့ ငွေပဲ။ တစ်နေရာတည်းမဟုတ်ဘဲ နေရာတိုင်းကို စီစဉ်ပေးဖို့ လိုနေတယ်။ တစ်မြို့နယ်ကို အနည်းဆုံး ကျပ်သိန်း လေးငါးထောင်လောက် သုံးရမှာ။ လောလောဆယ် လိုအပ်သလောက်ပဲ ပံ့ပိုးနိုင်သေးတယ်။ ဒါကြောင့် နိုင်ငံတော်ကို အကူအညီတောင်းရတာ" ဟု ယင်းက ပြောသည်။

ဤသို့ ရာသီဥတုရုတ်တရက်ပြောင်းလဲ ရိုက်ခတ်မှုသည် နောက်ပိုင်းကာလများတွင်လည်း ကြုံတွေ့လာနိုင်သဖြင့် တောင်သူများနှင့် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် ကြိုတင်စီမံချက်ချ လုပ်ဆောင်ထားသင့်ကြောင်း ကိုရဲမင်းအောင်က သုံးသပ်ပြောကြားသည်။



# တန်ဆောင်မုန်းလပြည့်ညတွင် ကလေးငယ်သုံးဦး ပျောက်ဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂**

မုံရွာမြို့ အင်းရွာသစ်ရပ်ကွက် နယ်မြေ(၅)တွင် နေထိုင်သော အသက်(၁၃)နှစ်အရွယ် ကလေးငယ်သုံးဦးသည် တန်ဆောင်မုန်းလပြည့်နေ့ည (နိုဝင်ဘာ ၂၈)ရက်တွင် လူငယ်များ စုဝေးစားသောက်ရန် ရပ်ကွက်များအတွင်း အလှူခံထွက်ခဲ့ရာမှ ရုတ်တရက်ပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါကလေးငယ်များ၏ မိဘအုပ်ထိန်းသူများက ပြောကြားခဲ့သည်။

"တန်ဆောင်မုန်းလပြည့်နေ့ညပိုင်းမှာ လူငယ်တွေ ပျော်ပွဲရွှင်ပွဲလုပ်ဖို့ဆိုပြီး ရပ်ကွက်အတွင်း အလှူခံထွက်သွားတာပါ။ အိမ်က ထွက်သွားတာ ည ၇ နာရီဝန်းကျင်ပါ။ ဒီနေ့(ဒီဇင်ဘာ ၂ရက်) ဆိုရင် အိမ်ပြန်မလာတာ လေးရက်ရှိနေပြီ။ သူတို့ သွားတတ်လာတတ်တဲ့ နေရာလေးတွေလိုက်ရှာတာ အဆက်အသွယ်မရသေးဘူး"ဟု ပျောက်ဆုံးကလေးငယ်တစ်ဦးဖြစ်သူ မောင်အံ့ကမ္ဘာ၏ ဖခင်ဖြစ်သူ ဦးဉာဏ်သိန်းကပြောကြားသည်။

"ပျောက်သွားတာကလည်း တန်ဆောင်မုန်းလပြည့်နေ့ဆိုတော့ လက်ပန်းတောင်းတောင်အရေးအခင်းမှာပါသွားသလား။ စစ်သားစုဆောင်းရေးအဖွဲ့မှာ ရောက်နေသလား။ ရဲစခန်းမှာများ ရောက်နေလားဆိုပြီး လိုက်ရှာခဲ့သေးတယ်။ သွားတတ်မယ်ဆိုတဲ့နေရာ မှန်သမျှ လိုက်စုံစမ်းနေတာ မတွေ့သေးဘူး"ဟု မောင်အံ့ကမ္ဘာ၏ ဆရာဖြစ်သူကပြောကြားသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညတွင် ပျော်ပါးရန် အလှူခံထွက်ရင်း ပျောက်ဆုံးခဲ့သူသုံးဦးမှာ မုံရွာမြို့ အင်းရွာသစ်ရပ်ကွက် နယ်မြေ(၅)၌နေထိုင်ကြသူများဖြစ်ပြီး(၁၃)နှစ်အရွယ် အဋ္ဌမတန်းကျောင်းသားများဖြစ်သော မောင်အံ့ကမ္ဘာ၊ အောင်ချမ်းအေးနှင့် အောင်အောင်တို့ဖြစ်သည်။ အဆိုပါပျောက်ဆုံးသွားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းသို့ လူပျောက် တိုင်ချက်ဖွင့်လှစ်ထားကြောင်း သိရှိရသည်။

# ၂၀၁၃ တွင် ပြည်တွင်းအတွက် သဘာဝဓာတ်ငွေ့ နှစ်ဆနီးပါး တိုးရမည်

**နေလင်းထွန်း**

**ရန်ကုန်၊နိုဝင်ဘာ-၂၇**

ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများဖြစ်သော ရတနာ၊ ရွှေနှင့် ဇောတိကစီမံကိန်းများမှ လာမည့်နှစ်တွင် ပြည်တွင်းသုံးစွဲမှုအတွက် သဘာဝဓာတ်ငွေ့ နှစ်ဆနီးပါး တိုးမြှင့်ရဖွယ်ရှိနေကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ပီတီတီအီးပီကုမ္ပဏီမှ ဆောင်ရွက်နေသော ဇောတိကသဘာဝဓာတ်ငွေ့ စီမံကိန်းလုပ်ငန်းခွင်ကို နိုဝင်ဘာလကုန်ပိုင်းကတွေ့ရစဉ်**

လက်ရှိအချိန်တွင်ပြည်တွင်းသုံးစွဲမှုအတွက် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၉၀ ဝန်းကျင် ပို့လွှတ်နေပြီး လာမည့်နှစ်တွင် တိုးမြှင့်ပို့လွှတ်နိုင်ရန် စီစဉ်နေကြောင်း တိုတယ်အီးအမ်ပီမြန်မာမှ သိရသည်။

စီမံကိန်းအသစ်များဖြစ်သော ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ၂၀၁၃ခုနှစ်မေလအတွင်း ပြည်တွင်းသုံးစွဲမှုအတွက် နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ပို့လွှတ်မည်ဖြစ်ပြီး ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းမှ လာမည့်နှစ် နောက်ဆုံးလပတ်တွင် ပြည်တွင်းသုံးစွဲမှုအတွက် နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၆၀ ပို့လွှတ်နိုင်ရန် ဆောင်ရွက်နေသည်။

ထို့ကြောင့် လက်ရှိ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၉၀ ရရှိနေရာမှ လာမည့်နှစ်တွင် ရွှေနှင့် ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းတို့မှ သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၁၆၀ တိုးမြှင့်၍ ရရှိဖွယ်ရှိနေခြင်းဖြစ်သည်။

ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းသည် နေ့စဉ် သဘာဝဓာတ်ငွေ့ပမာဏ ကုဗပေ သန်း ၃၀၀ ထုတ်လုပ်၍ ထိုင်းနိုင်ငံသို့ သန်း ၂၄၀ နှင့် ပြည်တွင်းအတွက် သန်း ၆၀ အသုံးပြုသွားမည်ဖြစ်သည်။ နှစ်ပေါင်းနှစ်ဆယ်သက်တမ်းရှိပြီဖြစ်သော ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းသည် နေ့စဉ်သဘာဝဓာတ်ငွေ့ပမာဏကုဗပေသန်း ၈၀၀ နီးပါး ထုတ်လုပ်နေပြီး ထိုင်းနိုင်ငံသို့ သန်း ၅၈၀ နှင့် ပြည်တွင်းအတွက် သန်း ၁၉၀ ပို့လွှတ်လျက်ရှိရာ အစိုးရလိုအပ်ချက်ပေါ်မူတည်၍ သဘာဝဓာတ်ငွေ့ကို တိုးမြှင့်ပို့လွှတ်သွားမည်ဖြစ်ကြောင်း ၎င်းစီမံကိန်းလည်ပတ်နေသောတိုတယ်အီးအမ်ပီ(မြန်မာ)၏ အထွေထွေမန်နေဂျာ Ms.Namita Shah ကပြောသည်။

ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်း လည်ပတ်နေသော ထိုင်းနိုင်ငံအခြေစိုက် ပီတီတီအီးပီကုမ္ပဏီနှင့် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းလည်ပတ်နေသောပြင်သစ်နိုင်ငံအခြေစိုက် တိုတယ်အီးအမ်ပီကုမ္ပဏီတို့သည် ယခုလတွင် ပြည်တွင်းသတင်းထောက်များအား ၎င်းတို့လုပ်ငန်းလည်ပတ်မှုများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲမှုအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော သဘာဝဓာတ်ငွေ့စီမံကိန်းများမှ သဘာဝဓာတ်ငွေ့ကို ဝယ်ယူအသုံးပြုနေရခြင်းဖြစ်သည်။ သဘာဝဓာတ်ငွေ့ဈေးနှုန်းအနေဖြင့် ပြည်ပသို့ ရောင်းချသော ဈေးနှုန်းထက် ပြည်တွင်းသို့ ရောင်းချသောဈေးနှုန်းက ပိုမိုသက်သာကြောင်း Ms.Namita Shah က ပြောသည်။

စာ(၁၂)သို့

# ရှမ်းတိုင်းရင်းသားပါတီများ ပေါင်းစည်းရန် ရှမ်းပြည်သူလူထု ၉၀ ရာခိုင်နှုန်းကျော် ထောက်ခံ

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

ရှမ်းတိုင်းရင်းသားနိုင်ငံရေးပါတီများ ပေါင်းစည်းရန်အတွက် ရှမ်းပြည်သူလူထု၏ သဘောထားစစ်တမ်းကို ကောက်ယူရာ ၉၀ ရာခိုင်နှုန်းကျော် ထောက်ခံခဲ့ကြောင်း ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးကပြောသည်။

"ကျွန်တော်တို့ဆီ သဘောထားတွေပို့ထားတာရှိတယ်။ သဘောထားတွေကတော့ ပေါင်းစည်းချင်တဲ့ဆန္ဒရှိတယ်"ဟု ၎င်းကဆိုသည်။

ပြီးခဲ့သည့်နိုဝင်ဘာလနောက်ဆုံးပတ်တွင် ကျင်းပခဲ့သည့် ရှမ်းတိုင်းရင်းသားအဖွဲ့ ပေါင်းစုံပါဝင်သော ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းဆွေးနွေးပွဲမတိုင်မီ ရှမ်းပြည်သူလူထုထံမှ စစ်တမ်းများ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကပြောသည်။

"အခုလောလောဆယ်ကတော့ အခြေခံဥပဒေကို ဘယ်လိုပြင်မလဲဆိုတာလည်း မသိဘူး။ အဲဒီတော့ အခြေခံဥပဒေကိုပြင်ဖို့ရယ် PR စနစ် သွားမလားဆိုတာ စောင့်ကြည့်ပြီးမှ ပေါင်းကြမှာပါ" ဟု ဦးခွန်ထွန်းဦးကပြောသည်။

ရှမ်းတိုင်းရင်းသားအဖွဲ့ ပေါင်းစုံပါဝင်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါတီပေါင်းစည်းရေးအတွက် တူရာကဏ္ဍများတွင် ပေါင်းစပ်လုပ်ကိုင်သွားရန် ဆွေးနွေးခဲ့ကြောင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ဆောင်ရွက်ရမည့် အကြောင်းအရာများကိုလည်း အသေးစိတ်ဆွေးနွေးရန်ရှိကြောင်း ယင်းဆွေးနွေးပွဲသို့ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ ကိုယ်စားတက်ရောက်ခဲ့သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်ကပြောသည်။

လက်ရှိအချိန်တွင် ရှမ်းတိုင်းရင်းသား နိုင်ငံရေးပါတီများမှာ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ တိုင်လိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲတွင် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြီးလျှင် တိုင်းရင်းသားပါတီများအနက် မဲအများဆုံးရရှိသောပါတီဖြစ်သည်။


ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင်ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်များအတွက်လွှတ်တော်ကိုယ်စားလှယ် ၅၇ ဦး အနိုင်ရရှိခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# တရုတ်နိုင်ငံရေးလှုပ်ရှားသူ ချင်ကွမ်းချန်က မြန်မာ့အပြောင်းအလဲကို စံနမူနာယူရန် ရှီကျင်းပင်အား တိုက်တွန်း

**ဘေဂျင်း၊ဒီဇင်ဘာ-၃**

တရုတ်နိုင်ငံ၏ ကျော်ကြားသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ မျက်မမြင် ချင်ကွမ်းချန်က တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲဖြစ်ပြီး မကြာမီ သမ္မတဖြစ်လာဖွယ်ရှိသည့် ရှီကျင်းပင်အား မြန်မာ၏ နိုင်ငံရေး အပြောင်းအလဲပုံစံကို လိုက်နာလုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။



ချင်ကွမ်းချန်



ရှီကျင်းပင်

ချင်က ရှီကျင်းပင်အားမြန်မာ့ အပြောင်းအလဲ ပုံစံကို လိုက်နာမည်လား (သို့မဟုတ်) အကြမ်းဖက်အသွင်ဖြင့် နိုင်ငံရေး အကူးအပြောင်းကာလ အန္တရာယ်ကို ယူမည်လားဟု မေးမြန်းကာ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၎င်းက တရုတ်အစိုးရသည် ၎င်း၏ မိသားစုအား စွပ်စွဲထားသည့်ပြစ်မှုကို စုံစမ်းစစ်ဆေးမည်ဟု ကတိပေးထားပြီးမှ ချိုးဖောက်ခဲ့ကြောင်း ရှုတ်ချခဲ့သည်။ ချင်သည် ယခုဝေဖန်မှုကို တက္ကဆက်ပြည်နယ် အခြေစိုက် China Aid အဖွဲ့၏ You Tube ဗီဒီယိုဝက်ဘ်ဆိုက်ပေါ်တွင် လွှင့်တင်ပေးသော ရုပ်သံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ချင်က ၎င်း၏ရုပ်သံ၌ မြန်မာသမ္မတ ဦးသိန်းစိန်သည် နိုဗယ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ လူများအား ပြန်လွှတ်ပေးနိုင်စွမ်းရှိလျှင် ရှီကျင်းပင်သည်လည်း တရုတ်ပြည်တွင်းရှိ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသားများကိုပြန်လွှတ်ပေးနိုင်ရမည်ဖြစ်ကြောင်း ဆိုသည်။ ၎င်းက "ဦးသိန်းစိန်ရဲ့ပွင့်လင်းတဲ့စိတ်က ကမ္ဘာရဲ့ အသိအမှတ်ပြုမှုရော၊ မြန်မာပြည်သူတွေရဲ့ ထောက်ခံမှုကိုပါရခဲ့ပါတယ်။ ဒါပေမဲ့ရှီကျင်းပင်ကမလုပ်နိုင်ပါဘူး" ဟုပြောသည်။

ချင်ကွမ်းချန်၏ တူဖြစ်သူ ချင်ကီကွေးသည် ချင်ကွမ်းချန်နေအိမ်အကျယ်ချုပ်မှ ထွက်ပြေးပြီးနောက်တစ်နေ့တွင် ၎င်း၏နေအိမ်သို့ လာရောက်သော အာဏာပိုင်များကိုဓားအသုံးပြု၍ ခြိမ်းခြောက်တိုက်ခိုက်မှုဖြင့် တရားစွဲခံရပြီးနောက် ပြီးခဲ့သည့် အပတ်ကပင် ထောင်ဒဏ်သုံးနှစ်နှင့် သုံးလ ချမှတ်ခြင်းခံခဲ့ရသည်။ လူ့အခွင့်အရေးလှုပ်ရှားသူ ရှေ့နေတစ်ဦးဖြစ်သည့် ချင်ကွမ်းချန်သည်ပြီးခဲ့သည့် ဧပြီတွင် နေအိမ်အကျယ်ချုပ်မှ ထွက်ပြေးပြီးနောက် ဘေဂျင်းရှိ အမေရိကန်သံရုံးတွင် ခိုလှုံခဲ့ကာ တရုတ်နှင့် အမေရိကန်သံတမန်ရေးအရ တင်းမာမှုများ ဖြစ်ပေါ်စေခဲ့သည်။ နောက်ပိုင်းတွင် ၎င်းကို တရုတ်အစိုးရက ပြည်ပထွက်ခွာခွင့်ပေးခဲ့ပြီး အမေရိကန် နယူးယောက်တက္ကသိုလ်၌ ပညာသင်ကြားခွင့်ရရှိပြီး ယခုအခါ ပညာသင်ကြားလျက်ရှိနေသည်။

*-Ref: Reuters/Asahi*

# ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသွားမည်

## ဒီဇင်ဘာလအတွင်း မကွေး၊ နတ်မောက်နှင့် ကော့သောင်းသို့ သွားရောက်မည်

**ငြိမ်းငြိမ်းနိုင်**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၃**

ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာလအတွင်း ပြည်တွင်းခရီးနှစ်ခု ထွက်မည်ဖြစ်ကာ ဇန်နဝါရီတွင် ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ဇာတိဖြစ်သော နတ်မောက်မြို့၊ အပါအဝင် မကွေးတိုင်းဒေသကြီးအတွင်း မြို့များသို့ ကြားဖြတ်ရွေးကောက်ပွဲကာလက ခရီးစဉ်စီစဉ်ပြီးမှ ကျန်းမာရေး အခြေအနေကြောင့် မသွားဖြစ်ခဲ့သည့်အတွက် ယခုဒီဇင်ဘာ ၁၁ ရက်တွင် နှစ်ရက်တာ သွားရောက်မည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်စီစဉ်မှုများတွင် အနီးကပ်ပါဝင်သူတစ်ဦးက ပြောကြားသည်။

ထို့နောက် ကော့သောင်းမြို့သို့ ဒီဇင်ဘာ တတိယပတ်အတွင်း ထပ်မံသွားရောက်မည်ဖြစ်ပြီး ကော့သောင်းသို့ သွားရောက်ခြင်းနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန်လည်းဖြစ်၊ ယင်းဒေသခံလည်းဖြစ်သည့် ဒေါက်တာတင်မျိုးဝင်းက "ကြားဖြတ်တုန်းက မြိတ်ကိုသွားပြီးတော့ အဲဒီကိုလည်း လာမယ်လို့ကတိပြုထားတဲ့ နေရာလည်းဖြစ်တယ်။ သူ တစ်ခါမှ မရောက်ဖူးတဲ့နေရာလည်းဖြစ်တော့ သွားဖို့ဖြစ်သွားတာပါ။ ကျွန်းစုမြို့နယ်၊ ကော့သောင်းနဲ့ ကံမော်မြို့တို့ကို ရောက်ပါမယ်။ နှစ်ညအိပ်ပါ" ဟုဖြေကြားသည်။

လွှတ်တော် ခေတ္တရပ်နားထားစဉ် ကာလအတွင်း မုံရွာမြို့သို့သွားရောက်ကာ လတ်တလောဖြစ်ပွားနေသည့်လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကိစ္စ ကြားဝင်ဖြေရှင်းပေးရန် ဒေသခံကျေးရွာသားများနှင့် တွေ့ဆုံခဲ့သလိုမိန့်ခွန်းနှစ်ကြိမ်လည်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည်ကြားဖြတ်ရွေးကောက်ပွဲပြီးနောက် ပြည်တွင်း ခရီးစဉ်များ ရပ်နားထားခဲ့ပြီး ၎င်း၏ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။ ထို့နောက် ဗြိတိန်၊ အမေရိကန် အပါအဝင် ပြည်ပနိုင်ငံများသို့ သွားရောက်ကာ မကြာသေးမီက အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

လွှတ်တော်အစည်းအဝေးများ ဇန်နဝါရီလအတွင်းပြန်လည်ကျင်းပမည်ဖြစ်ရာ ဒေါ်အောင်ဆန်းစုကြည်မှာ လွှတ်တော် အစည်းအဝေးရှိချိန်များတွင် နေပြည်တော်ရှိနေအိမ်၌သာနေထိုင်မည်ဖြစ်ကြောင်း မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။



7 DAY NEWS JOURNAL
Vol.11, No.39 · DECEMBER 6 , 2012

CRIME CORNER

## ရဲသုံးဦးအား လူသတ်မှုဖြင့် အမှုဖွင့်

သန်းဌေး၊ အေးမြတ်သူ

ရန်ကုန်၊ ဒီဇင်ဘာ - ၁

ရဲတပ်ဖွဲ့ဝင်သုံးဦးက စက်ရုံအလုပ်သမား အမျိုးသားတစ်ဦးအား ရဲစခန်းသို့ခေါ်ဆောင်စဉ် ရိုက်နှက်ရာမှ နေရာတွင်ပင် သေဆုံးသွားခြင်းကြောင့် အဆိုပါရဲတပ်ဖွဲ့ဝင်သုံးဦးအား လူသတ်မှုဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

အမှုဖြစ်ပွားပုံမှာ နိုဝင်ဘာ ၂၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က ရွှေပြည်သာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သာခုကန်လမ်းထိပ်ရှိအောင်ကြွေပြားစက်ရုံမှ အသက် ၂၇ နှစ်အရွယ် အလုပ်သမား သမဂ္ဂခေါင်းဆောင် ကိုဇေယျာမင်းအား ရဲသုံးဦးက ဝိုင်းရိုက်နှက်ရာမှ သေဆုံးသွားခြင်းဖြစ်သည်။

“ရဲတွေက သူတို့အရာရှိကို ပြောတော့ အရက်မူးနေပြီး ဆိုင်ကယ်နောက်ကပြုတ်ကျလို့ သေတာတဲ့။ ဒါကို ရွှေပြည်သာစခန်းက ရဲသုံးယောက်လုံးကို ခွဲပြီးစစ်တော့မှ သူတို့ဝိုင်းရိုက်ပြီးသေတာပေါ်လို့နဂိုပုဒ်မ(၃၀၄)လူသေမှုကနေ(၃၀၂)လူသတ်မှုနဲ့ ဖမ်းလိုက်တာ” ဟု ရွှေပြည်သာမြို့နယ်ရဲစခန်းသို့သွားရောက်၍ စခန်းမှူးနှင့်တွေ့ဆုံခဲ့သူ ဒေါက်တာစိန်ဝင်းက ပြောသည်။

အဆိုပါဖြစ်စဉ်တွင် သေဆုံးသွားသော ကိုဇေယျာဝင်းအား နောက်ပြန်လက်ထိပ်ခတ်၍ နံပါတ်တုတ်ဖြင့် ဦးခေါင်းကို ရိုက်နှက်ခြင်း၊ ဘွတ်ဖိနပ်များဖြင့် နံရိုးများအား ကန်ခြင်းနှင့် မျက်နှာတွင် လက်သီးဖြင့် ထိုးထားသော ဒဏ်ရာဒဏ်ချက်များ တွေ့ရှိရကြောင်း ၎င်းကပြောသည်။

“ဒီရဲအုပ်ကျော်ကျော်က တရားလိုလုပ်ပြီး တိုင်ထားပေမယ့် အခု သူက ဘုန်းကြီးဝတ်နေတယ်။ ဘာကြောင့်သေတယ်ဆိုတာတော့ ဆေးရုံရဲ့ဆေးစာမူရင်းမှာပဲ ရှိမှာ၊ ဆေးစာက ချက်ချင်းမထွက်သေးဘူး” ဟု ရွှေပြည်သာ ရဲစခန်းမှ တာဝန်ကျ ရဲဝန်ထမ်းတစ်ဦးကပြောသည်။

ယခုဖြစ်စဉ်ကြောင့် လူသတ်မှုဖြင့် အရေးယူခံထားရသော ရဲတပ်ဖွဲ့ဝင်သုံးဦးမှာ လှော်ကားနှင့် သောင်ကြီး ရဲစခန်းများမှ လှည့်ကင်းတာဝန်ကျရဲများဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်တွင်စုပေါင်း ခုံရုံးထိုင်ရန် ဆုံးဖြတ်ထားကြောင်း သတင်းရရှိသည်။




# နေပြည်တော်တွင် တရားစီရင်ရေးကို အုပ်ချုပ်ရေးပိုင်းက ဝင်ရောက်စွက်ဖက်မှုရှိ

အေးသူစံ

ရန်ကုန်၊ နိုဝင်ဘာ-၃၀

အစိုးရရုံးစိုက်ရာ နေပြည်တော်၏ တရားစီရင်ရေးစနစ်တွင် လာဘ်ပေးလာဘ်ယူမှု နည်းပါးသော်လည်း အုပ်ချုပ်ရေးပိုင်းက တရားစီရင်ရေးသို့ ဝင်ရောက်စွက်ဖက်မှုများရှိကြောင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကပြောသည်။



ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ နိုဝင်ဘာ ၂၆ရက်က ဒေါ်အောင်ဆန်းစုကြည်နှင့်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင်အချို့ ရောက်ရှိစဉ်

နိုဝင်ဘာ ၂၆ ရက်က နေပြည်တော်ရှိ တရားရုံးသုံးခုသို့ အဆိုပါ ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ကော်မတီတာဝန်ရှိသူများ သွားရောက်စစ်ဆေးပြီးနောက် ဦးဝင်းမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ “နေပြည်တော်က တရားခွင်တွေမှာ တွေ့ခဲ့ရတဲ့သက်သေတွေ၊ အမှုသည်တွေ၊ ရှေ့နေရှေ့ရပ်နဲ့ တရားသူကြီးတွေကတစ်ဆင့် တရားစီရင်ရေးကို အုပ်ချုပ်ရေးဘက်က ဝင်ပြီးစွက်ဖက်မှုတွေ ရှိနေတာ သိခဲ့ရတယ်။ လာဘ်ပေး လာဘ်ယူမှုကတော့ ရန်ကုန်နဲ့ မန္တလေးတို့လောက်မဆိုးရွားဘူး” ဟု ၎င်း က ပြောသည်။

အစိုးရရုံးစိုက်ရာမြို့ဖြစ်ခြင်းကြောင့် လာဘ်ပေး လာဘ်ယူမှု နည်းပါးခြင်းဖြစ်နိုင်ကြောင်း၊ အုပ်ချုပ်ရေးပိုင်းမှ တရားစီရင်ရေးသို့ ဝင်ရောက်စွက်ဖက်ခြင်းကြောင့် လွတ်လပ်သည့် တရားစီရင်ရေးစနစ်ဖြစ်ပေါ်နိုင်မှုမှာ အားနည်းနေသည်ဟုဆိုသည်။ “အမှုတွေကို နောက်ကွယ်ကနေ ဘယ်လိုဆုံးဖြတ်ဆိုပြီး ဝင်စွက်ဖက်မှုတွေရှိနေတော့ ကျွန်တော်တို့လိုချင်တဲ့ လွတ်လပ်တဲ့ တရားစီရင်မှုမဖြစ်နိုင်တော့ဘူး။ ဘယ်သူ့ဩဇာအာဏာမှမရှိဘဲ တရားသူကြီးရဲ့ ဆင်ခြင်တုံတရားနဲ့အညီ ဆုံးဖြတ်တာကိုပဲ ဖြစ်စေချင်တယ်။ ဒီတွေ့ရှိချက်ကိုလည်း လွှတ်တော်မှာတင်ပြမှာပါ”ဟု ဦးဝင်းမြင့်က ပြောသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီသည် ကျန်ရှိနေသေးသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ တရားရုံးများသို့ ဒီဇင်ဘာလအတွင်း သွားရောက်စစ်ဆေးသွားရန်ရှိသည်။ ထိုသို့စစ်ဆေးရာတွင် ရှောင်တခင်နည်းလမ်းနှစ်မျိုးဖြင့် ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း ဦးဝင်းမြင့်က ပြောသည်။ “ကျွန်တော်တို့လာစစ်မယ်ဆိုရင် တရားရုံးတွေက ကြိုတင်ပြင်ဆင်ကြတော့ ပကတိအခြေအနေကို မမြင်ရတော့တဲ့အတွက် ရှောင်တခင်သွားရောက်စစ်ဆေးမယ်”ဟု၎င်းကပြောသည်။ ထို့ပြင် ကော်မတီအဖွဲ့ဝင်များကို သက်သေခံကတ်ပြားများ ပြုလုပ်ပေးထားမည်ဖြစ်ပြီးသာမန်လေ့လာသူ ပြည်သူအနေဖြင့် အသွင်ယူကာမည်သည့်ရုံးဌာနကိုမဆိုဝင်ရောက်လေ့လာစစ်ဆေးမည့်နည်းလမ်းကိုလည်းစတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“တရားဥပဒေစိုးမိုးရေးနဲ့တည်ငြိမ်အေးချမ်းရေး ကော်မတီလာစစ်မယ်ဆိုတာနဲ့ ဘယ်တုန်းကမှ ယူနီဖောင်းမဝတ်တဲ့ စာရေးတွေကအစ ယူနီဖောင်းတွေနဲ့ဖြစ်ကုန်တယ်။ တရားခွင်တွေကိုလည်း အဲဒီနေ့မှာမစစ်ဘဲ ရုံးချိန်းတွေပေးတယ်။ ဒါကြောင့် တရားရုံးတွေရဲ့ တကယ့်အဖြစ်မှန်တွေကို ကော်မတီက တွေ့ရမှာ မဟုတ်ဘူး။ အခုလို ရှောင်တခင်နည်းတွေသုံးပြီး စစ်တာအကောင်းဆုံးပဲ”ဟုတရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

၂၀၁၂ တရုတ်နိုင်ငံစက်မှုထုတ်ကုန် ကုန်စည်ပြပွဲ-မြန်မာ
2012 CHINA INDUSTRY EXPO–MYANMAR
Tatmadaw Hall on U Wisara Road,Yangon
2012.12.06-2012.12.08

EXHIBITS SCOPE
● VEHICLES & SPARE PARTS
Special Vehicle, Tractor, Motorcycle, Automobile Parts & Accessories, Tires
● MACHINERY & EQUIPMENT
Wheel Loader, Piling machinery, Electric Motor, Generator Set, Alternator, Diesel Engine & Spare Parts, Farm Machinery, Food Machinery, Metallurgy Machinery, Small Machinery, Pump, Industrial Boiler, Valve Component
● ELECTRONICS & HOUSEHOLD ELECTRICAL APPLIANCES
Switching Power Supply, Transformer, Chest Freezer, Showcase, Refrigerator, Water Purifiers, Water Treatment Plant
● HARDWARE & TOOLS
Standard Component, Fittings, Valve, Measuring Tools, Grinding Tools, Manual Tools, Electric Tools, Pneumatic Tools, Hydraulic Tools, Welding Tools, Mechanical Tools
● HEALTH PRODUCTS & MEDICINES
● TEXTILES
● CHEMICAL PRODUCTS
● DOMESTIC ARTICLES, NONDURABLE CONSUMER GOODS

Organizers:
Trade Development Bureau of Ministry of Commerce of P. R. China
Department of Commerce of Yunnan Province

Supporters:
Economic and Commercial Counsellor's Office of Chinese Embassy in Myanmar
Union of Myanmar Federation of Chambers of Commerce and Industry

www.chinaexpo-mm.com
Contact us: Tel: (01)382527 Fax: (01) 382527

# ရန်ကုန်ဆိပ်ကမ်းအချို့တွင် စက်ယန္တရားနှင့်အခြေခံအဆောက်အအုံမလုံလောက်

မိုးညို

ရန်ကုန်၊ ဒီဇင်ဘာ-၂

ရန်ကုန်မြို့ရှိ ဆိပ်ကမ်းအချို့တွင် ကုန်စည်များ ရှင်းလင်းရန်လိုအပ်သော အခြေခံအဆောက်အအုံနှင့် စက်ယန္တရားများ လုံလောက်မှု မရှိသောကြောင့် ကွန်တိန်နာများ (ကုန်သေတ္တာများ) ထုတ်ယူရာတွင် ကြန့်ကြာမှုများ ရှိနေကြောင်း အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုနှစ်အတွင်း ပြည်တွင်းပြည်ပ ကုန်သွယ်မှု များလာသောကြောင့် ဆိပ်ကမ်းအများစု၌ ကွန်တိန်နာပုံးများ စုပုံနေခြင်းဖြစ်သည်။ "ထရပ်ကားတွေ မလုံလောက်ဘူး။ ကွန်တိန်နာတွေပုံတဲ့နေရာက အရမ်းကျပ်လာတယ်" ဟု အဆိုပါအသင်းဥက္ကဋ္ဌက ဆိုသည်။

ပို့ကုန်၊သွင်းကုန်လုပ်ငန်းများအား ကြားခံဆောင်ရွက်ပေးသည့် ကိုယ်စားလှယ်များ အချိန်မီရောက်ရှိမှု အားနည်းခြင်း၊ ဆိပ်ကမ်း၏ ပေးနိုင်သည့် ဝန်ဆောင်မှုနှင့် တိုးပွားလာသည့် ကုန်စည်ပမာဏတို့ မမျှတခြင်း၊ ကွန်တိန်နာများအား နေရာအပြောင်းအရွှေ့ လုပ်ပေးနိုင်သည့် စက်ယန္တရားများ လုံလောက်မှုမရှိခြင်းတို့ကြောင့် ယခုကဲ့သို့ဆိပ်ကမ်း၌ ကွန်တိန်နာများ အမြောက်အမြား စုပုံနေခြင်းဖြစ်သည်ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

အကောက်ခွန်ဌာန၏ စစ်ဆေးမှုများ၊ သတ်မှတ်ထားသည့် အခွန်နှုန်းထားများပြင်ဆင်ရန် လိုအပ်ပြီး ကွန်တိန်နာတစ်လုံးထုတ်ရန် သတ်မှတ်အချိန်ထက်ကြာမြင့်နေခြင်းတို့ကို ဖြေလျှော့ပေးရန်လိုအပ်နေသေးကြောင်း အထက်ပါ လုပ်ငန်းရှင်ကဆိုသည်။

"ဆိပ်ကမ်းမှာ ကွန်တိန်နာတွေက များလာလို့ ဌာနက ဝန်ထမ်းတွေက စနေနေ့အထိပါ အလုပ်ဆင်းပြီး ဆောင်ရွက်ပေးနေပါတယ်။ တင်သွင်းလာတဲ့ ကုန်စည်ရဲ့ တန်ဖိုးကို ထင်ရာမြင်ရာ ဆုံးဖြတ်ကောက်ခံခွင့်မရှိပါဘူး။ ကွန်တိန်နာတွေ ရွှေ့ပြောင်းဖို့ယန္တရားတွေနဲ့ကားတွေမလုံလောက်လို့အခုလိုဖြစ်ရတာပါ"ဟု အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းကပြောသည်။

ပို့ကုန်၊ သွင်းကုန်လိုင်စင်များနှင့် ဆိပ်ကမ်းမှ ထုတ်ယူရေးအတွက်ဆောင်ရွက်ပေးသော ပုဂ္ဂလိကဆိပ်ကမ်းရှင်းလင်းရေးဝန်ထမ်းများ၌ ပြင်ပမှ ညှော်ဝန်ထမ်းများက ဝင်ရောက်ဆောင်ရွက်ပေးမှုများ ရှိနေခြင်းကြောင့် မသမာသည့် ဖြစ်စဉ်အချို့လည်း ပေါ်ပေါက်နေကြောင်း ယခုနှစ်၌ ကုန်စည်ကိုင်တွယ်မှုပမာဏ ၂၅ ရာခိုင်နှုန်းခန့် တိုးပွားလာကြောင်း၊အကောက်ခွန်ဦးစီးဌာန၌ရှိသည့် ဝန်ထမ်းအင်အားမှာ လောက်ငမှုမရှိကြောင်း ဦးမျိုးသန့်က ပြောကြားသည်။

ရန်ကုန်ဆိပ်ကမ်းများမှ ၂၀၀၂-၂၀၀၃ဘဏ္ဍာနှစ်တွင်မက်ထရစ်တန်ပေါင်း ၁၀သန်းကျော်ကိုင်တွယ်ဖြေရှင်းခဲ့ရာမှ ယခုအခါ နှစ်ဆကျော် တန် သန်း၂၀ကျော်ကိုင် တွယ်ဖြေရှင်းပေးနေသည်။

# ဈေးကွက်မှ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စစ်ဆေး၍ ရလဒ်ကို ကြေညာမည်

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ - ၁

ဈေးကွက်အတွင်းရှိဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးမျိုးစုံကို မြန်မာနိုင်ငံ ဓာတ်မြေဩဇာ တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ တောင်သူလယ်သမားများအသင်းတို့က လာမည့်သီတင်းပတ်တွင် စတင်ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်၍ တွေ့ရှိချက်များကို မီဒီယာများမှတစ်ဆင့်ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တောင်သူလယ်သမားများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

"ကျွန်တော်တို့အသင်းတွေအနေနဲ့က အရေးယူတာတွေ မလုပ်နိုင်ဘူး။ ဒါကြောင့် မီဒီယာတွေမှာ ဖော်ပြတာတွေလုပ်ဆောင်သွားမယ်" ဟု ၎င်းကပြောသည်။ ဈေးကွက်တွင်းရှိဓာတ်မြေဩဇာ၊ပိုးသတ်ဆေးနှင့်စိုက်ပျိုးရေးသုံးဆေးဝါးများထဲမှတစ်လလျှင် ငါးမျိုးကို ဥပမာယူ၍ ဓာတ်ခွဲခန်းများတွင်စစ်ဆေးပြီးသုံးစွဲရန် မသင့်သော ဆေးပစ္စည်းနှင့် ဓာတ်မြေဩဇာများ တွေ့ရှိပါက နိုင်ငံပိုင်သတင်းစာနှင့် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်သွားမည်ဟုဆိုသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် မသုံးတော့သည့် စွန့်ပစ်ပစ္စည်းများကို မိမိနိုင်ငံတွင်း ဝင်ရောက်ရောင်းချခြင်း၊ သဘာဝဇီဝမျိုးစိတ်များ ထိခိုက်မှုမရှိစေရန်၊ တောင်သူလယ်သမားများ အသိညာဏ် အားနည်းသည့်ပေါ်တွင် အခွင့်ကောင်းယူ၍ အရည်အသွေးမပြည့်မီသော ပစ္စည်းများကို ရောင်းချခြင်းမရှိစေရန်၊ ဈေးကွက်မှန်ကန်စွာ ရောင်းချနေသူအပေါ် ကလိန်ကျသူများကြောင့် ဈေးကွက်မပျက်စေရန်နှင့် ဆေးနှင့် ဓာတ်မြေဩဇာများကြောင့် သီးနှံအထွက်မလျော့စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကိုရဲမင်းဦးက ပြောသည်။

ဒေသအချို့ စစ်ဆေးရာ၌ နိုင်ငံတကာတွင် အသုံးပြုမှုမရှိသော ပစ္စည်းများဖြစ်သည့် လူကိုပါအန္တရာယ်ဖြစ်စေနိုင်သော ပိုးသတ်ဆေးများကိုပါအသုံးပြုသည်များကိုလည်း တွေ့ရကြောင်း ကိုရဲမင်းဦးက ဆက်လက်ပြောသည်။

စာ(၁၂) သို့





USAID FROM THE AMERICAN PEOPLE
Australian AID
WALK FREE.ORG
MINISTRY OF HOME AFFAIRS
UNIAP
MTV EXIT LIVE IN MYANMAR
END EXPLOITATION AND TRAFFICKING
အခမဲ့တေးဂီတဖျော်ဖြေပွဲ 16 DEC
PEOPLE'S SQUARE GATES OPEN 4PM
JASON MRAZ
SLOT MACHINE•R ZARNI•PHYU PHYU KYAW THEIN
CHAN CHAN•CHIT THU WAI•LYNN LYNN•SAI SAI•PYO GYI
အခမဲ့လက်မှတ်ရရှိနိုင်ရန်အတွက် အောက်ဖော်ပြပါ CITY MART ရှိရာနေရာများသို့ ဒီဇင်ဘာ ၆ရက်နေ့မှ ၉ ရက်နေ့ အတွင်းနေ့လည် ၃နာရီမှ ည ၈ နာရီအထိ သွားရောက်ထုတ်ယူပါ။
JUNCTION SQUARE
မြေနီကုန်း
တရုတ်တန်း
အသေးစိတ်သိလိုပါက :
MY ASIA TICKET
1876 HOTLINE
VISIT
WWW.MTVEXIT.ORG
BEC TERO
Channel7
7DAY NEWS




အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
နဲ့
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant

# ထိုင်းရောက်မြန်မာလုပ်သားများကို ဒီဇင်ဘာ ၃၁ နောက်ဆုံးထား၍ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးမည်

## ထိုင်းရောက် တရားဝင်မြန်မာလုပ်သားများ ဇန်နဝါရီ ၁ ရက်မှစ၍ တစ်ရက်လုပ်ခ ဘတ် ၃၀၀ ရမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

ထိုင်းနိုင်ငံ၌ အထောက်အထား မလုပ်ရသေးသော မြန်မာလုပ်သား တစ်သန်းနီးပါးသည် ယာယီနိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားသက်သေခံလက်မှတ်ကို ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထား ပြုလုပ်ရမည်ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

တရားမဝင်မြန်မာလုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းနှင့် နိုင်ငံသားသက်သေခံလက်မှတ် ထုတ်ပေးခြင်းကို ၂၀၀၉ မှ ၂၀၁၂ ခုနှစ်အထိ ခွင့်ပြုခဲ့သည်။ ထပ်မံ၍ သက်တမ်းတိုးမြှင့်ပေးရန် ထိုင်းအစိုးရက လောလောဆယ် အစီအစဉ် မရှိသည့်အတွက်ကြောင့်ဖြစ်သည်။

“အခုသူတို့ ဒီဇင်ဘာ ၁၄ မတိုင်ခင်မှာ သက်တမ်းတိုးတာ နှစ်ကြိမ်တိုးပေးထားပေမယ့် နောက်ထပ်ဒီဘက်က အထောက်အထားမဲ့နဲ့ ခိုးဝင်နေတဲ့ အလုပ်သမားက များများလာတယ်။ အဲဒီအခါကျတော့ အခု ထပ်လုပ်ပေးလည်း နောက်တိုးဦးမှာပဲ” ဟု ဒုဝန်ကြီးဦးမြင့်သိန်းက ပြောသည်။

ယာယီနိုင်ငံကူး လက်မှတ်ထုတ်ပေးသည့်ကာလ သက်တမ်းတိုးမြှင့်ပေးရန် နှစ်နိုင်ငံအလုပ်သမား ဒုဝန်ကြီးအဖွဲ့တို့သည် ညှိနှိုင်းဆွေးနွေးပွဲများ၌ အကြိတ်အနယ်ဆွေးနွေးခဲ့ရာ ဒီဇင်ဘာ ၁၄ မှ ၃၁ ရက်ထိ တိုး၍ ခွင့်ပြုပေးခဲ့သည်။ ထို့အပြင် ၂၀၀၉ ခုနှစ်က ယာယီနိုင်ငံကူးလက်မှတ်များ ပြုလုပ်ခဲ့သူများ၏ ပတ်စပို့သက်တမ်း တိုးမြှင့်ပေးရန်နှင့် အထောက်အထားမဲ့ ကလေးများအား အထောက်အထား ပြုလုပ်ပေးရန် နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် စခန်းငါးခုအနက် နှစ်ခုအား ရွေးချယ်ခွင့်ပေးထားကြောင်း သတင်းရရှိသည်။

“လာအိုနဲ့ ကမ္ဘောဒီးယားကို ငါတို့လိုပဲ လုပ်နေတာ။ သူတို့က ထိုင်းရဲ့ သဘောအတိုင်းတူတယ်ဆိုတော့ အားကိုးမရှိတော့ဘူး။ ဒါပေမဲ့ ငါတို့လုပ်သားတွေကသူတို့ထက် သန်းဂဏန်းများတယ်။ ဆက်ပြီးညှိနေအုံးမှာပဲ” ဟု နေပြည်တော်အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က ပြောသည်။

ထို့ပြင် တရားဝင်အထောက်အထားရှိသော မြန်မာလုပ်သားများကို ၂၀၁၃ ခုနှစ်ဇန်နဝါရီ၁ရက်မှစ၍ ထိုင်းနိုင်ငံသားတို့နှင့် တန်းတူလစာငွေတစ်ရက်လျှင်ဘတ်သုံးရာထိ တိုးမြှင့်မည်ဟု ဆိုသည်။

“လုပ်ခလစာငွေကိုလည်း လာမည့် ဇန်နဝါရီ ၁ ရက်မှ စပြီး အတတ်နိုင်ဆုံးတူအောင်လုပ်ပေးမယ်။ တစ်နိုင်ငံလုံးတန်းတူပဲ သူတို့ နိုင်ငံသားနဲ့ နီးစပ်အောင်ထိ လုပ်ပေးမယ်” ဟု ၎င်းကဆိုသည်။

ထိုင်းနိုင်ငံသို့ တရားဝင် အေဂျင်စီဖြင့် သွားမည့် မြန်မာလုပ်သားများအား လေကြောင်းလိုင်းဖြင့် ပို့ဆောင်ရန်အတွက်လည်း ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဒုဝန်ကြီး ဦးမြင့်သိန်းကပြောသည်။

ထိုင်းအစိုးရဘက်မှမြန်မာလုပ်သားအရေအတွက်အား သောင်းဂဏန်းသာပြောသောကြောင့် မြန်မာ လုပ်သားအရေအတွက် အတိအကျရရှိရန် ထိုင်းအင်န်ဂျီအို အဖွဲ့များအား စာရင်းကောက်ခိုင်းထားပြီး ကျန်ရှိနေသေးသည့် လုပ်သား တစ်သန်းနီးပါးအတွက် အထောက်အထားရရှိရန် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

# သပိတ်စခန်းများကို အင်အားသုံးဖြိုခွင်းမှုအပေါ် အဖွဲ့အစည်းမျိုးစုံ ဝေဖန်



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ထွန်းနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၃**

သွေးထွက်သံယိုမှုများဖြစ်ပွားခဲ့သော လက်ပန်းတောင်းတောင် သပိတ်စခန်းများကို အင်အားသုံးဖြိုခွင်းခဲ့ခြင်းအပေါ် အစိုးရ၏ကိုင်တွယ်ဖြေရှင်းမှုများနှင့်ပတ်သက်၍ နိုင်ငံရေး အင်အားစုများနှင့် သံဃာ့ အဖွဲ့အစည်းအချို့က သဘောထား ကြေညာချက်များ အသီးသီးထုတ်ပြန်ကာ ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းအဖွဲ့အစည်းအသီးသီးက လက်ပန်းတောင်းတောင် အရေး အစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှုများမှာ အကြမ်းဖက်ဖြေရှင်းခဲ့ကြောင်း စွပ်စွဲခဲ့ပြီး ယင်းလုပ်ရပ်များကို ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြသည်။

အဆိုပါကြေညာချက်များကို ပခုက္ကူဒေသရှိ သံဃာတော်များ၊ အထက်မြန်မာပြည်မှ သံဃာတော်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့၊ နိုင်ငံရေးအကျဉ်းသားများ ကွန်ရက်၊ ၈၈ မျိုးဆက် ကျောင်းသားများ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ကချင်လွတ်မြောက်ရေးတပ်မတော် စသည့်အဖွဲ့အစည်း အသီးသီးက သဘောထား ကြေညာချက်များ ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPs) ၏ ဒီဇင်ဘာ ၁ ရက်နေ့ထုတ်ပြန်ချက်တွင် ယင်းလုပ်ရပ်ကို “စက်ဆုပ်ရွံရှာဖွယ်ရာလုပ်ရပ်” ဟု သုံးနှုန်းသွားပြီး မကြာသေးမီ ရက်ပိုင်းအတွင်း အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်းတွင် လက်မှတ်ရေးထိုးခဲ့သော အစိုးရ၏လုပ်ရပ်နှင့် ယခုကိစ္စတွင် ကိုင်တွယ်သည့်လုပ်ရပ်မှာဆန့်ကျင်ဘက်အသွင် ဆောင်နေကြောင်း ဖော်ပြထားသည်။

အစိုးရဘက်ကမူ ယင်းကိစ္စတွင် ကိုင်တွယ်ဖြေရှင်းပုံများနှင့် ပတ်သက်ပြီး ခုခံကာကွယ်ပြောကြားမှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာပေါ်မှ ထုတ်ပြန်ချက်တွင် သတ်မှတ်ချိန် ကျော်လွန်သွားခဲ့သည့်တိုင် လူစုခွဲခဲ့ခြင်းမရှိသဖြင့် လိုအပ်ချက်၏ အနည်းဆုံးသော လုံခြုံရေး တပ်ဖွဲ့ဝင်အင်အား အသုံးပြုပြီး မီးသတ်ပိုက်များ၊ မျက်ရည်ယိုဗုံးများ၊ မီးခိုးဗုံးများဖြင့် လူစုခွဲခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။



Life
7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012



## ကမ္ဘာ့အခမ်းနားဆုံး သရုပ်ဆောင်

စာ(၁၀)သို့




# ဒီဇင်ဘာ တစ်

ရွှေဖြိုးမောင်

**ဒီဇင်ဘာသည် အမှန်ပင် တစ်လို့နေပါသည်။**

စာရေးသူတို့မုံရွာမြို့တွင် နိုဝင်ဘာ ၂၉ ညနေမှစကာ အင်တာနက်လိုင်းများ သိသိသာသာ နှေးကွေးစပြုလာပါသည်။ နိုဝင်ဘာ ၃၀ မနက်မှ အခုစာမူရေးနေချိန် ဒီဇင်ဘာ ၁ ရက် ယနက်ပိုင်းအထိ လုံးဝဖွင့်မရပါ။ စာရေးသူသည် အိမ်တွင်ဖုန်းနှင့် ကွန်ပျူတာကို တွဲ၍ ပုံမှန်အသုံးပြုသူ ဖြစ်ပါသည်။ ယခင်ရက်များက အသုံးပြုရလွယ်ကူ အဆင်ပြေပါသည်။ အခုတော့အင်တာနက်အသုံးပြုသူများ လွယ်ကူသက်သာစေမည်ဟု (သူတို့အပြော) ဆိုသောနှုန်းထားအသစ်ဖြင့်ကောက်ခံတော့မည့် ဒီဇင်ဘာ ၁ မရောက်မီတွင် လိုင်းများသည် လုံးဝတစ်လို့နေပါသည်။

လိုင်းပြန်လည် ကောင်းနိုးနိုး ဖြင့်မကြာကြာဖွင့်ကြည့်မိရာတစ်ခါဖွင့်လျှင် ဆယ်မိနစ်ခန့်အတွက် ငွေကျပ်နှစ်ဆယ်ကုန်ကျပါသည်။ ဘာမှုမကြည့်ရ၊ မသုံးရဘဲ အကြိမ်နှစ်ဆယ်လောက် စမ်းမိတော့ ငွေလေးရာခန့်အလဟဿဖြစ်ခဲ့ရပါသည်။ ဒီဇင်ဘာ ၁ ရက် မနက် လေးနာရီတွင် ၆ မိနစ်ကြာ စမ်းကြည့်ရာ လိုင်းမပွင့်သော်လည်း မြန်မာငွေကျပ် ၁၆ ကျပ် အဖြတ်ခံခဲ့ရပါသည်။ အင်တာနက်လိုင်း ပွင့်၊ မပွင့်၊ စမ်းကြည့်ရမှာကိုပင်စာရေးသူလန့်၍ လန့်၍ လာပါတော့သည်။ စာရေးသူတို့ပြည်သူများအတွက်ရွှေပြည်တော်မှာ မျှော်လေဝေးလေ၊ မောလေပါလားဟု စဉ်းစားမိပါသည်။

ဖုန်းနှင့်အင်တာနက်များသည် ပြည်သူတစ်ဦးချင်းစီအတွက် အမှန်ပင်လိုအပ်ပါသည်။ အလွဲအသုံးပြုမှုများ၊ ဘေးထွက်ဆိုးကျိုးများလည်းရှိနိုင်ပါသည်။ သို့သော် ရေရှည်တွင်မူ အများစုအတွက်၊ တိုင်းပြည်အတွက် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်ရရှိရန် သေချာပါသည်။ စာရေးသူတို့နိုင်ငံ၏ ကျေးလက်နှင့် မြို့ပြရှိ အခြေခံပြည်သူအများစုမှာ မတန်တဆဈေးနှုန်းကြီးမြင့်မှုများကြောင့်ဖုန်းနှင့်အင်တာနက်များကို အနားပင် မကပ်နိုင်ရုံမျှမက ဘာမှုမသိသေးသူများ ရှိနေပါသည်။ ချမှတ်ကောက်ခံသည့်အတိုင်း ပေးဆောင်ကာ သုံးစွဲနေကြသူများမှာလည်း အဆင်ပြေသက်သာမှုများကို အပြည့်အဝမခံစားကြရပါ။ ပြည်သူများအတွက် သက်သာစေလိုသော စေတနာဖြင့် နှုန်းထားအသစ်များပြင်ဆင်လျက် နိုင်ငံတကာအဆင့်မီ မြှင့်တင်ပေးမည်ဟု လေသံလွှင့်ထားသောကြောင့် ကြိုတင်ဝမ်းသာပီတိ၊ ကျေးဇူးတင်မိ ဖြစ်ရပါသည်။ သို့သော် ယခုလို ကြုံနေရတော့ကော စာရေးသူတို့ပြည်သူများအဖို့ ဘာများတတ်နိုင်ဦးပါမည်နည်း။


ဆင်းကတ်ပျက်စီးလျှင် အခမဲ့လျှောက်ထားနိုင်သည်ဟု ကြေညာထားသော်လည်း နယ်မြို့များတွင် ကျပ်ရှစ်ထောင်၊ တစ်သောင်းပေးမှရသည်။ ဖုန်းအင်တာနက်လိုင်းလျှောက်လိုလျှင် ကျပ်တစ်သောင်းဟုသတ်မှတ်ထားသော်လည်း ကျပ်တစ်သောင်းခွဲမှ နှစ်သောင်းအထိပေးနေကြရသည်။ ကျန်းမာရေး၊ ပညာရေးနှင့်နေထိုင်မှုများအတွက် ပြေစာမလိုသော စရိတ်စကများ တတ်နိုင်မှသာလျှင်အဆင်ပြေချောမွေ့လွယ်ကူသောကောင့် အမှန်တကယ်ဝင်ငွေများ၏တစ်ဆမက ပိုမိုရရှိကြရန် အားထုတ်လုံးပမ်းနေကြရသည်။ စားဝတ်နေရေးအတွက် မတတ်သာသော အခြေအနေတွင် ထိုသို့လုံးပန်းနေကြရသောကြောင့် ဌာနနေရာကဏ္ဍအသီးသီး၌ အပိုဝန်ဆောင်မှုများကို မျက်နှာပြောင်တိုက်တောင်းယူနေကြရသည်။ မုန့်လုံးကို စက္ကူကပ် ချာချာလည်နေကြတော့သည်။ ဤအခြေအနေတွင် အငြိမ်းစားပုဂ္ဂိုလ်ကြီးများ၏ မိသားတစ်စုအတွက် ထမင်းချက် ငါးဦး၊ အိမ်ဖော် ငါးဦးစီအပြင် အခြားခြံစောင့် လုပ်သားများထားရှိရာ ထိုသူများအတွက်ကုန်ကျစရိတ်လစာကိုနိုင်ငံတော်ထံမှကျပ်သန်းရာချီ၍ တောင်းယူနေကြသည်။ အမှန်မှာ ထိုငွေများသည် နေ့စဉ်စားဝတ်နေရေးအတွက် မနည်းကုန်းရုန်းရှာဖွေနေကြရသော ပြည်သူများက ပေးဆောင်နေရခြင်းဖြစ်ပါသည်။

နည်းပညာပိုင်းဆိုင်ရာ၊ အသိပညာပိုင်းဆိုင်ရာများတွင် များစွာနောက်ကျကျန်ရစ်ခဲ့သော စာရေးသူတို့ရွှေမြန်မာနိုင်ငံတော်ရှိပြည်သူများသည် နိုဝင်ဘာနောက်ဆုံးပတ်အထိ အားတက်လုလု ဖြစ်နေကြပါသည်။ ထိုအချိန်တွင် အင်တာနက်အသုံးပြုခများ ထင်သလိုဖြစ်မလာဘဲ ပိုမိုတိုးမြင့်သွားခြင်း၊ လက်ပန်းတောင်းသပိတ်စခန်းများ အကြမ်းဖက်ဖြိုခွင်းလိုက်ခြင်းများသည် ပြည်သူတို့၏ အသည်းနှလုံးများကို လှုပ်ခတ်သွားစေခဲ့ပါသည်။ မပြီးပြတ်သေးသော ရခိုင်အရေးအခင်း၊ ကချင်စစ်ပွဲများနှင့် ပေါင်းစပ်လိုက်သောအခါ ဒီဇင်ဘာဆောင်းနှင်းဖြူများသည်မြူမှောင်များအဖြစ် ထင်မှတ်သွားစေနိုင်ပါသည်။

မြန်မာသမ္မတကြီးကတော့ အိုဘားမားထံမှ အကူအညီများ တောင်းခံလိုက်သည်ဟု ကြားသိရပါသည်။ စာရေးသူတို့ ပြည်သူများကတော့ ဘယ်သူ၊ ဘယ်အဖွဲ့ဆီကို အခက်အခဲများစွာ ပြေလည်စေခြင်း အကျိုးငှာ သနားခံကြရမည်မသိတော့ပါ။ ပြည်သူများအနေဖြင့် အရိုးသားဆုံး ပြောရလျှင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်အစိုးရကိုသာ အားကိုးယုံကြည်ချစ်ခင်ကြချင်ပါသည်။ "သူ့ကျွန်ဘဝက လွတ်တာကြာပြီ။ ကိုယ့်ကျွန်ဘဝက မလွတ်သေး" ဟူသော စကားများကို လက်သီးလက်မောင်းတန်းကာ ရဲရဲဝံ့ဝံ့ဖြင့် ကြွေးကြော်တော်လှန်ချေဖျက်ပစ်ချင်ကြပြီဖြစ်ပါသည်။ သို့သော် . . သို့သော် ဟူသည့်အတိုင်း ပစ္စက္ခအခြေအနေများက ပြည်သူများအတွက် ကျေနပ်အားရပျော်ရွှင်နိုင်စေခြင်းမရှိသေးပါ။ ထို့ကြောင့် ဒီဇင်ဘာသည် တစ်မနေဘဲ တစ်ဆင့်ပြီးတစ်ဆင့် မြင့်သည်ထက်မြင့်၍ မြင့်၍ လာပါစေဟုသာ ဆန္ဒပြုလိုက်ရပါသည်။




## ကြက်ဥပေါင်း ချိုချဉ်



ဝိုက်ဖီက ဒီတစ်ပတ်လည်း ကြက်ဥကို နောက်တစ်မျိုးပြောင်းချက်ထားပါတယ်။ ချိုချဉ်ချက်လေးချက်ထားတာပါ။

ဒီဟင်းချက်ဖို့ကြက်ဥပဲလိုပါတယ်။ ကြက်ဥပေါင်း ချိုချဉ်ဆိုတဲ့အတိုင်း အရင်ဆုံးကြက်ဥပေါင်းပါမယ်။ ကြက်ဥသုံးလုံးကို ဆားလေးထည့်ပြီး နာနာခေါက်ပါမယ်။ ပြီးရင် စတီးလ်ခွက်လေးထဲထည့်ပြီး ရေဆူနေတဲ့အိုးအတွင်းမှာ ၁၀ မိနစ်လောက်ထည့်ပေါင်းပါ။ ၁၀ မိနစ်လောက်ဆိုရင် ပူတင်းလိုပဲ ခဲသွားပါလိမ့်မယ်။

အဲဒီ ကြက်ဥပေါင်းလေး အေးသွားတဲ့အခါ ဆန္ဒွင်းမကင်းတုံးလေးတွေလို အတုံးသေးသေးလေးတွေတုံးပါ။ စချက်တော့မယ်ဆိုရင် ဆီအနည်းငယ်ထည့်ထားတဲ့ ဒယ်အိုးထဲကိုကြက်သွန်နီအကွင်းလိုက်လှီးထားတာတွေ ထည့်ဆီသတ်ပါ။ ပြီးရင် ခရမ်းချဉ်သီးအကွင်းလှီးထားတာထည့်ပါမယ်။ ထိုင်းကလာတဲ့ပဲပိစပ်အစေ့အနည်းငယ်ထည့်၊ အရသာမှုန့်နဲ့ ငံပြာရည်ထည့်ပြီး နောက်ဆုံးမှ ကြက်ဥပေါင်းထည့်လိုက်ရုံပါပဲ။ ငရုတ်သီးနဲ့နံနံပင်အုပ်လိုကလည်း အုပ်နိုင်ပါတယ်။ ပဲပိစပ်ပုလင်းထဲက အရည်က အငန်ကဲတာကြောင့်ဖြစ်ပါတယ်။ ဝိုက်ဖီရဲ့ ကြက်ဥပေါင်းချိုချဉ်နဲ့ ခံတွင်းမြိန်ကြပါစေ။

## လင်ကွန်းဇိမ်ခံကား ငှား၍ မင်္ဂလာဆောင်နိုင်

**မောင်တာ**

**မန္တလေး၊**
**ဒီဇင်ဘာ - ၂**

မန္တလေးမြို့တွင် ကျင်းပပြုလုပ်မည့် မင်္ဂလာညှော်ခံပွဲ၊ အရေးကြီးခရီးစဉ်များအတွက် သွားလာရေးစီစဉ်ရာတွင် လင်ကွန်းဇိမ်ခံကား (LINCON limonsine)ကိုငှားရမ်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံထုတ် လင်ကွန်းအမျိုးစား ၆ယောက်စီး ဇိမ်ခံမော်တော်ကားကို မန္တလေးမြို့ UD ကားထုတ်လုပ်ရေးမိသားစုမှ မြန်မာနိုင်ငံသို့တင်သွင်းလာကာ သင့်တင့်သည့် ခရီးစဉ်၊ ညှော်ခံပွဲအခမ်းအနားများတွင် သင့်တင့်သော နှုန်းထားဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း UD Group ကားထုတ်လုပ်ရေးမှ ကိုဝေလင်းထွန်းကပြောသည်။

မင်္ဂလာပွဲအခမ်းအနားများအတွက် ကားမောင်းသူ ၊ စက်သုံးဆီအပြီးအစီး တစ်ရက် ငါးသိန်းကျပ်ဝန်းကျင်ဖြင့် ဝန်ဆောင်မှုပေးရန် စီစဉ်ထားပြီး ခရီးစဉ်များအတွက်လည်း ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း ကိုဝေလင်းထွန်းကပြောသည်။

၂၀၀၄ မော်ဒယ်၊ ဆလင်ဒါ ၈ လုံးပါလင်ကွန်းကားကို အမေရိကန်မှ တိုက်ရိုက်တင်သွင်းခဲ့ရာ လိုင်စင်အပြီးစီး ကျပ်သိန်း ၇၀၀ မှ ၁၀၀၀ ကြားကုန်ကျပြီး လင်ကွန်းကားဝယ်လိုသူများအတွက်လည်း UDGroup မှ သင့်တင့်သော အကျိုးဆောင်ခဖြင့် အမေရိကန်နိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းပေးမည်ဖြစ်ကြောင်း ကိုဝေလင်းထွန်းကပြောသည်။



"အဆင်ပြေမယ်ထင်တယ်ဗျ။ မန္တလေးမှာ ဘယ်သူမှ စီးတာမတွေ့ရသေးဘူး။ မင်္ဂလာမောင်နှံတွေကတော့စိတ်ဝင်စားကြမယ်ထင်တယ်။ရေရှည်မှာလည်းမင်္ဂလာပွဲတွေအတွက် အဓိကဝန်ဆောင်မှုပေးရလိမ့်မယ်။ ဒါပေမဲ့ ငါးသိန်းကတော့ ဈေးနည်းနည်းများမယ်ထင်တယ်။ ဘာပဲဖြစ်ဖြစ်ကြိုဆိုပါတယ်" ဟုမန္တလေးမြို့ချယ်ရီမြေကားအသင်းမှ ကိုတင်စိုးဝင်းကပြောသည်။

မန္တလေးမြို့တွင် ၎င်းကဲ့သို့ လင်ကွန်းကားမှာ ယခုတစ်စီးတည်းသာရှိသေးကြောင်း မြို့ခံကားပွဲစားများက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ကမ္ဘာ့ အခမ်းနားဆုံး သရုပ်ဆောင်



မျက်မှောက်ခေတ်၏ အကြီးကျယ်ဆုံး သရုပ်ဆောင်က
အကြီးကျယ်ဆုံးအမေရိကန်သမ္မတအဖြစ်သရုပ်ဆောင်လိုက်သောအခါ။
ဒန်နီယယ်ဒေးလူးဝစ်က အေဗရာဟမ်လင်ကွန်း၏အသံကို ဘယ်လိုရခဲ့သလဲ. . .

**ဂျက်စီကာဝင်းတားရေးသား၍ ကျော်မျိုးဘာသာပြန်သည်။**

**၂၀၁၁ခုနှစ် နွေရာသီတွင် သရုပ်ဆောင်မင်းသမီး ဆယ်လီဖီးလ်သည် အေဗရာဟမ်လင်ကွန်းထံမှ Text Messages များ လက်ခံရရှိခဲ့ပါသည်။**

**"ကျွန်မဖုန်းမှာ မက်ဆေ့ချ်ဝင်လာတာ ကြားလိုက်ရတယ်။ သူက ကျွန်မဆီ ရယ်စရာ ကောင်းတဲ့ ကဗျာတိုတချို့ပို့ခဲ့တယ်။ သူက "သင့်ရဲ့အေ" လို့ လက်မှတ်ထိုးထားတယ်။ ကျွန်မလည်း မေရီအဖြစ်နဲ့ မက်ဆေ့ချ် ပြန်ပို့လိုက်တယ်။ ပိုပြီးအလုပ်ဖြစ်တာတစ်ခုကို လုပ်ကောင်းလုပ်နေရမယ့်အချိန်မှာ အချိန်ဖြုန်းတယ်လို့ သူ့ကိုဝေဖန်ရင်းပေ့ါလေ"ဟု 'လင်ကွန်း' ရုပ်ရှင်ကားတွင် အမေရိကန်၏ ၁၆ ယောက်မြောက် သမ္မတလင်ကွန်း၏ ဇနီးမေရီတော့ဒ်အဖြစ် သရုပ်ဆောင်ခဲ့သူဆယ်လီဖီးလ်ကပြောပါသည်။**

ထိုနှစ် မေလထဲမှာပင် 'လင်ကွန်း' ဇာတ်ကား၏ ကမ္ဘာကျော်ဒါရိုက်တာ စတီဗင်စပီးလ်ဘာ့ဂ်သည် စာတိုက်မှ ပါးလ်ကော်ဒါတိတ်ခွေဖွင့်စက်တစ်ခုလက်ခံရရှိခဲ့သည်။ "ကျွန်တော်စက်ကို ဖွင့်လိုက်တယ်။ ရှိတ်စပီးယားပြဇာတ်ဖြစ်နေတယ်။ သူ့အသံနဲ့ ဒုတိယမြောက် မိန့်ခွန်းပြောနေတယ်"ဟု စပီးလ်ဘာ့ဂ်ကပြောသည်။ထိုအသံမှာ လင်ကွန်း၏ အသံပင်။ လင်ကွန်း၏မှောင်မည်းမည်း ရုပ်ပုံလွှာများကိုကြည့်၍ ကျောင်းသူကျောင်းသားမျိုးဆက် အဆက်ဆက်တို့ကောက်ချက်ချ သတ်မှတ်ထားသော ကျယ်လောင်ခွန်အားရှိသည့် အသံမဟုတ်။ သို့သော် မျက်မှောက်ခေတ် လေ့လာသူများက ဖော်ပြလေ့ရှိသော နူးညံ့သည့်ယောကျ်ားသံ၊ ဂီတသံဆန်ပြီး အတန်ငယ်အက်ကွဲသည့် အသံ၊ ကင်တပ်ကီ၊ အင်ဒီးယားနားနှင့် အီလီနွိုက်ပြည်နယ်များဘက်မှလေယူလေသိမ်း အသံထွက်မျိုးဖြစ်သည်။ "တကယ်လှပတဲ့အသံပါပဲ။ ကျွန်တော့်မှာ အဲဒီအသံကို စာအုပ်တစ်အုပ်လောက် အသံထွက်ဖတ်ပြစေချင်သွားတယ်။ အဲ ဒီတိတ်ခွေဖွင့်စက်က စာတစ်စောင်နဲ့အတူ ပါလာတယ်။ ရေးထားတာကတော့ "ခင်ဗျားဒီခွေကိုနားထောင်ပြီးရင် ကျုပ်ဆီဖုန်းဆက်မလား။ ကျုပ်တို့စကားလေးဘာလေးပြောကြတာပေါ့" လို့ရေးထားတယ်။ ကျွန်တော်လည်း ချက်ချင်းပဲ ဖုန်းကို ကောက်ဆက်ပြီးပြောလိုက်တယ်။ အဲဒီ့အသံ ဘယ်သူ့အသံလဲလို့" ဟုစပီးလ်ဘာ့ဂ်က နောက်ကြောင်းပြန်ပြောပါသည်။

ဤသည်မှာ အင်နီယယ်ဒေးလူးဝစ်ဖြစ်ပြီး စပီးလ်ဘာ့ဂ်၏ "လင်ကွန်း" ဇာတ်ကားတွင် လူတိုင်းကသိကြသော်လည်းကောင်းကောင်းမသိကြသော လူတစ်ဦးအဖြစ် သရုပ်ဖော်ရေးခက်ခဲသည့် စိန်ခေါ်မှုကို ရင်ဆိုင်ခဲ့သူပင်ဖြစ်ပါသည်။ လင်ကွန်းသည် သူ့အပေါ်ကျနေသော အလင်းရောင်ထဲတွင် သူ့ကို ကျွန်မတို့မြင်နိုင်လောက်သည်အထိ နီးကပ်ပါသည်။ သူသည် ဓာတ်ပုံများများစားစားအရိုက်ခံခဲ့သော ပထမဆုံးအမေရိကန်သမ္မတဖြစ်ခဲ့သည်။ သို့သော် သူ့စကားသံကို ကျွန်မတို့ကြားနိုင်လောက်သည်အထိ (သို့မဟုတ်) သူ၏ ထူးဆန်းသောခြေ ခွင်သည့် လမ်းလျှောက်ပုံကို ကြည့်မြင်နိုင်လောက်သည့်အထိတော့ ကျွန်မတို့နှင့် မနီးကပ်လှပါ။ သူ သည်တွေ့ရလွယ်သော သူမျိုးဖြစ်၏။ သို့သော် သေချာသိဖို့မလွယ်။ စကျင်ကျောက်သားထဲမှာ (သို့မဟုတ်) ဂရက်နိုက်ကျောက်ပြားပေါ်မှာ(အမှတ်တရရေးထွင်းထားသော ပုံရိပ်တစ်ခုအဖြစ်) အေးခဲလို့။ ငွေစက္ကူများပေါ်တွင်လည်းပါဝင်လျက်။

'လင်ကွန်း' ရုပ်ရှင်ကို ဖြန့်ချိခြင်းမပြုမီ ရက်သတ္တပတ်အနည်းငယ်အလို၌ နယူးယောက်တွင် တိုင်းမ်မဂ္ဂဇင်းနှင့် အင်တာဗျူးပြုလုပ်စဉ်ဒေးလူးဝစ်က "အေဗရာဟမ်လင်ကွန်းရဲ့ ဘဝထဲဝင်ပြီး အသက်ရှူရဖို့ဆိုတာ ဖြစ်နိုင်တယ်လို့ ကျွန်တော်မကြုံခဲ့ဖူးဘူးလေ။ သူ့နေရာသရုပ်ဆောင်ရမှာ ကျွန်တော်သိပ်ရှက်သလို ခံစားရတာပါ" ဟုပြောခဲ့သည်။ ဒေးလူးဝစ်သည် လင်ကွန်းနေရာတွင် သရုပ်ဆောင်ရန်အတွက် သုတေသီတစ်ဦးလိုပြင်ဆင်ခဲ့သည်။ "သူ့(လင်ကွန်း)ကိုချဉ်းကပ်ဖို့ကြိုးစားလိုက်တာနဲ့ လူတစ်ယောက်ရဲ့ဘဝကို သူ့ကိုယ်တိုင်ရဲ့ အရေးအသားတွေရော၊ ခေတ်ပြိုင်မှတ်တမ်းတွေရော၊ အတ္ထုပ္ပတ္တိစာအုပ်တွေအားလုံးကတစ်ဆင့် ချဉ်းကပ်ဖို့ စတင်လိုက်တာနဲ့ ခင်ဗျားကို အဲဒီ့လူအကြောင်းနားလည်စေနိုင်မယ့် လျှောက်လမ်းတွေ အများကြီးရှိနေတာပါပဲ။ သူဟာ ကိုယ်နဲ့တဖြည်းဖြည်းပိုနီးလာတာပဲ" ဟုဒေးလူးဝစ်က သူ့အကြောင်းကို ပြန်ပြောပါသည်။


ဒေးလူးဝစ်သည် ရိုက်ကွင်းနားချိန်များတွင် ၎င်း၏ဇာတိအင်္ဂလိပ်နှင့် အိုင်းရစ်ဆန်သည့်လေသံ၊ရစ်သမ်တို့နှင့်ပြောလေ့ရှိသူဖြစ်သော်လည်း

**တစ်ဖက်သို့**









## ကမ္ဘာ့ အခမ်းနားဆုံး သရုပ်ဆောင် မှ

ရိုက်ကူးချိန်များတွင်မူ လင်ကွန်း၏ သိမ်မွေ့မှု၊ ပရိယာယ်ကြွယ်ဝသော ဟာသဉာဏ်၊ ပြင်းပြသော စိတ်ဆန္ဒကြီးမားပုံတို့ဖြင့် တကယ့် လင်ကွန်းဖြစ်နေခဲ့သည်။ သရုပ်ဆောင်အများအပြားသည် ၎င်းတို့၏ လေယူလေသိမ်း၊ အသွင်အပြင်နှင့် ကိုယ်ခန္ဓာပုံစံတို့ကို ပြောင်းလဲနိုင်ကြပါသည်။ သို့သော်ဒေးလူးဝစ်မှာကား ၎င်း၏မူလလည်ချောင်းမှ အသံကိုပါဇာတ်ရုပ်နှင့်ကိုက်အောင် ပြောင်းလဲနိုင်စွမ်းရှိလှသည်။ လင်ကွန်းသည် ဒဏ္ဍာရီဆန်သည်ဟုဆိုလျှင် ရာစုနှစ်၏ လေးပုံတစ်ပုံနီးပါး (နှစ်ဆယ့်ငါးနှစ်ခန့်) သရုပ်ဆောင်အလုပ်ကို လုပ်လာခဲ့သော ဒေးလူးဝစ်၏ သရုပ်ဆောင်ပုံနည်းပညာကလည်းထိုအတိုင်းပင်။ My Left Foot (၁၉၈၉) ဇာတ်ကားတွင် ၎င်းသည် မသန်စွမ်းသည့် အိုင်းရစ်စာရေးဆရာ၊ ပန်းချီဆရာ ခရစ်စတီဘရောင်းအဖြစ် သရုပ်ဆောင်ခဲ့ရာတွင် ရိုက်ကွင်းအဖွဲ့ဝင်များက နေ့လယ်စာကိုကိုယ်တိုင်လာကျွေးမွေးခဲ့ရပြီး သူ့ကိုရိုက်ကွင်းများကြား၌ ပွေ့ချီသယ်ယူသွားခဲ့ရသည်။

The Last of the Mohicans (1992) ဇာတ်ကားတွင်လည်း ၁၈ ရာစုခေတ် အမေရိကန်အင်ဒီးယန်းစစ်သည်တော် တစ်ဦးအဖြစ် သရုပ်ဆောင်ရာတွင်လည်း ရုပ်ရှင်မရိုက်ဖြစ်လျှင် အစားမစားတော့ဟု ဒါရိုက်တာမိုက်ကယ်မန်းက ပြောပြဖူးသည်။ 'လင်ကွန်း' ဇာတ်ကားတွင် ဒေးလူးဝစ်နှင့် အတူ ယူလီဆီးအက်စ်၊ ဂရန့်အဖြစ် သရုပ်ဆောင်ခဲ့သူ ဂျာရတ်ဟားရစ်ကလည်း ဒေးလူးဝစ်နှင့်ပတ်သက်၍ "သူ့ရဲ့ အသေးစိတ်အာရုံစိုက်မှုနဲ့ ယုံကြည်ချက်တို့ တကယ်ပဲ စိတ်မှာ စွဲထင်စေပါတယ်" ဟုပြောသည်။ ဂျာရတ်ဟားရစ်၏ ဖခင်မှာ ဒေးလူးဝစ်၏ ဖခင်ကဲ့သို့ပင် နာမည်ကျော်တစ်ဦးဖြစ်သည်။ ဂျာရတ်ဟားရစ်၏ ဖခင်မှာ နာမည်ကျော်သရုပ်ဆောင်မင်းသားကြီး ရစ်ချတ်ဟားရစ်ဖြစ်ပြီး ဒေးလူးဝစ်၏ ဖခင်မှာ ဗြိတန်တော်ဝင်စာဆိုတော် ဘွဲ့ရ ကဗျာဆရာကြီး စီဒေးလူးဝစ်ဖြစ်ပါသည်။

ဒင်နီယယ်ဒေးလူးဝစ်သည် ၁၉၈၂ခုနှစ်၎င်းအသက် ၂၅အရွယ်တွင် လန်ဒန်ပြဇာတ်လောကထဲ၌ Another Country ပြဇာတ်ဖြင့် စတင်အောင်မြင်ခဲ့သည်။ ထို့နောက် My Beautiful Lanndrette (၁၉၈၅) ရုပ်ရှင်တွင် ဂေးလ်တစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ပြီးနောက် A Room With a View (၁၉၈၆) ဇာတ်ကားတွင်မူ ယခင်ဇာတ်ရုပ်များနှင့် ကွဲပြားခြားနားသော ဟန်ဖြင့် သရုပ်ဆောင်ခဲ့သည်။ ထို့နောက် ပထမဆုံးအော်စကာဆုကို My Left Foot (၁၉၈၉) ဖြင့်ဆွတ်ခူးသည်။ ထို့နောက်ဒုတိယအော်စကာဆုကိုမူ There Will Be Blood (၂၀၀၇) ဖြင့်ဆွတ်ခူးသည်။ The Boxer ဇာတ်ကားတွင် ၎င်းနှင့်တွဲဖက် သရုပ်ဆောင်ဖူးသည့် အမ်မာဝပ်ဆန်ကလည်း ဒေးလူးဝစ် အကြောင်းကို အမှတ်တရပြန်ပြောသည်။ "ရှင်ဘာကြောင့် ဒီလိုကြီးကြီးစားစား သရုပ်ဆောင်နေရတာလဲလို့ ကျွန်မကမေးတော့ သူကပြောတယ်။ အင်း . . . ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင် ကောင်းတစ်ယောက်ဖြစ်ပြီလို့ မထင်သေးလို့ပါတဲ့" ဟုသူမကပြန်ပြောခဲ့သည်။

သရုပ်ဆောင်တစ်ဦးသည် သမ္မတ တစ်ယောက်လိုတော့ မဖြစ်နိုင်ပါ။ သို့သော် သရုပ်ဆောင်တစ်ဦးသည် သမိုင်းဆရာတစ်ယောက်လိုမဖြစ်နိုင်ဘူးလား။ ဒေးလူးဝစ်သည် မူရင်းအထောက်အထားများ၊ လက်ရာများကို အနီးကပ်လေ့လာပြီးနောက် ၎င်းတို့ကို စုစည်းကာ မူလလက်ရာ တစ်ခုအနေဖြင့် ကျွန်မတို့ထံပေးအပ်ပါသည်။ ကိုယ်ရင်းနှီးကျွမ်းဝင်ပြီးသားအချိန်ကာလ၊ ဒေသနှင့် လူပုဂ္ဂိုလ်တစ်ဦးကိုပင် နားလည်သဘောပေါက်မှုအသစ်ဖြစ်စေပါသည်။ ပေါ်ပြူလာယဉ်ကျေးမှု ပုံရိပ်များသည် တကယ့်သမိုင်းအတွင်းသို့ ဝင်ရောက်လာပါပြီ။ အနည်းဆုံးအားဖြင့်တော့ ပုံရိပ်အဆင့်တွေဖြစ်သည်။ သရုပ်ဆောင်ကိုယ်၌ပင် နောက်ကြောင်းပြန်အားဖြင့် ရွေးကောက်တင်မြှောက်ခံထားရသော သမ္မတတစ်ဦးဖြစ်နေသည်။ ကျောက်ထွင်းပုံရိပ်သည် တကယ့်ဘဝကို ထိတွေ့ပေပြီ။ 'လင်ကွန်း' ရုပ်ရှင်နှင့်မရှေးမနှောင်းပင် ထွက်ရှိလာသော Team of Rivals သမိုင်းစာအုပ် မျက်နှာဖုံးတွင် သူ့ပုံကို ပြန်တွေ့မိသောအခါ ဒေးလူးဝစ်တစ်ယောက် အံ့ဩသွားခဲ့ပါသည်။ "အိုး . . ဘုရားရေ။ ဒါမျိုးကျွန်တော်မမြင်ဖူးဘူးဗျ။ ရုပ်ရှင်ထဲက ပုံရိပ်တွေကို သမိုင်းစာအုပ်တစ်အုပ်ရဲ့ မျက်နှာဖုံးမှာတင်တာကို သိပ်မမှန်ဘူးလို့ ကျွန်တော်အမြဲထင်တာဗျ။ ကိုယ်ကပဲသမိုင်းကို ဒါမှမဟုတ် တစ်ခုခုကို ပြန်လည်အသစ်ရေးသားနေသလိုမျိုးဖြစ်နေတယ်" ဟုဒေးလူးဝစ်ကပြောပါသည်။ သို့သော် ဒေးလူးဝစ်၏ အမြင်ကပင် သမိုင်းကို ရေးသားနေခြင်းပင် ဖြစ်ပါသည်။ သူက သမိုင်းကို ကျွန်မတို့အတွက်ဖတ်ပြပါသည်။ စာစီကုံးပြနေပါတော့သည်။

ကိုးကား-Time: How Daniel Daylewis Channeled the Great Emancipator by Jessica Winter.




## ဝေဒနာသုံးမျိုးဟာ သေမင်းပဲ

**မြင်တာက ဥပေက္ခာဝေဒနာ၊ လိုချင်တာက သုခဝေဒနာ၊ ဆင်းရဲတာက ဒုက္ခဝေဒနာ၊ ဒီဝေဒနာ သုံးမျိုးဟာ အကြီးဆုံးသော ရန်သူသုံးမျိုးပဲ။**

**ဝေဒနာနံ့ခယံ ဒိသွာဒေ**ဝေဒနာကို မရှိမှ ဖြစ်မှာပဲ၊ **ဝေဒနာနံ ခယံ ဒိသွာ**ဝေဒနာကုန်ရာသာ ရှိမှသာလျှင် ခင်ဗျားတို့ဟာ နိစ္စတော ပရိနိဗ္ဗုတောဆိုတဲ့အတိုင်း ငြိမ်းအေးတဲ့ နိဗ္ဗာန်ရောက်မယ်။ ဝေဒနာကုန် အောင်မရှုနိုင်ရင် မရောက်နိုင်ပါဘူး။ ကိုင်း . . . ဒါဖြင့် မရဏမင်းဆိုတာ သေမင်းဆိုတာဟာ တခြားအကောင်အထည်ဒြပ်ရှိသည် မဟုတ် ပါဘူး။ သေစာစားမိလို့သေရတာဟာ မရဏမင်းပါပဲ။ ခင်ဗျားတို့စဉ်းစားကြည့်ပါ။ ဆေးနဲ့မတည့်လို့သေတယ်ဆိုရင် ဆေးဟာ သေမင်း မှတ်ပေတော့။ ကြောက်လန့်ပြီး သေတယ်ဆိုရင် ကြောက်တဲ့တရားသည် သေမင်းမှတ်ပေတော့။ ဒီ မှာလည်း ဥပေက္ခာဝေဒနာကလည်း ခင်ဗျားတို့ သေရာတွန်းသမား၊ သေမင်းပဲရှင်းပလား။ သုခဝေဒနာကလည်း မျိုမိအောင်မျိုတော့ သေ မင်းပဲ။ ဒုက္ခဝေဒနာကလည်း မပြေးနိုင်အောင် လုပ်တဲ့ချိတ်ထားပြီး နာအောင်ချိတ်ထားတဲ့အတွက် မပြေးနိုင်အောင်လုပ်တဲ့အတွက် သူလည်း သေမင်းပဲ။ အဲဒီတော့ဝေဒနာသုံးမျိုးကို သေမင်းလို့သာ အသေအချာမှတ်ကြပေတော့။

ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး**

# သရုပ်ဆောင်များကို ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ရန် စည်းရုံးမည်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊ နိုဝင်ဘာ - ၂၉**

မြန်မာရုပ်ရှင်သရုပ်ဆောင်များ၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မလျော်ညီသည့်ဝတ်စားဆင်ယင်မှုများကို မပြုလုပ်ကြရန် အသိပညာပေးစည်းရုံးသွားမည်ဟုမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ဝင်အကယ်ဒမီ အောင်ခိုင်က ပြောသည်။

"ကိုဇင်ဝိုင်း ဦးဆောင်တဲ့ ကျွန်တော်တို့အမှုဆောင် ၂၂ ဦးက မြန်မာအနုပညာရှင်တွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး ပညာပေးစည်းရုံးမှုတွေ ပြုလုပ်ဖို့ အခုစပြီး ကြိုးစားနေကြပါပြီ" ဟု အကယ်ဒမီအောင်ခိုင်က အထက(၁) အင်းစိန်တွင် ပြုလုပ်သော ဟောပြောပွဲ၌ ပြောကြားသွားခဲ့သည်။ ယခုနောက်ပိုင်းတွင် နိုင်ငံတကာယဉ်ကျေးမှုနှင့် အနုပညာများမှာ မြန်မာနိုင်ငံသို့ အရှိန် ပြင်းပြင်းဖြင့် ကူးစက်ပျံ့နှံ့လာလျက်ရှိရာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုများကို ဝတ်ဆင်လာသည့်အနုပညာရှင်အချို့ကြောင့် အများပြည်သူ၏ ဝေဖန်မှုများ ပေါ်ထွက်လာသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း အမျိုးသမီးသရုပ်ဆောင်တစ်ဦး၏ ဝတ်စားဆင်ယင်မှုမှာလည်း အင်တာနက်စာမျက်နှာများပေါ် ပျံ့နှံ့ခဲ့ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက သတိပေးပြောကြားမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက "ဒီဝတ်စားဆင်ယင်မှုနဲ့ပတ်သက်လို့ ရုပ်ရှင်အစည်းအရုံးမှာရှိတဲ့ အလွှာအလိုက် ရုပ်ရှင်လောကသားတွေ မေတ္တာရပ်ခံ စည်းရုံးတဲ့နည်းနဲ့ပဲ ဖြေရှင်းသွားမှာပါ။ အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်လုပ်ဆောင်ဖို့ဆိုတာ အာဏာပိုင်အဖွဲ့အစည်း မဟုတ်တဲ့အတွက် လုပ်လို့မရပါဘူး" ဟု ပြောကြားသည်။

"အစည်းအရုံးက ဒီလိုပညာပေးမှုတွေလုပ်မယ်ဆိုတော့ကောင်းပါတယ်။ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုအရ အရမ်းလွန်လွန်ကျူးကျူးဖော်ချွတ်နေတာတွေကိုတော့ ထိန်းသိမ်းသင့်တာပေါ့။ ဒါပေမဲ့ ခေတ်နဲ့အညီ၊ ခေတ်မီအောင် ဝတ်စားဆင်ယင်တာနဲ့ အဖော်အချွတ်ကိုခွဲခြားပြီး ထိန်းသိမ်းတာဆိုရင် ပိုကောင်းမှာပါ။ အနုပညာရှင်တော်တော် များများကတော့ သူ့နေရာနဲ့သူ ဝတ်စားဆင်ယင်ကြဖို့သိကြပါတယ်" ဟု အကယ်ဒမီအိန္ဒြာကျော်ဇင်က အဆိုပါအစီအစဉ်ပေါ် သူမ၏အမြင်ကို ပြောသည်။

# လာမည့်ပညာသင်နှစ်တွင် မူလတန်းကျောင်းသားများအား ဗလာစာအုပ်တစ်ဒါဇင်အထိ ထောက်ပံ့သွားမည်

**သန်းထူး**

**နေပြည်တော်၊**
**နိုဝင်ဘာ - ၂၃**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းကျောင်းသားတစ်ဦးလျှင် လေ့ကျင့်ခန်းစာအုပ် (ဗလာစာအုပ်) တစ်ဒါဇင်စီ ပံ့ပိုးသွားရန်စီစဉ်လျက်ရှိ ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ယနေ့ကျင်းပသော အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်တွင် ယနေ့ဆွေးနွေးသော အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ အဆိုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရင်း အထက်ပါအကြောင်းအရာကို ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မသင်မနေရ မူလတန်းစနစ်အရ ယမန်နှစ်က မူလတန်းကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် ခြောက်အုပ်



**ရန်ကုန်မြို့ရှိကျောင်းတစ်ကျောင်းမှ ကျောင်းဆင်းချိန်မြင်ကွင်း** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပံ့ပိုးခဲ့ပြီး လာမည့်နှစ်တွင်မူ တစ်ဒါဇင်အထိ ပံ့ပိုးသွားရန်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

၂၀၁၂-၂၀၁၃ပညာသင်နှစ်မှစ၍ ဆင်းရဲနွမ်းပါးသော ကလေးများသို့ ကျောင်းသုံးစာအုပ် အခမဲ့ ထောက်ပံ့နိုင်ရန် နှစ်စဉ်ကျပ်သန်း ၁၅၀ မှ ၁၈၀ အတွင်း သုံးစွဲခဲ့ပြီး သူငယ်တန်းကလေးဦးရေ ၆၅ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအထိ အခမဲ့ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မသင်မနေရ မူလတန်းကျောင်းပညာရေး စတင်ကျင့်သုံးသည့် ၂၀၁၁-၂၀၁၂ မှစ၍ အစပျိုးအစီအစဉ်အဖြစ် မူလတန်းကျောင်းသား၊ ကျောင်းသူငါးသန်းကျော်အတွက် ကျောင်းသုံးစာအုပ် (ပုံနှိပ်စာအုပ်) စုစုပေါင်း ၂၁ ဒသမ ၅၇ သန်းကျော်အား ကျပ်သန်း ၁၈၃၅ ဒသမ ၅၁ သန်းကျော်ကျခံ၍ အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း ထပ်မံသိရှိရသည်။

# Health

7DAY NEWS JOURNAL

Vol.11, No.39 • DECEMBER 6 , 2012


## မြန်မာနိုင်ငံတွင် သေဆုံးမှု၏ ၄၀ ရာခိုင်နှုန်းမှာ ကူးစက်မှုမရှိသည့် ရောဂါများကြောင့်ဖြစ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊**
**ဒီဇင်ဘာ - ၁**

မြန်မာနိုင်ငံတွင် သေဆုံးသူအားလုံး၏ ၄၀ ရာခိုင်နှုန်းမှာ ကူးစက်မှုမရှိသည့် ရောဂါများကြောင့် သေဆုံးနေပြီး ထိုအထဲမှ ထက်ဝက်ကျော်သည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

"ပြည်တွင်းမှာ ဒီကူးစက်မှုမဟုတ်တဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေလုပ်နေတဲ့ ပညာရှင်တွေစုစည်းပြီး ဆွေးနွေးပွဲတွေလုပ်ခဲ့တယ်။ အဲဒီ ဆွေးနွေးပွဲတွေကနေ ဒီရောဂါနဲ့ပတ်သက်ပြီး ပညာပေး ကုသမှု နည်းလမ်းတွေ ရလာအောင်ရည်ရွယ်တယ်" ဟု ထိုဆွေးနွေးပွဲကို ဆောင်ရွက်ပေးသည့် နယ်သာလန်နိုင်ငံ အခြေစိုက် ကျန်းမာရေးဆိုင်ရာ ကုမ္ပဏီဖြစ်သည့် Philips က သတင်းထုတ်ပြန်ထားသည်။

ကူးစက်မှုမဟုတ်သည့် ရောဂါများကြောင့် သေဆုံးမှုများမှာ နှစ်စဉ်များပြားလာပြီး ကမ္ဘာပေါ်တွင်လည်း သေဆုံးမှု သုံးခုတိုင်း နှစ်ခုမှာ ထိုရောဂါများကြောင့် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ကိုးကား၍ Philips က ထုတ်ပြန်ထားသည်။

"ကူးစက်မှုမဟုတ်တဲ့ ရောဂါတွေဆိုတာကတော့ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အဝလွန်ရောဂါအပါအဝင် ရောဂါတွေကို ဆိုလိုတယ်။ အဲဒါတွေက ကျန်းမာရေးအဆင့်အတန်းနိမ့်လို့ဖြစ်တာတွေနဲ့ ပတ်သက်တယ်။ ဒီမှာကစားလိုက်တိုင်းမှာ မကောင်းတဲ့ဟာတွေ ပါဝင်နေတယ်။ အဲဒါကတော့ အဓိကပဲ။ နောက်တစ်ခုကတော့ ကျန်းမာရေးအသိပညာနည်းပါးပြီး နေထိုင်မှုပုံစံတွေလည်း ပြောင်းလာတာလည်းပါတယ်" ဟု အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

နေထိုင်စားသောက်မှုပုံစံများဖြင့်လည်း ဆက်စပ် ဖြစ်ပွားမှုများပြားလာသည့် အဆိုပါ ကူးစက်မှုမဟုတ်သည့် ရောဂါများသည်လူငယ်များတွင်ပါခြိမ်းခြောက်မှုများဖြစ်လာပြီး သက်ကြီးရွယ်အိုဦးရေတိုးပွားလာခြင်းနှင့်အတူ ထိုရောဂါများ၏ သေဆုံးမှုများလည်း များပြားလာမည်ဖြစ်ကြောင်း ခန့်မှန်းထားကြသည်။

ထိုကူးစက်မဟုတ်သည့်ရောဂါများမှာ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနိမ့်ကျသည့် နိုင်ငံများတွင်အဖြစ်များပြီး ဖြစ်ပွားလာပါကလည်း နာတာရှည်ရောဂါအဖြစ် ခံစားကြရပြီး ကုသမှု ကုန်ကျစရိတ် အများဆုံးဖြစ်လာမည့် ပြဿနာတစ်ရပ်လည်းဖြစ်ကြောင်း ပညာရှင်များက ပြောကြားထားကြသည်။

"ကျွန်တော်တို့ဆေးကျောင်း အပတ်စဉ် တစ်ခုတည်းဆင်းတဲ့ လူတွေထဲမှာ လူ ၈၀ က နိုင်ငံခြားရောက်သွားတယ်။ အများစုကတော့ယူအက်စ်၊ယူကေပေါ့။ကျန်တဲ့ ၂၂၀ ကတော့ဒီမှာပဲ။ ဒီမှာကျန်တဲ့ လူ ၂၂၀မှာ အခုချိန်ထိသေသွားတဲ့သူ ၄၂ ဦးရှိပြီ။ အများစုက နှလုံးနဲ့ပတ်သက်တဲ့ ရောဂါတွေနဲ့ ဆုံးတာ။ နိုင်ငံခြားရောက်နေတဲ့ လူ ၈၀ ထဲမှာ ဆုံးတာ သုံးယောက်ပဲရှိသေးတယ်။ တစ်ယောက်က မတော်တဆဖြစ်တာနဲ့ နောက်တစ်ယောက်က ကင်ဆာရောဂါနဲ့ ဆုံးတာ။ အဲဒီအချိုးအဆက အရမ်းကိုကွာခြားတယ်။ အသက်တူ အရွယ်တူတွေ နိုင်ငံကွာခြားမှုပေါ်လိုက်ပြီး နေထိုင်တဲ့ ပုံစံကွာခြားမှုတွေကြောင့် သေဆုံးမှုတွေလည်း ကွာခြားနေတယ်" ဟု ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။



## ပျော်ရွှင်စွာနေတတ်သော ဆယ်ကျော်သက်များ ကြီးပြင်းလာပါက ဝင်ငွေပိုရှာနိုင်

**လန်ဒန်၊**
**နိုဝင်ဘာ - ၂၂**

ပျော်ပျော်ရွှင်ရွှင် နေတတ်သော ဆယ်ကျော်သက်များသည် ကြီးပြင်းလာသည့်အခါ ဝင်ငွေများများစားစားရှာဖွေနိုင်ကြကြောင်း ဗြိတိန် သုတေသီများက ပြောသည်။

ဝါးဝစ်တက္ကသိုလ်နှင့် လန်ဒန်တက္ကသိုလ်မှ သုတေသီနှစ်ဦးကအမေရိကန် မြီးကောင်ပေါက်လူငယ်ပေါင်း ၁၅,၀၀၀ တို့၏ ဒေတာအချက်အလက်များအား လေ့လာခဲ့ကြပြီး ဘဝအပေါ် စိတ်ကျေနပ်မှုမြင့်မားခြင်းကို ပြသသော အကောင်းမြင် သက်ရောက်မှုမြင့်မားသူများသည် ကြီးပြင်းလာသည့်အခါ ပိုမိုများပြားသော ဝင်ငွေရှာဖွေနိုင်ကြသည်ကို တွေ့ရှိခဲ့ကြသည်။

ပျော်ရွှင်စွာ နေထိုင်တတ်သောလူငယ်များမှာ ထိုင်းထိုင်းမှိုင်းမှိုင်းနေထိုင်တတ်သော လူငယ်များထက် ဘွဲ့တစ်ခုရရှိရန် အလားအလာကောင်းပြီး ယင်းမှတစ်ဆင့် အလုပ်ရရှိခြင်း၊ ရာထူးတိုးမြှင့်ရရှိခြင်းများ ပိုမိုလျင်မြန်သောကြောင့်လည်း ဖြစ်သည်ဟု သုတေသီများက ပြောသည်။

ပျော်ရွှင်မှုအဆင့်ကို တစ်မှ ငါးအထိ စံချိန်ထား၍ တိုင်းတာရာတွင် အသက် ၂၂ နှစ်အရွယ်၌ ပျော်ရွှင်မှုအဆင့်တစ်ဆင့်ပိုမြင့်ပါကအသက် ၂၉ နှစ်တွင် ကန်ဒေါ်လာ ၂၀၀၀ ဝင်ငွေပိုမိုမြင့်မားလာနိုင်သည်။ မိသားစုတစ်စုတည်းမှ ပေါက်ပွားသော မောင်နှမများထဲမှာပင် ပျော်ပျော်ရွှင်ရွှင်နေတတ်သူများမှာ ဝင်ငွေပိုမိုမြင့်မားနေတတ်ကြောင်း သုတေသီများကဆိုသည်။ —Ref: UPI

## Grapefruit သီး ဆေးဝါးအများစုနှင့် ဓာတ်မတည့်



**လန်ဒန်၊**
**နိုဝင်ဘာ - ၂၇**

သာမန်နေ့စဉ်စားသုံးနေသော ဆေးဝါးပေါင်း ၈၀ ရာခိုင်နှုန်းသည် Grapefruitသီးနှင့်ဓာတ်မတည့်ဘဲ ရှုပ်ထွေးသော နောက်ဆက်တွဲ ရောဂါများဖြစ်ပေါ်နိုင်ကြောင်းနှင့်အချို့မှာ နောက်ဆက်တွဲရောဂါပြင်းထန်ပြီး အသက်ဆုံးရှုံးသည်အထိဖြစ်နိုင်ကြောင်းကနေဒါနိုင်ငံမှ သုတေသီများက ပြောကြားသည်။

အိုဝါရီယာမြို့ Lawson ကျန်းမာရေးသုတေသန အင်စတီကျူဒ်မှ ဆေးဝါးပညာရှင် ဒေးဗစ်ဘိုင်လီက grapefruit နှင့် ဆေးဝါးအချို့ဓာတ်ပြုတတ်သည်ကို လွန်ခဲ့သော နှစ် ၂၀ ကပင် တွေ့ရှိခဲ့သည်။ ထိုအချိန်မှစ၍ ယင်းအသီးအနံ့နှင့် ဓာတ်မတည့်သော ဆေးဝါးများ တိုးပွားလာခဲ့သည်။

ယင်းဖြစ်စဉ်များကို လွန်ခဲ့သော လေးနှစ်အတွင်း ပိုမိုတွေ့ရှိလာရပြီး အချို့မှာ အလွန်ထူးထူးခြားခြားပင် ဆေးဝါးဓာတ်မတည့်မှုများ ဖြစ်ပေါ်လာသည်ဟု မစ္စတာဘိုင်လီက ကနေဒါအသံလွှင့်ဌာနအား ပြောကြားသည်။

ဓာတ်မတည့်သော ဆေးဝါးများတွင် လူအများနေ့စဉ် အသုံးပြုနေသော ကိုလက်စထရောလျှော့ချရေးဆေးဝါးများ၊ ပိုးသတ်ဆေး (Antibiotics) များနှင့် သွေးကျဆေးလည်းပါဝင်သည်။ ထို့အပြင် ကင်ဆာရောဂါဆေးဝါးများနှင့် ကျောက်ကပ်၊ အသည်းအစားထိုးလူနာများ သောက်သောဆေးဝါးများမှာလည်း grapefruit နှင့် ဓာတ်မတည့်ကြောင်း ၎င်းကပြောသည်။ အသက်၄၅နှင့် အထက်လူကြီးများမှာ အသီးအနှံဝယ်ယူမှုများပြီး ဆရာဝန်ညွှန်ကြားသော ဆေးဝါး သောက်သုံးသူလည်း အများစုဖြစ်နေရာ ယင်းအုပ်စုမှာ grapefruit ကြောင့်ဓာတ်မတည့်မှုနှင့်ပိုမိုကြုံတွေ့ရနိုင်သည် ဟု Canadian Medical Association ဂျာနယ်တွင် ပါရှိသည့် လေ့လာမှု၌ ဖော်ပြထားသည်။

—Ref: UPI







7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

## HIV, AIDS ဝေဒနာရှင်များကုသရန် ဂေဟာတည်ဆောက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁**

HIV/AIDS ရောဂါကာကွယ်ရေးနှင့် ဝေဒနာရှင်များအား ကူညီစောင့်ရှောက်ရေး ဂေဟာတည်ဆောက်နိုင်ရန် ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်ပြီး ထိုကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နာမည်ကြီးအနုပညာရှင်များ၊ အဆိုတော်များနှင့် သံဃာတော်များလည်း ပါဝင်ကြောင်း သတင်းရရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကုသမှုပေးနေသည့် HIV/AIDS ဝေဒနာရှင် ၃၀၀ ခန့်အား တစ်စုတစ်စည်းတည်း ဆေးကုသမှုပေးနိုင်ရန် ရည်ရွယ်သည့် အဆိုပါ သုံးထပ်အဆောက်အအုံ ဆောက်လုပ်ရန် အဆိုပါကော်မတီက ဆောင်ရွက်သွားမည်ဖြစ်ပြီး ကော်မတီနာယကအဖွဲ့ဝင်များတွင် NLD မှ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်တို့အပြင် အရှင်ဇဝန (မေတ္တာရှင်) တို့ပါဝင်ကာ၊ ကော်မတီဝင်များအဖြစ် သရုပ်ဆောင် နေတိုး၊ အဆိုတော် ချစ်သုဝေ၊ လင်းလင်းနှင့် ဒါရိုက်တာ ကြည်ဖြူသျှင်တို့ပါဝင်မည်ဖြစ်သည်။

အဆိုပါ ကော်မတီဖွဲ့စည်းကြောင်း ဒီဇင်ဘာ ၁ ရက်တွင်ပြုလုပ်သည့် World AIDS Day အခမ်းအနား၌ အမျိုးသားဒီမိုကရေစီအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။ "အရင်သုံးနေရာခွဲထားတာကနေ စုပြီးထားမယ်ဆိုရင် လူနာတွေကို စောင့်ရှောက်မှုပိုပေးနိုင်မယ်။ အလုပ်လုပ်ရာမှာလည်း ပို အဆင်ပြေလာမယ်" ဟု HIV/AIDS ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှုပေးနေသည့်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက ပြောသည်။

လက်ရှိအချိန်တွင် HIV/AIDS ဝေဒနာရှင် ၃၀၀ ခန့်အားထားရှိပြီး ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေကာ နောက်ပိုင်းတွင်လည်း လုပ်ငန်းများတိုးချဲ့ ဆောင်ရွက်ရန်လည်း စီစဉ်နေကြောင်း ဒေါ်ဖြူဖြူသင်းက ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကူညီစောင့်ရှောက်ပေးနေသည့် HIV/AIDS ဝေဒနာရှင်များသည် ၂၀၁၀ ပြည့်နှစ်တွင် လူနာ ၈၀ ဦးရှိခဲ့ရာမှ ၂၀၁၁ တွင် လူနာ ၂၀၀ ဦးအထိ များပြားလာပြီး ယခု လူနာ ၃၀၀ ဦးအား ကူညီစောင့်ရှောက်ပေးနေသည်။

## ခန္ဓာကိုယ်တွင်း အစိတ်အပိုင်း အစားထိုးကုသမှု စတင်ဖော်ထုတ်ခဲ့သူ ဆရာဝန်ကြီး ကွယ်လွန်

**ဘော်စတွန်၊ နိုဝင်ဘာ - ၂၇**

ကမ္ဘာတစ်ဝန်း လူပေါင်းခြောက်သိန်း၏အသက်အား ကယ်တင်နိုင်ခဲ့သော ခန္ဓာကိုယ်အတွင်းပိုင်း အစိတ်အပိုင်းများ အစားထိုး ကုသမှုနည်းလမ်းကို စတင်ဖော်ထုတ်ခဲ့သူ ဆရာဝန်ကြီး ဂျိုးဇက်အီးမူရေးသည်လေဖြတ်ရောဂါကြောင့် ဘော်စတွန်ဆေးရုံတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။


အစိတ်အပိုင်းအစားထိုးကုသမှုလုပ်ငန်းအတွက်နိုဗယ်ဆုရရှိခဲ့သူ ဒေါက်တာမူရေးသည် ၁၉၅၄ ခုနှစ်ဒီဇင်ဘာလ ၂၃ ရက်တွင် မစ္စတာရော်နယ်ဟားရစ်၏ ကျောက်ကပ်အားရယူကာအသက်အန္တရာယ်ရှိနေသော အမြွှာညီအစ်ကိုဖြစ်သူ ရစ်ချက်ထံတွင် အစားထိုးကုသပေးခဲ့သည်။

ဘော်စတွန်မြို့ ပီတာဘင့်ဘရိုက်ဟန်ဆေးရုံမှာပင် ယင်းခွဲစိတ်အစားထိုးကုသမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယင်းခွဲစိတ်ကုသမှုမှာ ငါးနာရီကြာမြင့်ခဲ့ပြီး လူနာ၏ အသက်ကိုလည်း ကယ်တင်နိုင်ခဲ့ကာနောက်ပိုင်းတွင် အစားထိုးထားသော ကျောက်ကပ်အား လူနာ၏ ခန္ဓာကိုယ်က လက်ခံလာစေရန် ဆေးဝါးများ ဖော်ထုတ်ရာ၌လည်း ဒေါက်တာမူရေးကပါဝင် ဆောင်ရွက်ခဲ့သည်။ ဒေါက်တာမူရေးသည် မျိုးဗီဇရုပ်ချင်းမတူညီသော အမြွှာများတွင်လည်း ကျောက်ကပ်အစားထိုးကုသမှုကို လုပ်ဆောင်နိုင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ဒေါက်တာမူရေးသည် ရိုးတွင်းခြင်ဆီ အစားထိုး ကုသမှုစတင်ခဲ့သူ ဒေါက်တာဒေါ်နယ်သောမတ်နှင့်အတူ ဆေးပညာနိုဗယ်ဆုရရှိခဲ့သည်။

—Ref: UPI



"မည်သည့်နေရာမှ မရသည့်ဈေးဖြင့် မော်တော်ကားရမည်"

- Pickup, Light Truck ကားများကို အပ်နှံလိုက်ပြီး ဈေးကား၊ ကျောင်းကားနဲ့ မိသားစုသုံးကား ပြန်ဝယ်မရလို့ စိတ်ညစ်နေရသူအတွက်
- တရုတ်ကား၊ ကိုရီးယားကား၊ ဇုန်ထုတ်ကားတွေ မဝယ်ချင်သူများအတွက် ဂျပန်ကားစစ်စစ် Pickup, Light Truck ကို မည်သည့် နေရာမှ မရသည့် ဈေးနှုန်း/ ပြည်တွင်း၌ သုံးစွဲပြီးသားကားထက် သက်သာတဲ့ဈေးနှုန်း/ ဇုန်ထုတ်ကားထက် သက်သာတဲ့ဈေးနှုန်းဖြင့် **Farmer Auto** တွင် ရပြီ။
- (၁၂)လဆိုင်း အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်သည်။
- ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်း၊ ကားပြပွဲတွင် (၆-၁၂-၂၀၁၂) မှ (၉-၁၂-၂၀၁၂) အထိ ကားမျိုးစုံအား ဈေးနှုန်းကျပ်သိန်း တစ်ရာကျော်ဖြင့် ရောင်းချပေးမည်။

အရောင်းပြခန်း (၁) - အမှတ်(၆၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၂၅၄၄၊ ၀၉ ၇၃၂၅၂၄၇၇

အရောင်းပြခန်း (၂) - အမှတ်(၁၉)၊ ပြည်လမ်း (Ocean Center ရှေ့)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၆၁၅၈၈၊ ၀၉ ၇၃၂၅၂၄၃၈

PYI HTUN AUNG TRADING CO., LTD.

ဝန်ထမ်းအလိုရှိသည်

(1) Deputy General Manager
(2) Chief Auditor (B.Com., CPA)
(3) Assistant Chief Auditor (B.com., LCCI-Level-3)
(4) Chief Accountant (B.com., CPA)
(5) Assistant Chief Accountant (LCCI-Level-3)
(6) Assistant to General Manager (Any Graduate)
(7) Marketing Manager (Any Graduate)

မဒေးဒေးမော်ဦးစီးသော နိုလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိုလာ

ဒေါင်ဂေယျာပင်း (တိုင်းရင်းဆေးကုဆေးခန်း)

No.68, ...

Regional
7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ရွေ့လျားစစ်ဆေးရေးအဖွဲ့က တရားမဝင်ကုန်ပစ္စည်းများအား နေ့ရောညပါစစ်ဆေးသွားမည်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၁**

တရားမဝင် လမ်းကြောင်းများမှ ဝင်ရောက်လာသော ကုန်ပစ္စည်းများအား မူဆယ်ရွေ့လျားစစ်ဆေးရေးအဖွဲ့(Mobile Team)ကစစ်ဆေးရှာဖွေခြင်းကို ဒီဇင်ဘာ၁ ရက်မှ စတင်ကာ နေ့ည စစ်ဆေးသွားတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအဖွဲ့ စတင်ဆောင်ရွက်သည့် နိုဝင်ဘာလတွင် လုံခြုံရေးအခက်အခဲကြောင့် နေ့ခင်းပိုင်းတွင်သာ စစ်ဆေးနိုင်ခဲ့သော်လည်း ယခုအချိန်တွင်မူ နေ့၊ ည စစ်ဆေးတော့မည်ဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က နိုဝင်ဘာ ၂၈ ရက်တွင် မန္တလေးမြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံး၌ ပြုလုပ်သည့် မိုဘိုင်းအဖွဲ့၏ အခြေအနေ သုံးသပ်ပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

မူဆယ်ကုန်သွယ်ရေးစခန်းငါးမိုင်မှ ဆယ်မိုင်အတွင်းရှိရှောင်ကွင်းလမ်းများကိုလည်း ရှာဖွေတားဆီးသွားမည်ဖြစ်ပြီး လားရှိုးမှ နောင်ချိုကြားသို့ သွားရောက်စစ်ဆေးမည်ဟု ၎င်းက ပြောကြားသည်။

မူဆယ်-မန္တလေးလမ်းကြောင်းအပြင် မန္တလေး ဂေါဝိန်ဆိပ်နှင့် မြစ်ကြီးနား-မန္တလေး ရထားများသို့လည်း ဝင်ရောက်စစ်ဆေးသွားမည်ဟု မိုဘိုင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးကပြောသည်။

ကုန်သွယ်လုပ်ငန်းရှင်များဘက်မှလည်း နိုင်ငံတော်ပိုင်းမှ အခွန်အခများနေသော ပစ္စည်းများကိုတင်ပြပေးစေလိုကြောင်း ပြောကြားရာ၌ "အဲဒီလို တင်ပြခဲ့လို့ရှိရင် ဈေးကွက်ထဲမှာ ရောင်းနေတဲ့ဈေးနဲ့ ကုန်သည်ရဲ့ အကျိုးအမြတ်ကျွန်တော်တို့ တွက်ပေးပါ့မယ်။ ပြည်တွင်းအခွန်ဘက်က များနေတယ်ဆိုရင်သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပေးပါ့မယ်"ဟုဆိုသည်။

မိုဘိုင်းအဖွဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် နိုဝင်ဘာ ၁ ရက် မှ ၂၆ ရက်အတွင်း တရုတ်နိုင်ငံမှ တရားမဝင် တင်သွင်းလာသော ပြည်သူများအန္တရာယ်ဖြစ်စေနိုင်သည့် အသားလုံး (အစို)၊ ကြက်သားများ၊ ကြက်အူချောင်းများ၊ မုန့်များနှင့် ကျင်းထုံခြင်ဆေးများအား တားဆီးနိုင်ခဲ့ပြီး တရားမဝင်ကုန်ပစ္စည်း ကျပ်သိန်းပေါင်း ၈၁၀ ဖိုးကိုလည်း ဖမ်းဆီးကာ လိုင်စင်ပြုလုပ်ပေးခဲ့သည်။

မိုဘိုင်းအဖွဲ့တွင် အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဒေသအုပ်ချုပ်ရေးမှ ကိုယ်စားလှယ်၊ UMFCCI (သို့မဟုတ်) နယ်စပ်ကုန်သည်အသင်းမှ ကိုယ်စားလှယ်တို့နှင့်အတူ သတင်းမီဒီယာများ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

# မန္တလေးတွင် ဖောင်းကြွနံပါတ်တပ်ဆင်မထားသည့် ဆိုင်ကယ်များ အရေးယူမည်

**ညီညီဇော်**

**မန္တလေး၊ဒီဇင်ဘာ-၁**



**မန္တလေးမြို့သည် မြန်မာနိုင်ငံတွင် ဆိုင်ကယ်အစီးရေအများဆုံးရှိသောမြို့ဖြစ်ပြီး မတော်တဆမှုအများဆုံး ဖြစ်ပွားရာမြို့လည်းဖြစ်သည်**

ဓာတ်ပုံ-ညီညီဇော်

မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)က ထုတ်ပေးသည့် ဖောင်းကြွနံပါတ်ပြား ထုတ်ယူ တပ်ဆင်မထားသည့် မော်တော်ဆိုင်ကယ်များအား ဒီဇင်ဘာ တတိယပတ်မှစတင်ကာ ဖမ်းဆီးစစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

'မတလ'မှ'ယ'သို့ပြောင်းလဲထားသည့် မော်တော်ဆိုင်ကယ် ၁၀၇,၈၁၄ စီးနှင့် ၂၁ယ/၁၃၁၁၃ မှ ၂၃ယ/၆၆၅၀၀ နံပါတ်များ ရရှိထားသည့် ဆိုင်ကယ် ၄၂,၈၂၈ စီးတို့သည် ကညနမှ ဖောင်းကြွနံပါတ်ပြားမထုတ်ဘဲ ပြင်ပမှ ပြုလုပ်သည့် နံပါတ်ပြားများကိုသာ ဝယ်ယူတပ်ဆင် အသုံးပြုနေမှု ရှိနေခြင်းကြောင့် တရားဝင်ဖောင်းကြွနံပါတ်ပြားများ ထုတ်ယူတပ်ဆင်ရန် က. ည. နက အသိပေးထားထုတ်ပြန်သည်။

"လိုင်စင်လုပ်ပြီးပြီးချင်း ဖောင်းကြွနံပါတ်ပြားကမရတော့ လမ်းဘေးဆိုင်ကနေပဲ နံပါတ်ပြားရေးပြီး တပ်ထားလိုက်တယ်။ ရုံးတွေဘာတွေသွားရမှာလည်း သိပ်မသွားချင်တော့ ဖောင်းကြွက မထုတ်ဖြစ်တော့ဘူး"ဟုမန္တလေးမြို့နေ ဖောင်းကြွနံပါတ်ပြားမထုတ်ရသေးသူ ဆိုင်ကယ်ပိုင်ရှင်အမျိုးသမီးတစ်ဦးကပြောသည်။

ဖောင်းကြွနံပါတ်ပြားများအား သတ်မှတ်ထားသော အချိန်ကာလတွင် ထုတ်ယူတပ်ဆင်ထားခြင်းမရှိပါက စည်ပင်သာယာဥပဒေ ပုဒ်မ(၂၆) အရ ကျပ်တစ်သောင်းမှ ကျပ်သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်သုံးလဖြစ်စေ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်နိုင်ကြောင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်ရေးကော်မတီဝင် ယာဉ်ထိန်းအရာရှိတစ်ဦးက ပြောသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း အောက်တိုဘာလကုန်အထိ က. ည. နမှ တရားဝင်လိုင်စင်ထုတ်ပေးထားသော မော်တော်ဆိုင်ကယ် ၄၆၈,၆၃၆ စီးရှိကြောင်း သတင်းရရှိသည်။

# ရေမြှုပ်နှင့် စပရိန်မွေ့ရာစက်ရုံ မီးလောင်မှု ကျပ်သိန်း ၃၀၀ ကျော်ဖိုး ဆုံးရှုံး

**ညီညီဇော်**

**မန္တလေး၊ဒီဇင်ဘာ-၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရေမြှုပ်နှင့် စပရိန်မွေ့ရာစက်ရုံတစ်ခုတွင် မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၂၉ ရက်ည ၁၂ နာရီ၁၀ မိနစ်တွင်စက်ရုံအတွင်းရှိသော မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်ကျွမ်းခဲ့ရကြောင်း မန္တလေးတိုင်းဒေသကြီး ဗဟိုမီးသတ်ဌာနက သတင်းထုတ်ပြန်သည်။

တစ်နာရီခန့်အကြာ မီးလောင်ကျွမ်းခဲ့ပြီး ပေ ၄၀၊ ပေ ၆၀ သွပ်မိုးနံကပ်တစ်လုံး၊ ပေ ၂၀ ပေ ၅၀ နှစ်ထပ်သွပ်မိုးနံကပ်အိမ်နှစ်လုံး၊လိုက်ထရပ်ကားနှစ်စီး၊ ရေမြှုပ်နှင့် ဆက်စပ်ပစ္စည်း ကျပ် ၂၅ သိန်းဖိုး အပါအဝင် စုစုပေါင်းကျပ် ၃၄၅ သိန်းဖိုးဆုံးရှုံးခဲ့သည်ဟု ဆိုသည်။

ယင်းစက်ရုံမှ တာဝန်ရှိသူအမျိုးသမီးတစ်ဦးက မီးလောင်ကျွမ်းမှုမှာ ပြင်ပတွင်ထွက်ပေါ်နေသော ကျပ်သိန်းထောင်ချီဆုံးရှုံးသည်ဟုဆိုသည်မှာ မဟုတ်ကြောင်း၊ ကျပ်သိန်း ၃၀၀ ဝန်းကျင်ခန့်သာရှိကြောင်း ပြောကြားသည်။ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံမန်နေဂျာကို ပြည်ကြီးတံခွန်အဆင့်မြင့်ရဲစခန်းတွင် ပ/၆၉၉/ ၂၀၁၂ ပုဒ်မ ၈၅ ဖြင့် အရေးယူဆောင်ရွက်နေသည်ဟု သတင်းရရှိသည်။

ယခုမီးလောင်မှု မဖြစ်ပွားမီ ၅ နာရီခန့်အလို နိုဝင်ဘာ ၂၉ ရက် ညပိုင်းကလည်း ပြင်ဦးလွင်-မန္တလေးကားလမ်းအောင်ပင်လယ်အဝိုင်းပတ်အနီးရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၌ မီးလန့်မှုဖြစ်ပွားခဲ့သည်။ ပိုက်လိုင်းတစ်ခုအား ကျောက်ဖြတ်စက်ဖြင့်ဖြတ်တောက်စဉ် မီးပွားများလွင့်စဉ်ကာ ပိုက်လိုင်းအတွင်း လက်ကျန်ဆီငွေ့မှစတင်၍ မီးလန့်မှုဖြစ်ပွားခဲ့ပြီး ဆိုင်ရှင်ကို ဝန်ခံကတိရေးထိုးစေကာ အလားတူအဖြစ်မျိုးမဖြစ်ပွားစေရန် သတိပေးခဲ့ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

## ဇွန်လ ပဋိပက္ခကြောင့် စာမေးပွဲမဖြေဆိုလိုက်ရသည့် စစ်တွေတက္ကသိုလ် ဒုတိယသုတ်စာမေးပွဲ ဒီဇင်ဘာလတွင် စစ်ဆေးမည်

မောင်ကံ

မောင်တော၊နိုဝင်ဘာ-၃၀

၂၀၁၂-၁၃ ပညာသင်နှစ်အတွက် စက်တင်ဘာလ၌ ကျင်းပခဲ့သည့် စစ်တွေတက္ကသိုလ် နေ့သင်တန်း စာမေးပွဲတွင် ဇွန်လပဋိပက္ခများကြောင့် စာမေးပွဲမဖြေဆိုလိုက်ရသည့် ကျောင်းသား/သူများကို မောင်တောအထက်တန်းကျောင်း၌ စစ်ဆေးသွားမည်ဖြစ်ကြောင်း အ. ထ. က မောင်တော၏ ကြေညာချက်အရ သိရသည်။

စာမေးပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၁၁ ရက်ထိ စစ်ဆေးသွားမည်ဖြစ်ပြီး စက်တင်ဘာလ စာမေးပွဲကျင်းပချိန်က မဖြေလိုက်ရသည့် မောင်တောမြို့နယ်အတွင်းမှ ကျောင်းသား/သူများ ဖြေဆိုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ “ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နဲ့ ဂုဏ်ထူးတန်းကျောင်းသားတွေလည်းပါပါတယ်”ဟု စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်ဆရာတစ်ဦးက ပြောကြားသည်။

၂၀၁၂-၁၃ ပညာသင်နှစ် စစ်တွေတက္ကသိုလ် နေ့သင်တန်းကျောင်းတက်ချိန် ဇွန်လတွင် မောင်တောမြို့၌ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် မောင်တောမြို့မှ ကျောင်းသား/သူများမှာ စာမေးပွဲကျင်းပချိန်သွားရောက်မဖြေဆိုနိုင်ကြသည့်အတွက် ယခုကဲ့သို့ ကျင်းပပေးခြင်းဖြစ်သည်။

## တောင်ကြီး မြို့ပြအိမ်ရာဖွံ့ဖြိုးရေးအတွက် ဂျာမနီနှင့်အာဆီယံမှ ပညာရှင်များ၏ အကြံဉာဏ်ရယူ



တောင်ကြီးမြို့တစ်နေရာအား အဝေးမှမြင်ရစဉ် ဓာတ်ပုံ-သီဟ

သန်းထူး

နေပြည်တော်၊နိုဝင်ဘာ-၃၀

ရှမ်းပြည်နယ်၏မြို့တော်ဖြစ်သော တောင်ကြီးမြို့၏ မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဂျာမနီနိုင်ငံနှင့် အာဆီယံ နိုင်ငံများမှ ပညာရှင်များ၏ အကြံဉာဏ်များဖြင့် မြို့နှင့်ပတ်ဝန်းကျင်တွင် လက်တွေ့ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

“ဒီလို လက်တွေ့ပေါင်းစပ်ပေးနိုင်မယ့် အနေအထားကို နေပြည်တော်၊ ရန်ကုန်လို မြို့ကြီးများကနေ ဆောင်ရွက်ပေးခြင်းမျိုးမဟုတ်ဘဲ တောင်ကြီးမြို့နဲ့ပတ်ဝန်းကျင်ကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းဟာ အရေးပါတဲ့ ထူးခြားချက်ဖြစ်ပါတယ်” ဟု ဂျာမနီနိုင်ငံ ကိုလုံးတက္ကသိုလ်နှင့် ပူးပေါင်းကျင်းပသော မြို့ပြအိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲအခမ်းအနားတွင် ဝန်ကြီးက ပြောကြားသည်။

ယခု နှီးနှောဖလှယ်ပွဲသည် မြန်မာနိုင်ငံ၏ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သုတေသန အတွက် မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို စတင်သည့်အချိန်နှင့်လည်း တိုက်ဆိုင်လျက်ရှိကြောင်းဝင်းကဆက်လက်ပြောကြားသည်။

ဂျာမနီနိုင်ငံ German Academic Exchange Service (DAAD)၏ အထောက်အပံ့နှင့် နေပြည်တော်တွင် နှစ်ရက်ကြာကျင်းပလျက်ရှိသော ယခု နှီးနှောဖလှယ်ပွဲ၌ ကိုလုံးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ Frauke Kraas နှင့်အတူ အာဆီယံနိုင်ငံများမှ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာပညာရှင်များ၊ ပြည်တွင်းပညာရှင်များ တက်ရောက် ဆွေးနွေးလျက်ရှိသည်။






7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# လိုင်စင်များ ပြုလုပ်ပေးအပြီး မန်းဆိုင်ကယ်ဈေးကွက် အရောင်းအဝယ်အေး

**မောင်တာ**

**မန္တလေး၊ ဒီဇင်ဘာ - ၂**

တရားမဝင် တင်သွင်းစီးနင်းနေသော မော်တော်ဆိုင်ကယ်များအား ငါးလကြာ တရားဝင်မှတ်ပုံတင်လိုင်စင်များ ပြုလုပ်ပေးပြီးနောက် မန္တလေးမြို့ ဆိုင်ကယ်အရောင်းအဝယ်လုပ်ငန်းများ ရပ်ဆိုင်းလုနီးပါး ဖြစ်သွားကာ အရောင်းအဝယ်အေးနေကြောင်း မြို့ခံဆိုင်ကယ်ဝယ်ရောင်းများက ပြောသည်။

တရားဝင် လိုင်စင်များ ပြုလုပ်ပေးခဲ့ပြီးနောက် မှတ်ပုံမတင်ဘဲ တရားမဝင်စီးနင်းနေသော ဆိုင်ကယ်များအား တင်းကျပ်စွာ စိစစ်အရေးယူမည်ဆိုသော သတင်းများကြောင့် လိုင်စင်မပါသော ဆိုင်ကယ်အရောင်းအဝယ်ဈေးကွက်မှာ လုံးဝရပ်ဆိုင်းသွားပြီဖြစ်ကြောင်း မြို့ခံဆိုင်ကယ်ဝယ်ရောင်းသမားများက ဆိုသည်။

“အရင်လတွေက လိုင်စင်တွေလုပ်ပေးနေတုန်းကနဲ့ ယှဉ်ရင်အရောင်းအဝယ်က ထက်ဝက်နီးပါးလျော့သွားတယ်။ လိုင်စင်လုပ်ပြီးသား ဆိုင်ကယ်တွေကတော့ ဈေးသိပ်မကျဘူး” ဟုမန္တလေးမြို့ စိမ်းဝါ ဆိုင်ကယ်ပွဲစားတန်းမှ ဆိုင်ကယ်ပွဲစားတစ်ဦးက ပြောသည်။

လိုင်စင်တိုးထားသူများကအမြတ်ယူ၍ ပြန်လည်ရောင်းချမှုအချို့ရှိနေပြီး တရုတ်၊ ထိုင်း၊ ဂျပန်နိုင်ငံများမှ ထုတ်လုပ်သော မည်သည့်ဆိုင်ကယ်အမျိုးအစား မဆို အရောင်းအဝယ်ပါးနေကြောင်း မန္တလေးမြို့ဆိုင်ကယ်ဈေးကွက်မှ သိရသည်။



ဆိုင်ကယ်မြို့တော် မန္တလေးကိုတွေ့ရစဉ်

ဓာတ်ပုံ-ညီညီဇော်

အိမ်စီးသမားများမှာလည်း ဆိုင်ကယ်ပွဲစားတန်းမှသာဝယ်ယူမှုရှိနေရာ ဆိုင်ကယ်အရောင်းပြခန်းများလည်း ရောင်းအားကျဆင်းနေပြီး ရောင်းအားတက်ရန် ဝန်ဆောင်မှုများ အပြိုင်အဆိုင် ပြုလုပ်နေရကြောင်း အရောင်းပြခန်းဖွင့်ထားသူတို့က ပြောကြားသည်။

“အခုအရစ်ကျနဲ့ ရောင်းပေးဖို့စီစဉ်နေတယ်။ ကျွန်တော်တို့ကုမ္ပဏီအရောင်းပြခန်းရှိတဲ့မြို့တိုင်း ဘယ်ဆိုင်ကယ်အမျိုးအစားမဆို ပြင်ဆင်စရိတ်လက်ခအခမဲ့နဲ့ လိုက်ပြင်ပေးနေတယ်။ ဆားဗစ်ပေးနေတယ်။ ကိုယ့်ဘက်က ဝန်ဆောင်မှု ကောင်းရင်တော့ အရောင်းအဝယ်ကောင်းလာမယ်လို့ မှန်းတာပဲ” ဟုရိုးမရာဇာဆိုင်ကယ်အရောင်းပြခန်းမှ ကိုစိုးသိန်းက ပြောသည်။

ဆိုင်ကယ်အရောင်းဝယ်ပါး၍ မန္တလေးမြို့ခံ ဆိုင်ကယ်ပွဲစားအချို့မှာ အခြားလုပ်ငန်းများပြောင်းလဲလုပ်ကိုင်မှုများရှိလာကြောင်း သိရသည်။

---

# အမျိုးသမီးနှစ်ဦးထံမှ မူးယစ်ဆေးဝါး ကျပ်သိန်း ၂၄၀ ကျော်ဖိုး ဖမ်းမိ

**စိုင်းလှုမင်း**

**ကောလင်း၊ နိုဝင်ဘာ - ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ မြို့ဝင်ဘီးခွန်ဂိတ်တွင် အမျိုးသမီးနှစ်ဦးထံမှ မူးယစ်ဆေးဝါး ကာလတန်ဖိုး နှစ်ရာလေးဆယ်တစ်သိန်း ငါးသောင်းကျပ်အား မူးယစ်(အထူး) အဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာနိုဝင်ဘာ ၂၈ ရက် နံနက် ၄ နာရီ မိနစ် ၃၀ အချိန်တွင် ကောလင်း- ပင်လည်ဘူး သွားရာလမ်းကောလင်းမြို့ဝင်ဘီးခွန်ဂိတ်တွင် မသင်္ကာဖွယ် အမျိုးသမီးဖြစ်သော မသီတာဝင်း(၃၆)နှစ်၊ ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်နှင့် မခင်ဌေး(၄၅)နှစ် ကုန်စိမ်းရောင်း၊ ရပ်ကွက် (၇)၊ နယ်မြေ (၆) လားရှိုးမြို့တို့အား သက်သေများနှင့်အတူ သက်ဆိုင်ရာက ရှာဖွေခဲ့သည်။

တိတ်အဝါရောင်ပတ်ထားသည့် ကြွပ်ကြွပ်အိတ်တစ်လုံးအတွင်းမှ အနီရောင် ဆပ်ပြာခွက်အတွင်း အဖြူရောင် ပလတ်စတစ်ဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့် ၁၅ ဂရမ် ခန့်ပါ တစ်ထုပ်၊ အနီရောင်ဆပ်ပြာခွက်အတွင်း ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့် ၁၆ ဂရမ်ခန့်ပါ တစ်ထုပ်၊ ပန်းရောင်ဆပ်ပြာခွက်နှစ်ခွက်အတွင်းမှ ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့် ၁၃ ဒသမ ၅ ဂရမ်ခန့်ပါ တစ်ထုပ်၊ အပြာရောင် ဆပ်ပြာခွက်အတွင်း ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့် ၁၄ ဂရမ်ခန့်ပါ တစ်ထုပ်၊ အစိမ်းရောင် ဆပ်ပြာခွက်အတွင်းဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့် ၁၆ ဂရမ်ခန့်ပါ တစ်ထုပ်၊ အစိမ်း ရောင်ဆပ်ပြာခွက်အတွင်း ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့် ၁၅ ဂရမ်ခန့်ပါ တစ်ထုပ်၊ ပန်း/နီရောင် ဆပ်ပြာခွက်အတွင်း ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့် ၁၅ ဂရမ်ခန့်ပါ တစ်ထုပ်၊ မူးယစ်ဆေးဝါးဟု ယူဆရသည့် အဖြူမှုန့် စုစုပေါင်းအလေးချိန် ၂၄၁ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုးကျပ် ၂၄၁ သိန်း ငါးသောင်းကျပ် တွေ့ရှိသိမ်းဆည်းခဲ့ပြီး အဆိုပါ အမျိုးသမီးနှစ်ဦးအား ကောလင်းရဲစခန်းမှ မယ(ပ) ၂၁/ ၂၀၁၂ မူး/စိတ်ပုဒ်မ ၁၅/၁၉ (က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူခဲ့သည်။

အဆိုပါ အမျိုးသမီးနှစ်ဦး၏ သယ်ဆောင်ရာလမ်းကြောင်းမှာ မူးယစ်ဆေးဝါးများကို အထက်ပါအတိုင်း ထုပ်ပိုး၍ လားရှိုးမြို့မှ မန္တလေးမြို့သို့ ကားဖြင့်၊ မန္တလေးမြို့မှ ကောလင်းသို့ အမှတ် ၅၇ အဆန်မန္တလေး-မြစ်ကြီးနား မန္တလာအမြန်ရထားဖြင့် သယ်ဆောင်ခဲ့ပြီး ပင်လည်ဘူးမြို့နယ်၊ ရွှေလုပ်ကွက်များအတွင်းသို့ သွားရောက်ရောင်းချရန်ဖြစ်သည်ဟု သိရသည်။

---

# ရေနံချောင်းမြစိမ်းရောင်ရုပ်ရှင်ရုံ ပြန်လည်တည်ဆောက်မည်

**ဆန်းညွန့်**

**ရေနံချောင်း၊ နိုဝင်ဘာ - ၂၈**

ရေနံချောင်းမြို့တွင် မူလကရှိခဲ့သည့်မြစိမ်းရောင်ရုပ်ရှင်ရုံအားပြန်လည်ဆောက်လုပ်ကာ ရုပ်ရှင်ပြသမည်ဖြစ်ကြောင်း ပရင့်ဗီဒီယိုဖြန့်ချိ/ငှားရမ်းရေးမှဦးသန်းဝင်းကပြောသည်။

“မြစိမ်းရောင် ရုပ်ရှင်ရုံပြန်လည်တည်ဆောက်ဖို့ ညွှန်ကြားချက်ထွက်ပြီဖြစ်ပါတယ်။ အဆင့်မြင့်ရုပ်ရှင်ရုံအဖြစ် တစ်နှစ်အတွင်း အပြီးဆောက်ရန် ညွှန်ကြားချက်ရှိတယ်။ ရုပ်ရှင်ရုံကိုဖျက်သိမ်းခဲ့တာ ခုနစ်နှစ်ခန့်ကြာပြီဖြစ်ပါတယ်” ၎င်းက ပြောသည်။ ယခုကိစ္စနှင့်ပတ်သက်၍ လွှတ်တော်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ဝင်းမော်ထွန်းက တင်ပြခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက အဆင့်မြင့်ရုပ်ရှင်ရုံအား တစ်နှစ်အတွင်း ဆောက်လုပ်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

---

# သာရေးနာရေးပွဲများအတွက် သားသတ်ခွန်ကင်းလွတ်ခွင့်ရရှိရန် ဆောင်ရွက်ထားဟုဆို

**သန်းထူး**

**နေပြည်တော်၊ နိုဝင်ဘာ - ၂၂**

သာရေး၊ နာရေးပွဲများနှင့် ဘာသာရေး၊ လူမှုရေးပွဲများတွင် တည်ခင်းဧည့်ခံသော အသားအတွက် သားသတ်ခွန် ပေးဆောင်နေရခြင်း ကင်းလွတ်ခွင့်ရရှိရန် ဆောင်ရွက်ထားကြောင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောကြားသည်။

ထိုကဲ့သို့ ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ အမျိုးသား လွှတ်တော် ပဉ္စမအကြိမ် ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့ရာ သက်ဆိုင်ရာပြည်ထောင်စုအဆင့် တာဝန်ရှိသူက ဥပဒေအရကင်းလွတ်ခွင့်ရှိကြောင်း ဖြေကြားခဲ့သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အတော်များများ၌ အခွန်ပေးဆောင်နေရကြောင်း ဦးလှရွှေက ဆက်လက်ပြောကြားသည်။

“လွှတ်တော်မှာ ဒီမေးခွန်းမေးပြီး၊ ဖြေပြီးနောက်တစ်နေ့မှာပဲ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက သာရေး၊ နာရေးအတွက် သားသတ်ခွန် မတောင်းဖို့ ထုတ်ပြန်ခဲ့တယ်။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကိုလည်း အဲဒီလိုထုတ်ပြန်ပြီး ကင်းလွတ်ခွင့်ရှိဖို့ တိုက်တွန်းထားပါတယ်” ဟူ၍ ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် အချို့သော သာရေး၊ နာရေး အလှူအတန်းများသည် အစဉ်အလာအရ ခြေလေးချောင်းသတ္တဝါများဖြစ်သည့် အမဲသား၊ ဝက်သားများဖြင့် ဧည့်ခံကျွေးမွေးလေ့ရှိရာ ယခုကဲ့သို့ ပွဲများတွင်ပြီးခဲ့သည့်နှစ်များအတွင်း သားသတ်လုပ်ငန်းလိုင်စင်ရရှိသူများက ဖမ်းဆီးရန်ခြိမ်းခြောက်ခြင်း၊ အခွန်တောင်းယူခြင်းများ ပြုလုပ်လာခဲ့ကြောင်း မင်္ဂလာဆောင်များသို့ အသားသွင်းလေ့ရှိသူ ကိုဝင်းဦးကပြောသည်။ ထိုကဲ့သို့ ကောက်ခံရာတွင် သတ်မှတ်နှုန်းထားမရှိကြောင်း၊ ဒေသအလိုက် အမျိုးမျိုးရှိကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် အမဲသားဖြင့် ကျွေးမွေးခြင်း ပြုလုပ်လေ့ရှိပြီး အခြားဒေသများတွင်မူ ဝက်သားဖြင့် ဧည့်ခံလေ့ရှိကြောင်း သိရသည်။

---

# အမြန်လမ်းမတွင် ကားမှောက်၍ တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းမှ တရုတ်နိုင်ငံသားသုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ညီညီဇော်**

**မန္တလေး၊ နိုဝင်ဘာ - ၂၈**

ရန်ကုန်မှ မန္တလေးမြို့သို့ အမြန်လမ်းမအတိုင်း မောင်းနှင်လာသော ပါဂျဲရိုးယာဉ်တစ်စီးသည် နိုဝင်ဘာ ၂၆ ရက် ညနေ ၄ နာရီကျော်တွင် ကားဘီးပေါက်၍ အရှိန်လွန်တိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းလုပ်ငန်းမှ တရုတ်နိုင်ငံသား သုံးဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သတင်းရရှိသည်။

တရုတ်နိုင်ငံသား ငါးဦးစီးနင်းလိုက်ပါလာသည့် ၅ဂ/ . . . ခဲရောင် ပါဂျဲရိုးယာဉ်တစ်စီးသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမိုင်တိုင် အမှတ် ၃၁၈/၂ အနီး (နွားထိုးကြီးမြို့နယ်အတွင်း) ကားဘီးပေါက်၍ အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောတွင် တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ပွဲချင်းပြီး သေဆုံးသွားသူ သုံးဦးမှာ တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း Petro China ကုမ္ပဏီတွင် ဆောင်ရွက်နေသော မစ္စတာလာဒကီ (၄၂) နှစ်၊ မစ္စတာချိုင်ကျော့လိုင်(၃၇)နှစ်နှင့် မစ္စတာမာဖူး (၅၈) နှစ်တို့ဖြစ်သည်။ မစ္စတာ ယောင်ရှားတောင် (၃၅) နှစ်နှင့် ယာဉ်မောင်း ဇောင်မင်းချန် (၃၈) နှစ်တို့မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သဖြင့် မန္တလေးဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ထားရပြီး ၎င်းတို့မှာ တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းမှဖြစ်ကြောင်း ရန်ကုန်-မန္တလေး အမြန်လမ်းရဲတပ်ဖွဲ့ကွပ်ကဲရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကားတိမ်းမှောက်ရာသို့ နွားထိုးကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ပြင်စည်ရဲစခန်းမှူးနှင့် တာဝန်ရှိသူများ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ပြီး ယာဉ်တိမ်းမှောက်မှုကို ပြင်စည်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီကလည်း အမြန်လမ်းမရှိမိုင်တိုင်၇၈/၁တွင်ယာဉ်တိမ်းမှောက်၍ လူလေးဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

# ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ အသင်းချုပ်ဖွဲ့စည်းရန်စီစဉ်

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

အလုပ်သမားဝန်ကြီးဌာနမှ ဦးစီး၍ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ ၁၅၇ ခုအား ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ အသင်းချုပ်အဖြစ် စတင်ဖွဲ့စည်းရန်ဗဟိုအလုပ်အမှုဆောင်၃၀ ဦးကို နိုဝင်ဘာ ၃၀ ရက်၌ ရွေးချယ်မှု ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အေဂျင်စီအသင်း ချုပ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များမှာ ပြည်ပမှ အလုပ်ခေါ်စာ၊ ကမ်းလှမ်းစာများအား မှန်ကန်မှု၊ ရှိမရှိ စစ်ဆေးရန်၊ အေဂျင်စီများ စုစည်းညီညွတ်စွာဖြင့်ပြည်ပသို့ အလုပ်သမား စေလွှတ်မှုကို တာဝန်ခံဆောင်ရွက်ရန်၊ လုပ်သားများ ခေါ်ယူစုဆောင်းမှု၊ စေလွှတ်မှုကို စနစ်တကျ ရွေးချယ်မှုပြုလုပ်ရန်၊ အေဂျင်စီနှင့် အလုပ်သမားများ ပြဿနာကြုံတွေ့လျှင် အေဂျင်စီများစုစည်းညီညွတ်စွာဖြင့် တာဝန်ယူဖြေရှင်းပေးရန် ဖြစ်သည်။

"အသင်းချုပ်ရှိလာတော့ Job offer တွေမှန်ကန်မြန်ဆန်လာမယ်။ အလုပ်သမားတွေကိုလည်း မသမာတဲ့နည်းနဲ့ပို့လို့မရဘူး။ ဟိုမှာရှိတဲ့ အလုပ်သမားတွေအတွက်လည်း အကာအကွယ်ရမယ်။ လစာတို့ အချိန်ပိုတို့ကိုလည်း အလုပ်ရှင်တွေဘက်က လိမ်လို့မရတော့ဘူး။ အကယ်၍ အဲဒီလိုဖြစ်လာရင် ဒီအဖွဲ့တွေက ဖြေရှင်းပေးမှာ" ဟု အလုပ်သမားညွှန်ကြားရေးမှူး ဦးစီးဌာနမှ ဒုညွှန်ကြားရေးမှူးချုပ်က ဆိုသည်။



လက်ရှိတွင်အေဂျင်စီများမှ ပို့လိုက်သည့် လုပ်သားများ အနေဖြင့် ပြဿနာတစ်စုံတစ်ခုဖြစ်ပါက မိမိပို့လိုက်သည့် လုပ်သားအတွက် မိမိအေဂျင်စီ တစ်ဦးတည်းသာဖြေရှင်းသည့်အတွက် အခက်အခဲများရှိပြီး အေဂျင်စီများ စုစည်း မှုမရှိသည့်အတွက် အလုပ်ရှင်ဘက်မှ စာချုပ်များ၊ လိမ်လည်ချုပ်ဆိုမှုများရှိသည်။ ထို့အပြင်မြန်မာလုပ်သားများအနေဖြင့်လည်း အလုပ်သမားများ၏ ရပိုင်ခွင့်အပြင် လုပ်ငန်းခွင်ထိခိုက်နစ်နာမှုများဆုံးရှုံးလျက်ရှိသည်။

"အစိုးရက ကွပ်ကဲမှုလျော့ကျတဲ့သဘောပေါ့။ တစ်ချိန်လုံးက လေးလိုလုပ်လို့မှမရတာ။ အရင်လိုတစ်ယောက်ချင်းဖြေရှင်းနေရတာနဲ့ တစ်ခုခုဆို အဖွဲ့နဲ့ ပြောတာတော့ မတူဘူးပေါ့" ဟု TRC ပြည်ပအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးယံပြည်ပအလုပ်အကိုင် အေဂျင်စီမှ MD ဦးကျော်ထင်ကျော်က "တကယ်ပါသင့်ပါထိုက်တဲ့အေဂျင်စီတွေ ကျန်ခဲ့တယ်။ ဒီအသင်းချုပ်ဖွဲ့ခြင်းအားဖြင့် သူတို့ဘာလုပ်နိုင်လဲ၊ ဘာလုပ်မလဲဆိုတာစောင့်ကြည့်ရမှာပေါ့။ အရင် MOEA နဲ့ကိုယ့်သဘောနဲ့ယာယီဖွဲ့ခဲ့တာရှိတယ်" ဟုဆိုသည်။

ရွေးချယ်ထားသော ဗဟိုအလုပ်အမှုဆောင် ၃၀ ဦးတွင် ဥက္ကဋ္ဌ တစ်ဦး၊ ဒုဥက္ကဋ္ဌ ၂ ဦး၊ တွဲဖက်အတွင်းရေးမှူး ၂ဦး၊ စာရင်းစစ် ၃ ဦးတို့အပြင် အလုပ်အမှုဆောင် ၂၁ ဦးတို့အား ရွေးချယ်ထားကာ ၎င်းအလုပ်အမှုဆောင်တို့မှ မလေးရှားနိုင်ငံအတွက် ကိုယ်စားလှယ် ငါးဦး၊စင်ကာပူနိုင်ငံအတွက်ကိုယ်စားလှယ် ၅ ဦး၊ ထိုင်းနိုင်ငံအတွက် ကိုယ်စားလှယ် ၆ ဦးအပြင် အခြားနိုင်ငံများအတွက် ကိုယ်စားလှယ် ၅ ဦးထားရှိသွားမည်ဖြစ်သည်။

၎င်းတာဝန်ယူထားသော အလုပ်အမှုဆောင်များသည် သက်ဆိုင်ရာနိုင်ငံများမှ Demand Letter,job Offer များအပြင် အခြားကိစ္စရပ်များကို တာဝန်ယူစစ်ဆေးဆောင်ရွက်ပြီး အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြကာ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါအသင်းချုပ်အား တရားဝင်မှတ်ပုံတင်ရန် အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့်ပြည်ထဲရေးဝန်ကြီးဌာနသို့ သင်းပင်းဖွဲ့စည်းရန်မှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သည်။

# ကိုရီးယားသို့ မှတ်ပုံတင်အတုဖြင့်သွားရောက်သူများရှိ

**အေးမြတ်သူ**

**ရန်ကုန်၊**

**ဒီဇင်ဘာ - ၂**

ကိုရီးယားနိုင်ငံ၌ တရားမဝင်နေထိုင်ခဲ့ဖူးသော မြန်မာလုပ်သားများ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများ ပြုလုပ်၍သွားလျက်ရှိကြောင်း အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ အရာရှိတစ်ဦးက ပြောသည်။

ယခင်ကိုရီးယားနိုင်ငံ၌ တရားမဝင်နေထိုင်ခဲ့သော မြန်မာလုပ်သားများသည် ထပ်မံ၍ သွားရောက်လုပ်ကိုင်လိုသည့် အတွက် ၎င်းတို့၏ မူလမှတ်ပုံတင်ပါအချက်များအား လဝက မှဝန်ထမ်းအချို့တို့ဖြင့် ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

အတုပြုလုပ်၍ သွားရောက်ခဲ့သော မြန်မာလုပ်သား ၈၀ နီးပါးခန့်အား ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ်တွင်လည်းကောင်း မြန်မာနိုင်ငံရှိကိုရီးယားသံရုံးတို့၌ စစ်ဆေးတွေ့ရှိခဲ့သောကြောင့် နှစ်နိုင်ငံသဘောတူစာချုပ် MOU အား ထိခိုက်စေနိုင်ကြောင်း ၎င်းကပြောသည်။

"အထူးသဖြင့် နိုင်ငံသားမှတ်ပုံတင်၊ သန်းခေါင်စာရင်း လုပ်ပေးတဲ့ သက်ဆိုင်ရာဌာနတွေက အောက်ခြေဝန်ထမ်းအချို့က ဒီလိုမျိုးရှိတာ အစိုးရအနေနဲ့ စိစစ်မှု မရှိဘူးဆိုရင် MOU စာချုပ် ထိခိုက်လာနိုင်တယ်" ဟုအထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ထို့ပြင် ကိုရီးယားနိုင်ငံ၌တရားမဝင်နေထိုင်ခဲ့ရာမှ နာမည်ပျက်စာရင်း (Black List) ထဲ၌ ပါဝင်ခြင်းမရှိသေးသော မြန်မာလုပ်သားများသည် မိမိဆန္ဒဖြင့် နေရပ်သို့ပြန်လာပြီး ၅ နှစ်ကြာပြီးနောက် ကိုရီးယားနိုင်ငံသို့ ထပ်မံ၍ယခင် ဗီဇာအထောက်အထားနာမည်ရင်းအတိုင်း ပြန်လည်လုပ်ကိုင်ခွင့်ရှိသည်။

"သူတို့ပြစ်မှုတစ်ခုခုရှိလို့ Black List ဖြစ်သွားရင်တော့ မရဘူး။ သာမန် overstayဖြစ်လို့ရှိရင် ငါးနှစ်ကြာပြီးရင် ဒီနာမည်အတိုင်းပဲပြန်ဝင်ရတယ်" ဟု၎င်းက ပြောသည်။ အကယ်၍ မြန်မာလုပ်သားများအနေဖြင့် နိုင်ငံကူးလက်မှတ်များကို မှန်မှန်ကန်ကန် ဆောင်ရွက်မှုမရှိပါက နောင်သွားမည့်သူများကိုလည်း ထိခိုက်စေပြီး နှစ်နိုင်ငံသဘောတူစာချုပ် MOU ကိုလည်း ကိုရီးယားဘက်မှရပ်ဆိုင်းမှု၊ ဆိုင်းငံ့မှုများ ရှိသွားနိုင်ကြောင်း သတင်းရရှိသည်။

အစိုးရပြည်ပအလုပ်ကိုင် အေဂျင်စီအနေဖြင့် ၂၀၁၀ပြည့်နှစ်မှစ၍ ယခုနှစ်ကာလအထိ မြန်မာလုပ်သား ၅၄၀၀ ကျော်အား ကိုရီးယားနိုင်ငံသို့သွားရောက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ထို့ပြင် စတုတ္ထအကြိမ်ဖြေဆိုအောင်မြင်သူများ အနက် ၈၀ ဦးအား အလုပ်ခေါ်ဆိုထားကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

Myanmar Mayson Industries Co., Ltd (Good Morning)

ရောင်းမောင်း (ကျား)။ တောင်ကြီးရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန် (၅) ဦး။ (ယာဉ်မောင်းလိုင်စင် (ခ) ၂ နှစ်သက်တမ်းရှိရမည်။ ပညာအရည်အချင်း ၁၀ တန်းအောင်၊ ဘွဲ့ရ၊ (အသက် ၂၅ နှစ်အောက်)

**တောင်ကြီးဖုန်း - ၀၈၁-၂၀၈၀၆၀၊ ၀၉၄၃၁၃၁၄၉၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Freight Forwarding တွင်တာဝန်ထမ်းဆောင်ရန်

Customer Service မ (၁) ဦး

Export Documentation မ (၁) ဦး

(အင်္ဂလိပ်အရေး၊ အဖတ်၊ အပြော၊ ကျွမ်းကျင်ရမည်၊ အသက် ၂၅ နှစ်အောက်၊ အိမ်ထောင်မရှိ၊ ရုပ်ရည်သန့်ပြန့်သူ)

**ဖုန်း - ၃၇၈၀၄၆ (ရုံးချိန်အတွင်းသာ)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေဒဂ္ဂီသွားဆေးခန်းတွင်

Web Site design ကျွမ်းကျင် မ (၃) ဦး

**Central Hotel Roof To (ဗိုလ်ချုပ်လမ်း) သွားဆေးခန်းသို့ နံနက် ၁၁ နာရီမှ ၁ နာရီအတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Myanmar National Restaurant

1. Cook Male (2) Posts
2. Head Waiter Male (2) Posts (အမြန်)
3. Bar Men Male (2) Posts (အမြန်)
4. Waiter (အမြန်) Male (4) Posts
5. Waitress (အမြန်) Female (4) Posts
6. သန့်ရှင်းရေး ကျား (၁)ဦး
7. အထွေထွေဝန်ထမ်း ကျား (၂) ဦး

(ကြော်ငြာပါသည့် နေ့မှစ၍ နှစ်ပတ်အတွင်းလျှောက်ထားနိုင်)

**ဖုန်း - ၀၁-၆၆၀၇၉၂**

**အမှတ် (၅-က)၊ မေခလမ်းနှင့် ပါရမီလမ်းထောင့် အေဒီမှတ်တိုင်အနီး၊ မရမ်းကုန်းမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကြော်ငြာကမ္ဘာစီးပွားရေးဂျာနယ်

၁။ Marketing မ (၂၀) ဦး

၂။ 4. DTP (ကျွမ်းကျင်) မ (၅) ဦး

၃။ သတင်းထောက် (အတွေ့အကြုံရှိ) ကျား (၂၀) ဦး (အမြန်အလိုရှိသည်)

**အမှတ် (၂၉)၊ မြေညီထပ်၊ ပုညဝဇ္ဇနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။ (အသောကမှတ်တိုင်အနီး)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Eden Saloon

လျှော်၊ ညှပ်၊ ကောက်၊ ဖြောင့် ကျွမ်းကျင် ကျား (၁) ဦး (လစာကောင်းမည်)

**ဖုန်း - ၀၁-၂၅၂၉၆၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

MWE

၁။ လက်ထောက်မန်နေဂျာ (အရောင်းခန်းမ)/ ကြီးကြပ်ရေးမှူး ကျား/မ (၃) ဦး

၂။ Chief Accountant ကျား/မ (၂) ဦး

၃။ သွင်းကုန်ထုတ်ကုန် (MFTBဘဏ်/ ကုန်သွယ်ရေး) (Exp/ Imp Staffs) ကျား (၂) ဦး

၄။ အရောင်းမြှင့်တင်ရေး/ လက္ကားဖြန့်ချိရေး ကျား/မ (၅) ဦး

၅။ အရောင်းစာရေး ကျား/မ (၅) ဦး

၆။ မက္ကင်းနစ် (TV, EVD, Washer, Aircon, Fridge, Fan ..etc) ကျား (၃) ဦး

၇။ ယာဉ်မောင်း ကျား (၃) ဦး

**အမှတ် (၁၄၅)၊ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း (မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၊ ကျောက်တံတားမြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Myanmar Professional Services Company Limited

Marketing ဝန်ထမ်းအလိုရှိသည်။ ကျား (၅) ဦး

(၁၀ တန်းအောင်၊ အင်္ဂလိပ်နှင့်ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်၊ သွက်လက်ချက်ချာပြီး၊ အပြောအဆိုယဉ်ကျေးသိမ်မွေ့ရမည်၊ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်)

**ဖုန်း - ၀၉-၄၃၀၉၆၆၆၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Web Developer (1) Post (Minimum High School graduates and/ or related tecnical certificates, Proficient in PHP, HTML, CSS, Ajax, JavaScript, 3 years professional experience)

2. Web Designer (1) Post (Minimum High School graduates and/ or related technical certificates, Proficient in HTML, CSS, Adobe Photoshop, Adobe Indesign, 2 years professional)

Information: amkyaw1@gmail.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ထွန်းမိသားစု ကြေး၊ သတ္တု၊ သံကြွပ်အရောင်းဆိုင်အတွက် ကြီးကြပ်ရေးမှူး မ (၁)၊ ၂၅ နှစ်အထက်၊ စာရင်းကိုင်ကျွမ်းကျင်၊ သွက်လက်ထက်မြက်ရမည်။

**ဖုန်း - ၀၉-၅၁၁၃၃၁၂**

**တောင်ဒဂုံစက်မှုဇုန် (၃)၊ ဟိန္ဒားလမ်း၊**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Mobile Planet

မိုဘိုင်းဖုန်းဆိုင်တာဝန်ခံ မ (၁) ဦး (အသက် ၂၅ နှစ်အထက်၊ ဟန်းဖုန်းအမျိုးမျိုး သိရှိနားလည်ရမည်။ ကွန်ပျူတာသုံးတတ်ရမည်)

ဖုန်းအရောင်းကျွမ်းကျင် မ (၁) ဦး (အသက် ၂၅ နှစ်အထက်)

ဆော့ဖ်ဝဲ Installtion ကျွမ်းကျင် မ (၁) ဦး

Hardware Repair ကျွမ်းကျင် ကျား (၁) ဦး

**ဖုန်း - ၀၉-၅၁၁၃၃၁၂**

**ဒဂုံတောင်၊ (၂၄) ရပ်ကွက်၊ လှော်ကားလမ်း။ ညှိနှိုင်းလစာ**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Sale & Marketing မ (၅) ဦး (လိုက်ကာ + Furniture)

၂။ Graphic Designer ကျား/မ (၂) ဦး

၃။ ဒရိုင်ဘာ ကျား (၂) ဦး

(နှစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)

**ဖုန်း - ၀၁-၆၆၄၆၇၅၊ ၀၁-၆၆၃၃၀၉**

**အမှတ် (၁၅) ပြည်လမ်း၊ ၉ မိုင်၊ ပြည်လမ်းနှင့်ဝိဇ္ဇာညီနောင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။ ရန်ကုန်မြို့။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးဝန်ထမ်း (၃) ဦး (ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ၊ ရုပ်ရည်သန့်ပြန့်၍ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်သူ၊ လုပ်ငန်းကျွမ်းကျင်မှုရှိသူ)

**ဖုန်း - ၀၉၇၃၁၅၇၄၈၀၊ ၀၁-၂၉၅၀၅၂**

**Adler (အတ်ဒလာ) အမျိုးသမီးဆောင် အမှတ် (၁၈၊ ဘီ)၊ အခန်း (၁၀၂) ပထမထပ်၊ (၅၆) လမ်းတို၊ ပုဇွန်တောင်မြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာအခြေခံ၊ အဆင့်မြင့် သင်ကြားနိုင်သူ ဆရာမ (၃) ဦး

Auto CAD, 3ds Max သင်ကြားနိုင်သူ ဆရာ၊ ဆရာမ (၂) ဦး

**ဖုန်း - ၀၉၄၃၁၆၀၀၃၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက်

M.B.B.S ဘွဲ့ရ ကျား/မ (၂) ဦး

ဆမ-လက်မှတ်ရှိရမည်။ ခရီး (ယာယီ) သွားနိုင်ရမည်။ English 4 Skills ကောင်းမွန်၍ Word, Excel, E-mail ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

The Grand Mee Ya Hta Executive Residences (Shop-6)

No (372), Bogyoke Aung San Road, Pabedan Township, Yangon.

Tel: (01) 256355, (Ext;) 3206

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



TIGER BALM
နာချင်ရာ နာစမ်း . . . TIGER BALM®
Tiger Balm (White) သည် မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခဲခြင်းဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Reg No. 1308AA599
Tiger Balm (Red) သည် ကြွက်သား နာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်း တို့ကိုအလျင်မြန်ဆုံးသက်သာစေပါသည်။
Reg No. 1402AA1320
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
Reg No. 1407AA1734
Cool သည်ထိခိုက်နာကျင်မှုများ၊ ကြွက်သားဒဏ်ဖြစ်ခြင်းများ အတွက် အသုံးပြုရန် အထူးသင့်လျော်ပါသည်။
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

# Education

7 DAY NEWS JOURNAL

Vol.11, No.39 • DECEMBER 6 , 2012




ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

# ပညာရေးမဝေးသော်လည်း...

နေလင်းထွန်း

**ပညာရေးဝေးသည်မရှိဆောင်ပုဒ်ဖြင့် အဝေးသင်တက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခဲ့ပြီးနောက်မြန်မာကျောင်းသား အများအပြားမှာ အဝေးသင်ပညာရေးနှင့် ရင်းနှီးထိတွေ့ခွင့်ရခဲ့သည်။ ငွေကုန်ကြေးကျသက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ အလုပ်လုပ်ကိုင်နေစဉ် ဘွဲ့သင်တန်းတက်ရောက်နိုင်ခြင်း၊ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်းတက္ကသိုလ်ပညာရေးစနစ် အချိုးအကွေ့ပြောင်းလဲမှုကြီးမားခဲ့ခြင်း စသည့်အကြောင်းရင်းများကြောင့် အဝေးသင်တက္ကသိုလ်သည် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများ၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။**

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ ၁၆၅,၀၀၇ ဦးရှိသည့်အနက် အဝေးသင်တက္ကသိုလ် တက်ရောက်သော ကျောင်းသားဦးရေသည် ၅၅,၉၀၃ ဦးရှိခဲ့ပြီး အခြားတက္ကသိုလ်များသို့ တက်ရောက်သောကျောင်းသားဦးရေထက်သိသိသာသာပိုမိုများပြားခဲ့သည်။

အချိန်ပြည့် ဘွဲ့သင်တန်းတက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသားများအတွက် အဝေးသင်တက္ကသိုလ်က ဘွဲ့ဒီဂရီတစ်ခုရရှိရန် လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး အနီးကပ်ဆယ်ရက်သင်တန်းများနှင့် အဝေးသင်ကျူရှင် သင်တန်းများသည် ကျောင်းသားများ၏ တက္ကသိုလ်ပညာ ဆည်းပူးရာနေရာများ ဖြစ်လာသည်။

‘‘အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်တက္ကသိုလ်ပညာရေးကို မလေ့လာနိုင်တဲ့သူတွေအတွက် ရည်ရွယ်ပြီးတော့ အဝေးသင်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ မိမိဒေသ၊ မိမိလုပ်ငန်းခွင်ကို မခွာရဘဲနဲ့ အဆင့်မြင့်ပညာကို လွတ်လွတ်လပ်လပ် သင်ယူနိုင်ဖို့ပါ။ နောက်တစ်ချက်က တောရော၊ မြို့ပါ နယ်စပ်ဒေသပါမကျန် အဆင့်မြင့်ပညာ သင်ယူနိုင်ပါတယ်။ အဝေးသင်တက္ကသိုလ်တွေကပေးတဲ့ ဘွဲ့ဒီဂရီတွေဟာ တစ်နိုင်ငံလုံးက ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေကပေးတဲ့ ဘွဲ့ဒီဂရီတွေနဲ့ တန်းတူရည်တူရှိပါတယ်’’ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်ကပြောသည်။

အဝေးသင်ပညာရေးသည် ရန်ကုန်တက္ကသိုလ် လက်အောက်ခံအနေဖြင့် ၁၉၇၅-၇၆ ခုနှစ်တွင် တက္ကသိုလ်စာပေးစာယူသင်တန်းဖြင့် စတင်ခဲ့ပြီး ကျောင်းသားအင်အား များလာခဲ့ကာ ၁၉၉၂ ခုနှစ်တွင် ရန်ကုန်အဝေးသင်တက္ကသိုလ်အမည်ဖြင့်စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

အဝေးသင်တက္ကသိုလ်အနေဖြင့် နှစ်ပေါင်းနှစ်ဆယ်ကြာကာလအတွင်း ဒီဂရီဘွဲ့ရကျောင်းသား တစ်သန်းခုနစ်ထောင်ကျော်ကို မွေးထုတ်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး တက္ကသိုလ်များတွင် အဝေးသင်တက္ကသိုလ်ဌာနခွဲများ တည်ထောင်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

ငွေကြေးနှင့်အချိန်ကုန်ဆုံးမှုသက်သာ၍ ဘွဲ့ဒီဂရီတစ်ခု အဆင်ပြေပြေ ရရှိနိုင်ခြင်းကြောင့် ကျောင်းသားများ ဦးစားပေး ရွေးချယ်မှု ရရှိနေသော်လည်း အဝေးသင်တက္ကသိုလ်၏ပညာရည်ထိန်းကွပ်မှုနှင့် ပတ်သက်၍ ဝေဖန်ခံနေရသည်။

အဝေးသင်တက္ကသိုလ် ကျောင်းသားများသည် ပြင်ပကျူရှင်သင်တန်းများကို မှီခိုနေကြခြင်း၊ အနီးကပ်သင်တန်းတွင် လုံလောက်သော သင်ကြားမှုမရရှိနိုင်ခြင်း၊ ဘွဲ့ဒီဂရီရရှိကြသော်လည်း လုံလောက်သော ပညာအရည်အသွေး ရှိမနေခြင်း စသည့် အခြေအနေများကို ပညာရှင်များက ထောက်ပြပြောဆိုနေကြသည်။

“အဝေးသင်ရဲ့အခြေအနေက သင်ကြားရေးပိုင်းက ကျောင်းသားတွေအတွက် လုံလောက်မှုသိပ်မရှိဘူး။ စာစဉ်တွေကို ဖြေခိုင်းပြီး အနီးကပ်တက်ခိုင်းတာက ကျောင်းသားတွေကို ဘယ်လိုမှ တိုးတက်မှုဖြစ်မလာဘူး။ ဘာလို့လဲဆိုတော့ နေ့စဉ်ကျောင်းတက်နေတဲ့ ကျောင်းသားတွေတောင် သင်ကြားမှု အထောက်အကူပစ္စည်း အင်မတန်ချို့တဲ့လို့ ဖြစ်ထွန်းမှုက အားနည်းနေတယ်။ စာပေါ်မှာ စိတ်ဝင်စားမှုတောင် အတော်ကြီးနည်းပါးတယ်။ သွားရေးလာရေး အခြေအနေကြောင့်ရော ဘက်ပေါင်းစုံက အခြေအနေတွေကြောင့်ပါ”ဟု တက္ကသိုလ်တစ်ခုတွင် လက်ထောက်ကထိကတာဝန်ထမ်းဆောင်နေသောဆရာတစ်ဦးက သုံးသပ်သည်။

အဝေးသင်တက္ကသိုလ်တက်ရောက်နေကြသော ကျောင်းသားများအတွက် အငြင်းပွားဖွယ် အခြေအနေတစ်ခုမှာ နှစ်ဝက်တစ်ကြိမ် တင်သွင်းရသော စာစဉ်ကိစ္စဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများသည် စာစဉ် (Assignment)များကို မပျက်မကွက် မိမိကိုယ်တိုင် ဖြေဆိုတင်သွင်းရန် သတ်မှတ်ထားသည်။ သို့သော် စာမေးပွဲ အောင်၊ ရှုံး ဆုံးဖြတ်ချက်တွင် ပါဝင်သော စာစဉ်ကို ကျောင်းသားများကိုယ်တိုင်ဖြေဆိုနေခြင်းလား၊ ကူးယူဖြေဆိုနေခြင်းလား၊ အခြားသူများကို ဖြေဆိုရေးသားစေခြင်းလားဆိုသည်ကို ကျောင်းသားများနှင့် အခြား သက်ဆိုင်သူတိုင်း သိရှိနေပါသည်။

“စာစဉ်ဖြေတဲ့အခါမှာလည်း လူတွေကပြောကြတယ်။ ဆရာတွေက ပိုက်ဆံယူပြီး လုပ်ပေးတယ်ပေါ့။ ဆရာတွေက အလကားအလုပ်ရှုပ်ခံပြီးတော့ အဲ့ဒီအလုပ်တွေမလုပ်ပါဘူး။ လုပ်နေတာက ရုံးပိုင်းက ဝန်ထမ်းတွေလုပ်နေတာပါ။ တစ်အုပ်ကို (ကျပ်)ရှစ်ထောင်နှုန်းနဲ့ ရုံးဝန်ထမ်းတွေ လုပ်နေကြတာပါ။ နောက်ပြီးတော့ တကယ့်တကယ် စာစဉ်အများကြီးကို ဆရာတွေက ဘယ်လိုလုပ်စစ်နိုင်မှာလဲ။ ကျောင်းသားတွေကလည်း တွေ့တဲ့ဟာကို ကူးချပြီး ဖြေလိုက်တာပဲ။

စာ(၂၂)သို့

## တက္ကသိုလ်ပညာရေးဥပဒေ အများဆန္ဒခံယူရန် တက္ကသိုလ် ဆရာ၊ ဆရာမများ အသင်းတောင်းဆို

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

အသစ်ပြန်လည် ပြင်ဆင်ရေးဆွဲမည့် တက္ကသိုလ်ပညာရေး ဥပဒေကို အဓိက သက်ဆိုင်နေသူများ၏ သဘောဆန္ဒများ ကျယ်ကျယ်ပြန့်ပြန့်ခံယူ၍ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းရန် တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ တောင်းဆိုလိုက်သည်။

ပြည်သူ့လွှတ်တော် ပညာရေး မြှင့်တင်မှုကော်မတီကတွင် သွင်းသော ၂၀၁၂ခုနှစ်၊ တက္ကသိုလ်ပညာရေး ဥပဒေကြမ်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အခြား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်ပယ်ချမှုကြောင့် အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲရမည်ဖြစ်သည်။

အသစ်ပြန်လည်ရေးဆွဲမည့် တက္ကသိုလ်ပညာရေးဥပဒေနှင့် ပတ်သက်၍ အဓိကသက်ဆိုင်သူများဖြစ်သော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ၏ သဘောဆန္ဒများကို လက်တွေ့ကျကျကောက်ခံရယူထားခြင်း မရှိသေးသည်ကို မြင်တွေ့ရပြီး သက်ဆိုင်သူများ၏ သဘောဆန္ဒကို လျစ်လျူရှုဘေးဖယ်ထားသည့် သဘောသက်ရောက်နေကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများ အသင်းတို့မှ သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ပညာရေးဝန်ကြီးတို့ထံ ပေးပို့ထားသော တောင်းဆိုစာတွင် ဖော်ပြထားသည်။

“အခုက ထဲထဲဝင်ဝင်လည်း မရှိဘူး။ ဘယ်သူတွေနဲ့ လုပ်နေတယ်ဆိုတာလဲ မသိဘူး။ တကယ်တမ်းက ဆရာ၊ ဆရာမတွေကို ချပြရမယ်။ ဘာတွေလုပ်ပြီးပြီဆိုတာလဲ မသိရဘူး။ ဘာမှမသိရဘဲနဲ့ ရေးဆွဲနေတာဆိုတော့ ဒီမိုကရေစီနည်းအရ သိပ်ပုံမကျဘူး”ဟု ရန်ကုန်တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းမှ လက်ထောက်ကထိကဆရာတစ်ဦးက ပြောသည်။

ကျောင်းသားအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ရရေးနှင့် ကျောင်းသားကိုယ်စားလှယ်များကို တက္ကသိုလ်ပညာရေးဥပဒေရေးဆွဲရာတွင် ပါဝင်ဆွေးနွေးခွင့်ပြုရန် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့်မန္တလေးအဝေးသင်တက္ကသိုလ်တို့ရှိ တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းတို့က တောင်းဆိုလိုက်ခြင်းဖြစ်သည်။

## နိုင်ငံတကာ ဆက်ဆံရေးပညာဘာသာရပ် ဝင်ခွင့်လက်ခံမှုပုံစံပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

နိုင်ငံတကာ ဆက်ဆံရေးပညာဘာသာရပ်သင်ယူလိုသောကျောင်းသားများအတွက် မည်သည့်ဘာသာတွဲမဆို အောင်မြင်ထားသူများအား ဝင်ခွင့်လက်ခံသောစနစ်ကို ပြောင်းလဲကျင့်သုံးရန် အဆင်မြင့် ပညာဦးစီးဌာနမှ ကြေညာချက် ထုတ်ပြန်လိုက်သည်။

၂၀၁၂-၂၀၁၃ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များသို့ ဝင်ခွင့်ရရှိထားသော ကျောင်းသားများသည် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ထားပါက နိုင်ငံတကာဆက်ဆံရေးပညာ ဘာသာရပ်ကိုဒီဇင်ဘာလ ၁၇ ရက်နောက်ဆုံးထား၍ ပြောင်းရွှေ့လျှောက်ထားနိုင်မည် ဖြစ်သည်။

ယခင်က သမိုင်းဘာသာရပ်ပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ထားသူများကိုသာ ဝင်ခွင့်လက်ခံသော စနစ်ကိုကျင့်သုံးနေရာမှ ယခုနှစ်မှစ၍ မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ထားသူများကို ဝင်ခွင့်လက်ခံရန် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

“တက္ကသိုလ်ဝင်ခွင့် စာအုပ်မှာ မပါဘူး။ နောက်ဆက်တွဲထုတ်ပေးတဲ့စာ။ အရင်နှစ်တွေက သိပ္ပံတွဲနဲ့ အောင်ထားတဲ့ကျောင်းသားတွေ ပြောင်းလာချင်တယ်။ ဒါပေမဲ့ ပြောင်းခွင့် မပေးဘူးဖြစ်နေတယ်။ စိတ်ဝင်စားတဲ့ ကျောင်းသားက အများကြီးရှိနေတယ်။ တက္ကသိုလ်ဝင်တန်းမှာ သမိုင်းဘာသာရပ် သင်လာခဲ့မှ ဝင်ခွင့်ရတာဆိုတော့ မနှစ်က ကျောင်းသားငါးယောက်ရတယ်။ ဒီနှစ်လည်း ကျောင်းသားငါးယောက်ပဲ ရထားသေးတယ်။ ခုဆိုရင်တော့ ကျောင်းသားအများကြီး လက်ခံလို့ရပြီ။ ပြောင်းချင်တဲ့ ကျောင်းသားတွေ မူရင်းကိုယ်ရထားတဲ့ မေဂျာမှာ ကျောင်းအပ်ပြီးမှ ဒီဘာသာကို ပြောင်းလို့ရပါပြီ”ဟု ဒဂုံတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ လက်ထောက်ကထိက တာဝန်ထမ်းဆောင်နေသော ဆရာတစ်ဦးက ပြောသည်။

ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်တို့တွင် သင်ကြားပို့ချနေသော နိုင်ငံတကာ ဆက်ဆံရေးပညာဘာသာရပ်သည် လူငယ်များအကြား စိတ်ဝင်စားမှုမြင့်တက်လာသော ဘာသာရပ်ဖြစ်သော်လည်း တက္ကသိုလ်ဝင်ခွင့် လက်ခံမှုစနစ်ကြောင့် သင်ကြားခွင့်ရရှိသော ကျောင်းသားနည်းပါးနေခြင်းဖြစ်သည်။

ပညာရေးကဏ္ဍ စီမံကိန်းတွင် အင်္ဂလိပ်စာ၊ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်၊ ဥပဒေဘာသာရပ်၊ စီးပွားရေးဘာသာရပ်များအတွက် သင်ကြားရေးမြှင့်တင်မှုအစီအစဉ်များကိုဦးစားပေးအဆင့် ၃ အနေဖြင့် ဆောင်ရွက်သွားရန် ပညာရေးဝန်ကြီးဌာနက စီစဉ်နေသည်။

Vol.11, No.39 • DECEMBER 6 , 2012

## မိုဘိုင်းဖုန်း အင်တာနက်သုံးစွဲခပြင်ဆင်မည့်အစီအစဉ် ရွှေ့ဆိုင်း

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ ပြောင်းလဲကောက်ခံသွားမည်ဟုဆိုသည့်မိုဘိုင်းအင်တာနက်အသုံးပြုခများအား Data Volume စနစ်ဖြင့် ကောက်ခံမည့်စနစ်ကို ယခုနှစ်ကုန်အထိ ရွှေ့ဆိုင်းလိုက်ကြောင်း ယင်းလုပ်ငန်း၏ အင်ဂျင်နီယာချုပ်ဦးဌေးဝင်းက ပြောသည်။

မိုဘိုင်းအင်တာနက် သုံးစွဲသူများ အဆင်ပြေစေရန်အတွက် လက်ရှိအသုံးပြုနေသည့် မိနစ်အလိုက်ဖြတ်တောက်သည့် စနစ်ကိုသာ လောလောဆယ်တွင် ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး ဒေတာအလိုက်ကောက်ခံမည့်စနစ်စတင်ပါကလည်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထုတ်ပြန်ခဲ့သည့်နှုန်းထားများထက် ပိုမိုသက်သာအောင် ထပ်မံလျှော့ချရန် ဆွေးနွေးနေကြကြောင်းလည်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့်ယမန်နေ့က ရန်ကုန်အခြေစိုက်မီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်နေသည့်အချိန်အထိ ဒေတာစနစ်ဖြင့် ကောက်ခံမည့်စနစ်ကိုသာ ဒီဇင်ဘာ ၁ ရက်တွင် စတင် ကျင့်သုံးမည်ဟု ယတိပြတ် ပြောဆိုခဲ့သည်။

သို့သော် သတင်းစာရှင်းလင်းပွဲအပြီး အွန်လိုင်းမီဒီယာများပေါ်တွင် ဆက်သွယ်ရေး၏ ဆုံးဖြတ်ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဝေဖန်မှုများ ဆက်တိုက်ထွက်ပေါ်လာအပြီး နာရီပိုင်းအကြာတွင် မိနစ်အလိုက်ကောက်ခံမည့် လတ်တလောစနစ်ကိုသာ

**စာမျက်နှာ(၂၄)သို့ »**




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ကျပ်တစ်သိန်းဝန်းကျင် မိုဘိုင်းဖုန်းလိုင်းများ ဇန်နဝါရီတွင် စတင်ရောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျပ်တစ်သိန်းဝန်းကျင်ဖြင့် သရီးဂျီစနစ်မိုဘိုင်းဖုန်းလိုင်းများကိုလာမည့်ဇန်နဝါရီလမှစတင်ကာလိုင်းပေါင်းတစ်သန်း စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ မိုဘိုင်းအင်ဂျင်နီယာချုပ်က ပြောသည်။

အဆိုပါ သရီးဂျီစနစ်သုံး ဂျီအက်စ်အမ်နှင့်ဒဗလျူစီဒီအမ်အေဖုန်းလိုင်းများ၏ ဈေးနှုန်းမှာ ကျပ်ရှစ်သောင်း (သို့) ကျပ်တစ်သိန်း (သို့)ကျပ်တစ်သိန်းနှစ်သောင်းအထိ ဖြစ်နိုင်ကြောင်း သတင်းရရှိသည်။

"အခုလို မိုဘိုင်းဖုန်းတွေကို ဈေးနှုန်းတွေ ထပ်လျှော့လိုက်တဲ့အတွက် သုံးစွဲလိုသူတွေ အဆင်ပြေသွားမှာပါ။ ကျွန်တော်တို့လည်း တစ်ဆင့်ချင်းစီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ အခုလို လျှော့ချလိုက်တော့ နိုင်ငံတော် ဝင်ငွေတောင် လျော့သွားပါသေးတယ်။ ဥပမာ ဖုန်းတစ်လုံးကို အရင် ငါးသိန်းကနေ အခု တစ်သိန်းလျှော့တယ်ဆိုရင်တောင် နိုင်ငံတော်ဝင်ငွေက မိုဘိုင်းတစ်လုံးကို လေးသိန်းလောက် လျော့သွားပါတယ် "ဟု မိုဘိုင်းအင်ဂျင်နီယာချုပ်က ဆိုသည်။

မိုဘိုင်းဖုန်းသုံးစွဲသူ ဦးရေတိုးတက်စေရန်အတွက် ယခုကဲ့သို့ ဈေးနှုန်းများ လျှော့ချရောင်းချပေးခြင်းကို မြန်မာ့ဆက်သွယ်ရေးက ဦးစီးဆောင်ရွက်ခြင်းဖြစ်ပြီး ရတနာပုံတယ်လီကွန်းကဲ့သို့သော ပုဂ္ဂလိကအော်ပရေတာလုပ်ငန်းများကလည်း ပံ့ပိုးပေးမှုများရှိကြောင်း မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ဆိုသည်။

မိုဘိုင်းဖုန်းလိုင်း အင်အားတစ်သန်း တိုးချဲ့ရာတွင် တည်ဆောက်ပြီးသား ကွန်ရက်ပေါ်၌ တိုးချဲ့သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု ပမာဏသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ လာအိုနှင့် တရုတ်နိုင်ငံများ ထက် နိမ့်ကျနေသေးသည်။










# မိုဘိုင်းအင်တာနက် တူးဂျီနှင့် သရီးဂျီသို့ အဆင့်မြှင့်မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

ပြည်တွင်း ဂျီအက်စ်အမ်မိုဘိုင်းဖုန်း ဆက်သွယ်မှုစနစ်များ အားလုံးကို 2G (တူးဂျီ)ကွန်ရက်မှ 3G (သရီးဂျီ)ကွန်ရက်သို့ အဆင့်မြှင့်တင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးဖြစ်သော မိုဘိုင်း အင်ဂျင်နီယာချုပ်ဦးဌေးဝင်းက ပြောသည်။

ဂျီအက်စ်အမ် မိုဘိုင်းဖုန်း ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရန်အတွက် ပြည်တွင်း၏ လက်ရှိအသုံးပြုနေကြသည့် တူးဂျီစနစ်များအားလုံးကို အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပြီး သရီးဂျီကွန်ရက် တစ်ခုတည်းသာ ရှိသော ဝန်ဆောင်မှုသို့ ပြောင်းလဲရန် စီစဉ်နေခြင်းဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြော သည်။

ထို့အပြင် ပိုမိုကောင်းမွန်သည့် 4G စနစ်ကိုလည်း လာမည့်နှစ်မှစတင်၍ မိုဘိုင်းအသုံးပြုသူများသို့ ပေးနိုင်ရန် တဆက်တည်း စီစဉ်နေသည်ဟုလည်း ဆိုသည်။

"မိုဘိုင်းဖုန်း ဆက်သွယ်မှုတွေ မကောင်းသေးဘူးဆိုတာ ကျွန်တော်တို့လည်း သိပါတယ်။ အဲဒီအတွက် ဒီထက်ကောင်းတဲ့ သရီးဂျီအစစ်အမှန်ကိုပေးသွားမှာပါ။ နောက်ပြီး ဖိုးဂျီစနစ်ကိုပါ အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမှာပါ" ဟု ၎င်းကပြောသည်။



လက်ရှိ အသုံးပြုနေကြရသည့် ဂျီအက်စ်အမ်ဖုန်းလိုင်းများ၏ တူးဂျီကွန်ရက် ၂ဒသမ၇၅မှ သရီးဂျီသို့ အဆင့်မြှင့်တင် ပြောင်းလဲမှုသည် လာမည့်နှစ်အတွင်းတွင် စတင်နိုင်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုလက်ရှိတွင် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများနှင့် ဒဗလျူစီဒီအမ်အေဖုန်းများသာ သရီးဂျီကွန်ရက်ကို အသုံးပြုနေနိုင်ပြီး ဂျီအက်စ်အမ်ဖုန်းများမှာ ၂ဒသမ၇၅ကွန်ရက်သာရှိသဖြင့်ဆက်သွယ်မှုစနစ်တွင် အခြားလိုင်းများထက် ပိုမိုနှေးကွေးနေသည်ဟု သုံးစွဲသူများထံမှ သိရသည်။

မြန်မာ့ဆက်သွယ်ရေး အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်ကာ ဆက်တိုက်ပြုလုပ်မည့် မိုဘိုင်းစီမံကိန်းများအားလုံးကို သရီးဂျီစနစ်ဖြင့်သာ ဆက်လက်ဆောင်ရွက်သွားမည်ဟု အထက်ပါတာဝန်ရှိသူက ထပ်လောင်း ပြောကြားသည်။




စာမျက်နှာ(၂၃)မှ

## မိုဘိုင်းဖုန်း အင်တာနက်သုံးစွဲခ ပြင်ဆင်မည့် အစီအစဉ် ရွှေ့ဆိုင်း



ယခုနှစ်ကုန်အထိ ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ပြီး ဒေတာစနစ်တွင်လည်း နှုန်းထားများကို ထပ်မံလျှော့ချရန် စီစဉ်နေသည်ဆိုသည့် သတင်းကို ယင်းလုပ်ငန်းမှထုတ်ပြန်လာသည်။

ယခုကဲ့သို့ မြန်မာ့ဆက်သွယ်ရေး၏ ဒေတာပမာဏဖြင့် ကောက်ခံမည့်စနစ်ကို ပြန်လည်ချင့်ချိန်စဉ်းစားပြီး အသုံးပြုသူများ အဆင်အပြေဆုံးဖြစ်စေရန်အတွက်လည်း နှုန်းထားများကိုပြင်ဆင်သတ်မှတ်ရန် ဆုံးဖြတ်လိုက်ခြင်းမှာ ဝန်ကြီးအဆင့်တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးချုပ်တို့ဘက်မှ ညွှန်ကြားချက်များ ထုတ်ပြန်လာခြင်းကြောင့်ဟုမိုဘိုင်းအင်ဂျင်နီယာချုပ်က 7Day News သို့ပြော သည်။

မိုဘိုင်းအင်တာနက် အသုံးပြုသူများကမူ ယခုပြင်ဆင်မည့် ဒေတာစနစ်ကို လုံးဝကန့်ကွက်သည်မဟုတ်ဘဲ ရွေးချယ်ခွင့်များကိုသာ အများပြည်သူသို့ ပေးစေလိုခြင်းဖြစ်ကြောင်း၊ ထို့အပြင် သတ်မှတ်ထားသည့် နှုန်းထားများကိုလည်း ပြင်ဆင်သတ်မှတ်ပေးစေလိုခြင်းသာဖြစ်ကြောင်း ပြောဆိုကြသည်။

**TRADEMARK CAUTION**

PTT Public Company Limited, a Company incorporated in Thailand at 555 Vibhavadi-Rangsit Road, Khwaeng Ladyao, Khet Chatuchak, Bangkok 10900, Thailand is the Owner and Sole Proprietor of the following Trademarks:-

**Reg:No.4/9485/2009**
In respect of : "Insulated ceramic coffee mugs; Insulated Plastic coffee mugs; Coffee cups and saucers; Coffee mugs".

**Reg:No.4/9483/2009**
In respect of : " Canned ready- to-drink coffee; Ground roasted coffee; Instant coffee; Iced chocolate-flavored coffee; Iced ready-to-drink coffee; Coffee drinks; Chocolate-mix drinks; Cocoa-mix drinks; Tea drinks".

**Reg:No.4/9486/2009**
In respect of : "Coffee shops".

**Reg:No.4/9488/2009**
In respect of : "Coffee shops".

**Reg:No.4/9484/2009**
In respect of : " Canned ready- to-drink coffee; Ground roasted coffee; Instant coffee; Iced chocolate-flavored coffee; Iced ready-to-drink coffee; Coffee drinks; Chocolate-mix drinks; Cocoa-mix drinks; Tea drinks".

**Reg:No.4/9487/2009**
In respect of : " Insulated ceramic coffee mugs; Insulated plastic coffee mugs; Coffee cups and saucers; Coffee mugs".

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs
(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 6.Dec. 2012

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ဂန္ဓလရာဇ် ခရီးသည်

ကျော်ဝင်း

အခန်း(၂)



**ကန့်လန့်ကာအဖွင့် (၂၉၊ အောက်တိုဘာ၊ ၂၀၁၂)**
**ပေကျင်းနံနက်ခင်း**

ကျွန်တော်တို့တည်းခိုရသောဝမ်ရှိုဟိုတယ်မှာကြယ်ပွင့်ဘယ်နှပွင့်မှန်းသတိမပြုမိသည့်တိုင် အတော်သားနားသပ်ရပ်ပါသည်။ စမတ်ကျသည်။ ပြောရလျှင် နယူးယော့နာမည်ကျော် တိုင်း(မ)စကွဲယားရှိ 'မီလီနီယံ' ဟိုတယ်ထက်ပင်သာသည်။ တစ်ခုတော့ရှိသည်။ အင်တာနက်တော့ ဖရီးသုံးလို့မရ။ သုံးခကဈေးကြီးလှသည်။ မြန်မာပြည်မှာဆိုလျှင်တစ်နာရီသုံး၊လေးရာထက်မပိုသော်လည်း ဒီမှာက ယွမ်တစ်ရာဝန်းကျင်။ ဒါကြောင့်လည်း မြန်မာကိုယ်စားလှယ်တော်တော်များများက ဖုန်းမှတစ်ဆင့်သုံးမည်စိတ်ကူးကာအင်တာနက်အက်ဆက်ရသောတယ်လီဖုန်း Handset တွေယူလာကြသည်။ လက်တွေ့မှာတော့ဒါလည်းအဆင်မပြေလှပါ။ ဖုန်းခေါ် ခက ဈေးကြီးသည်။ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာဖုန်းဝင်းဆိုလျှင်တစ်ညတည်း ယွမ်တစ်ရာ ချောသွားသည်။ ဆိုတော့ စာရေးသူ 'ချို' ထားလိုက်ရသည်။ 'အင်တာနက် မသုံးရတော့ဘာဖြစ်လဲ။ ဖုန်းမပြောရတော့ဘာဖြစ်လဲ' ပေါ့။

အမှန်စင်စစ် တရုတ်ပြည်ကြီး တံခါးဖွင့်ခဲ့သည်မှာ ကြာလှပါပြီ။ ပြောရလျှင် ၁၉၇၀ ပြည့်လွန်နှစ်များလောက်ကတည်းက။ သို့တစေ 'ဖွင့်ကားဖွင့်၏ မပွင့်' ဆိုသလိုများ ဖြစ်နေသလားမသိ။ အတွေးတွေက ဂူဂဲလ်နှင့် တရုတ်အစိုးရတို့၏အငြင်းပွားမှုသို့ရောက်သွားသည်။ အင်ဖော်မေးရှင်းတက်ကနိုလိုဂျီ၏ လူမှုရေးအကျိုးဆက်များ . . ။ အိုင်တီသည် 'အစ်ကိုကြီးမျက်လုံး' လော . . ။ 'ညီပုလေးတို့၏ လက်နက်' လော . . ။ ရှိစေတော့။ သူ့အရပ်နှင့် သူ့ဇာတ်ဖြစ်ပေလိမ့်မည်။ ပြီးတော့ စာရေးသူက ညှော်သည် . . ။ ချစ်ကြည်ရေးညှော်သည်။ အတွေးတွေကို ဖွတ်ဖြတ်ပြီး အိပ်ဖို့ကြိုးစားရသည်။ မနက်စောစောထရဦးမည်လေ။

အိမ်မှာဆိုလျှင်တော့စာရေးသူ စောစောထလေ့မရှိပါ။ ညလေးနာရီ ဝန်းကျင်ထိ စာထိုင်ရေးပြီး မနက် ၁၀ နာရီလောက်မှ အိပ်ရာထလေ့ရှိသည်။ အခုလို တစ်ရပ်တစ်ကျေးမှာဆိုလျှင်တော့ စောစောထဖြစ်ပါသည်။ မနက်စောစော လမ်းလျှောက်ရင်းမိမိရောက်ရှိရာ ဒေသကို တစေ့တစောင်း ကြည့်လိုမြင်လိုသည်။ လူသူလေးပါးတွေ့လျှင်လည်း စကားပြောကြည့်မည်ပေါ့။ တရုတ်ပြည်တွင်တော့ ဤမျှမက နောက်ထပ်အပိုဆန္ဒတစ်ခု ရှိသေးသည်။ ကျွန်တော့်မှာ အညာသား အပူတောမှလာသူဖြစ်ရာ 'နှင်းဆွတ်ဆွတ်ဖြူ' ကို မမြင်ဖူး။ အမေရိကရောက်စဉ်ကလည်း ဆောင်းဦးကာလမို့ နှင်းဖြူဖြူနှင့်မဆုံခဲ့ရ။ ယခု နိုဝင်ဘာရောက်ပြီမို့ပေကျင်းမြို့တော်နံနက်ခင်းတွင် နှင်းခဲပန်းကို မြင်ခွင့်ရလိမ့်မည် ထင်ထားသည်။ မြင်ချင်သည်။ ဆိုရလျှင် စာရေးသူ၏ 'နှင်းချဉ်ခြင်း' ကို အစပျိုးလာခဲ့သည်မှာ တရုတ်ခေါင်းဆောင်ကြီး 'မော်' ကိုယ်တိုင်ဟုဆိုရပါလိမ့်မည်။ မော်စီတုန်းမှာ ကွန်မြူနစ် မဖြစ်မီကတည်းက ကဗျာဆရာ။ ကျွန်တော်က သူ့နောက်ပိုင်းကဗျာတွေထက် ထိုစဉ်ကာလ အစောပိုင်းကဗျာတွေကိုပိုစွဲသည်။ အထူးသဖြင့် 'နှင်း' . . . ။ မြေနီနီတွင် နှင်းဖြူဖြူတို့လွှမ်းထားသည်ကိုမော်က ကဗ္ဗလာဖြူလွှမ်းထားသော အပျိုမလေး၏ ပါးပြင်ရဲရဲနှင့် ဥပမာပြု ကဗျာဖွဲ့သည်။ ယခုထက်တိုင် တစ်ပိုင်းတစ်စ မှတ်မိနေဆဲ။

"မြေဝသုန်မှာ
ဝတ်ရုံဖြူလွှာ လွှမ်းသထားသည့်
ကညာခင်၏ပါးပြင်ရဲသို့ . . "
စသဖြင့်။

မနက်စာကိုကပျာကယာစားပြီး ဟိုတယ်အပြင်သို့ ပြေးထွက်လိုက်သည်။ ဘာကိုမှမမြင်ရ။ မှုန်မှုန်မှိုင်းမှိုင်း မြူကန့်လန့်ကာကြီးက အရာအားလုံးကို ကာဆီးထားသည်သို့ရှိသည်။ ဟိုဟိုသည်သည် လျှောက်ကြည့်သည့်တိုင် ဘယ်သူ့ကိုမှမတွေ့။ ပေကျင်းသားတို့ အိပ်မောကျနေဆဲပင်လော . . ။ အနှစ်နှစ်အလလ တမ်းတခဲ့ရသော နှင်းဖြူဖြူကို ရှာကြည့်တော့ မြူမှိုင်းမှိုင်းကသာ ကြိုနှင့်သည်။ နေထွက်တပြူရောက်တော့မှ အပျိုမလေး၏ ပါးပြင်နီစွေးကို ရေးရေးမျှမြင်ရတော့သည်။

**CNIE**

ပထမဆုံးအစီအစဉ်မှာကျွန်တော်တို့ကို ဖိတ်ကြားသော CNIE မှ အထွေထွေအတွင်းရေးမှူး မစ္စတာ ယိုကျန်းဟွာဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံကြဖို့ဖြစ်သည်။ အစီအစဉ်စာရွက်မှာပင် Formal (သို့မဟုတ်) National Dress ဟု ရေးထားရာ ကျွန်တော်တို့လည်း 'ကုတ်' တွေ 'တိုင်' တွေ ဝတ်ရတော့သည်။ အမေရိကခရီးစဉ်နဲ့တော့ မရ။ ဟိုမှာက တက္ကသိုလ် ပါမောက္ခကြီးတွေကိုယ်တိုင် တီရှပ်၊ ဂျင်းဘောင်းဘီ၊ ဝေါကင်းရှူးနှင့်ဖြစ်ရာ ကျွန်တော်တို့လည်း 'ကုတ်' တွေ၊ 'တိုင်' တွေမလို။ လွတ်လွတ်လပ်လပ်ပေ့ါပေ့ါပါးပါးနေလို့ရသည်။ တရုတ်တွေကတော့ Formal ကို အတော်အလေးထားဟန်တူသည်။ 'ကုတ်' တွေ၊ 'တိုင်' တွေမပါလျှင် 'လူကြီး' လို့မထင်ကြ။" ဟု တရုတ်ပြည် အရောက်အပေါက်များသော ဆရာ ဦးကိုကိုလှိုင်ပြောပြ၍ သိရသည်။ "အင်း . . ဒါလည်း သူ့အရပ်နဲ့ သူ့ဇာတ်ပဲ"

တွေ့ဆုံရမည့် နေရာကတော့ မဝေးပါ။ ဝမ်ရှို ဟိုတယ်၊ ပလာဇာ B ဟုဆိုရာ ကျွန်တော်တို့တည်းခိုရာပလာဇာ A နှင့် မျက်နှာချင်းဆိုင် အဆောက်အအုံပင်ဖြစ်သည်။ ကျွန်တော်တို့တစ်တွေ အစည်းအဝေးခန်းမထဲ ဝင်လိုက်သည်နှင့် မစ္စတာယို ဦးဆောင်သော အဖွဲ့က လှိုက်လှဲပျူငှာကြိုဆို ကြသည်။ မစ္စတာယိုမှာ အသက် ၆၀ ဝန်းကျင်ရှိမည်ထင်သည်။ ဆံပင်အချို့ ဖြူစပြုပြီး အမူအရာက ခပ်လေးလေး၊ ခပ်အေးအေး။ နိုင်ငံရေးသမားတစ်ယောက်ထက် ပါမောက္ခနှင့်ပိုတူနေသည်ပင်။ သို့တိုင် သူသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်မှန်း နောက်မှသိရသည်။

မစ္စတာယိုကပင် သူ့အဖွဲ့ဝင်တွေနှင့် တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။ တရုတ်နာမည်တွေက အခေါ်ရခက်သည်မို့မမှတ်မိပါ။ တစ်ယောက်သောသူကိုတော့စွဲစွဲထင်ထင်မှတ်မိနေသည်။ မစ္စစ် လီလီချင်။ CNIE ၏ ဒုတိယ အထွေထွေအတွင်းရေးမှူးဖြစ်သည်။ သူမမျက်နှာမြင်သည်နှင့် ရင်းရင်းနှီးနှီးသိနေသလိုရှိသည်။ သိပ်ကြာကြာမတွေးလိုက်ရ။ ချက်ခြင်း ပေါ်လာသည်။ ချန်ချင်း ။ မော်၏ ဇနီး၊ မဒမ်မော်။ နာမည်ကျော် လေးဦးဂိုဏ်းခေါင်းဆောင်။ သို့နှင့်တိုင် မစ္စစ်လီက မဒမ်မော်လို မျက်နှာကြောမတင်းပါ။ ပြုံးတော့ မပြုံး။ ငေးငေးငိုင်ငိုင်၊ ညိုညိုမှိုင်းမှိုင်း။ မျက်မှန်အောက်မှ မျက်ဝန်းတွေက ပစ္စုပ္ပန်တွင်မရှိ။ အတိတ်တွင် ဝဲလည်လှည့်နေသလို။ သူမသည်ကော . . ကွန်မြူနစ်ပါတီဝင်လေပဲလား . . ။ ကျွန်တော်နှင့် သက်တူရွယ်တူလောက်မို့ ယဉ်ကျေးမှုတော်လှန်ရေးကို ဖြတ်သန်းဖူးသူ ဖြစ်ပေလိမ့်မည်။ ကျွန်တော် စိတ်ဝင်စားသွားသည်။

မနေ့ညက တွေ့ခဲ့ရသော ကျန်းလီကိုတော့ ကောင်းကောင်း မှတ်မိပါသည်။ သူ့ဘေးတွင် ရပ်နေသူက နောက်ထပ် ကျန်းတစ်ယောက် . . ။ 'ကျန်းယင်းဟွာ' ။ ကျန်းမိန်းကလေးဆိုပါတော့။ မျက်နှာကျ ဟန်ပန်သွင်ပြင်က မြန်မာတေးသံရှင် 'မီမီဝင်းဖေ' နှင့်ခပ်ဆင်ဆင်မို့ မြန်မာအဖွဲ့သားတွေက သူမကို 'မီမီဝင်းဖေ' ဟုပဲ အမှတ်သညာပြုကြသည်။ အရပ်ရှည်၊ ခပ်ချောချော စကားပြန်မလေး အမည်က 'ရှီသုံးမေ'။ သူမကိုတော့ 'သက်မွန်မြင့်'။ သူတို့တစ်တွေမှာ ခရီးအဆုံးထိ ကျွန်တော်တို့ အဖွဲ့နှင့် မခွဲမခွာရှိနေရာ အမည်နှင့်တကွ မှတ်မိနေခြင်းဖြစ်သည်။

မစ္စတာ ယိုကပင် အဖွင့်မိန့်ခွန်းနှင့် အခမ်းအနားကို စတင်ပါသည်။ သူက အင်္ဂလိပ်လိုတစ်လုံးမှ မပြော။ အစအဆုံး တရုတ်လိုသာ ပြောသွားသည်။ ပထမဆုံး တရုတ်-မြန်မာဆက်ဆံရေး သမိုင်းကြောင်းကို ခင်းပြပြီးမှ သူတို့အဖွဲ့အစည်း CNIE အကြောင်းရှင်းပြသည်။ သူသုံးနှုန်းသွားသော 'ဆွေမျိုးပေါက်ဖော်' ဆိုသည့်စကားရပ်ကို စကားပြန်မလေးက နားမလည်၍ ပြုံးရသေးသည်။ 'ပေါက်ဖော်' ဆိုသည်မှာ တရုတ်-မြန်မာ ဆက်ဆံရေး ရွှေခေတ်က တွင်ကျယ်ခဲ့သော စကား။ အသက်နှစ်ဆယ်သာသာ ကလေးမ ဘယ်မှာသိတော့မည်နည်း။

CNIE ဆိုသည်မှာ China NGO Network for Internatioanl Exchange ကို အတိုကောက် ယူထားခြင်းဖြစ်သည်။ ၂၀၀၅ ခုနှစ်အောက်တိုဘာလက ထူထောင်ခဲ့သော အဖွဲ့အစည်းဖြစ်သည်။ အမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းပေါင်း ၃၁ ဖွဲ့ကို စုစည်းထားသည်ဟုဆိုသည်။ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး၊ ယဉ်ကျေးမှုနှင့်ပညာရေး၊ သိပ္ပံနှင့်နည်းပညာ စသည့်နယ်ပယ်များတွင် နိုင်ငံတကာ အထူးသဖြင့် အာရှပစိဖိတ်ဒေသမှ NGO များနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသည်ဟု ဆိုပါသည်။ မစ္စတာယိုက CNIE ကို 'တရုတ်အရပ်ဘက်အဖွဲ့အစည်း' ပါဟု ဆိုသည့်တိုင် သူကိုယ်တိုင်က တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင်။ CNIE အဖွဲ့ဝင်အားလုံးတွင်လည်း 'အမြဲတမ်းကော်မတီ' များ ရှိကြရာ အဆိုပါ အမြဲတမ်းကော်မတီဝင်များမှာ ကွန်မြူနစ်ပါတီဝင်တွေဖြစ်လိမ့်မည်ဟု မှန်းဆရသည်။ ဤသို့ဆိုလျှင် 'အရပ်ဘက်အဖွဲ့အစည်း' (Civil Society) ဆိုသည်၏ မူလအဓိပ္ပာယ်နှင့် သဟဇာတဖြစ်မှဖြစ်ပါလေမည်လော . . ။ စဉ်းစားဖို့ရှိလာသည်။ ရှိစေတော့ . . ။ ဒါလည်း "သူ့အရပ်နှင့် သူ့ဇာတ်" ဖြစ်ပါလိမ့်မည်။

မစ္စတာယိုပြီးတော့ မြန်မာအဖွဲ့ခေါင်းဆောင်ဦးကိုကိုလှိုင်က ကျေးဇူးတင်စကားဖြင့် တုံ့ပြန်သည်။ ပြီးမှ အဖွဲ့ဝင်တစ်ဦးချင်းစီနှင့် မိတ်ဆက်ပေးသည်။ ကျွန်တော့်ကိုစာရေးဆရာမှန်းသိတော့ မစ္စစ်လီက မျက်လုံးရွှဲကြီးတွေနှင့် လှမ်းကြည့်သည်။ ပြီးတော့မှ တိုးတိုးကပ်မေးသည်။

"ဘာစာတွေရေးပါသလဲ"

"ဘာသာပြန်များပါတယ်"

"ဟုတ်လား. တရုတ်စာအုပ်တွေရော ဘာသာပြန်ပါသလား"

"ငန်းရိုင်းများ (Wild Swans)"

ပြောတော့ သူမမျက်နှာ သိသိသာသာ 'ညှိုး' သွားသည်။ တရုတ်ပြည်တွင် ဤစာအုပ်ကို တရားဝင် ထုတ်ဝေခွင့်မရဟု သိထားရာ ကျွန်တော့မှာ အားတုံ့အားနာ။

"ကျွန်တော်တို့ဆီမှာလည်း ဒီစာအုပ်ကို ထုတ်လို့မရခဲ့ပါဘူး။ အခု စာပေစိစစ်ရေး ဖျက်သိမ်းလိုက်တော့လည်း ကျွန်တော့်ထက်ဦးသူ ရှိနေပါပြီ။ ဆရာကျော်အောင်ရဲ့ ဘာသာပြန်ထွက်သွားပြီ။ ဆရာ ကျော်အောင်ဆိုတာက ဝါရင့် စာရေးဆရာကြီးဆိုတော့ ကျွန်တော့် ဘာသာပြန်ထက် ပိုကောင်းမှာ သေချာပါတယ်။ ကျွန်တော်မထုတ်တော့ပါဘူး"

အားနာနာနှင့် ရှည်ရှည်ဝေးဝေး ရှင်းပြနေသည့်တိုင် မစ္စစ်လီက ကျွန်တော့်ကိုမကြည့်။ ဘယ်ဝယ်ဘယ်ဆီမှန်းမသိသာ အရပ်တစ်နေရာသို့ ငေးနေသည်။ အမှန်စင်စစ် 'ငန်းရိုင်းများ' မှာ မူရင်းစာရေးဆရာ 'ယန်ချန်း'၊ သူမ၏ မိခင်၊ သူမ၏ အဘွားသုံးဦး၏ ဘဝဖြစ်စဉ်။ အဘွားမှာ စစ်မင်း တစ်ယောက်၏ မယားငယ်၊ အမေက ကွန်မြူနစ်ပါတီဝင်။ သူမကိုယ်တိုင်က ယဉ်ကျေးမှုတော်လှန်ရေးကို ကလေးဘဝဖြင့် ဖြတ်ခဲ့ရသူ။ ဆိုရလျှင် တရုတ်ပြည်သစ်၏ အလျားလိုက်သမိုင်း။ အထူးသဖြင့် 'ရှေ့သို့ ခုန်ပျံကျော်လွှားရေး' နှင့် 'ယဉ်ကျေးမှုတော်လှန်ရေး' ကာလ၏ ကြိမ်မီးအုံးဘဝများ။

'တခြားတရုတ်စာအုပ်တွေကော ဘာသာမပြန်ဘူးလား"

'ပြန်ဖြစ်ပါတယ်။ ခင်ဗျားတို့ ဥက္ကဋ္ဌကြီး မော်ရဲ့ လက်ရွေးစင်အတွဲ (၅)က ဆောင်းပါးတချို့ ဘာသာပြန်ဖူးတယ်။ ကြာတော့ ကြာပါပြီ။ ကျွန်တော်စာရေးဆရာ မဖြစ်ခင် ငယ်ငယ်ကပါ။

သည်တော့မှ ညိုမှောင်ရိပ်တွေ ဖျတ်ခနဲပြယ်သွားပြီး ရှားရှားပါးပါး အပြုံးတစ်စကို လှစ်ခနဲမြင်လိုက်ရသည်။

"ဘယ်ဆောင်းပါး ပါလဲ"

"ဆက်စပ်မှုဆယ်မျိုး (10 Major Relationship) ကျွန်တော်က မော်ရဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်ကြည့်မြင်နိုင်စွမ်းကို လေးစားတယ်လေ"

သည်တော့မှ တရုတ်မကြီးက အားရပါးရပြုံးပါလေတော့သည်။ ကျွန်တော်လည်း မိမိကိုယ်ကို ပြန်ပြုံးမိသည်။ 'စာရေးဆရာနဲ့ ဒစ်ပလိုမေစီ ဘာဆိုင်သလဲ' ပေါ့။

**ဘာသာပြန်စကားနှင့်**
**အမျိုးသားရေးအမှတ်အသား**

နေ့လယ်ခင်းအစီအစဉ်မှာ ပေကျင်းမြို့တော်အပိုင် ချောင်ယန်းခရိုင် ဖန်းကျယွမ် ကွန်မြူနတီရှိ NGO များနှင့် တွေ့ဆုံဖို့ဖြစ်သည်။ ဝန်ခံရလျှင် 'ကွန်မြူနတီ' (Community) ဆိုသော သူတို့အသုံးအနှုန်းကို တိတိပပမြန်မာမှု မပြုတတ်ပါ။ 'ရပ်ကွက်' ဟုဆိုရမည်လား။ မသေချာ. . ။ 'ကွန်မြူနတီဆားဗစ်စင်တာ" ဆိုသည်သို့ တူတံဇဉ်အမှတ်အသားပါ ဗင်ကားကြီးနှင့် သွားရသည်။

ကျွန်တော်တို့အဖွဲ့ကို မစ္စတာပန်ယိုရှန် ဦးဆောင်သော အဖွဲ့က ကြိုဆိုပါသည်။ မစ္စတာဖန်မှာ စမတ်ကျကျ အနောက်တိုင်းဝတ်စုံအပြည့်နှင့်။ အလွန်ဌာန်ကရိုဏ်းကျသော လေယူလေသိမ်းနှင့် အင်္ဂလိပ်စကားကိုမွှတ်နေအောင် ပြောသည်။ လူပုံက ဝဝဖိုင့်ဖိုင့်၊ ထောင်ထောင်မောင်းမောင်း။ မျက်နှာက အပြုံးတွေတဝေဝေ။ နိုင်ငံရေးသမားနှင့်မတူသလို ပါမောက္ခအသွင်အပြင်လည်းမဟုတ်။ တကယ့် ဘီဇနက်သမားပင်။ ပေကျင်းအခြေစိုက် NGO တစ်ခု၏ ဒုတိယဥက္ကဋ္ဌဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ သူကပင် ဖန်းကျယွမ် ကွန်မြူနတီရှိ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် မိတ်ဆက်ပေးပါသည်။ ထုံးစံအတိုင်း နားမစွဲ၊ မမှတ်မိ။

မစ္စတာဖန်၏ နှုတ်ခွန်းဆက်မိန့်ခွန်းနှင့်ပင် အစည်းအဝေးကို ဖွင့်ပါသည်။ သည်တစ်ခါတော့ မစ္စတာဖန်မှာ အင်္ဂလိပ်လို လုံးဝမပြောတော့။ တစ်လျှောက်လုံး တရုတ်လိုသာ ပြောတော့သည်။ ကျွန်တော်တို့မှာ စကားပြန်မှတစ်ဆင့်သာ သူ့စကားကိုနားလည်ရတော့သည်။ သူက Community Development အကြောင်း ပြောနေသည်။ စာရေးသူအနေနှင့် ဤဘာသာရပ်ကိုထဲထဲဝင်ဝင်မဟုတ်သည့်တိုင် အထိုက်အသင့် မြည်းစမ်းကြည့်ဖူးသည်။ သူပြောသည်များနှင့် သိပ်မတူဟုထင်သည်။ မစ္စတာဖန်ပြောပြသည့်အတိုင်းဆိုလျှင်သူတို့လှုပ်ရှားမှုတွေမှာကျွန်တော်တို့ဆီမှ ရပ်ကွက်သာရေးနာရေးအဖွဲ့ဝင်တွေနှင့် သိပ်မကွာ။

ပြောရလျှင် စာရေးသူအနေနှင့် သူ့စကားထက် သူသုံးသော ဘာသာစကားကိုပိုစိတ်ဝင်စားနေမိသည်။ အစောကပင် ဥရောပသားတစ်ယောက်လို 'ဒွတ်ဒက်ရွှတ်ရက်' ပြောသွားသော ဤပုဂ္ဂိုလ်၊ အင်္ဂလိပ်စကားမတတ်သည်တော့ ဘယ်လိုမှမဖြစ်နိုင်။ (နောက်မှသိရသည်မှာ မစ္စတာဖန်သည် ဟားဗတ်တက္ကသိုလ်ထွက်) သို့တစေ သူက သူ့မိခင်ဘာသာစကားကိုသာ အားရပါးရမြိန်မြိန်ယှက်ယှက်ကြီး ပြောနေသည်။

စာရေးသူသိသလောက် ဤသည်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ပြီး နောက်ပိုင်းတရုတ်ခေါင်းဆောင်များ၏ အစဉ်အလာပင်။ တရုတ်ကွန်မြူနစ်ခေါင်းဆောင်တော်တော်များများမှာ ဥရောပနိုင်ငံများတွင် နှစ်ရှည်လများ နေထိုင်ကျင်လည်ခဲ့ကြဖူးသူတွေဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကို မပြောတတ်စရာအကြောင်းမရှိ။ သို့နှင့်တိုင် သူတို့တစ်တွေမှာ အနောက်တိုင်းဝတ်စုံမဝတ်။ သိုးဆောင်းဘာသာစကားကို မသုံး။ တရုတ်ရိုးရာဝတ်စုံ (နာမည်ကျော်မော်ဝတ်စုံ)ကို စွဲစွဲမြဲမြဲဝတ်ပြီး မိခင်တရုတ်ဘာသာစကားကိုသာ စုံရည်မက်ရည် ပြောကြသည်။ ယနေ့ခေတ်ပြိုင်တရုတ်ခေါင်းဆောင်များသည်လည်း အနောက်တိုင်းဝတ်စုံကို ပြောင်းလဲဝတ်ဆင်လာသည့်တိုင် ဘာသာစကားတွင်မူ အစဉ်အလာထိန်းထားကြဆဲဖြစ်သည်။

စာ(၄၀) သို့

7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

အများပြည်သူများသိပြီးဖြစ်သည့်အတိုင်း ၂၀၁၁ နိုဝင်ဘာ ၁၁ ရက် နံနက်အစောပိုင်းက မြန်မာပြည်မြောက်ပိုင်းတစ်နေရာတွင် ရစ်ချ်တာ အင်အား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်ကြီးတစ်ခု လှုပ်ရှားခဲ့သည်။ ယင်းကို ကနဦးကရွှေဘိုငလျင်ဟု လူသိများခဲ့သည်။ သို့သော် ရွှေဘိုမြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် အပျက်အစီးအနည်းငယ်သာ တွေ့ရှိရ၍ ရွှေဘိုငလျင်ဟု အမည်မခေါ်ထိုက်ပေ။ ယင်းမြေငလျင်၏ ဖျက်ဆီးအားကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပိတ်ကျင်းမြို့အပါအဝင် သပိတ်ကျင်းမြို့နယ် တစ်ခုလုံးနှင့် စဉ့်ကူးမြို့နယ် နေရာတော်တော်များများ၌ ပျက်စီးခဲ့ရ၍ သပိတ်ကျင်းငလျင်ဟုသာ အမည်နာမပေးလိုက်သည်။

မြေငလျင်၏မြေပြင်ဗဟိုချက်(Epicenter)ကို သပိတ်ကျင်းမြို့မြောက်ဘက် ၂၀ကီလိုမီတာအကွာ မလယ်ရွာ၏ အနောက်မြောက်ဘက်ဟု USGS က ခန့်မှန်းခဲ့သော်လည်း အမှန်တကယ် ကွင်းဆင်း၍ တိုင်းတာလိုက်သောအခါ ၎င်း၏ တောင်ဘက် ၁၀ ကီလိုမီတာအကွာ ကျောက်ဖြာရွာ၏ အနောက်ဘက်အနီးအနား ဖြစ်နိုင်ခြေရှိသည်။

အယ်စိုးမင်း

# သပိတ်ကျင်းငလျင်က ပေးသော သင်ခန်းစာ



ငလျင်လှုပ်ပြီးနောက်တစ်နေ့မြင်ကွင်း

မြေငလျင်၏ ပြင်းအား အတော်အတန်သာ ပြင်းထန်သော်လည်း မြေငလျင်ဗဟိုချက် (Hypocenter) ၏ အနက်အလွန်တိမ်သော စောက်တိမ်ငလျင်(Shallow Focus Earthquake) အမျိုးအစားဖြစ်၍ သက်နုကျောက်နှင့် သက်နုမြေများတွင် တည်ဆောက်ထားသော အဆောက်အအုံများ၊ ဖို့မြေများတွင် တည်ဆောက်ထားသော အဆောက်အအုံများ ပြိုလဲပျက်စီးပြီး အက်ကွဲကြောင်းကြီးများဖြစ်ပေါ်လာခြင်း၊ မြေသားခေတ္တအရည်ကဲ့သို့ ပြုမူခြင်း (Liquefaction)ကြောင့် ဧရာဝတီမြစ်တွင်းနှင့် မြစ်ကမ်းဘေးရှိ မြေနုကျွန်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ငလျင်၏ အကျိုးသက်ရောက်မှုကြောင့် မြေငလျင်မြေပြင် ဗဟိုချက်နှင့် နီးသော၊ သက်နု ကျောက်ပွနှင့် မြေကြီးပေါ်တွင် တည်ရှိသော သပိတ်ကျင်း၊ စပ္ပာယ်နဂိုကျေးရွာ၊ ခူလယ်ကျေးရွာတို့မှာ အကြီးအကျယ်ပျက်စီးခဲ့ရသည်။ ဗဟိုချက်နှင့်နီးသော်လည်း ကျောက်မာများတွင် တည်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မလယ်ကျေးရွာ၊ ကျောက်ဖြာကျေးရွာ၊ ရွာသာယာကျေးရွာတို့မှာ အတော်အတန်သာ ပျက်စီးသည်။ ဆိုလိုသည်မှာ အချို့သော အပျက်အစီးသည် မြေသားအပျော့အမာနှင့် သက်ဆိုင်သည်။ ပျော့သော မြေသားကျောက်သားတွင် မြေပြင်လှိုင်းများ ပိုမိုကြီးထွား၍ ပျက်စီးလွယ်သည်။ ထို့အပြင် ပျက်စီးသွားသော တိုက်တာအဆောက်အအုံများကို လေ့လာလိုက်သောအခါ နေရာဒေသနှင့် အဆောက်အအုံအမျိုးအစားချင်းတူသော်လည်း အရည်အသွေးမမီသော အဆောက်အအုံသာ အလုံးစုံပျက်စီးသည်ကို တွေ့ရသည်။ သစ်အိမ်၊ ဝါးအိမ်များမှာ ချည့်နဲ့ရုံမျှအပ ထွေထွေထူးထူး မတွေ့ရပေ။ ဆိုလိုသည်မှာ မည်သည့် ဒေသတွင်းမဆို တိုက်တာအဆောက်အအုံများ ဆောက်လုပ်မည်ဆိုပါက ဒေသဆိုင်ရာဆောက်လုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောက်လုပ်နေထိုင်မည်ဆိုပါက အပျက်အစီးနည်း၍ အန္တရာယ်နည်းနိုင်သည်။ မြန်မာနိုင်ငံ မြေငလျင်ကော်မတီအနေဖြင့်လည်း ဒေသဆိုင်ရာဆောက်လုပ်ရေးစည်း မျဉ်းစည်းကမ်းများ အထောက်အကူပြုရန် အလို့ငှာ ပြည်တွင်းပြည်ပမှပညာရှင်များနှင့် ပူးပေါင်း၍ မြေငလျင်မကြာခဏ လှုပ်တတ်သော ဒေသများတွင် ကွင်းဆင်းလေ့လာကာ သုတေသနလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းပြတ်ရွေ့၏ ဘေးတိုက်ရွေ့လျားမှုကြောင့် ဖြစ်ပေါ်ခဲ့သော သပိတ်ကျင်းငလျင်သည် လူနေကျဲပါးသော မြန်မာပြည်မြောက်ပိုင်း တစ်နေရာတွင် ဖြစ်ခြင်း၊ လူအများ နိုးကြားနေသော နံနက်အစောပိုင်းတွင် ဖြစ်ခြင်းတို့ကြောင့် အသေအပျောက် အနည်းငယ်သာရှိ၍ အထိနာသော်လည်း အကျသာခဲ့ပါသည်။ သပိတ်ကျင်းငလျင်နှင့် တစ်ဆက်တည်းဖြစ်သော စစ်ကိုင်းပြတ်ရွေ့အနီးရှိ သက်နုမြေလွှာပေါ်တွင်တည်ဆောက်ထားသော မြန်မာပြည် အလယ်ပိုင်းနှင့် တောင်ပိုင်းမှ မြို့ကြီးများ ထိုသို့ ဖြစ်ခဲ့သော် မည်သို့ရှိအံ့နည်း။

> ထို့အပြင် မွေ့ပူရာကင်းမှောင့်၊ ငိုချင်လျက်လက်တို့ဆိုသလို ငလျင်အန္တရာယ်ကို အကြောက်ကြီးကြောက်နေသော ပြည်သူများအား မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်ကဲ့သို့သော ငလျင်မျိုး လှုပ်လိမ့်မည်ဟူသောမဟုတ်မမှန် ကောလာဟလများလည်း မကြာခဏဆိုသလို ကြားသိရပြန်သည်။ စဉ်းစားကြည့်ပါ။ ကမ္ဘာပေါ်တွင် မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်ကဲ့သို့သော ငလျင်မျိုးလှုပ်မည်ဟု ယနေ့အချိန်ခါထိ မည်သူမှကြိုတင်၍ မသိရှိသေးပေ။

မြန်မာပြည်ရှိ လူအများမေ့လျော့နေကြသော မြေငလျင် ဘေးအန္တရာယ်ကို သပိတ်ကျင်း ငလျင်က ဒုတိယအကြိမ် ပြင်းထန်စွာ သတိပေးလျက်ရှိသည်။

၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစု အစောပိုင်းက မြန်မာပြည်နေရာအနှံ့အပြားတွင် သပိတ်ကျင်းငလျင်ထက် ပြင်းထန်သော ငလျင်ကြီးများစွာ လှုပ်ခဲ့ဖူးသည်။ ထိုအချိန်က လူနေကျဲပါးခြင်း၊ သစ်အိမ်၊ ဝါးအိမ်များဖြင့် နေထိုင်ကြခြင်း၊ အခြေခံအဆောက်အအုံများ နည်းပါးခြင်း၊ ယနေ့ခေတ်ကာလကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု မရှိသေးခြင်းတို့ကြောင့် ၁၉၃၀ ပဲခူးငလျင်မှအပ အသေအပျောက်အနည်းငယ်နှင့် အပျက်အစီးအတော်အတန်သာ ရှိခဲ့၍ ယနေ့ခေတ် လူအများ မေ့နေဟန်တူသည်။

မျက်မှောက်ခေတ် ၂၁ ရာစု အစောပိုင်း မြန်မာပြည်တွင် ငလျင်ကြီး သုံးကြိမ်လှုပ်ခဲ့ပြီ ဖြစ်သည်။ ၂၀၀၃ စက်တင်ဘာလက တောင်တွင်းကြီး ငလျင်။ အသေအပျောက်အပျက်အစီးရှိသော်လည်း လူတိုင်း သတိမပြုမိကြပေ။ ၂၀၁၁ ဖေဖော်ဝါရီလက တာလေငလျင်။ လူပေါင်း ၃၀၀ ကျော်သေပြီး တော်တော်များများ ပျက်စီးခဲ့ကာ လူအများ မေ့လျော့နေကြသော မြေငလျင်ဘေး အန္တရာယ်ကို ပြည်သူ ပြည်သားများအား ကြောက်မက်ဖွယ်ရာအဖြစ် ပထမဦးဆုံးအကြိမ် သတိပေးလိုက်သည်။ တတိယအကြိမ် လှုပ်ခဲ့သော သပိတ်ကျင်းငလျင်သည် တစ်နိုင်ငံလုံးရှိ ပြည်သူ ပြည်သားများကို မြေငလျင်အန္တရာယ်အသိနှင့် ကြောက်မက်ဖွယ်ရာ သင်ခန်းစာများ ပေးပြန်သည်။

ထို့အပြင် မွေ့ပူရာကင်းမှောင့်၊ ငိုချင်လျက်လက်တို့ ဆိုသလို ငလျင်အန္တရာယ်ကို အကြောက်ကြီးကြောက်နေသော ပြည်သူများအား မည်သည့်အချိန်၊ မည်သည့် နေရာတွင်၊ မည်ကဲ့သို့သော ငလျင်မျိုး လှုပ်လိမ့်မည်ဟူသောမဟုတ်မမှန်ကောလာဟလများလည်း မကြာခဏဆိုသလို ကြားသိရပြန်သည်။ စဉ်းစားကြည့်ပါ။ ကမ္ဘာပေါ်တွင် မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်ကဲ့သို့သော ငလျင်မျိုးလှုပ်မည်ဟု ယနေ့အချိန်ခါထိ မည်သူမှ ကြိုတင်၍ မသိရှိသေးပေ။ မြေငလျင်မကြာခဏ လှုပ်တတ်သော၊ မြေငလျင်ပညာတွင် ကျွမ်းကျင်သော ပညာရှင်များရှိသည့် ဂျပန်လိုနိုင်ငံမျိုးမှာပင် ကြိုတင်၍ မသိနိုင်ပေ။

ပညာရှင်များ အလွန်ဆုံး ပြောနိုင်သည်မှာ ဒေသတစ်ခုတွင် ငလျင်ကြီး တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာနိုင်သည့် နှစ်ကာလအပိုင်းအခြား (Recurrent intervals) နှင့် ထိုကဲ့သို့သော ငလျင်လှုပ်ခဲ့သော် ဘေးအန္တရာယ်ကင်းရှင်းစေရန် မည်သို့ဆောက်လုပ်ပြုမူနေထိုင်သင့်သည်ကိုသာ လမ်းညွှန်မှုပေးနိုင်သည်။ မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်ကဲ့သို့သော ငလျင်မျိုးလှုပ်မည်ဟု တိကျစွာဟောနိုင်သော ပညာရှင် (သို့မဟုတ်) တန်ခိုးရှင်များ မြန်မာပြည်တွင်ရှိသည်ဆိုပါက ကျွန်ုပ်တို့တတွေ ထိုပုဂ္ဂိုလ်အား ဘုရားတစ်ဆူလို ကိုးကွယ်ပါမည်ဟု ပြည်သူများ ကိုယ်စားပြောလိုက်ချင်သည်။

အချုပ်အားဖြင့် ဆိုရသော် စစ်ကိုင်းပြတ်ရွေ့ပေါ်တွင် ရာစုနှစ်တစ်စုနီးပါး ငြိမ်သက်နေခဲ့သော ပဲခူးငလျင်၊ ဖြူးငလျင်၊ စစ်ကိုင်းငလျင်များ ဖြစ်ပေါ်ခဲ့သောနေရာမျိုး၊ ငလျင်မလှုပ်သည်မှာ နှစ်အတော်ကြာနေပြီဖြစ်သော ပျဉ်းမနား၊ တောင်ငူလိုနေရာမျိုးတွင် မြေငလျင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အနေဖြင့် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ကာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားသင့်သည်ဟု အကြံပြုပါရစေ။ ။

## ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဗဟိုအလုပ်အမှုဆောင် ပြန်လည်ဖွဲ့စည်း

ရန်မျိုးနိုင်

ရန်ကုန်၊ ဒီဇင်ဘာ - ၂

၂၀၁၅ ရွေးကောက်ပွဲ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပါတီ၏ ပထမအကြိမ်နိုင်ငံလုံးဆိုင်ရာညီလာခံတွင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို လုပ်ရည်ကိုင်ရည် ရှိသူများဖြင့်သာဖွဲ့စည်းခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီ(မြန်မာ) အတွင်းရေးမှူး ဒေါ်သန်းသန်းနုက ပြောသည်။

"ပါတီ ၂ နှစ်တာ ကာလအတွင်းမှာ လုပ်ရည်ကိုင်ရည်ရှိသူတွေတိုးတက်လာတယ်။ တကယ့်လုပ်တဲ့သူတွေကို နေရာပေးဖို့ လိုပါတယ်" ဟုၡင်းကဆိုသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)၏ ပထမအကြိမ်နိုင်ငံလုံးဆိုင်ရာ ညီလာခံ၌ လက်ရှိပါတီဥက္ကဋ္ဌ ဦးသုဝေကိုဥက္ကဋ္ဌအဖြစ်ပြန်လည်ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။

ယင်းညီလာခံ၌ပင် ပါတီ၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို (၂၇) ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး အရန်အလုပ်အမှုဆောင်အဖွဲ့ကို ပါတီဝင်အင်အား ငါးဦးဖြင့် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။

ဒီမိုကရက်တစ်ပါတီ (မြန်မာ) သည် ပါတီဝင်အင်အား ငါးထောင်ကျော်ရှိပြီး ၂၀၁၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တိုင်းဒေသကြီး ကိုယ်စားလှယ် နှစ်နေရာ အနိုင်ရရှိခဲ့သည်။

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.39 • DECEMBER 6 , 2012

# "အစိုးရအနေနဲ့ တာဝန်ယူစေချင်တယ်၊ အမှန်အတိုင်း ပြောစေချင်တယ်"

## လက်ပံတောင်းတောင်သပိတ်စခန်း အင်အားသုံးဖြိုခွဲစဉ် အနီး၌ရှိနေသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကို တွေ့ဆုံခြင်း

**အောင်ခိုင်၊ မျိုးမင်းဦး**

**နိုဝင်ဘာ ၂၉ရက် နံနက်ပိုင်း အဓိကရုဏ်း ဖြစ်ပွားတဲ့နေရာမှာ ရှိနေခဲ့တယ်လို့ သိရပါတယ်။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူ တစ်ယောက်အနေနဲ့ ဒီဖြစ်ရပ်အပေါ် ဆရာ့ရဲ့ အမြင်ကို သိချင်ပါတယ်။**

အဲဒီနေ့မနက် (၃) နာရီမှာ ကျွန်တော်က ကံကုန်းရွာထဲမှာရှိနေပါတယ်။ သပိတ်စခန်းကနေ 'စပြီးဖြစ်နေပြီ' လို့ဖုန်းနဲ့လှမ်းပြောပါတယ်။ နာရီဝက်လောက်အကြာမှာ ဒဏ်ရာရလူနာတွေ များနေလို့ ဆေးရုံတင်ဖို့ လှမ်းပြောပါတယ်။ ဒေါ်ခင်စန်းလှိုင်လှမ်းဆက်သွယ်တဲ့အခါမှာ လမ်းတွေပိတ်ထားတဲ့အတွက် လာလို့မရဘူးလို့ သိရပါတယ်။ ဒါ့ကြောင့် သက်သေခံအနေနဲ့ ရအောင် လုံခြုံရေးတွေကြားထဲ ဖောင်းကားကျေးရွာ ဒက္ခိဏာရာမကျောင်းကို ကျွန်တော်သွားပါတယ်။ ကျောင်းအဝင်မှာ မီးလောင်ဖုံးနဲ့ လှမ်းပစ်လို့ မျက်နှာချင်းဆိုင်က ရိုးပြတ်တောထဲကို ကျပြီး မီးလောင်သွားပါတယ်။ အဲဒီနောက် လူမှုကူညီရေးကားတွေ ရောက်လာပြီး အဲဒီကားထဲမှာ ခုနစ်ပါး၊ ကျွန်တော့်ကားမှာ သုံးပါးတင်ပြီးတော့ မုံရွာကို ပို့ပါတယ်။ ညောင်ပင်ကြီးဆိပ်မှာ ရောက်ရောက်ချင်း သံဃာတွေကို အရေးပေါ် ကုသပေးပါတယ်။ ဆိပ်ကမ်းမှာအားလုံး လက်ခံရရှိတာ (၃၂) ပါးပါ ။ ကျွန်တော်တို့အားလုံး အချိန်နဲ့တစ်ပြေးညီ လုပ်နိုင်လို့ ဒီအထောက်အထားတွေ ရလာတာဖြစ်တယ်။ ဒီကိစ္စက ပေါ်ပေါ်ထင်ထင်ဖြစ်သွားတာဖြစ်တယ်။ ကူညီလုပ်ကိုင်တဲ့ နာရေးအဖွဲ့တွေ အားလုံးကို အသိအမှတ်ပြုရပါတယ်။ ကျွန်တော်ကတော့ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်ကိုလာရင်း ကံအားလျော်စွာ ရှိနေတာပါ။ ကျွန်တော် ပြောချင်တာက အားလုံးကူညီပေးကြလို့ ဒီလိုသက်သေအထောက်အထားတွေဖြစ်သွားတယ်လို့ မြင်ပါတယ်။

**အခုလို အင်အားသုံးဖြိုခွဲတာကို ဘယ်လိုထင်မြင်မိပါသလဲ။ ဒေါ်အောင်ဆန်းစုကြည်က မလိုအပ်ဘဲ အင်အားသုံးဖြိုခွဲတာကို ပြည်သူတွေအနေနဲ့ သိခွင့်ရှိတယ်လို့ ပြောသွားပါတယ်။**

တကယ်တမ်းဆိုရလျှင် ဆန္ဒပြတဲ့လူစုလူဝေးဖြိုခွဲဖို့ အစီအစဉ်တွေရှိကြပါတယ်။ အခုသူတို့က နိုင်ငံတကာ စံနှုန်းနဲ့လို့ ပြောကြတယ်။ တကယ်ပြောရလို့ရှိရင် နိုင်ငံတကာအနေနဲ့ဆိုရင် ပထမ လူစုခွဲဖို့ပြော။ မရရင် ရေနဲ့ပက်။ ဒါမှမရရင် ဝင်ပြီးတော့ရိုက်။ ဒါမှမရရင် မိုးပေါ် ထောင်ပစ်။ အခုကသူတို့ပြောတာက ရေနဲ့ပက်ပြီး မျက်ရည်ယိုဗုံးပဲ သုံးတယ်ဆိုပေမယ့် သက်သေတွေက အထင်အရှားရှိတယ်။ မျက်ရည်ယိုဗုံးဆိုရင် ရေဆွတ်ထားတဲ့ လက်ကိုင်ပဝါနဲ့ နှာခေါင်းကို အုပ်ရင်ရတယ်။ အခုတွေ့ရတဲ့ အဖုအပိန့်တွေက မီးလောင်တဲ့ ဒဏ်ရာတွေကြီးပဲ။ ကျွန်တော်ကတော့ သိက္ခာရှိရှိနဲ့ 'မဖြစ်နိုင်လို့ လုပ်ရင်လုပ်တယ်' ပြောစေချင်တယ်။ အဲဒီလိုပြေလည်အောင် မလုပ်ဘဲ ရှုပ်ထွေးတဲ့ အပြောတွေ လက်မခံနိုင်ဘူး။ ပြင်းပြင်းထန်ထန်ပြောရရင် ဓာတုလက်နက်နဲ့ပစ်တယ်ဆိုတာ နိုင်ငံတကာမှာတောင် မလုပ်ဘူး။ ရန်သူနိုင်ငံချင်းမှ လုပ်ကြတာ။ ဒီလိုဖြစ်သွားတာ ကျွန်တော်တစ်ဦးတစ်ယောက်တည်းအမြင်နဲ့ ပြောရရင် လုံးဝလက်မခံနိုင်ဘူး။

**သက်ဆိုင်ရာက မျက်ရည်ယိုဗုံးပဲသုံးတယ်လို့ အကြိမ်ကြိမ်ပြောပါတယ်။ ဓာတုလက်နက်သုံးတယ်လို့ဝေဖန်ကြတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

၁၉၆၂ ခုနှစ်တုန်းက ဆန္ဒပြတာတွေကို နှိမ်နင်းတဲ့ပစ်တာခတ်တာတွေရှိတယ်။ မျက်ရည်ယိုဗုံးတွေကို သုံးတယ်။ မျက်ရည်ယိုဗုံးက အခိုးအငွေ့တွေကြောင့် မျက်ရည်ပူတွေကျပြီး မမြင်နိုင်တော့ဘူး။ ပြီးရင် အသက်ရှူမွန်းကျပ်လာတယ်။ ဒါကိုရေဆွတ်ပြီး မျက်နှာကိုအုပ်ဖြေရှင်းလို့ရတယ်။ အခုဗုံးက ကျကျချင်းကွဲတယ်။ သက်န်းတွေ စုတ်ပြတ်သွားတယ်။ မီးလောင်တယ်။ ဒါတွေကိုကြည့်ရင် ဓာတုပါတဲ့ ဗုံးဖြစ်တယ်ဆိုတာ အတိအကျပြောလို့ရတယ်။ ဒါကိုဖြေလျှော့ပြီးတော့ ပြောနေကြတာ။ လုပ်ရင်လုပ်တယ်၊ မဖြစ်နိုင်လို့ လုပ်ရတယ်။ ဒီလိုပဲ ပြောစေချင်ပါတယ်၊ ဒီလိုမှ မလုပ်ရင် မကျေနပ်မှုတွေက ပိုများလာမှာပါ။ ကျွန်တော်လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီဖြစ်ရပ်မှာ သုံးတဲ့ဗုံးတွေက လူ့ရဲ့ခန္ဓာကိုယ်ကိုစားစေတဲ့ ဓာတုဗုံးတွေလို့အတိအကျပြောနိုင်ပါတယ်။

**ဒီဖြစ်ရပ်မှာ အားပေးအားမြှောက်လုပ်တဲ့ အဖွဲ့အစည်းတွေ နိုင်ငံရေးပယောဂတွေပါဝင်နေတယ်လို့ ဝေဖန်သံတွေကြားရပါတယ်။ ဘယ်လိုမြင်မိပါသလဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင် ဝန်ကြီးကိုအောင်မင်းက တစ်ပတ်အတွင်း သမ္မတကြီးဆီတင်ပြမယ်။ ပြီးရင် အကြောင်းပြန်မယ်လည်း ပြောတယ်။ အလုံးစုံမဟုတ်တောင်မှတစ်စိတ်တစ်ပိုင်း ဖြေရှင်းပေးမယ်လို့ ရည်ရွယ်ချက်ရှိတယ် ထင်တယ်။ သမ္မတကြီးဆီ တင်ပြပြီး လေးရက်ကြာမှာ ဒီလိုဖြစ်သွားတာ။ အကြောင်းပြန်တာက ဒီလိုပုံစံတဲ့လား။ ပြည်သူတွေက ဆယ်ရက်အတွင်းမှာ အကြောင်းပြန်ကြားမယ်လို့ပဲ ထင်ကြတာ။ မမျှော်လင့်ဘဲ ဒီလောက်ကြီး ဖြိုခွဲတာက ဆိုးဆိုးရွားရွား ဖြစ်တဲ့အပေါ် ခံစားချက်ရှိကြမှာပါ။ ဦးအောင်မင်းက သမ္မတကြီးအပေါ် အာမခံသွားတယ်။ ပြောရရင် မြှောက်ပေးတဲ့သူတွေ ရှိပါလိမ့်မယ်။ နောက်ကြောင်းပြန်ချင်တာလည်း ရှိချင်ရှိမယ်။ ပိုမိုရှုပ်ထွေးအောင် လုပ်တဲ့သူလည်း ရှိချင်ရှိမယ်။ ခံရတဲ့သူတွေ ဘက်ကတော့ အတွေးအခေါ်နဲ့ မစဉ်းစားတတ်တဲ့အခါစခန်းသိမ်းတိုက်ပွဲနောက်ဆုံးတိုက်ပွဲလို့ပြောတဲ့သူတွေလည်း ရှိချင်ရှိမယ်။ ဟိုဘက်ကလည်း ဓာတုပစ္စည်းတွေသုံးအောင်လုပ်တဲ့ သူရှိချင်ရှိမယ်။ တစ်ဖက်ကလည်း သပိတ်အရှိန်ကို အမြင့်ဆုံးရောက်အောင် တင်ချင်တဲ့ သူတွေရှိနိုင်တယ်။ ဒေသခံတွေက ခံစားချက်အရပဲ သိပြီးတော့ မလုပ်တတ်လို့လည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဖြစ်သွားပြီးပြီ။ ကျွန်တော်က လက်ပန်းတောင်းတောင်ကိစ္စကို မပြောဘူး။ ဝမ်ပေါင်ကလုပ်တာ၊ ဦးပိုင်က လုပ်တာလို့ မပြောဘူး။ အခုအဖြစ်အပျက်ကိုပဲ ပြောချင်တယ်။ အစိုးရအနေနဲ့ တာဝန်ယူစေချင်တယ်။ အမှန်အတိုင်း ပြောစေချင်တယ်။ နစ်နာသူတွေလည်း ပြေလည်အောင်ဖြေရှင်းပေးစေချင်တယ်။ ဒါမှ ပြည်သူတွေ စိတ်ချမ်းသာမှုရမယ်။ ဒီမိုကရေစီစနစ်မှာ ဒီလောက်အထိ ရန်သူသဖွယ်လုပ်တာတွေက မဖြစ်သင့်ဘူး။ ဒါပေမဲ့ ဖြစ်ပြီးသွားပြီဆိုတော့ ဟိုဘက်ကလည်း အမှန်ကိုပြောသင့်တယ်။ မရလို့မပြောနိုင်သည့်တိုင်အောင် ပြေလျှော့အောင် လုပ်သင့်တယ်။ အခု ကော်မရှင်ကကြားထဲမှ ဝင်ဆုံးဖြတ်မှာ။ အဲဒီမှာအစိုးရဘက်က ဝင်ပြောပေးတဲ့သူရှိနိုင်တယ်။ ဒီနေ့ကော်မရှင်မှာ အရင်က စုံစမ်းတဲ့ သူတွေပါရင် အမြင်တွေကို ပြောင်းလဲပစ်မှာပဲ။ ဒီလိုမှ မဟုတ်ရင် ပြေလည်နိုင်မှာမဟုတ်ဘူး။ ကျွန်တော်ဒါကိုပဲ စိုးရိမ်မိပါတယ်။

**ဒီဖြစ်ရပ်မှာသံဃာတော်တွေ ရှေ့တန်းကပါဝင်တဲ့အပေါ် မှာဝေဖန်ပြောဆိုမှုတွေ ကြားရပါတယ်။ ဒါကို ဘယ်လိုထင်မြင်မိပါသလဲ။**

(၁၉) ရက် သပိတ်စတော့ မုံရွာသံဃာတော်တွေ မပါနိုင်အောင် တားတယ်လို့ သိရတယ်။ (၂၆) ရက်လောက်မှ ပါလာတယ်လို့သိရတယ်။ အခုမန္တလေး၊ မုံရွာ၊ ပခုက္ကူ သံဃာတော်တွေ ပါလာကြတယ်။ အယူအဆက နှစ်မျိုးရှိတယ်။ သာသနာ့နယ်မြေလယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးတဲ့ နေရာထိပါးမှာ စိုးရိမ်လို့။ နောက်တစ်ချက်က ပခုက္ကူက သံဃာတော်တွေကို မေးကြည့်တော့ တာဝန်သိတဲ့သူက သိသလိုဆောင်ရွက်လိမ့်မယ်။ တာဝန်မယူတဲ့သူက မသိသလို ဆောင်ရွက်လိမ့်မယ်၊ သံဃာတော်တွေရဲ့တာဝန်က သာသနာကို ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့တာဝန်ရှိတယ်။ ဒါ့ကြောင့် ပါဝင်လာတာ။ ဒီလိုပဲဖြေကြတယ်။ ဒါ့ကြောင့် နားလည်မှုရှိရှိနဲ့ဆိုပြေလည်နိုင်တယ်။ မဟုတ်ရင်တော့ ခက်ခဲနေအုံးမှာပဲ။

**အခုဖြစ်ရပ်မှာ ဘယ်လိုသက်သေအထောက်အထားတွေ ရရှိခဲ့ပါသလဲ။**

ဒက္ခိဏာရာမကျောင်းတိုက်မှာ ဒဏ်ရာရတဲ့ သံဃာတွေ စုနေကြတယ်။ သူတို့ကို ပထမဆုံး ညောင်ပင်ကြီးဆိပ်ကမ်းကို ပို့ဆောင်ပေးတဲ့ ဓာတ်ပုံတွေ အထောက်အထားတွေ ကျွန်တော်တို့မှာ ရှိတယ်။ ဒဏ်ရာတွေက ပထမနဲ့ နောက်နှစ်ရက် သုံးရက်လောက်နဲ့မတူတော့ဘူး။ ပိုပြီးဆိုးလာတယ်။ မျက်ရည်ယိုဗုံးကိုသုံးရင် ဒီလိုဖြစ်လားဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။

**ဘာများဖြည့်စွက်ပြောကြားလိုပါသလဲ။**

ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ကံအားလျော်စွာရှိနေတာပါ။ ကျန်တဲ့သူတွေက လမ်းတွေပိတ်ထားသည့်အတွက် လာချင်ပေမယ့် မလာနိုင်ကြတာပါ။ ဒေါ်ခင်စန်းလှိုင်ဆိုရင် ပထမ မုံရွာဘက်က အားလုံးကို စီစဉ်ပြီးပြီ။ (၁၄)ပါးမြောက်လောက်သယ်အပြီးမှာ ဒီဘက်ကိုကူးလာပြီး ဒက္ခိဏာရာမ ကျောင်းတိုက်ကို သွားကြတယ်။ သွားမေးမြန်းပြီးတော့ နှစ်သိမ့်ပေးကြတယ်။ ပါဝင်ဆောင်ရွက်တဲ့ လူမှုကူညီရေးအဖွဲ့တွေ အားလုံးကိုအသိအမှတ်ပြုပါတယ်။ ဒီလိုဆောင်ရွက်လို့ အထောက်အထားတွေကို နာရီဝက်လောက်အကြာမှာ ပေးနိုင်တာပါ။ မဟုတ်ရင်သိကြမှာ မဟုတ်ဘူး။ ကျွန်တော့်အနေနဲ့တော့ ပြောစရာမရှိပါဘူး။ အားလုံးပြေလည်သွားရင် ကျေနပ်ပါပြီ။ ကော်မရှင်ကိုသိစေချင်တာက ဘယ်သူ့ကိုမှ မနစ်နာစေချင်ပါဘူး။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။

# စုံစမ်းစစ်ဆေးရေး ကော်မရှင်တွင် ၈၈ ကျောင်းသားများ မပါသော်လည်းပံ့ပိုးပေးမည်



ဒေါ်အောင်ဆန်းစုကြည်နှင့်၈၈မျိုးဆက်ကျောင်းသားများ တွေ့ဆုံစဉ်

**မင်းဟိန်းကျော်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၃**

လက်ပံတောင်းတောင်ကိစ္စရပ်နှင့်ပတ်သက်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တွင် ၈၈ ကျောင်းသားများအနေဖြင့် ပါဝင်ခြင်းမပြုဘဲ ဒေသခံများ၊ တက်ကြွလှုပ်ရှားသူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ဆက်ဆံ၍ ခိုင်မာသော အချက်အလက်များကို ကော်မရှင်သို့ပေးပို့နိုင်ရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၈၈ ကျောင်းသားများအဖွဲ့မှ ကိုမင်းကိုနိုင်က ပြောကြားသည်။

"ကော်မရှင်ထဲမှာက ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်လုံး ပါဝင်ထားပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ပါဝင်ဖို့ မလိုအပ်တော့ဘူးလို့ ယူဆပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း လက်ပံတောင်းတောင်မှာ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်နဲ့ပတ်သက်တဲ့တိကျတဲ့အချက်အလက်တွေကိုကော်မရှင်ကိုပေးနိုင်ဖို့ညှိနှိုင်းပြီးပါပြီ" ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

မိမိတို့အနေဖြင့် ကော်မရှင် ပိုမိုအားကောင်းလာစေရန်အတွက် တရားမျှတသော အချက်အလက်များရရှိရန် ပံ့ပိုးသွားမည်ဖြစ်ပြီး ကော်မရှင်ဘက်မှလည်း မိမိတို့ပေးအပ်မည့် အချက်အလက်များကို တရားဝင်လက်ခံသွားမည်ဖြစ်ကြောင်း ဦးကိုကိုကြီးက ဆိုသည်။

"နေပြည်တော်မှာ သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ တွေ့ခဲ့ပါတယ်။ သူတို့နဲ့လည်း ဒီအချက်ကို ဆွေးနွေးခဲ့ပြီး ကျွန်တော်တို့ပေးခဲ့တဲ့ အချက်အလက်ကိုလက်ခံဖို့ ကော်မရှင်က သဘောတူထားပါပြီ" ဟု ၎င်းက ပြောသည်။

၈၈ ကျောင်းသားများအနေဖြင့် လက်ပံတောင်းတောင်အရေးကိစ္စနှင့် ပတ်သက်၍ ကြေညာချက်များ ထုတ်ပြန်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်သော သဘောထားကြေညာချက်အပိုဒ် ၆ တွင် အချက်ငါးချက်ပါဝင်ပြီး စုံစမ်းစစ်ဆေးနေစဉ်အတွင်း တူးဖော်ဆောင်ရွက်နေမှုများကို ရပ်ဆိုင်းထားရန်၊ ထိခိုက်ဒဏ်ရာရသူ ရဟန်း၊ သံဃာများအားဝန်ချတောင်းပန်ရန်၊ လက်ပံတောင်းတောင်အရေးကိစ္စနှင့်ပတ်သက်၍ ဆန္ဒဖော်ထုတ်သူများအား ဖမ်းဆီးအရေးယူနေမှုကိုရပ်တန့်၍ ထိန်းသိမ်းထားသူများကိုပြန်လည်လွှတ်ပေးရန် စသည့်အချက်အလက်များပါဝင်ကြောင်း ကိုဌေးကြွယ်က ပြောသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဆန္ဒဖော်ထုတ်သူတွေကိုဖမ်းဆီးအရေးယူမှုတွေ လုပ်နေတာ ကျွန်တော်တို့အနေနဲ့ လုံးဝသဘောမတူပါဘူး။ အဲဒါနဲ့ပတ်သက်တဲ့ ကျွန်တော်တို့ သဘောထားကိုလည်း ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်"ဟု ကိုဌေးကြွယ်ကပင်ပြောသည်။

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ဦးကိုကိုကြီး၊ ဦးမင်းကိုနိုင်၊ ဦးဌေးကြွယ်၊ ဦးမြအေးတို့သည် ဒီဇင်ဘာ ၂ ရက်က နေပြည်တော်တွင် သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါအဖွဲ့သည် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီတွင် လက်ပံတောင်းတောင်အရေးနှင့်ပတ်သက်၍ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းနှင့် တစ်နာရီကြာ တွေ့ဆုံဆွေးနွေးသည်။ လက်ပံတောင်းတောင်အရေးနှင့် စုံစမ်းရေးကော်မရှင်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် မိမိတို့အဖွဲ့မှ ဦးမင်းကိုနိုင်နှင့် ဦးကိုကိုကြီးတို့ပါဝင်ရန် ဆန္ဒမရှိကြသော်လည်း ၈၈ မျိုးဆက်ကျောင်းသားများက အဆိုပါ အရေးကိစ္စများဖြေရှင်းရာတွင် အပြုသဘောဆောင်စွာ ညှိနှိုင်းဆောင်ရွက်ပေးမည်ဟု ဆွေးနွေးခဲ့ကြောင်း ၎င်းတို့က ဆိုသည်။

7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

မျက်နှာဖုံးမှ

# လက်ပံတောင်းတောင်ပုစ္ဆာ ဘယ်လိုအဖြေထုတ်မလဲ

■အောင်ခိုင်ရေးသား၍ မျိုးမင်းဦးပုံပိုးသည်


လက်ပံတောင်းတောင်အရေး ဆန္ဒပြသူများအား အင်အားသုံးဖြိုခွင်းမှုအပေါ် ရန်ကုန်မြို့တွင် ကန့်ကွက်ဆ

မျက်နှာနှင့် ခြေထောက်များတွင် အရေခွံများ ကွာကျကာ နာကျင်သဖြင့် ညည်းညူသူများက အသံထွက်ညည်းညူကြလျက်။ ကိုယ်ပေါ်တွင် ခြုံလွှမ်းထားသော အနီရောင်သင်္ကန်းစများမှာ စုတ်ပြတ်ပေါက်ပြဲနေသည်။

အဆိုပါလူနာအားလုံးမှာ မုံရွာမြို့နှင့် ချင်းတွင်းမြစ်သာခြားသော ဆားလင်းကြီးမြို့နယ်လက်ပံတောင်းတောင် သပိတ်စခန်းများမှ သံဃာတော်များနှင့် ဒေသခံများဖြစ်ပြီး လွန်ခဲ့သော နာရီအနည်းငယ်က မုံရွာပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

စီမံကိန်း ရပ်ဆိုင်းရေးအတွက် သပိတ်စခန်းများဖွင့်၍ အထွေထွေသပိတ်ကြီး စတင်ပြီး ဆယ်ရက်မြောက်တွင်ဒေသခံများကို နှစ်သိမ့်အားပေးရန် ဒေါ်အောင်ဆန်းစုကြည် မလာရောက်မီ နိုဝင်ဘာ ၂၉ ရက် နံနက်စောစောပိုင်းတွင် ရဲတပ်ဖွဲ့ကသပိတ်စခန်းများကိုအင်အားသုံးဖြိုခွဲခဲ့ခြင်းဖြစ်သည်။


"ပထမ ရေပိုက်နဲ့ထိုးတယ်။ ပြီးတော့ မီးလောင်ဗုံးတွေနဲ့ ပစ်တယ်။ မီးက ရေနဲ့ထိလေလေ လောင်လေပဲ"ဟုပင်မသပိတ်စခန်းမှ ဦးဝိသိဗ်ဓမ္မက အတွေ့အကြုံကိုပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖြိုခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ပြီး စိုးရိမ်ရသူများလည်းရှိသည်။ အချို့ဒဏ်ရာရရှိသူများမှာ နီးစပ်ရာ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တိမ်းရှောင်၍ ဆေးကုသမှုခံယူနေကြသူများလည်းရှိသည်။

၂၀၁၀ပြည့်နှစ်အတွင်းက စတင်အကောင်အထည်ဖော်ခဲ့သော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်တွင်တည်ရှိသည်။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့်မြန်မာဝမ်ပေါင်ကုမ္ပဏီတို့အကျိုးတူပူးပေါင်းဆောင်ရွက်နေပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၉၉၉ သန်းရှိသည်။ အကျိုးအမြတ်ခွဲဝေမှုအနေဖြင့် နိုင်ငံတော်မှ ၁၆ ဒသမ ၈ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဦးပိုင်မှ ၁၃ ဒသမ ၈ ရာခိုင်နှုန်း၊ ဝမ်ပေါင်ကုမ္ပဏီမှ ၁၃ ဒ သမ ၃၃ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပြီး ထုတ်လုပ်မှုစရိတ်ကို ၅၆ ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း သိရသည်။ နှစ်ခြောက်ဆယ်မြေငှားဂရန်ဖြင့် ဆောင်ရွက်နေသော လက်ပံတောင်းတောင် စီမံကိန်းသည်မြေဧရိယာ ၇၈၆၇ ဒသမ ၇၈ ဧကကျယ်ဝန်းပြီး စီမံကိန်းစတင်အကောင်အထည်ဖော်စဉ်က ဒေသခံများကို သုံးနှစ်စာ သီးနှံလျော်ကြေးပေးခဲ့သည်ဟု ဒေသခံများက ပြောသည်။ အဆိုပါလျော်ကြေးများကိုလည်း မူလက မယူကြဘဲ ဖမ်းဆီးခြိမ်းခြောက်မှုများခံရမည်ကိုစိုးရိမ်၍သာနောက်ပိုင်းမှ လက်ခံယူခဲ့ကြောင်း ဝက်မေးရွာသားများကပြောသည်။

အဆိုပါစီမံကိန်းရပ်ဆိုင်းရန် ဒေသခံများက ယခုနှစ်အတွင်း ကန့်ကွက်လာခဲ့ကြရာ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၁ ရက်အထိ အသိမ်းခံမြေများတွင် မကျူးကျော်ရဆိုင်းဘုတ်များထောင်ခြင်းပြုလုပ်ခဲ့သည်။ စက်တင်ဘာ ၅ ရက်တွင် ညောင်ပင်ကြီး-ပုလဲလမ်းဆုံ မြန်မာဝမ်ပေါင်ရုံးအနီး၌ ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခဲ့သည်။ စက်တင်ဘာ ၁၀ ရက်တွင် မုံရွာမြို့သို့သွားရောက်ဆုတောင်းရာတွင် သက်ဆိုင်ရာမှ ဝတ်ပြုဆုတောင်းသူ ၁၂ ဦးအား ဖမ်းဆီးခဲ့ပြီး နောက်ပိုင်းတွင် ပြန်လွှတ်ပေးခဲ့သည်။ ဒေသခံများက ဆန္ဒထုတ်ဖော်တောင်းဆိုမှုများကို အရှိန်မြှင့်တင်၍ နိုဝင်ဘာ ၁၇ ရက်မှစတင်ကာ မြန်မာဝမ်ပေါင်ရုံးရှေ့တွင် သပိတ်စခန်းများ ဖွင့်လှစ်ခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်တွင် မန္တလေး၊ မုံရွာ၊ ပခုက္ကူတို့မှ သံဃာတော်များပါဝင်သော အထွေထွေသပိတ်ကို





နှပြသူနှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့ကိုတွေ့ရစဉ်   ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စတင်ခဲ့ကြခြင်းဖြစ်သည်။

ယခင် ကနေဒါကုမ္ပဏီ အိုင်ဗင်ဟိုးကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိခဲ့သော ကြေးစင်တောင်၊ စံပယ်တောင်စီမံကိန်းများတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော သောက်သုံးရေမသန့်ရှင်းမှု၊ ကြေးနီစီမံကိန်းမှ ထွက်ရှိလာသည့် အမှုန့်များကို နေ့စဉ်ရှူရှိုက်ရသည့်အန္တရာယ်နှင့်စွန့်ပစ်မြေများ စုပုံမှုကြောင့် စိုက်ခင်းများ ပျက်စီးမှုတို့အပြင် လက်ရှိနစ်နာမှုများကြောင့် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံရွာသားများက ပြောသည်။ “စကတည်းက တစ်ရွာလုံးက လျော်ကြေးယူချင်ကြတာမဟုတ်ဘူး။ ဖမ်းမှာကြောက်ပြီး ယူကြရတာ။ ပေးတာကလည်း သီးနှံလျော်ကြေးသုံးနှစ်စာပဲပေးတာ”ဟု ဝက်မွေးရွာသားတစ်ဦးကဆိုသည်။

သံဃာတော်အပါး ၅၀၀ ခန့်နှင့် ဒေသခံ ၁၀၀ နီးပါးပါဝင်ကာ စခန်းခြောက်ခုဖွင့်လှစ်တောင်းဆိုခဲ့သော အထွေထွေသပိတ်စခန်းသည် နိုဝင်ဘာ ၂၉ ရက် ဒေါ်အောင်ဆန်းစုကြည်မလာမီ ၁၀ နာရီနီးပါးအလိုတွင် အင်အားသုံးဖြိုခွဲခံခဲ့ရသည်။

**နိုဝင်ဘာ ၂၉**

ဒေါ်အောင်ဆန်းစုကြည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသို့ လာရောက်မည့်သတင်းကို ကြားရ၍ အားတက်နေကြသော ဒေသခံများမှာ စိတ်မချမ်းမြေ့ဖွယ်သတင်းကို နံနက်စောစောတွင် ကြားလိုက်ရသည်။

နံနက် ၃ နာရီခန့်မှစတင်၍ သပိတ်စခန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံးဖြိုခွဲခဲ့ရာ မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဒဏ်ရာရရှိထားသော သံဃာတော် ၂၄ ပါးနှင့်ဒေသခံတစ်ဦးတို့ ဆေးဝါးကုသမှုခံယူနေရသည်။ ထို့အပြင် ကြောက်စိတ်ကြောင့် ဆေးရုံသို့ မလာရောက်နိုင်သော ဒဏ်ရာရရှိသူများလည်း ရှိနေကြောင်း ကူညီဆောင်ရွက်ပေးနေကြသော အသင်းအဖွဲ့များကပြောသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက သပိတ်စခန်းများကို ဖြိုခွဲရာတွင် မျက်ရည်ယိုဗုံးသာ အသုံးပြုကြောင်း အစိုးရဆိုသော်လည်း ကိုယ်တွေ့ကြုံသူများကမူ မီးလောင်ဗုံး၊ ဓာတုပစ္စည်းများကို အသုံးပြုခဲ့ကြသည်ဟု ပြောသည်။ “ရေနဲ့ထိလေ ပိုလောင်လေပဲ။ မီးတောက်ကလည်း စိမ်းလဲ့လဲ့အရောင်ထွက်တယ်။ ရထားတဲ့ဒဏ်ရာတွေကလည်း ရေထိရင်စပ်ပြီး ပွတက်လာတယ်။ ဓာတုတစ်မျိုးမျိုးပါတယ်လို့ထင်တယ်”ဟုမောင်းတံဂိတ်သပိတ်စခန်းမှ ဦးဥတ္တမသာရက သူ၏အတွေ့အကြုံကို ပြောပြသည်။

မုံရွာပြည်သူ့ဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာလှဘေက “ဓာတုပစ္စည်းဟုတ်မဟုတ်ဆိုတာက ပညာရှင်တွေစစ်ဆေးပြီးမှ သိနိုင်မှာ။ ဒဏ်ရာကတော့မီးလောင်ဒဏ်ရာတွေပါ။ ဘာကြောင့်လဲ၊ ဘာပစ္စည်းတွေကြောင့်လဲဆိုတာတော့ကျွန်တော့်အနေနဲ့ မသိနိုင်ပါဘူး” ဟု ဆိုသည်။

မွန်းလွဲပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည် မုံရွာမြို့သို့ရောက်ရှိလာပြီး ဝင်းယူနတီဟိုတယ်တွင် သက်ဆိုင်ရာ အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ညနေပိုင်းတွင် မြန်မာဝမ်ပေါင်ကုမ္ပဏီသို့ သွားရောက်ခဲ့ပြီးနောက် ကံကုန်းကျေးရွာတွင် ဒေသခံများအား မိန့်ခွန်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုဝင်ဘာ ၂၉ ရက် ကံကုန်းရွာတွင်ပြောကြားခဲ့သောမိန့်ခွန်းတွင် “အခု ဒီဒေသမှာ ဖြစ်နေတဲ့ အခက်အခဲတွေကို ကျွန်မတို့နိုင်ငံသိက္ခာရှိမယ့်ပုံစံနဲ့ ဖြေရှင်းချင်တယ်။ ဒါကြောင့် ပြည်သူတွေက ဝိုင်းဝန်းပြီးတော့ ကူညီကြပါ။ ကြေးနီစီမံကိန်းနဲ့ ပတ်သက်ပြီးဖြစ်နေတဲ့ ပြဿနာကို အေးအေးချမ်းချမ်းနဲ့ ပြေလည်သွားစေချင်တယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။

“အရမ်းမျှော်လင့်တာပါ။ သူ့အနေနဲ့ ဖြေရှင်းပေးနိုင်မယ်လို့ထင်ပါတယ်” ဟု မိန့်ခွန်းလာရောက်နားထောင်ခဲ့သော တုံရွာမကျေးရွာမှ မြေအသိမ်းခံရသူ အသက် ၇၀ အရွယ် ဒေါ်တင်အောင်ကပြောသည်။ ညပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် မုံရွာဆေးရုံသို့သွားရောက်၍ ဒဏ်ရာရရှိသူများကို တွေ့ဆုံအားပေးခဲ့သည်။

အဆိုပါနေ့တွင် သီတဂူဆရာတော်ဘုရားကြီး၊ နာရေးကူညီမှုအသင်းမှဦးကျော်သူစသော ပုဂ္ဂိုလ်များလည်း မုံရွာမြို့သို့လာရောက်၍ ဒဏ်ရာရသံဃာတော်များနှင့်ဒေသခံများကိုတွေ့ဆုံအားပေးခဲ့သည်။လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် မြေအသိမ်းခံရွာသားများမှာ သူတို့ကို ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမည့်မနက်ဖြန်ကို မျှော်လင့်နေကြသည်။

**နိုဝင်ဘာ ၃၀ ရက်**

မုံရွာမြို့ ဝင်းယူနတီဟိုတယ်ရှေ့တွင် ဒေသခံများ စုရုံးရောက်ရှိနေကြသည်။ နံနက်ပိုင်းတွင် ဇက်ဆိပ်သောင်ပြင်တွင် မိန့်ခွန်းပြောကြားခဲ့ပြီးနောက် ဒေသခံရွာသူရွာသားများကို တွေ့ဆုံနေသော ဒေါ်အောင်ဆန်းစုကြည်ကို စောင့်မျှော်နေကြခြင်းဖြစ်သည်။ “အမေစုက ကျွန်မတို့ရဲ့ လုံခြုံရေးကို အာမခံချက်ပေးသွားတယ်။ ဒီပြဿနာကို ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးမယ်လို့လည်း ပြောသွားတယ်။ အားရကျေနပ်ပါတယ်”ဟုဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့သော ဝက်မွေးရွာဟောင်းမှ မသွဲ့သွဲ့ဝင်းက ပြောသည်။

စာမျက်နှာ(၃၀)သို့ »






7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

စာမျက်နှာ(၂၉)မှ

## လက်ပံတောင်းတောင်ပုစ္ဆာ ဘယ်လိုအဖြေထုတ်မလဲ

ဒေါ်အောင်ဆန်းစုကြည်၏ ယာဉ်တန်းပြန်လည်ထွက်ခွာသွားသော်လည်း ဒေသခံပြည်သူများမှာ နောက်သတင်းတစ်ခုကို စိတ်ဝင်စားနေကြသည်။ သက်ဆိုင်ရာရဲတပ်ဖွဲ့က မုံရွာမြို့ပေါ်ရှိ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူမည့်သတင်းဖြစ်သည်။

**ဒီဇင်ဘာ ၁ ရက်**

မုံရွာမြို့၊ ရွှေစည်းခုံဘုရားတင်ဝင်းထွန်းဓမ္မဗိမာန်၌ ဒေသခံပြည်သူများ စုဝေးနေကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ရဲတပ်ဖွဲ့ဝင် အင်အားတစ်ရာကျော်က ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပသည်။

စစ်အစိုးရလက်ထက်နှင့် ခြားနားစွာ တူညီယူနီဖောင်း ဝတ်ဆင်ထားသူများက ဆရာတော်ကြီးများကိုကန်တော့လိုက်ချိန်တွင်ဩဘာသံများ ထွက်ပေါ်လာခဲ့သည်။

အဆိုပါ ဩဝါဒခံယူပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရဲမှူးကြီးဦးစန်းယုက ၎င်းတို့အနေဖြင့် ဆန္ဒထုတ်ဖော်သူများကို တရားဥပဒေစိုးမိုးရေးနှင့်အညီ နိုဝင်ဘာ ၂၇ ရက် ည ၁၁ နာရီ နောက်ဆုံးထား၍ သပိတ်စခန်းများမှ ဖယ်ရှားပေးရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ တရားဝင်သတ်မှတ်ချိန်ထက် ၂၇ နာရီ နောက်ဆုတ်ကာ ပြောင်းရွှေ့ပေးရန် နာရီဝက်တစ်ကြိမ် ကြေညာခဲ့ကြောင်း၊ နိုဝင်ဘာ ၂၉ ရက် နံနက် ၃ နာရီတွင် ၁၅ မိနစ်စီခြား၍ သုံးကြိမ်သုံးခါ ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ နောက်ဆုံးအဆင့်အနေဖြင့် နိုဝင်ဘာ ၂၉ ရက် နံနက် ၃ နာရီတွင် ဥပဒေနှင့်အညီ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်မှုများပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ မီးသတ်ကားဖြင့် ရေပက်ခြင်း၊ မျက်ရည်ယိုဗုံးသုံးခြင်းဖြင့်သာ ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း ထည့်သွင်း၍ လျှောက်ထားခဲ့သည်။ အစိုးရကလည်း နိုဝင်ဘာ ၂၉ရက်သတင်းထုတ်ပြန်ရာတွင် မီးခိုးဗုံးအသုံးပြုကြောင်း ထုတ်ပြန်ပြီး ထိုထုတ်ပြန်ချက်ကို ရုပ်သိမ်းကာ မျက်ရည်ယိုဗုံးသာ သုံးခဲ့ကြောင်းပြန်ကြေညာသည်။

ဒီဇင်ဘာ၁ရက်မှာပင်၈၈မျိုးဆက် ကျောင်းသားများ မုံရွာမြို့သို့ရောက်ရှိလာပြီး နိုင်ငံတော်သမ္မတရုံးမှလည်း လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးခဲ့သည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့်နှင့် ဆန္ဒပြဖြစ်စဉ်များ ထိန်းသိမ်းခြင်းတို့အပေါ် အခြေအနေအမှန် ဖော်ထုတ်နိုင်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ဝင် ၃၀ ဦးပါဝင်ခဲ့သည်။ ကော်မရှင်ဖွဲ့စည်းပြီး နှစ်ရက်မြောက်တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖွဲ့ဝင် ၁၆ ဦးသို့ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုကြားဖြတ်အစီရင်ခံစာကို ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံတော်သမ္မတထံ တင်ပြရမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဆန္ဒဖော်ထုတ်ခဲ့ကြသော ဒေသခံအများစုက မျှော်လင့်အားထားကြသော်လည်း သဘောထားမတူညီသူများလည်းရှိကြောင်း သိရသည်။

"အဓိကအချက်က ဒီတောင်ကြီး လုံးဝမပျောက်ကွယ်ဖို့ပါပဲ" ဟု လက်ပံတောင်းတောင် ကယ်တင်ရေးကော်မတီမှ နာယကတစ်ဦးက ၈၈ မျိုးဆက်ကျောင်းသားများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

အထွေထွေသပိတ်ကြီးကို အင်အားသုံးဖြိုခွဲခံရပြီးသော်လည်း ဒေသခံတောင်သူအချို့မှာ ဆက်လက်၍ ဆန္ဒဖော်ထုတ်နေကြဆဲဖြစ်သည်။ ဒီဇင်ဘာ ၂ ရက် ညနေ ၄ နာရီတွင် လက်ပံတောင်းတောင် တောင်ခြေတုံကျေးရွာ ဒေသခံ တောင်သူ ၂၀၀ ကျော် စုပေါင်း၍ ဆန္ဒထုတ်ဖော်ပွဲကို ညောင်ပင်ကြီး-ဆားလင်းကြီး လမ်းမ၌ ကျင်းပခဲ့ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပွင့်လင်းမြင်သာမှုရှိအောင်ပြန်ဖွဲ့စည်းရန် အပါအဝင် အချက်သုံးချက်ကို တောင်းဆိုခဲ့ကြသည်ဟု ဆန္ဒထုတ်ဖော်ခဲ့သူတစ်ဦးကပြောသည်။

ယခုဖြစ်ပွားခဲ့သောကိစ္စများနှင့် စပ်လျဉ်း၍ "ကျွန်တော်တို့က စီးပွားရေးပဲ ဆောင်ရွက်တာပါ။ လုံခြုံရေးကို နိုင်ငံတော်ကပဲ ဆောင်ရွက်တာပါ"ဟု မြန်မာဝမ်ပေါင်ကုမ္ပဏီမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးဖူးခဲ့သော လက်ပံတောင်းတောင်ကြီး မပျောက်ကွယ်အောင်ဆန္ဒထုတ်ဖော်ခဲ့ရာ၌ ဒဏ်ရာရရှိခဲ့ကြသော သံဃာတော်များမှာ ဒေါ်အောင်ဆန်းစုကြည် မုံရွာသို့ရောက်ပြီးနောက် ဆေးရုံသို့ ပို၍ရောက်ရှိလာကြသည်။ ဒဏ်ရာရသူအချို့ကို မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြသည်။

သံဃာတော်များကို တင်ဆောင်သွားသောကရုဏာမြင့်မိုရ်လူမှုကူညီရေးအသင်းမှလူနာတင်ယာဉ်များမှာ မုံရွာပြည်သူ့ဆေးရုံကြီးမှ ဖြည်းဖြည်းချင်းထွက်ခွာသွားခဲ့ကြသည်။

ကာလရှည်ကြာစွာပြဿနာတက်ခဲ့သော်လည်း မဖြေရှင်းနိုင်သေးသောလက်ပံတောင်းတောင်ပုစ္ဆာကို အဖြေထုတ်ရန် ယခုအခါ ဒေါ်အောင်ဆန်းစုကြည်သည် အရေးအကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က ကံကုန်းရွာတွင်ပြောကြားခဲ့သည့်မိန့်ခွန်းတွင် ပြဿနာကို နိုင်ငံသိက္ခာရှိသောပုံစံဖြင့် ဖြေရှင်းလိုကြောင်း ပြောသည်။ ထို့အတွက်ပြည်သူများ၏ အကူအညီလိုပြီး အေးအေးချမ်းချမ်းနှင့်ပြီးဆုံးရန် ကြိုးပမ်းပေးမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုအပေါ် ပြည်သူများကလက်ခံမည်လားဟုမေးရာ ဒေသခံများက လက်ခံမည်ဟု ပြောလေသည်။


**လက်ပံတောင်းတောင်အရေး အထင်ကရရက်စွဲများ**

| | |
|---|---|
| ၂၀၁၂ ခုနှစ် ဩဂုတ်လ | » အသိမ်းခံမြေများပေါ်တွင် မကျူး ကျော်ရ ဆိုင်းဘုတ်များစိုက်ထူ |
| စက်တင်ဘာ ၅ ရက် | » ဒေသခံရွာသားများ ညောင်ပင်ကြီး-ယင်းမာပင်-ပုလဲလမ်းဆုံအနီးတွင် ဆန္ဒထုတ်ဖော် |
| စက်တင်ဘာ ၁၀ ရက် | » စီမံကိန်းများ ရပ်တန့်ရန်အတွက် ဒေသခံများ မုံရွာမြို့သို့ သွားရောက်ဝတ်ပြုဆုတောင်းစဉ် မသွဲ့သွဲ့ဝင်း၊ မဖြူဖြူဝင်းနှင့် မအေးနက်တို့ အပါအဝင် ၁၂ ဦး ဖမ်းဆီးခံရပြီးနောက် ပြန်လွှတ်ပေးခဲ့ |
| စက်တင်ဘာ ၃၀ ရက် | » မသွဲ့သွဲ့ဝင်း ဦးဆောင်သော ဒေသခံအချို့ ရန်ကုန်မြို့တွင် လာရောက်၍ လက်ပံတောင်းတောင် ကာကွယ်ထိန်းသိမ်းရေးနှင့် နီးနှောဖလှယ်ပွဲ လာရောက်ကျင်းပ |
| နိုဝင်ဘာ ၁၇ ရက် | » သပိတ်စခန်းများစတင်ဖွင့် |
| နိုဝင်ဘာ ၁၉ ရက် | » အထွေထွေသပိတ်ကြီးစတင်ဖွင့် |
| နိုဝင်ဘာ ၂၃ ရက် | » လက်ပံတောင်းတောင် စုံစမ်းရေးကော်မရှင်ဖွဲ့စည်းရန် လွှတ်တော်မှ အတည်ပြု |
| နိုဝင်ဘာ ၂၅ ရက် | » ကော်မရှင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆန္ဒထုတ်ဖော်သူအားလုံး သပိတ်စခန်းများမှ ဖယ်ရှားရန်ကြေညာ |
| နိုဝင်ဘာ ၂၉ ရက် | » လုံခြုံရေးတပ်ဖွဲ့ဝင်များက သပိတ်စခန်းများကို ဝင်ရောက်ဖြိုခွဲ |
| နိုဝင်ဘာ ၂၉ ရက် | » ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိ |
| ဒီဇင်ဘာ ၁ ရက် | » စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အဖွဲ့ဝင် ၃၀ ဖြင့် ဖွဲ့စည်း |
| ဒီဇင်ဘာ ၃ ရက် | » အဖွဲ့ဝင် ၁၆ ဦးဖြင့် ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်း |






7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012



# စီ တန်း နေ တဲ့ လူ တွေ ကြား က
# တိရစ္ဆာန် အမူအကျင့်များ

မောင်သာချို

(တစ်)

တန်ဆောင်တိုင် ပွဲတော်ရက်များအတွင်း၌ ဟိုရပ်ကွက် သည်ရပ်ကွက် ဟိုလမ်းသည်လမ်း နေရာအနှံ့အပြားတို့တွင် နိဗ္ဗာန်ဈေးကလေးများ အလျှိုအလျှိုဆိုသလို ပေါ်၍လာကြသည်မှာ တော်တော့ကို စိတ်ကြည်နူးဖို့ ကောင်းပါသည်။ လူတွေလူတွေ မဲလက်မှတ်ပေးမည့် နေရာဆီမှာ တန်းစီကာ မဲလက်မှတ်ကိုရယူကြ။ ထို့နောက် ကိုယ့်အိမ်ရှေ့မှာ ကိုယ်တည်ခင်းထားသည့် နိဗ္ဗာန်ဈေးဆိုင်ကလေးများရှိရာဆီသို့ ကိုယ်ရရှိထားသည့် မဲနံပါတ်အတိုင်း သွားရောက် ထုတ်ယူကြ။ ဆန်ထုပ်ကလေးတွေ၊ ဆီပုလင်းကလေးတွေ၊ ကြက်သွန်ဖြူနီအထုပ်ကလေးတွေ၊ ဒန်အိုးဒန်ခွက်တွေ၊ ပန်ကာတွေ၊ မီးပူတွေ၊ အဝတ်အထည်တွေ၊ ထီးတွေ၊ ထမင်းချိုင့်တွေ၊ အို . . စုံလို့။ တော်တော့ကို ပျော်စရာကောင်းတဲ့ စိတ်ကူးမျိုးပါ။

ကျွန်တော့်အိမ်နှင့် မလှမ်းမကမ်းလမ်းထိပ်ကမဏ္ဍပ်ကလေးရှိရာဆီမှာလည်း ထုံးစံအတိုင်း နိဗ္ဗာန်ဈေးလက်မှတ်ကလေးတွေ ပေးပါသည်။ လက်မှတ်က ညနေ ၆ နာရီလောက်မှ ပေးမည်ဖြစ်သော်လည်း ၄ နာရီဝန်းကျင်လောက်ကတည်းက တန်းစီသူများနှင့် ရုတ်ရုတ်သဲသဲစ၍ ဖြစ်နေပြီဆိုသည်ကို အသံချဲ့စက်၏ သတိပေးသံများက တစ်ဆင့်အချိန်နှင့်အမျှကြားသိနေရပါသည်။ တန်းစီကြပါတို့၊ စည်းကမ်းရှိပါတို့၊ ကြားမဖြတ်နဲ့တို့ ဆိုသည့် သတိပေးသံများက ဆယ့်ငါးမိနစ်ကို တစ်ကြိမ်လောက် ပေါ်ထွက်လျက် . .။

တစ်ယောက်ပြီးတစ်ယောက် ရှေ့ကို တက်၊ တစ်ရွက်ပြီးတစ်ရွက် မဲလက်မှတ်ကလေးတွေယူကာကိုယ်လိုရာဆီသွားလျှင် အဆင်ပြေပါလျက် တွန်းထိုးရုန်းကန်လုယက်နေကြတာတွေဟာ ဘာ့ကြောင့်များလဲဟု ကျွန်တော်အတွေးဝင်မိပါသည်။

(နှစ်)

တစ်ခါက တယ်လီဖုန်းအခွန်များကို တန်းစီ၍ ပေးသွင်းကြရစဉ် အလွန်ရှည်လျားကွေ့ကောက်လှစွာသော မြွေလိမ်မြွေကောက် လူတန်းကြီး တစ်ခုအတွင်း၌ ကျွန်တော်လည်း ရောက်နေခဲ့ဖူးပါသည်။ နေကပူပူ၊ အခန်းကကျဉ်းကျဉ်း၊ အမိုးက နိမ့်နိမ့်မို့လားမသိ ချွေးထွက်လွန်ကာ မူးလဲသူလဲနှင့် တော်တော့ကို ပေးဆပ်ပြီး တန်းစီကြရသည့် နေ့တစ်နေ့ဖြစ်ပါသည်။

ထုံးစံအတိုင်းပါပဲ။ အချိန်နှင့်အမျှဆိုသလို လူတွေအလျှိုအလျှိုရောက်လာလိုက်ကြတာ။ ငွေသွင်းကောင်တာ အပေါက်ဝဆီမှာ နှစ်ထပ်၊ သုံးထပ်ဖြစ်၍ နေရာမည် သည့်လူတန်းက မူလတန်းစီထားသည့်လူတန်းလဲဆိုတာ မသိနိုင်ပါလေတော့။

ကျွန်တော်တို့ တော်တော်များများသည် တန်းစီနေသည့် လူတန်းကြီးထဲ၌ တစ်ကြိမ်မဟုတ်တစ်ကြိမ်ဆိုသလို ပါဝင်ဖူးကြသူများဖြစ်ပါသည်။ မီးရထားလက်မှတ်ရုံထဲ၌ ကျွန်တော်တို့တန်းစီဖူးကြပါသည်။ မီတာခပေးသွင်းသည့်နေရာ၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ မှတ်ပုံတင် လုပ်သောနေရာ၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ ဆိုင်ကယ်လိုင်စင်လုပ်ပေးသော နေရာ၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ ကားလိုင်စင်ဝင်သော နေရာ၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ ရုပ်ရှင်ရုံလက်မှတ်ရောင်းသောအပေါက်ဝ၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ သင်္ဘောလက်မှတ်ရောင်းသော ရုံကလေးအတွင်း၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ ကျောင်းလခပေးသွင်းသော နေရာ၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ လေဆိပ်သို့ အဝင်လေယာဉ်ပေါ်သို့ အတက်၌ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။

သမဝါယမဆိုင်ကပေးသော ဆန်ဆီဆား နို့ဆီဆပ်ပြာများအတွက် ကျွန်တော်တို့တန်းစီဖူးကြပါသည်။ နွေရာသီတရားစခန်းဝင်ဖို့၊ ကိုရင်ဝတ်ဖို့၊ ဦးပဉ္စင်းဝတ်ဖို့ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ နိုင်ငံကူးလက်မှတ်လုပ်ဖို့ သံရုံးက ဗီဇာဝင်ဖို့ ကျွန်တော်တို့ တန်းစီဖူးကြပါသည်။ အထူးကုဆရာဝန်ကြီးနဲ့ တွေ့ဖို့ ကျွန်တော်တို့တန်းစီဖူးကြပါသည်။ လူတွေလူတွေ။ ဝန်ဆောင်မှုနှင့် စားသုံးသူအချိုးအစားမမျှတလေသောအခါဖြစ်မြဲ ဓမ္မတာအတိုင်း ပေါ်ပေါက်လာတတ်သည့် လူတန်းကြီးများ။

(သုံး)

ကမ္ဘာပေါ်၌တန်းစီသောသူတို့ရှိကြသည်မှာ ဆန်းကြယ်သောကိစ္စမဟုတ်ပါ။ ကုန်းကောက်စရာ မရှိလောက်အောင် မွဲတေသော နိုင်ငံများ၌ ရှိသလို သန်းကြွယ်သူဌေးတို့ခြေချင်းလိမ်ကာပခုံးချင်းတိုက်နေသော နိုင်ငံများ၌လည်း ရှိပါသည်။ မဆန်းပါ။ ဝန်ဆောင်မှုနှင့် စားသုံးသူအင်အားအချိုးအစား မမျှတသည့် ကမ္ဘာကြီးပေါ်၌ လူတို့တန်းစီကြသည်မှာ ဘာမှမဆန်းပါ။ သို့သော် ဘယ်လိုစိတ်နေသဘောထားတွေနှင့် လူတန်းကြီးထဲမှာ ကိုယ်ရောက်ရှိနေသလဲ ဆိုသည်က ဆန်းသည်။ အရေးလည်း ကြီးပါသည်။

> “အထူးသဖြင့် ဘတ်စ်ကားမှတ်တိုင်များတွင် ဦးသူကပြေးတက်၊ လျင်သူက ပြေးတက်၊ သန်စွမ်းသူက ပြေးတက်သည့်အလုပ်မျိုးကို မည်သူကမှမလုပ်ဘဲ ထိုသို့ တိရစ္ဆာန်ဆန်ဆန် အောင်ပွဲခံအနိုင်ယူပုံမျိုးကို စက်ဆုပ်ရွံ့ရှာစရာအဖြစ် လူတိုင်းလူတိုင်းက သဘောထားကြကြောင်း ပြောပြကြလေ့ရှိပါသည်။ ဘတ်စ်ကားမှတ်တိုင်မှာ လူသုံးယောက်လောက်ရောက်လာသည်နှင့် အလိုအလျောက် တန်းစီပြီးသားတဲ့။ နိုင်ငံကြီးသားတို့၏ လိပ်ပြာ၊ ကျွန်တော်တို့ဆီက ဘတ်စ်ကားမှတ်တိုင်ရှိလူများကြားသွားလျှင်လဲများ သေသွားကြလေမလားမပြောတတ်။”

တန်းစီးခြင်းဓလေ့၊ ထိုလူတန်းကြီးထဲတွင် မိမိသည်လည်း လူတစ်ယောက်အနေနှင့်ပါဝင်လိုသောစိတ်၊ တစ်ယောက်ပြီး တစ်ယောက် တစ်လှမ်းပြီးတစ်လှမ်း ရှေ့သို့တိုး၍ တိုး၍ သွားရသောဖြစ်စဉ်ကြီးထဲ၌ မိမိသည်လည်း တန်းတူ ရည်တူ ပါဝင်နေရခြင်းအပေါ် ကျေနပ်လက်ခံသောသဘောထားတို့သည် လူသားအတွက်၊ ထို့ထက်ပိုမို၍ ဆိုရသော် ယဉ်ကျေးသော လူ့အဖွဲ့အစည်းအတွက် အလွန်လိုအပ်လှပါသည်။

တိရစ္ဆာန်တို့ကား တန်းစီလေ့မရှိပါ။ ထမင်းကျန်၊ဟင်းကျန်များရှိရာဆီသို့ စုပြုံတိုးဝှေ့ကိုက်ခဲမာန်ဖီကာ ရောက်ရှိလာကြသည့် ခွေးများ၊ ချောင်းထဲမြစ်ထဲကရေကိုသောက်ရန် ဝရုန်းသုန်းကားဖြင့် ဆင်းသက်လာကြသည့် ကျွဲများ၊ နွားများ၊ ငါးကြော်အတိုအစ အပိုင်းအတစ်ကလေးများကို စားရန် ညောင်ဝေါင်ဝေါင်သံပေးရင်း ပြေးလာကြသည့် ကြောင်များ၊ အသားတစ်တစ်ပိုင်းတစ်စကို ရရာနေရာကနေဆိတ်ဆွဲဆွဲငင်လုယူနေကြသည့် ငှက်များ၊ သူတို့အားလုံး၌ တစ်ကောင်ပြီး တစ်ကောင်ဆိုသည့်တန်းစီလိုသော စိတ်များ မရှိပါလေ။

လျင်သူက၊ မြန်သူက၊ လက်ဦးသူက၊ အင်အားကြီးသူက အလိုရှိရာကို ရစတမ်း ဟူသည် တောတိရစ္ဆာန်တို့၏ ဥပဒေသ(Jungle Law) ပဲဖြစ်ပါသည်။ ယင်းသည် တိရစ္ဆာန်တို့၏ တရားမျှတမှု။

(လေး)

ပြင်ပကမ္ဘာနှင့် အဆက်အသွယ်အထိအတွေ့များသူတို့က ပြင်ပကမ္ဘာကို ချီးမွမ်းခန်းဖွင့်ကြလေသောအခါ သူတို့၏ တန်းစီစိတ်ထားကိုပါ မကြွင်းမကျန်ထည့်သွင်းအမွှမ်းတင်လေ့ရှိပါသည်။

အထူးသဖြင့် ဘတ်စ်ကားမှတ်တိုင်များတွင် ဦးသူကပြေးတက်၊ လျင်သူက ပြေးတက်၊ သန်စွမ်းသူက ပြေးတက်သည့်အလုပ်မျိုးကို မည်သူကမှ မလုပ်ဘဲ ထိုသို့တိရစ္ဆာန်ဆန်ဆန် အောင်ပွဲခံအနိုင်ယူပုံမျိုးကို စက်ဆုပ်ရွံ့ရှာစရာအဖြစ် လူတိုင်းလူတိုင်းက သဘောထားကြကြောင်း ပြောပြကြလေ့ရှိပါသည်။ ဘတ်စ်ကား မှတ်တိုင်မှာ လူသုံးယောက်လောက်ရောက်လာသည်နှင့် အလိုအလျောက် တန်းစီပြီးသားတဲ့။ နိုင်ငံကြီးသားတို့၏ လိပ်ပြာ၊ ကျွန်တော်တို့ဆီက ဘတ်စ်ကားမှတ်တိုင်ရှိလူများကြားသွားလျှင်လဲများသေသွားကြလေမလားမပြောတတ်။

ကျွန်တော်တို့ဆီမှာကတော့ Toll Gate များ၌ပင်လျှင် “Please Q” ဟုဆိုကာ ကားတစ်စီးချင်းတန်းစီဝင်ဖို့သတိပေးစာတန်းရေးကပ်ထားရပါသည်။ မီးပွိုင့်များ၌မူ ကိုယ့်ယာဉ်ကြောကနေ ကိုယ်မမောင်းဘဲ အခြားယာဉ်ကြောကနေလုယက်ကျော်တက်ကာ တစ်စီးလောက်ဟူသောစကားဖြင့် ရှေ့သို့တိုးရန် လုပ်ဆောင်သူများကအများအပြားဖြစ်ပါသည်။

အလုအယက်တို့၊ နိုင့်ထက်စီးနင်းတို့၊ လျင်သူစားစတမ်းတို့၊ လည်သူစားတမ်းတို့နှင့် စနစ်တကျ တန်းစီခြင်းတို့က ပြဒါးတစ်လမ်းသံတစ်လမ်းပဲ ဖြစ်ပါသည်။

ဟုတ်ပါတယ်လေ။ တိရစ္ဆာန်တွေရဲ့ သင်ရိုးညွှန်းတမ်းထဲမှာ စနစ်တကျ တန်းစီခြင်း သင်ခန်းစာပါဝင်ပုံမရပါဘူး။ ။

## ဒီချုပ်၏ ရပ်ကျေးညီလာခံများ ကျင်းပရက် ထပ်မံတိုးမြှင့်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ရပ်ကွက်/ကျေးရွာအုပ်စုညီလာခံများကို သတ်မှတ်ထားသည့်ကာလတွင် မပြီးစီးသည့်အတွက် ဒီဇင်ဘာ ၂၀ ရက်အထိ တိုးမြှင့်ပေးလိုက်ကြောင်း ဗဟိုညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူးဦးဉာဏ်ဝင်းက ပြောသည်။

“လူဦးရေများတဲ့နေရာ အခက်အခဲရှိတဲ့ နေရာတွေ သွားရေးလာရေး ခက်ခဲတဲ့ဟာတွေရှိတော့ တိုးပေးဖို့တင်ပြလာကြတယ်” ဟု ရပ်ကွက်ကျေးရွာအုပ်စု ညီလာခံများကို ရက်တိုးမြှင့်ပေးရသည့် အကြောင်းရင်းကို ၎င်းက ပြောကြားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ရပ်ကွက်/ ကျေးရွာအုပ်စု ညီလာခံများ ကျင်းပရာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်များတွင် ရာခိုင်နှုန်းတော်တော်များများ ပြီးစီးခဲ့ပြီး မြို့နယ်နှင့် ခရိုင်အဆင့် ညီလာခံများတွင်မူ ယခုကဲ့သို့ အချိန်ယူရမည်မဟုတ်ကြောင်း ဦးဉာဏ်ဝင်းက ဆိုသည်။

ကချင်ပြည်နယ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရပ်ကွက်၊ ကျေးရွာအုပ်စုညီလာခံများကို ကျင်းပရာတွင် အခက်အခဲနှင့် နယ်မြေဒေသမလုံခြုံမှုများကြောင့် အခက်အခဲရှိနေကြောင်း ကချင်ပြည်နယ် ညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ ဦးဒါရှီလဆိုင်းက ဆိုသည်။

ရပ်ကွက်၊ ကျေးရွာအုပ်စု ညီလာခံများ ကျင်းပရာတွင် အချို့နေရာများ၌ ပါတီဝင်များ အကြားပဋိပက္ခဖြစ်ပွားမှုကို ဗဟိုညီလာခံကျင်းပပြီးချိန်တွင်ပြန်လည်စစ်ဆေးသွားမည် ဖြစ်ကြောင်း ဗဟိုညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးဟံသာမြင့်က ပြောသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ပထမဆုံးအကြိမ်ညီလာခံကျင်းပနိုင်ရေးအတွက် အောက်ခြေ အဆင့်ဖြစ်သည့် ရပ်ကွက်၊ ကျေးရွာ အုပ်စုညီလာခံများကို စက်တင်ဘာလ ၁၉ ရက် နေ့စွဲဖြင့် စတင်ကျင်းပနိုင်ခဲ့ကြောင်း ကြေညာချက်ထုတ်ပြန်သည်။

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဝိုလ်ဝိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းငွေ၊ ဇာဇာနီ၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်မောင်၊ ရန်မျိုးနိုင်၊ အေးမင်းထက်၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ငွေ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# ဘဝတစ်ပါးက ဆင်းရဲနွမ်းပါးမှု သားကောင်များသို့

အာဝါသ

အခုကာလ မတိုင်မီတစ်ခေတ်တုန်းဆီက "မြန်မာပြည်မှာထမင်းငတ်ပြီး သေတဲ့လူမရှိပါဘူး" လို့ ပြောခဲ့တဲ့ အကြီးအကဲတစ်ဦးရဲ့စကားကို ကျွန်တော် ခုချိန်ထိ မှတ်မိနေဆဲပဲ။ တကယ်က ဒီစကားကို သူပြောခဲ့တဲ့အချိန်ဟာ တိုင်းပြည်မှာ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေး စနစ်တွေချို့ယွင်းအားနည်းမှုကြောင့်အဘက်ဘက်က နိမ့်ကျနေရခြင်းဖြစ်တယ်လို့ပြည်တွင်း၊ ပြည်ပက ခပ်စိပ်စိပ်ဝေဖန်နေချိန် မှာ တုံ့ပြန်ခဲ့ရတာဆိုပေမယ့် တိုင်းပြည်ရောပြည်သူလူထုအများစုပါ အမှန်တကယ် ချွတ်ခြုံကျဆင်းရဲနေတာကိုတော့ သူလုံးလုံးမသိခဲ့လို့ ဟုတ်မယ်မထင်ဘူး။ သူ့ခေတ်ကို မပြောပါနဲ့ အခုတောင် အစိုးရသစ်လက်ထက်မှာ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးဆိုတဲ့ ဦးစားပေးစီမံကိန်းကြီးကိုဇောက်ချအာရုံစိုက်နေရတာကြည့်ရင် အဲဒီတုန်းက ပြောခဲ့တဲ့ သူ့စကားဟာ "ဆင်သေကို ဆိတ်ရေနဲ့ဖုံး" တာဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် "မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာ" ဖို့ ကြိုးစားတာပဲဖြစ်လိမ့်မပေ့ါ။



အခုပဲဖြစ်ဖြစ်၊ ဟိုတုန်းကပဲဖြစ်ဖြစ်ပါ။ သူ့စကားထဲကအတိုင်း ထမင်းငတ်သေတဲ့လူမရှိဘူးဆိုတာ မှန်တယ် ထားပါဦး။ သေချာတာတစ်ခုက မြန်မာပြည်မှာ ထမင်းမငတ်ဖို့ ကြိုးစားရင်း၊ ဒါမှမဟုတ် ဆင်းရဲနိမ့်ကျမှုဒဏ်ကိုကြံ့ကြံ့ခံအန်တုရင်း တစ်နည်းမဟုတ်တစ်နည်းနည်းနဲ့ သေပွဲဝင်သွားရသူတွေ အမှန်ရှိနေတယ်ဆိုတာကိုတော့ ကန့်ဘလူ ရထားမှောက်မှုလို အဖြစ်မျိုးတွေက သက်သေပြလိုက်တာ ကျွန်တော်တို့စိစစ်ကြည့်သင့်မယ် ထင်ပါတယ်။ ကျွန်တော်ဆိုလိုတာက နိုင်ငံသားပြည်သူတွေရဲ့ "ဆင်းရဲနုံချာမှုဘဝ"ဆိုတဲ့ ခေါင်းစဉ်အောက်မှာ စားစရာဘာမှ မရှိလို့ အသက်အသေခံလိုက်ရသူကိုမှ ထမင်းငတ်သေတဲ့ လူလို့မှတ်ယူဖို့ မသင့်ဘဲ နပ်မှန်အောင် စားရဖို့အတွက် အနိုင်နိုင် ရုန်းကန်ရင်း မလျော်မကန်နည်းလမ်းတစ်ခုခုကြောင့် "ဆွမ်းခံရင်း ငှက်သင့်" ရသလို အဖြစ်မျိုးတွေပဲဖြစ်ဖြစ်၊ လူတန်းစေ့နေထိုင်စားသောက်ခွင့်မရနိုင်လို့ နောက်ဆက်တွဲပေါ်ပေါက် ကြုံတွေ့ရမြဲဖြစ်တဲ့ အနာရောဂါဘယမျိုးစုံကြောင့် ရေတိမ်နစ်ခဲ့ရရှာသူတွေပဲဖြစ်ဖြစ် ဒါတွေဟာ "အရင်းစစ်တော့ အမြစ်မြေက"ဆိုတာလို ဆင်းရဲနွမ်းပါးမှု မကောင်းဆိုးဝါးကောင်းကြီးက မွေးဖွားပေးလိုက်တဲ့ အကျိုးတရားတွေပဲ ဖြစ်တာငြင်းမရပါဘူး။

တကယ်တော့ အခုဖြစ်သွားခဲ့တဲ့ ကန့်ဘလူ နယ်ချပ်ကြီးရွာအဝင်က ရထားမှောက်မှုဖြစ်ပွားရာနေရာဟာ တောခေါင်ပြီး တောင်ထူတဲ့ နယ်စွန်နယ်ဖျားဒေသတစ်ခု မဟုတ်ပါဘဲ မြန်မာပြည်မှာ အန္တရာယ်အရှိဆုံးနဲ့ မကြာခဏဆိုသလိုရထားမတော်တဆမှုတွေ ဖြစ်ပွားတတ်သလောက် ခေတ်အဆက်ဆက် အဆင့်မီမီ တိုးတက်ပြောင်းလဲမှုတွေ ရှိလာတာလည်း မတွေ့ရတဲ့ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတစ်နေရာ ဖြစ်ပါတယ်။ စက်ခေါင်းက စုတ်၊ တွဲကညံ့၊ လမ်းကမကောင်းတဲ့အပြင် အခုဖြစ်ရပ်မှာ ဒေသခံတွေရဲ့ ဘဝအခြေအနေကို ကြည့်လိုက်ပြန်တော့ အန္တရာယ်ကိုကြိုတင်တွက်ဆနိုင်စွမ်းမရှိလောက်အောင် ဘယ်အရာတွေက ကာဆီးပြီး ဘယ်လိုအကြောင်း တရားတွေက တွန်းပို့လိုက်သလဲဆိုတာ ရင်နင့်ဖွယ် တွေ့ကြရမယ် ထင်ပါတယ်။

အခုထိ သေဆုံးသူ စုစုပေါင်းအယောက် ၆၀ ရှိသွားပြီ ဒီလို မခိုးဘူး။ လုလည်း မလုသလို တိုက်တာလည်း မဟုတ်ခဲ့ပါဘူး။ မထင်မှတ်တဲ့ ဖြစ်ရပ်တစ်ခုအတွင်း မြေပြင်ပေါ် ယိုဖိတ်ကျလာတာတွေကို "ရေအဆုံးကုန်တစ်ဝက်" ဆိုတဲ့ စကားအတိုင်း အလဟဿ ဖြစ်မယ့်အတူတူ တရားတယ်၊ လွတ်ကင်းတယ်ထင်လို့ "ဆီဖိုး၊ ဆန်ဖိုးလေးရ နည်းသလား"ဆိုပြီး ပြေးယူ၊ ပြေးစပ်၊ ပြေးကဲ့ကြတာ သူဌေးဖြစ်ကြံခဲ့တာလည်းမဟုတ်ဘူး။ တကယ်လို့သာ ဥပဒေနဲ့ ငြိစွန်းနိုင်ရင်သူတို့အနားကပ်ရဲကြမှာ မဟုတ်သလို ဒီလိုလည်း ဘယ်သေကြရပ့်ါမလဲ။ ဒါကြောင့် သူတို့တွေဟာ ရိုးသားစွာ ကံဆိုးသွားရရှာတယ်လို့ ကျွန်တော်ကတော့ ယူဆမိတယ်။ တကယ်ဆို ရထားတစ်စီးလုံး မိုင်းခွဲခံလိုက်ရတယ်ဆိုရင်တောင်မှ သက်မဲ့ပစ္စည်းပျက်စီးတာက လွဲပြီး အခုလောက်ထိ အသက်တွေဆုံးရှုံးသွားရမှာ မဟုတ်ဘူး။

ဒီအဖြစ်အပျက်မှာ တချို့တွေရဲ့ အမြင်က ကရုဏာသက်လို့ ထုတ်မပြောရက်တာသာ ရှိတယ်။ လောဘကြောင့် ဖြစ်ရတာ၊ မကြံအပ်တာ ကြံမိတော့ အသွားမတော်တစ်လှမ်းဖြစ်ရပြီပေ့ါ ဘာညာနဲ့ ဘယ်လိုပဲ အပြစ်သံနှောနေပါစေ။ အမှန်တော့ တစ်ကြောင်းက ဆင်းရဲနွမ်းပါးသလောက် ဆင်ခြင်ဉာဏ်လည်း နောက်ကျပြီး စဉ်းစားဖို့ အခွင့်မသာစေခဲ့သလို နောက်တစ်ကြောင်းကတော့ ကိုယ်တိုင် ကြုံဖူးကြမှ သိနိုင်မယ့် လူ့သဘာဝတွေနဲ့ မကင်းလွတ်ခဲ့တာလို့ ဆိုရပါမယ်။

သူဌေးဈေးဝယ်တာနဲ့ အလှူအိမ်လာတဲ့ တချို့ မျက်နှာကြီးအသိုင်းအဝိုင်းတွေရဲ့ ဓလေ့ဓရိုက်ကို တစေ့တစောင်းမြင်တွေ့ဖူးကြမှာမို့ ရှိပြီးသားလူတွေတောင် "ကြောင့်ကြ" မှု မကင်းနိုင်ကြရင် မရှိသူတွေအဖို့မှာ သဘာဝအလျောက် "တောင့်တ" တတ်တာဟာ စာနာစရာ ဖြစ်သင့်ပါတယ်။ အလားတူဖြစ်ရပ်မျိုး ဒီတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ် မဟုတ်ခဲ့သလို နိုင်ငံလုံးအတိုင်းအတာနဲ့ ဆင်းရဲနိမ့်ကျမှု စက်ကွင်းက ရုန်းမထွက်နိုင်သေးသရွေ့တော့ အနိဋ္ဌာရုံအဖြစ်ဆိုးတွေက ဖိတ်ခေါ်မြဲဖိတ်ခေါ်နေဦးမှာပဲ ဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်အောက်တိုဘာ ၂၄ ရက်ကလည်း ပခုက္ကူမြို့နယ် အပိုင်း အရာတော် ရေနံပိုက်လိုင်း ယိုစိမ့်မှုမှာ သွားရောက် ခပ်ယူခဲ့ကြတဲ့ ရွာသားတွေဟာ အန္တရာယ်ကို ကြိုမမြင်နိုင်ခဲ့ကြလို့ ၉၆ ဦး မီးလောင်သေဆုံးပြီး အခြားအများအပြားလည်း ဒဏ်ရာရလိုက်သေးတာမို့ ဒါတွေဟာ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံကြရတာ မှန်ပေမယ့် မြို့ပြက အလုပ်အကိုင်ရှားပါးမှုဂယက်ကြောင့် နှစ်လုံး၊ သုံးလုံးအပါအဝင် ရရာ လုပ်စားနေကြသူတွေနဲ့ နှိုင်းစာရင် ဥပဒေချိုးဖောက်ကျူးလွန်တယ်လို့ ပြောနိုင်မယ် မထင်ပါဘူး။ ဒီတုန်းကလည်း ဆင်ခြင်ဉာဏ်နည်းပါးခဲ့တဲ့ ကံဆိုးသူ ရွာသားတွေဟာ ဆင်းရဲနွမ်းပါးမှုရဲ့သားကောင်ဘဝနဲ့ အစုလိုက်အပြုံလိုက်သေပွဲဝင်သွားကြရှာတယ်။

တကယ်တော့ လောကနီတိလာဩဝါဒအလိုအရ လောကမှာ မင်းပြစ်မင်းဒဏ်သင့်နေရသူတွေ ကြွေးမြီဝန်ထုပ်ဝန်ပိုးကြောင့် နာလန်မထူနိုင် ဖြစ်နေသူတွေနဲ့ ရောဂါဘယဖိစီးနှိပ်စက်မှုကြောင့် ဝေဒနာ ခံစားနေကြရသူတွေဆိုတာ ရှင်လျက်က သေဆုံးနေတာနဲ့ ဘာမှ မခြားဘူးလို့ဆိုတာမို့ နိုင်ငံတွင်းက ချွတ်ခြုံကျဆင်းရဲမွဲတေနေသူတွေရဲ့ ဘဝဟာလည်း ရှင်လျက်နဲ့ သေနေသူတွေသာ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

ဒီနေရာမှာ အစိုးရပြည်သူ့ဆေးရုံသတင်းရပ်ကွက်တွေရဲ့ ပွဲတင်သံလို့ ပြောရမယ့် ရေပန်းအစားဆုံး စကားတစ်ခွန်းဟာ စဉ်းစားဆင်ခြင်ဖွယ် ကောင်းနေတာတွေ့ရပါတယ်။ အဲဒါက "ငွေမရှိရင် အသေခံရတော့မယ့်ဘဝ" ဆိုတာပါ။ ဟုတ်ပါတယ်။ တတ်နိုင်သူတွေအတွက် အသက်ဆက်လို့ရတဲ့ ပုဂ္ဂလိက ဆေးရုံကြီးတွေ မြန်မာပြည်မှာ လက်ညှိုးထိုးမလွဲရှိနေသလောက် ဆင်းရဲသားတွေအဖို့ကတော့ ဖြစ်လာရင် ရောဂါအကြီး၊ အသေးကိုလိုက်ပြီး ရှင်ခွင့်မသေချာလှတာ ကိုယ်တွေ့ကြုံဖူးသူတိုင်းရဲ့ ဗျာပါဒတစ်ခုပဲ ဖြစ်ပါတယ်။

အခု လတ်တလောတွေမှာ အစိုးရသစ်က ဖော်ဆောင်နေတဲ့ ဆင်းရဲနွမ်းပါးမှု ကပ်ဆိုးကြီးကို ဘယ်တော့လောက် အောင်အောင်မြင်မြင် တိုက်ဖျက်နိုင်မယ်ဆိုတာ မခန့်မှန်းနိုင်ပေမယ့် ရန်ကုန်မြို့တစ်မြို့တည်းမှာတင် အိမ်ပိုင်ရာပိုင်လည်း မရှိ၊ အိမ်လခလည်း မတတ်နိုင်တဲ့ အခြေအနေမဲ့ ကျူးကျော်နေထိုင်သူပေါင်းက ဆယ့်နှစ်သိန်းကျော်နဲ့ မြို့လယ်ခေါင်က လမ်းဘေးဈေးသည် အရေအတွက်ဆိုလည်း သုံးသောင်းက ငါးသောင်းကြား ရှိမယ်လို့ သတင်းတစ်ပုဒ်က ဆိုတာမို့ နယ်စွန်နယ်ဖျားက မဖွံ့ဖြိုးသေးတဲ့ ဒေသသားတွေအနေနဲ့ ဖြေသာစရာတောင် ကြံဖန်ကောင်းနေမလားလို့ အတွေးပွားမိတယ်။

တစ်ခါ ခေတ်သစ်ကျွန်ပြုခံရခြင်းလို့ ဖွင့်ဆိုကင်ပွန်းတပ်နေကြတဲ့ လူကုန်ကူးမှု ပစ်မှတ်နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံဟာ ဒေသတွင်းမှာ စိုးရိမ်ဖွယ်ရာ အခြေအနေအဖြစ် ပါဝင်နေတာမို့ ဒါဟာလည်း အခုထိဆိုရင်တောင် ဆင်းရဲနွမ်းပါးမှုထောင်ချောက်မှာ ဘယ်နှယောက် ဘဝပျက်ခဲ့ပြီးပြီလဲဆိုတာ စဉ်းစားရင်းက ဆက်ပြီး ရင်လေးနေရဦးမယ့် အဖြစ်တွေပါ။ ဒီလိုပြောရခြင်းအကြောင်းက ကမ္ဘာတစ်ဝန်းလုံးမှာ ၂၀ ဒသမ ၉ သန်းသော လူကုန်ကူးခံသားကောင်တွေထဲက ထက်ဝက်ကျော်ဟာ မြန်မာနိုင်ငံအပါအဝင် အာရှနဲ့ ပစိဖိတ်ဒေသက ဖြစ်တယ်လို့ ရန်ကုန်မှာ ပြုလုပ်တဲ့ နိုဝင်ဘာ ၁၆ ရက် အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းအရ သိရတာကြောင့်ပါ။

စာ(၃၅) သို့

Business 7DAY NEWS JOURNAL
Vol.11, No.39 ▪ DECEMBER 6 , 2012

# အဆင့်နိမ့်ကျောက်စိမ်း ရောင်းပွဲအပြီး ကျောက်မျက်အချောထည်လုပ်ငန်းများ ပြန်ကောင်းရန် မျှော်လင့်

**မောင်တာ**

**မန္တလေး၊ ဒီဇင်ဘာ - ၁**

မြန်မာကျပ်ငွေဖြင့် အဆင့်နိမ့်ကျောက်စိမ်း အသားကျောက်ရောင်းချပွဲကို ယခုလအတွင်း နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ ယင်းပြပွဲအပြီး ကုန်ကြမ်းရှားကာ လုပ်ငန်းတွင်ကျယ်မှု နည်းနေသော ပြည်တွင်းကျောက်စိမ်းအချောထည်လုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ကျောက်စိမ်းအချောထည်ထုတ် လုပ်ငန်းအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာ အချောထည်ဈေးကွက် အဖွံ့ဖြိုးဆုံးဖြစ်သည့်

**စာမျက်နှာ(၃၄)သို့ »**



မန္တလေးမြို့မကျောင်းဝိုင်းကို တွေ့ရစဉ် ဓာတ်ပုံ - စိုင်းသာအောင်

# မြန်မာ့ရုပ်ရှင်ဈေးကွက် နိမ့်ပါးလာရခြင်းအကြောင်းရင်းကို ဖော်ထုတ်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၁**

မြန်မာ့ရုပ်ရှင်လောကတွင် ကျွမ်းကျင်သည့်ပရော်ဖက်ရှင်နယ်လုပ်သားရှားပါးခြင်း၊ ဇာတ်ကားဖန်တီးရာတွင် ပါဝင်ပတ်သက်သည့်အနုပညာရှင်၊အတတ်ပညာရှင် တစ်ဦးချင်းစီတွင် တိကျသေချာသော လုပ်ငန်းစဉ်မရှိခြင်းတို့ကြောင့် ဈေးကွက်ကျဆင်းရခြင်းဖြစ်ကြောင်း ဒေါ်ဆွေဇင်ထိုက်က ဒီဇင်ဘာ ၁ ရက်တွင် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားသည်။

မြန်မာ့ရုပ်ရှင်လောကတွင် ၁၉၅၀ ကျော်မှ ၁၉၆၀ ခုနှစ်ထိသာ စတူဒီယိုများတည်ဆောက်ရိုက်ကူးသည့်စနစ်အောက်၌ လှုပ်ရှားခဲ့ပြီး သရုပ်ဆောင်နှင့် ဒါရိုက်တာများကိုလည်း လခစားစနစ်ဖြင့် ငှားရမ်းရိုက်ကူးခဲ့သည်။ သို့သော် ၁၉၆၂ ခုနှစ် နောက်ပိုင်း ဖလင်ဝယ်ယူခွင့်ကို အစိုးရက ကန့်သတ်လိုက်သည့်အတွက်ယင်းစနစ်များရပ်တန့်သွားခြင်းနှင့် အတူ မြန်မာ့ရုပ်ရှင်လောကတွင်လည်း ဆင်ဆာစနစ်တင်းကျပ်ခြင်း၊ အစိုးရ၏ ဝါဒဖြန့်ရုပ်ရှင်များရိုက်ကူးခဲ့ရခြင်းတို့ကြောင့် ရွှေခေတ်ဖြစ်ခဲ့သည့် မြန်မာ့ရုပ်ရှင်မှာ ယနေ့ကာလထိ မှေးမှိန်နေခဲ့ရကြောင်း သရုပ်ဆောင်ဒါရိုက်တာ ဇာဂနာက မြန်မာ့ရုပ်ရှင်သမိုင်းကြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားချက်များတွင် ပါရှိသည်။

“ဗီဒီယိုကား တစ်ကားကို တစ်ပတ်အတွင်း ပြီးအောင်ရိုက်နေတော့ ပါဝင်တဲ့သရုပ်ဆောင်၊ ဒါရိုက်တာတွေဟာ Production အဆင့်မှာပဲ ပါဝင်ပတ်သက်နေကြတယ်။ Pre (ကြိုတင်ပြင်ဆင်မှု) နဲ့ Post Production (ဖြန့်ချိပြသမှုပိုင်း)ကို ဘယ်သူမှအာရုံမစိုက်ကြတော့ဘူး။ အားလုံးဟာ ပိုက်ဆံရဖို့တစ်ခုတည်းကိုဦးတည်ပြီးလုပ်နေကြသလို Contract (အနုပညာကြေး)တွေကလည်း အရမ်းမြင့်နေတယ်။ ဒါတွေကို ထိန်းချုပ်နိုင်ဖို့အတွက် ကျွန်မတို့နိုင်ငံမှာ Training School တွေ အများကြီးလိုပါတယ်” ဟု ဒေါ်ဆွေဇင်ထိုက်ကဆွေးနွေးပြောကြားသည်။ ထို့ပြင် ပါဝင်သည့် စက်မှုပိုင်းဆိုင်ရာ ပညာရှင်များနှင့်အဖွဲ့သားများမှာလည်းလုပ်ငန်းဗဟုသုတမရှိဘဲ မိမိဖြတ်သန်းခဲ့သည့်လုပ်ငန်းအတွေ့အကြုံများဖြင့်သာပြုလုပ်နေရပြီး ဒါရိုက်တာ၊ မင်းသားမင်းသမီးများ၏ စကားကိုသာနားထောင်ပြီး ပြုလုပ်နေရကြောင်း၊ ဇာတ်ကားတစ်ကားကိုနိုင်ငံတကာအဆင့်မီဖြစ်စေရန် ဇာတ်လမ်းဇာတ်ညွှန်းကြိုတင်ပြင်ဆင်မှု၊ Story Board စသည့်တို့မရှိဘဲ ရိုက်ကူးနေခြင်းကြောင့် မြန်မာဇာတ်ကားများ၏ အရည်အသွေးများ ကျဆင်းနေရခြင်းဖြစ်

**စာမျက်နှာ(၃၄)သို့ »**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၄၇ | ၈၅၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၄၇ | ၈၅၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၁ | ၇၀၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၄ | ၁၁၁၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၃ | ၂၇. ၃၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၂ | ၁၃၄ | ကျပ် |

၂၀၁၂ ဒီဇင်ဘာ ၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၀၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၄၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၆၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၂၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၀၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၁. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၆၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၉၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၇၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၈၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၉၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၃၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၈၆၁၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၁၂. ၇၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၂၃ |
| ငွေ | ၁ အောင်စ | ၃၃. ၂၈ |
| ကြေးနီ | ပေါင် | ၃၆၅. ၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၅၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဒီဇင်ဘာ ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



Hot Line – ၀၉-၄၃၀.၂၂၂.၂၅ ၀၉-၉၁.၀၀၀.၇၅၃၊ ၀၉-၅၅-၂၂-၁၂၃ ၊ ၀၉-၇၃၀.၁၇၀.၇၃၊ ၀၉-၅၀၂.၁၁.၄၄

စာမျက်နှာ(၃၃)မှ

## အဆင့်နိမ့်ကျောက်စိမ်း ရောင်းပွဲအပြီး ကျောက်မျက်အချောထည်လုပ်ငန်းများ ပြန်ကောင်းရန် မျှော်လင့်


မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ ကျောက်စိမ်းအချောထည် ထုတ်လုပ်ငန်းများတွင် အချောထည် ထုတ်ရန် ကျောက်စိမ်းကုန်ကြမ်း ရှားပါးမှု ကြုံတွေ့နေရသည်။ ထို့အပြင် မန္တလေးကျောက်ဝိုင်းတွင် ဖြတ်ခုံသမားများ၊ အချပ်၊ လက်ကောက်သမားများ လုပ်ငန်းရပ်နားထားရမှုများ ရှိနေပြီး အချောထည်ပစ္စည်းသစ်ထွက်ရှိမှုနည်း၍ တရုတ်ဝယ်လက် ရှားပါးကာ အရောင်းအဝယ်အေးနေကြောင်း မန္တလေးကျောက်ဝိုင်းလုပ်ငန်းလုပ်ကိုင်နေသူများထံမှ သတင်းရရှိသည်။

"ဒီပြပွဲက ပြည်တွင်းအချောထည်ထုတ်လုပ်ငန်းသမားတွေက တောင်းဆိုလို့ သတ္တုတွင်းက လုပ်ပေးတာဆိုတော့ မန္တလေးက အချောထည်သမားတွေကတော့ သွားကြမှာ" ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြောသည်။

ယခုနှစ်တွင်နှစ်လယ်ကျောက်မျက်ပြပွဲ ပြုလုပ်နိုင်ခြင်းမရှိ၍ ပြည်တွင်းကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ငန်းများ တွက်ရည်ရွယ်ကာ မြန်မာကျပ်ငွေဖြင့် အဆင့်နိမ့်ကျောက်စိမ်း အသား ကျောက်ရောင်းချပွဲကို သတ္တုတွင်း ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာကျောက်ရတနာပြပွဲဗဟိုကော်မတီမှ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိကျင်းပပြုလုပ်မည်ဖြစ်သည်။

မန္တလေးမြို့မှ ကျောက်မျက်ကုမ္ပဏီကြီးများမှာ ပြပွဲတွင် ကျောက်စိမ်းတွဲများ တင်ပြရောင်းချကြမည်ဖြစ်သလို မန္တလေးကျောက်ဝိုင်းမှ ပုတီး၊ လက်ကောက်၊ အချပ်သမားများမှလည်း ပြပွဲမှ ကျောက်စိမ်းများဝယ်ယူကြမည်ဖြစ်ကြောင်းမန္တလေးကျောက်ဝိုင်းလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။

"လက်ကောက်အတွက် အဓိကထားပြီး သွားဝယ်မယ်။ အဲဒီထဲကမှ အပွင့်ပါရင်လည်း ကြည့်ဝယ်ရမှာပဲ" ဟုမန္တလေးကျောက်ဝိုင်းမှ ကျောက်ကုန်သည်တစ်ဦးကပြောသည်။




## နိုင်ငံတကာ မွေးမြူရေးနှင့် ရေလုပ်ငန်းပြပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁**

ပထမအကြိမ် နိုင်ငံတကာမွေးမြူရေးနှင့်ရေလုပ်ငန်းပြပွဲအားမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဗီယက်နမ်နိုင်ငံ (ILDEX) ကုမ္ပဏီတို့ပူးပေါင်းကာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံတွင် ဒီဇင်ဘာ ၇ နှင့် ၈ ရက်တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတကာမှ ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ ပြခန်းပေါင်း(၄၁) ခန်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါး၊ စက်ကိရိယာများ ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲနေတဲ့ နိုင်ငံတော်ရေး၊ စီးပွားရေးစနစ်များအပေါ်မှာ အခြေခံပြီး မြန်မာနိုင်ငံရဲ့ သားငါးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ချက်နဲ့ ပထမဆုံးအကြိမ် ပြပွဲလုပ်တာပါ။ နောင်ကိုလည်း ဆက်လက်လုပ်ဆောင်သွားပါဦးမယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ထိုသို့ပြပွဲများပြသနေစဉ်အတွင်း နိုင်ငံတကာမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပညာရှင်များက စာတမ်းများ ဖတ်ကြားခြင်းနှင့် ဆွေးနွေးဟောပြောပွဲများကိုပါ ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာမျက်နှာ(၃၃)မှ

## မြန်မာ့ရုပ်ရှင် ဈေးကွက်နိမ့်ပါးလာရခြင်းအကြောင်းရင်း ဖော်ထုတ်

ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ပရိုဂျူဆာဆိုတာ ငွေထုတ်ပေးရုံပဲ။ ရှူတင်မန်နေဂျာက ဇာတ်ကားတစ်ကားလုံးအတွက် အခရာလိုဖြစ်နေတယ်။ ဒါရိုက်တာကလည်း သူ့ရပိုင်ခွင့် ၂၀ ရာခိုင်နှုန်းယူပြီး ကျန်တာကိုမင်းသား၊ မင်းသမီးခွဲပေးပြီးမှ စက်အဖွဲ့သားတွေကိုအဆင်ပြေသလို ငှားရမ်းအသုံးပြုနေတော့ ဇာတ်ကားရိုက်ကူးမှုဟာ လုံးဝစနစ်တကျ မရှိဘူး။ မရိုက်ခင် စည်းဝေးဆွေးနွေးတာလည်းမရှိဘူး။ ဒါတွေဟာ Post Production မှာ ပြဿနာသွားတက်နေတယ်" ဟု ဒေါ်ဆွေဇင်ထိုက်က ထောက်ပြဆွေးနွေးခဲ့သည်။

မြန်မာရုပ်ရှင်ဇာတ်ကားများအတွက် ရိုက်ကူးရန် စတူဒီယိုများ မရှိခြင်း၊ နိုင်ငံတကာတွင် အသုံးပြုနေသော Sound Designer များဖြင့် အသံစနစ်ဖန်တီးနိုင်မှု မရှိခြင်း၊ Data Entry စနစ် မရှိခြင်း၊ ဒစ်ဂျစ်တယ်စနစ်ပုံစံဖြင့် ရိုက်ကူးမှု မပြုလုပ်နိုင်သေးခြင်း၊ ရုပ်ရှင်လုပ်ငန်းရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်ရန် ရုပ်ရှင်ရုံများ လုံလောက်စွာမရှိခြင်း၊ ရုပ်ရှင်လုပ်ငန်းနှင့် ပါဝင်ပတ်သက်သည့်လူတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်ရှင်းလင်းမှုမရှိခြင်းတို့မှာ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရန် အကြီးမားဆုံး အခက်အခဲများဖြစ်နေကြောင်း ဒေါ်ဆွေဇင်ထိုက်က ၎င်း၏ ဆွေးနွေးချက်များတွင် ထည့်သွင်းပြောကြားထားသည်။

"ကျွန်မတို့နိုင်ငံရဲ့ယဉ်ကျေးမှု၊ သဘာဝပထဝီအနေအထား၊ စီးပွားရေးနဲ့ အုပ်ချုပ်ရေးပိုင်း ဒီလေးခုက ရုပ်ရှင်လုပ်ငန်းအတွက် ကြီးမားတဲ့ အခက်အခဲတွေပဲ" ဟု ၎င်းက ပြောသည်။

**TRADEMARK CAUTION**

Albatros Travel A/S a company incorporated in Denmark at **Dronninggårds Alle 64, 2840 Holte Denmark** is the Owner and Sole Proprietor of the following Trademark:

BAGAN TEMPLE MARATHON MYANMAR

**Reg : No. 4/13001/2012**

In respect of : "Int'l **class 35 - Advertising, retail services with clothing, headgear, footwear, bags, sport bags and with sport equipment.**

In respect of : "Int'l **class 39 - Transport, travel agency, travel arrangement.**

In respect of : "Int'l **class 41 - Education and entertainment, sporting activities, including organization and conducting of runs, races and competitions, cultural activities.**


Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990    6.Dec.2012

7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# Commodity Watch

## ရွှေဈေးကွက် အေးစက်



သိမ့်သိမ့်စိုး

ရန်ကုန်၊ဒီဇင်ဘာ-၁

ရွှေဈေး အတက်အကျများပြီး အပိုင်းဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သူနည်းနေသဖြင့် ဈေးကွက်အေးနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဈေးတွေက ပြန်ကျလာပေမယ့် အရောင်းအဝယ်က အေးနေတယ်။ အပိုင်းမှာဆို ရောင်းတဲ့သူရော၊ ဝယ်တဲ့သူရော နည်းနေတယ်။ အရောင်းအဝယ် သိပ်မလုပ်ကြဘူး။ ဖြတ်စမှာလည်း အရင်ထက်စာရင် ဈေးကွက်အေးလာတယ်" ဟု အောင်သမာဓိရွှေဆိုင်မှ ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁,၇၅၀ ဒေါ်လာဝန်းကျင်မှ တစ်ဖြည်းဖြည်း ပြန်လည်ကျဆင်းလာရာ ၁,၇၁၄ ဒေါ်လာအထိ ပြန်လည်ရောက်ရှိလာခဲ့သဖြင့်ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင်၇၈၀,၀၀၀ကျပ်ဝန်းကျင်မှ ၇၇၆,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ကျဆင်းလာသည်။

"အသင်းရုံးဘက်မှာ လုပ်တဲ့ အရောင်းအဝယ်က တရုတ်က မဆွဲတော့ ခပ်အေးအေးပဲ။ ဈေးအတက်အကျရှိပေမယ့် အရောင်းအဝယ် သိပ်မလုပ်ကြဘူး။ အရပ်ဘက်ကလည်း ပြန်ရောင်းတဲ့သူမရှိတော့ ဈေးကွက်က အေးနေတယ်" ဟု အပိုင်းဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်နေသူတစ်ဦးက ပြောသည်။

မြန်မာ့ရွှေဈေးနှုန်း အတက်အကျသည်ကမ္ဘာ့ရွှေဈေး အတက်အကျပေါ် မူတည်ပြောင်းလဲနေပြီး ဈေးနှုန်း အတက်အကျမှာလည်း ခန့်မှန်းရခက်နေသဖြင့် ရွှေဝယ်ယူစုဆောင်းသူမရှိသေးဘဲ ဈေးကွက်စောင့်ကြည့်သူများနေသည့် အနေအထားဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

အထည်ဈေးကွက်တွင် မူ ဈေးအတက်အကျကြောင့် ဈေးကွက်ပြောင်းလဲမှု မရှိဘဲ ဝယ်လိုအားကောင်းနေဆဲဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောကြားသည်။

## စာ(၃၂)ဘဝတစ်ပါးက ဆင်းရဲနွမ်းပါးမှု သားကောင်များသို့ မှ

မှတ်သားဖူးခဲ့သမျှ အတိုင်းဆို ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပွားစေတဲ့ အရင်းခံအကြောင်းတွေထဲမှာ နိုင်ငံတွင်း ညီညွတ်ငြိမ်းချမ်းမှု မရှိတာ (Unity and Peace)၊ ရေမြေသယံဇာတရှားပါးတာ (Natural Resourcer)၊ ပညာရေးအဆင့်အတန်းနိမ့်ကျတာ (Tower Education)၊ သဘာဝဘေးအန္တရာယ်တွေ နှိပ်စက်ခံရတာ (Disaster)၊ ဆွေမျိုးအသိုင်းအဝိုင်း ကောင်းစားရေးဝါဒ ထွန်းကားနေတာ (Cronyism)၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ် (Good Governance) ကင်းမဲ့တာ၊ အကျင့်ပျက်လာဘ်စားမှုထူပြောတာ (Corruption) နဲ့ စတဲ့အချက်တွေ ပါဝင်တယ်လို့ ဆိုတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ နိုင်ငံရဲ့ မျက်မှောက်ပကတိ အခြေအနေတွေ ကို ဆန်းစစ်ကြည့်တော့ အထက်ပါ အချက်အလက်အများစုရဲ့ နှောင့်ယှက်ခြိမ်းခြောက်နေမှုက ကင်းဝေးသွားပြီလို့ အရှင်းမဆိုနိုင်သေးတာမို့ အခြေခံ လူတန်းစား ဆင်းရဲသားထုကြီးရဲ့ ပြုံးပျော်မော်ကြွားနိုင်ခွင့် မျှော်လင့်ချက်တွေဟာလည်း ခပ်ရေးရေးအဆင့်မှာသာ ရှိနေပါလိမ့်ဦးမယ်။

တစ်ဖက်မှာ ဆင်းရဲနွမ်းပါး မှုလျှော့ချရေးစီမံချက်ရဲ့ ဒုတိယအဆင့်ခြေလှမ်းတွေ စတင်နေပြီလို့ သမ္မတကြီးပြောခဲ့တဲ့ စကားနဲ့ လာမယ့်နှစ်တွေမှာ မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၂၅ ထိ ရှိလာနိုင်တယ်ဆိုတဲ့ အိုင်အမ်အက်ဖ်ရဲ့ ခန့်မှန်းတွက်ချက်မှုတွေကြောင့် အလွန်အင်မတန် အားတက်ရပေမယ့်လည်း ကံမကောင်းအကြောင်းမလှခဲ့တဲ့ သွားလေသူ ဆင်းရဲနွမ်းပါးမှု သားကောင်ညီအစ်ကိုမောင်နှမပေါင်းတို့ ကောင်းရာသုဂတိ ရောက်စေလို့ အခါခါဆုတောင်းပေးရုံမှတစ်ပါး ဘာများတတ်နိုင်ဦးမလဲလို့ အဖြေရှာကြည့်နေမိပါတယ် ။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 318,000 |
| Galaxy S3 | 430,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 300,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Neo L | 183,000 |
| Xperia Sola | 193,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 980,000 |
| iPhone 5 (32 GB) | 890,000 |
| iPhone 4S (64 GB) | 690,000 |
| iPhone 4S (32 GB) | 645,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 112,000 |
| C 8810 | 97,000 |
| U 8661 | 80,000 |
| T 8600 | 80,000 |
| T 8830 | 116,000 |
| U 8836 D | 172,000 |
| U 8825 D | 120,000 |
| U 8950 D | 170,000 |
| Ascend P1 | 274,000 |

နိုဝင်ဘာ(၃၀) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 200,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၃၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၃ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၃၀)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၄၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၃၀၀-၁,၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၅,၅၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃၅,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |

နိုဝင်ဘာ(၃၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane | Premier |
|---|---|---|---|---|
| Nov(25) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(26) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(27) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(28) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(29) | 3,650 | 3,950 | 4,000 | 4,000 |
| Nov(30) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(1) | 3,650 | 3,950 | 4,000 | 4,000 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3-2370M, 4GB DDR3,500 HDD,1GB VGA,HD,14" | 485,000 |
| Intel Core i3-M330, 2GB DDR3,500 HDD, 11.6" | 418,500 |
| Intel Core i3 2310M, 4GB DDR3,500 HDD,13" | 404,000 |
| Intel Pentium B970, 2GB DDR3,500 HDD, 14" | 370,000 |
| **Asus** | |
| Intel B830, 4GB DDR3, 500HDD,14" | 352,000 |
| Intel B970, 4GB DDR3, 500HDD, HD, 14" | 397,000 |
| Intel Core i3 250M, 4GB DDR3, 500 HDD,HD, 14" | 455,000 |
| Intel B830, 2GB DDR3, 500 HDD,HD, 15.6" | 360,000 |
| **HP** | |
| Intel N2800, 2GB DDR3, 320 HDD, HD,10.1" | 250,000 |
| Intel B987, 2GB DDR3, 320 HDD,HD,11.6" | 251,000 |
| Intel Core i5 3317M, 6GB DDR3, 500 HDD, HD, 14" | 755,000 |
| Intel Core i5 3210M, 4GB DDR3, 750 HDD, HD, 14" | 645,000 |

7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ရှုန်းကန်နေရသော ဂျပန်စီးပွားရေး

**ကြည်နေဝင်းမင်း**

လောလောဆယ်တွင် ကမ္ဘာ့မီဒီယာအများစုမှာ တရုတ်ခေါင်းဆောင်သစ်အဖွဲ့၊ အမေရိကန်နိုင်ငံဘဏ္ဍာရေးကျောက်ဆောင်စွန်းမှ ပြုတ်ကျမည့် အန္တရာယ်နှင့် ယူရိုဇုန်မှ နောက်ဆုံးထွက်ပေါ်လာသည့်စိတ်မသက်သာစရာသတင်းများကို တမ်းတမ်းစွဲဖြစ်နေကြသည်။ သို့သော် တကယ် နားကြီး၊ မျက်စိကြီးများကမူ နောက်ထပ်ကမ္ဘာလုံးဆိုင်ရာဘေးဒုက္ခကို ဖိတ်ခေါ်နေဖွယ်ရှိသော ဂျပန်နိုင်ငံကို အာရုံစိုက်နေကြသည်။

ယခုနောက်ဆုံးသုံးလပတ်တွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းစုစုပေါင်း ထုတ်ကုန်တန်ဖိုး (GDP) မှာသုည ဒသမ ၉ ရာခိုင်နှုန်း ကျုံ့သွားခဲ့ပြီး စက်မှုထုတ်ကုန်လုပ်မှုမှာလည်း ၈ ရာခိုင်နှုန်းကျဆင်းသွား သည်။ နိုင်ငံ၏ ထိပ်သီးမော်တော်ယာဉ်ထုတ်လုပ်သူတိုယိုတာကလည်း ပုံမှန်လိုလိုဖြစ်လာသောကားများ အစုလိုက်အပြုံလိုက်သိမ်းဆည်း ပြင်ဆင်ပေးရမည့် နောက်ဆုံးအ စီအစဉ်တစ်ခုကို ကြေညာခဲ့ သည်။

ထို့အပြင် ဂျပန်နိုင်ငံ၏ ထိပ်သီးအီလက်ထရွန်နစ် ကုမ္ပဏီကြီးများ၏ လုပ်ငန်းများမှာလည်း ယိမ်းယိုင်လာနေသည်။ Sharp ကုမ္ပဏီက ယခုနှစ်အတွက်ကန်ဒေါ်လာငါးဘီလီယံအရှုံးပေါ်မည်ဟု ဟောကိန်းထုတ်ထားသည်။ Panasonic က အလုပ်နေရာပေါင်း ၁၀,၀၀၀ လျှော့ချ မည်ဖြစ်ကာ Sony ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းများမှာ နှစ်ပေါင်း ၃၀ အတွင်းတန်ဖိုး အနည်းဆုံးဖြစ်နေပြီး ငွေကြေးရင်းနှီးမြှုပ်နှံမှုအသစ်ကန်ဒေါ်လာနှစ်ဘီလီယံရရှိရေး မနည်းရှာဖွေနေရသည်။

ယင်းပြဿနာအချို့မှာ တရုတ်နိုင်ငံနှင့် ဂျပန်ကြားဖြစ်ပေါ်လာသည့် အခက်အခဲများကြောင့်ဟု ဆိုနိုင်ပါသည်။ (တရုတ်နှင့် ဂျပန်ကြားတွင် ဆင်ကာကူကျွန်းများအရေးအငြင်းပွားရာမှ တရုတ်၌ ဂျပန်ကုန်ပစ္စည်းများအပေါ် သပိတ်မှောက်မှုဖြစ်ပေါ်ခဲ့သည်။) သို့သော် ဂျပန်စီးပွားရေးအကျပ်အတည်း၏ အခြေခံအကြောင်းအရင်းများမှာ ထို့ထက်ပို၍နက်ရှိုင်းပါသည်။

ဂျပန်နိုင်ငံမှာ ကမ္ဘာပေါ်တွင် ကြွေးအထူဆုံး နိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်ကြွေးမြီမှာ နိုင်ငံ့ဂျီဒီပီ၏ ၂၂၅ ရာခိုင်နှုန်းအထိရှိသည်။ ယခုနှစ်ဘတ်ဂျက်လိုငွေမှာ အနည်းဆုံးကန်ဒေါ်လာ ၄၈၀ ဘီလီယံရှိပါလိမ့်မည်။ အတိုးနှုန်းများ သုညရာခိုင်နှုန်း နီးပါးရှိနေသော်လည်း ဂျပန်နိုင်ငံသား ငွေကြေးစုဆောင်းသူများက သစ္စာရှိရှိဝယ်ယူနေသောကြောင့် ဂျပန်မှာ ၎င်း၏တောင်လိုပုံနေသော ကြွေးမြီကိုပံ့ပိုးပေးနိုင်ခြင်းဖြစ်သည်။

သို့သော် ဂျပန်နိုင်ငံသားများအနေဖြင့် မည်မျှကြာကြာတောင့်ခံနိုင်မည်နည်း။ ဂျပန်နိုင်ငံသားများမှာကမ္ဘာပေါ်တွင်အချွေတာဆုံး၊ ငွေကြေးစုဆောင်းမှုအ များဆုံးပြည်သူများဖြစ်သည်။ သို့သော်လည်းလွန်ခဲ့သောငါးနှစ်အတွင်း အိမ်ထောင်စုများ၏ စုဆောင်းနိုင်မှုမှာ ၎င်းတို့ သုံးစွဲနိုင်သော ငွေအင်အား၏ နှစ်ရာခိုင်နှုန်းအောက်ရောက်လာသည်။ ယင်းမှာ ငွေကြေးစုဆောင်းနိုင်မှုနည်းပါးသည်ဆိုသော အမေရိကန်၏ ထက်ဝက်ခန့်လျော့နည်းနေခြင်းဖြစ်သည်။

အစဉ်အလာအားဖြင့် ဂျပန်နိုင်ငံက ၎င်း၏ကြွေးမြီများကိုပံ့ပိုးပေးနိုင်သည့် အဓိကအကြောင်းရင်းမှာ ၎င်း၏ခိုင်မာသော နိုင်ငံခြားတင်ပို့မှု ယန္တရားမှ ရရှိသည့် ကုန်သွယ်ရေး ပိုငွေအမြောက်အမြားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှရရှိသာ အတိုးများကြောင့်ဖြစ်သည်။ သို့သော် ယင်းငွေကြေးစီးဆင်းရာ အရင်းအမြစ်များမှာ ခန်းခြောက်လာနေပါသည်။

ကုန်သွယ်ရေးလိုငွေပြမှုများမှာ ဂျပန်အီလက်ထရွန်နစ်ကုမ္ပဏီကြီးများ အားနည်းလာမှုကြောင့် လျော့ပါးလာခဲ့သည်။ ယင်းမှာ ယမန်နှစ် ဆူနာမီနှင့် နောက်ဆက်တွဲနျူကလီးယား အကျပ်အတည်းများ၏ ရိုက်ခတ်မှုကြောင့် ပိုဆိုးခဲ့ရသည်။ နျူကလီးယားဓာတ်အားပေးစက်ရုံများကို ပိတ်လိုက်ရသဖြင့် ဂျပန်နိုင်ငံမှာနိုင်ငံခြားမှနေ၍ တစ်လလျှင် ရေနံနှင့်ဓာတ်ငွေ့ကန်ဒေါ်လာငါးဘီလီယံဖိုး တင်သွင်းနေရသည်။

ထို့အတွက်ကြောင့် ယခုဆိုလျှင် ဂျပန်နိုင်ငံမှာ ကုန်သွယ်ရေးလိုငွေပြမှုနှင့် ရင်ဆိုင်နေရသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်ပထမနှစ်ဝက်အတွင်း ဂျပန်နိုင်ငံမှာ ကုန်သွယ်ရေးလိုငွေ ကန်ဒေါ်လာ ၄၀ ဒသမ ၆ ဘီလီယံပြသခဲ့ပြီး ယင်းမှာ ယမန်နှစ်ကထက် ၉၀ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကာ ဘဏ္ဍာရေးဝန်ကြီးဌာနက စတင်မှတ်တမ်းတင်ခဲ့သော ၁၉၇၉ ခုနှစ်နောက်ပိုင်း အများဆုံးပမာဏလည်းဖြစ်သည်။ စက်တင်ဘာလတစ်လတည်းမှာပင် ဘတ်ဂျက်လိုငွေကန်ဒေါ်လာ ခုနစ်ဘီလီယံနှင့် သုံးလပတ်ဆက်တိုက် မင်နီပြခြင်းဖြစ်သည်။

ထို့အတွက် ဂျပန်နိုင်ငံသည် ရှေ့အနာဂတ်ကာလတွင် ၎င်း ၏ ဘတ်ဂျက်လိုငွေများနှင့် ကြွေးမြီများအတွက် မည်သို့မည်ပုံ ဘဏ္ဍာရေးပံ့ပိုးမှုလုပ်ဆောင်မည်နည်းဆိုသော မေးခွန်းထွက်လာပါသည်။

အတိုးနှုန်းများကို မြှင့်တင်နိုင်ပါသည်။ သို့သော် ယင်းမှာ ဘတ်ဂျက်လိုငွေအားပံ့ပိုးပေးနိုင်ရန် ပိုမိုအကုန်အကျခံရမည့် သဘောသက်ရောက်သွားပေလိမ့်မည်။

ငွေစက္ကူများ ပိုမိုထုတ်ဝေနိုင်ပါသည်။ သို့သော် ယင်းသို့လုပ်ဆောင်ခဲ့သည်မှာ အချိန်အတိုင်းအတာတစ်ရပ်ကြာမြင့် လာခဲ့ပြီဖြစ်ရာ ငွေကြေးဈေးကွက်များက ယန်းငွေတန်ဖိုးကို ချလိုက်ခြင်း ပင်တုံ့ပြန်မှုမရှိခဲ့ပေ။

ထိုအရာများ ပြောင်းလဲလာနိုင်ပါသည်။ မကြာသေးမီရက်များအတွင်းယန်းငွေတန်ဖိုး အနည်းငယ်တက်လာပါသည်။ ဂျပန်ဗဟိုဘဏ်ကလည်း ငွေကြေးအရသက်သာရာရစေမည့် အစီအစဉ်ကိုတွန်းတွန်းတိုက်တိုက် လုပ်ဆောင်မည်ဟု ဈေးကွက်များကလည်းမျှော်လင့်နေကြသည်။ သို့သော်ယန်းငွေတန်ဖိုးမှာ ကန်တစ်ဒေါ်လာလျှင် ၈၀ ယန်းကျော်ကျော်တွင်ရှိသည်။ သမိုင်းတစ်လျှောက်ပြန်ကြည့်ပါက ကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် အလွန်မြင့်မားသော နှုန်းထားဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကတစ်ဒေါ်လာလျှင် ၂၅၀ ယန်းဈေးပေါက်ခဲ့ပြီး ၂၀၀၈ ခုနှစ်အထိ ယန်း ၁၀၀ ကျော်ရှိခဲ့သည်။

တစ်ခုခုတော့ ပေးဆပ်ရမည်ဖြစ်သည်။ ယန်းငွေတန်ဖိုး သိသိသာသာကျဆင်းသွားစေခြင်းဖြစ်စေ၊ အစိုးရသုံးစွဲမှုများကို လျှော့ချပြီး ဘတ်ဂျက်လိုငွေကို လျှော့ချခြင်းဖြစ်စေ လုပ်ဆောင်ရပါမည်။ သို့မဟုတ်ပါက အတိုးနှုန်းကိုမြှင့်တင်ရပါမည်။

မည်သည့်ရွေးချယ်မှုပင်ဖြစ်စေကမ္ဘာ့စီးပွားရေးအပေါ် ကြီးလေးသော ပြဿနာများရှိလာစေနိုင်ပါသည်။ ကမ္ဘာ့တတိယအကြီးမားဆုံး စီးပွားရေးကို ပိုင်ဆိုင်ထားသော ဂျပန်နိုင်ငံအတွက်လည်းအန္တရာယ်ရှိပါသည်။

ယခုဆိုလျှင် ဂျပန်နိုင်ငံမှာ အထွေထွေရွေးကောက်ပွဲ အတွက်လည်း ပြင်ဆင်နေရသည်။ နိုင်ငံ၏ ယိမ်းယိုင်လာနေသော စီးပွားရေးမှာ ရွေးကောက်ပွဲအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်နေရာ မကြာသေးမီကပင် ဂျပန်ပါလီမန်က စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်သစ်တစ်ရပ် စတင်ရန် အတည်ပြုပေးလိုက်သည်။ ယန်းငွေ ၈၈၀ ဘီလီယံ (ကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံ) သုံးစွဲမည့်အစီအစဉ်မှာအဓိကအားဖြင့် အလုပ်အကိုင်ဖန်တီးရေးနှင့် စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရန်ဖြစ်သည်။ သို့သော် ယင်းမှာ စီးပွားရေးအခြေအနေများကို တိုးတက်လာစေမည့် အလားအလာမရှိဟု စိစစ်လေ့လာသူများကဆိုပါသည်။ ဂျပန်ဗဟိုဘဏ်အနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းအရပ်ရပ်ကျဆင်းနေခြင်းကို ရပ်တန့်ရန် ယခုထက်ပိုမိုလုပ်ဆောင်ရမည်ဟု နိုင်ငံရေးသမားများက တိုက်တွန်းနေကြသည်။ ထို့အတွက် ဂျပန်ဗဟိုဘဏ်ဥက္ကဋ္ဌမှာလည်း လွှတ်တော်သို့အကြိမ်ကြိမ်ခေါ်ယူစစ်ဆေးမေးမြန်းခြင်းခံရသည်။ ယခုနှစ်အတွင်း ၂၉ ကြိမ်တိတိ ခေါ်ယူမေးမြန်းခံခဲ့ရပြီဖြစ်သည်။

ဂျပန်နိုင်ငံတွင် သက်ကြီးလူဦးရေများပြားမှုကလည်း နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုရှိသည်။ အသက် ၆၅ နှစ်နှင့် အထက်အမျိုးသမီးကြီး ၁၆ သန်းနှင့် အမျိုးသား ၁၂ သန်းရှိနေပါသည်။

ယခုအခြေအနေအတိုင်းဆိုပါက ဂျပန်နိုင်ငံအနေဖြင့် နျူစွမ်းအင်ကို ပြန်လည်သုံးစွဲလျှင်ဖြစ်စေ၊ ဂျပန်၏ ကော်ပိုရေးရှင်းကြီးများကနိုင်ငံခြားတင်ပို့မှုများကို ပြန်လည်မြင့်တက်လာစေရန် ဖြစ်စေ မလုပ်ဆောင်နိုင်ခဲ့ပါက ယန်းငွေတန်ဖိုးချခြင်း၊ မျက်ရည်ကျလောက်အောင် အတိုးနှုန်းမြှင့်တင်ခြင်း (သို့မဟုတ်) အစိုးရအသုံးစရိတ်ရက်ရက်စက်စက် ဖြတ်တောက်ခြင်း စသည်တို့ကို လုပ်ဆောင်ရုံမှလွဲ၍ အခြားရွေးချယ်စရာမရှိသလောက်ပင်ဖြစ်သည်။ (သို့မဟုတ်) ယင်းနည်းလမ်းသုံးသွယ်ကို တစ်ပြိုင်နက်တည်း အသုံးပြုချင် ပြုရပါလိမ့်မည်။

*—Ref: Japan's Looming Crisis*



စင်္ကာပူနိုင်ငံတွင်လုပ်ရန်
I. Machinery Fitter (၃၅)ဦး SS$550~700+
G.T.I (M.P/M.T)B.A/B.Sc + City Guilds (M.P/M.T)
Licence No.023/2012
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

THE WORLD BANK

The World Bank is reengaging in Myanmar and we are seeking to employ high caliber professionals to join our new Myanmar Country Team.

We are recruiting staff to join our office located in Yangon for the position:

**Financial Sector Specialist – Vacancy #122712**

Details are available in the World Bank Careers website: www.worldbank.org/careers. All applications must be submitted through this website. We welcome applications from individuals who are fluent speakers in Myanmar and English languages. The World Bank is committed to achieving diversity in terms of gender, nationality, culture and educational background. Individuals with disability are equally encouraged to apply. **Please contact paniti@worldbank.org for questions regarding the application process.**

**Closing date is December 10, 2012**

Working For a World Free of Poverty



Photo - AFP

# သပိတ်မှောက်ရန် လှုံ့ဆော်မှုများကြား ကူဝိတ်ရွေးကောက်ပွဲ စတင်

**ကူဝိတ်စီးတီး၊ ဒီဇင်ဘာ - ၁**
ရွေးကောက်ပွဲဥပဒေအားပြောင်းလဲခြင်းအတွက် မဲပေးမှုကို သပိတ်မှောက်ကြသော အတိုက်အခံများနှင့် အုပ်ချုပ်သူ မိသားစုဦးဆောင်သောအစိုးရကြား သဘောထားကွဲလွဲမှုများ သိသိသာသာဖြစ်ပေါ်နေစဉ်မှာပင် ကူဝိတ်နိုင်ငံတွင် ဆယ်လအတွင်း ဒုတိယအကြိမ် ပါလီမန်ရွေးကောက်ပွဲမဲပေးမှုစတင်နေပြီဖြစ်သည်။

ကူဝိတ်နိုင်ငံသားများသည် ဒီဇင်ဘာ ၁ ရက် နံနက် ၈ နာရီမှ ည ၈ နာရီအထိ မဲပေးကြမည်ဖြစ် ပြီး ပထမဆုံးရလဒ်များမှာ ည ၁၂ နာရီကျော်မှ ထွက်ပေါ်လာမည်ဟု မျှော်လင့်ရသည်။

အစ္စလာမ်မစ်များနှင့် အနောက်ဘက်ယိမ်းသော အလယ်အလတ်ဝါဒီများအထိ ပါဝင်သည့် အတိုက်အခံများက မဲပေးမှုစနစ်ပြောင်းလဲရေးအတွက် အောက်တိုဘာလအတွင်း ကူဝိတ်စော်ဘွားက ထုတ်ပြန်ခဲ့သော အမိန့်ဒီဂရီအား ကန့်ကွက်ခဲ့ကြသည်။ ယင်းသို့စနစ်ပြောင်းလဲမှုကြောင့် ရွေးကောက်ပွဲရလဒ်များကို အာဏာပိုင်များက အလွယ်တကူသြဇာလွှမ်းမိုးခွင့် ရှိသွားသည်ဟု ၎င်းတို့က ပြောဆိုကြသည်။

ထောင်ပေါင်းများစွာသော အတိုက်အခံ ထောက်ခံသူများကလည်း စက်တင်ဘာလ ၃၀ ရက်တွင် ကူဝိတ်စီးတီး၌ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ပြီး မဲဆန္ဒရှင်များ အနေဖြင့် ရွေးကောက်ပွဲတွင် မဲမပေးဘဲနေကြရန် တိုက်တွန်းကြသည်။

မဲပေးရာတွင် အချို့ဒေသမဲရုံများ၌ မဲပေးသူများပြားသော်လည်း အချို့နေရာများတွင် ကျဲပါးသည်ဟု သတင်းများက ဖော်ပြသည်။ *—Ref: Aljazeera*

# ဘတ်ဂျက်ဖြတ်တောက်မှုကြောင့် ဆလိုဗေးနီးယားနိုင်ငံတွင် အဓိကရုဏ်းများ ဖြစ်ပွား

**လူဘလီယားနား၊ နိုဝင်ဘာ - ၃၀**
ဘတ်ဂျက်ဖြတ်တောက်မှုများနှင့် လာဘ်ပေးလာဘ်ယူမှုများအပေါ် ချီတက်ကန့်ကွက်မှုများအတွင်း ဆလိုဗေးနီးယားနိုင်ငံမြို့တော်လူဘလီယားနားတွင် ရဲတပ်ဖွဲ့နှင့် ကန့်ကွက်ဆန္ဒပြသူများအကြား အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။

အချို့သော ဆန္ဒပြသူများက ရဲတပ်ဖွဲ့များအား ကျောက်ခဲများ၊ ပုလင်းများဖြင့် ပစ်ပေါက်ခဲ့ကြပြီး ပါလီမန်အပြင်ဘက် ရဲတပ်ဖွဲ့များ စောင့်ကြပ်နေသော နေရာကို ဖောက်ထွက်ရန်ကြိုးစားခဲ့ကြသည်။

ရဲတပ်ဖွဲ့ကလည်း မျက်ရည်ယိုဗုံးများဖြင့်ပစ်ခတ်တုံ့ပြန်ခဲ့ပြီး ဆန္ဒပြသူအချို့အား ထိန်းသိမ်းခဲ့သည်။

ဆလိုဗေးနီးယားနိုင်ငံသည် ယူရိုဇုန် ၁၇ နိုင်ငံအတွင်း စီးပွားရေး ကျဆင်းမှု အဆိုးရွားဆုံးကြုံတွေ့နေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ ဆလိုဗေးနီးယား၏ စီးပွားရေးမှာ ၈ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်တွင် လူပေါင်းငါးထောင်ခန့်ရှိသော ဆန္ဒပြသူများက မြို့တော်လူဘလီယားနားရှိ ပါလီမန်အဆောက်အအုံပြင်ပတွင် ချီတက်ဆန္ဒပြခဲ့ကြပြီး "သူခိုးတွေ" "သူခိုးတွေ" ဟုအော်ဟစ်ခဲ့ကြသည်။ အစိုးရက အကောင်အထည်ဖော်နေသော ခြိုးခြံချွေတာရေး အစီအစဉ်များမှာ ပြင်းထန်လွန်းသည်ဟု ကန့်ကွက်သူများက ပြောကြားကြသည်။ အနည်းဆုံးရဲတပ်ဖွဲ့ဝင် ၁၀ ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ပြောခွင့်ရပုဂ္ဂိုလ် ဇင်ကို စတွန်ဆက်က အေအက်ဖ်ပီသတင်းဌာနသို့ပြောသည်။ *—Ref: BBC*

# နိုင်ငံခြားအလုပ်သမားများ ငှားရမ်းမှု မိုက်ကရိုဆော့ဖ် ကုမ္ပဏီ ကာကွယ်ပြောဆို

**ဝါရှင်တန်၊ နိုဝင်ဘာ - ၃၀**
မိုက်ကရိုဆော့ဖ်ကုမ္ပဏီတာဝန်ရှိသူများက ၎င်းတို့ကုမ္ပဏီအနေဖြင့် နိုင်ငံခြားသား ပညာရှင်များငှားရမ်းသုံးစွဲနေခြင်းကို ကာကွယ်ပြောဆိုလိုက်ကြောင်း သိရသည်။

"နှစ်စဉ်ပဲ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းမှာကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၁၂,၀၀၀ လောက်လိုအပ်နေပါတယ်" ဟုကုမ္ပဏီ၏ နှစ်ပတ်လည်အစည်းအဝေး၌မေးမြန်းသည့် မေးခွန်းအား ပြန်ကြားရင်း မိုက်ကရိုဆော့ဖ်ကုမ္ပဏီ အထွေထွေအတိုင်ပင်ခံ မစ္စတာဘရက်စမစ်က ပြောကြားသည်။

အမေရိကန် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များမှ ကွန်ပျူတာသိပ္ပံဘွဲ့ရ ၄၀,၀၀၀ သာထွက်ပေါ်လာသည်ဟု မစ္စတာစမစ်က ဝါရှင်တန်၌ ပြုလုပ်သည့် အစည်းအဝေးတွင် ပြောသည်။

မေးခွန်းထုတ်သူကလည်း အမေရိကန် နိုင်ငံသားအများအပြားအလုပ်လက်မဲ့ဖြစ်နေချိန်တွင် မိုက်ကရိုဆော့ဖ် ကုမ္ပဏီအနေဖြင့် နိုင်ငံခြားမှ အလုပ်သမားများ မခေါ်ယူသင့်ဟု ပြောကြားပြီး မက်ဆာချူးဆက်နည်းပညာအင်စတီကျူဒ်အပါအဝင်နာမည်ကျော်ကျောင်းများ မှ ဘွဲ့ရများပင်အလုပ်အကိုင်မရှိကြောင်း ပြောကြားသည်။

မစ္စတာစမစ်ကလည်း အချို့ကိုလက်လွှတ်ကောင်း လွှတ်မည်ဖြစ်သော်လည်း အမေရိကန်နိုင်ငံတွင် နည်းပညာအလုပ်သမားများ မလုံလောက်မှုဖြစ်ပေါ်နေသည်ဟု ပြောကြားပြီး မိုက်ကရိုဆော့ဖ်နှင့် အခြားအမေရိကန်ကုမ္ပဏီများအနေဖြင့် ၎င်းတို့လိုအပ်သော အရည်အချင်းရှိသူများကို ပြည်တွင်း၌ ရရှိရန် အခက်အခဲရှိကြောင်း ပြောကြားသည်။ *—Ref: BBC*




7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

7DAY BOOK REVIEW

## ရွာကလေးများဆီသို့ အလည်သွားခြင်း (ကိုလေးမြတ်)




မြန်မာ့ကျေးလက်ဒေသ ရိုးရာရွာဓလေ့ရွာအငွေ့များကိုတို့ထိခံစားရေးဖွဲ့ထားသော ဆောင်းပါးစုစည်းမှုစာအုပ်ဖြစ်သည်။ မြို့ပြသို့ရောက်ရှိနေပြီး မြို့ပြအငွေ့အသက်များကြား၊ ရုန်းကန်လှုပ်ရှားမှုများကြား မွန်းကျပ်နေသူများနှင့် နိုင်ငံရပ်ခြားသို့ ရောက်ရှိစဉ်အတွင်း အိမ်လွမ်းစိတ်ဖြင့် လွမ်းမောနေသူများအတွက် နှစ်သိမ့်ကြည်နူးမှုပေးနိုင်မည့် ကျောက်စက်ရေတစ်ပေါက် စာစုများဖြစ်သည်။

စာအုပ်တွင် မန္တလေး၊ မုံရွာဝန်းကျင် ရွာစဉ်ရွာတန်းလေးများနှင့်ရောဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာလေးများ၏ ပကတိအရှိတရားကိုဖွဲ့ဆိုထားသည်။ တမာရနံ့၊ ထနောင်းရနံ့သင်းပျံ့သော အညာမြေ မန္တလေး ဝန်းကျင် ညောင်ပင်ဝန်း၊ ခတက္ကန်မြောက်၊ ကြာပိုင်၊ နဂါးတွင်း၊ ဆေးအိုးဖို၊ ပါလှဲ့၊ မန်ကျည်းဇောက်၊ ညောင်ဖြူပင်၊ ကံကုန်း၊ ကူးတို့ကုန်း၊ ပလောင်၊ နိဗ္ဗာန်ဝ စသည်ဖြင့် ရွာကလေးများသို့ ရောက်စဉ် ယင်းဒေသ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများနှင့် ဆက်စပ်၍ စာရေးသူထိတွေ့မိသမျှ၊ တွေးမိသမျှကို ပြောဟန်စကားပြေဖြင့် ပေါ့ပါးသွက်လက်စွာ ရေးထားရာ ဖတ်ရသည်မှာ လျှောခနဲ အသိထဲတိုးဝင်သွားပါမည်။ ထို့ပြင်အညာကျေးလက်ဒေသ မဟုတ်သော မြိတ်၊ ထားဝယ်ဘက်ရှိရွာကလေးများ၊ လှည်းကူး၊ တွံတေး၊ ကွမ်းခြံကုန်းဘက်များသို့ သွားရောက်စဉ်ခေတ္တ နားခိုခဲ့ဖူးသည့် ရွာကလေးများအကြောင်းထိ စီကာပတ်ကုံးဖတ်ရှုရပါမည်။ ရောဝတီတိုင်း အစွန်အဖျားရှိ ဒေါ်ပြုံးရွာကလေးသို့ နာဂစ်မုန်တိုင်း မကျရောက်မီရောက်ရှိခဲ့၍ ယင်းကာလကရွာ၏ဖွဲ့တည်ပုံကို သိရှိနိုင်သလိုလှည်းကူးမြို့နယ်ထဲရှိ ဒရယ်ဖိုရွာကလေးသို့ ရောက်စဉ် အောက်အရပ်ဒေသနှင့် အထက်အညာဒေသတို့ကြားဓလေ့များမတူညီပုံကို စာရေးသူ၏ ဆက်စပ်တွေးတောချက်များအဖြစ် ဖတ်ရှုရပါမည်။ ယနေ့ခေတ်တွင်ကျေးလက်နှင့် မြို့ပြကြားခြားနားချက် လျော့နည်းသွားခြင်းနှင့်စပ်လျဉ်း၍ "မင်္ဂလာဆောင်လာကြတဲ့အရွယ်လွန်တွေကတော့ညောင်ပင်ဝန်းရွာသူရွာသားတွေဖြစ်နိုင်တယ်လို့ ခန့်မှန်းနိုင်ပေမယ့် ညှော်ခံကြိုဆိုနေတဲ့ ထမင်းကျွေးနေကြတဲ့ လုံမပျိုကာလသားတွေကတော့ မြို့ပြကလာကြတာလား၊ ရွာသူတွေပဲလားဆိုတာ ခွဲခြားခက်လှတယ်။ ဘောင်းဘီရှည်ဝတ်သူနဲ့၊ စကတ်ဝတ်သူနဲ့၊ ထဘီစ အောက်ကွဲဝတ်တတ်သူနဲ့ မျက်နှာလိမ်းခြယ်ထားတာလည်း ပီဘိမြို့သူနဲ့ မခြား။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ကျေးလက်နောက်ခံကားကြည့်ရတိုင်း ခေတ်နောက်ကျပြီး ကျန်ရစ်ပြီလို့ ခံစားရတယ်။ နာမည်တွေကလည်း ငွက်ထော်၊ ချက်ပေါ်တို့က မတက်သေးဘူး။ မျက်နှာတွေကိုလည်းပေါင်ဒါတွေသိပ်ဆဲ၊မင်္ဂလာပါ ရုပ်ရှင်ကားကြီးထဲကဇေလုဝလို ခပ်ကြောင်ကြောင် ရွာသားဆိုတာ နမူနာပြဖို့ လက်ကျန်ပြတိုက်ပစ္စည်းအဖြစ်တောင် မရှိတော့ဘူး" ဟု ညောင်ပင်ဝန်းရွာလေးအကြောင်းဆောင်းပါးတွင်စာရေးသူကဖော်ပြပါအတိုင်း ရေးသားထားပါသည်။ ယခု စာအုပ်ကို စိတ်ကူးချိုချို စာအုပ်တိုက်က တန်ဖိုး ၁,၇၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

Knowledge ပဟုသုတ

## Forbes မဂ္ဂဇင်းရဲ့ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်း ဘယ်အချိန်က ပြုစုခဲ့သလဲ


ကမ္ဘာကျော် Forbes မဂ္ဂဇင်းကြီးသည် နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်လျက်ရှိသည်။ မဂ္ဂဇင်းသည် ထိုစာရင်းကို ဖော်ပြရာ၌ ချမ်းသာသည့် ဘီလီယံနာသူဌေးကြီးများ၏ ကုမ္ပဏီများတွင် ပါဝင်သည့် ရှယ်ယာပမာဏနှင့် တန်ဖိုး၊ ၎င်းတို့၏ အိမ်ခြံမြေပိုင်ဆိုင်မှုတန်ဖိုး၊ ရွက်လှေ၊ လေယာဉ်ပျံ၊ ကား၊ ပန်းချီအနုပညာလက်ရာများ၊ ကျောက်မျက်ရတနာများနှင့် အခြားပိုင်ဆိုင်မှုများ၏တန်ဖိုးကို ရှာဖွေတွက်ချက်ကာ စာရင်းပြုစုဖော်ပြခြင်း ဖြစ်သည်။

မဂ္ဂဇင်းသည် ဤစာရင်းကို၁၉၈၇ ခုနှစ်မှစ၍ နှစ်စဉ်ပြုစုဖော်ပြလာခြင်းဖြစ်ပြီး ယနေ့အခါတွင် ကမ္ဘာတစ်ဝန်းမှ ကိုးကားညွှန်းဆိုသော သတင်းရင်းမြစ်တစ်ရပ်ဖြစ်လာသည်။ Forbes မဂ္ဂဇင်း၏ ၁၉၈၇ တွင် စတင်ပြုစုသော ပထမဆုံး ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်စာရင်းတွင် နံပါတ်တစ်နေရာ၌ ဂျပန်သူဌေးကြီး ယိုရှိယာကာဆူဆူမီက ပိုင်ဆိုင်မှုတန်ဖိုး ဒေါ်လာ ၂၀ ဘီလီယံဖြင့် ရပ်တည်ခဲ့သည်။ ယခုနှစ်အတွက် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်မှာ စာရင်းအရ မက္ကဆီကိုနိုင်ငံမှ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းရှင် သူဌေးကြီး ကားလို့စ်ဆလင်းမ်ဖြစ်ကာပိုင်ဆိုင်မှုဒေါ်လာ၆၉ဘီလီယံရှိသည်ဟုဖော်ပြထားသည်။ ၎င်းသည် ၂၀၁၁ က ပိုင်ဆိုင်မှု ၇၄ ဘီလီယံဖြင့်လည်းကောင်း၊ ၂၀၁၀ က ပိုင်ဆိုင်မှု ဒေါ်လာ ၅၃ ဒသမ ၅ ဘီလီယံဖြင့်လည်းကောင်းစာရင်းတွင် သုံးနှစ်ဆက်တိုက် နံပါတ်တစ်ရခဲ့သူဖြစ်သည်။ ဘီလ်ဂိတ်မှာလည်း ၂၀၁၀ ပြည့်နှစ်မှစ၍ ဒုတိယနေရာမှ သုံးနှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့သည်။ Forbes မဂ္ဂဇင်းသည် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်စာရင်းအပြင် ကမ္ဘာ့သြဇာလွှမ်းမိုးမှု အရှိဆုံးပုဂ္ဂိုလ်များစာရင်း၊ ဝင်ငွေအကောင်းဆုံး အနုပညာရှင်များစာရင်းတို့ကိုလည်း ထုတ်ပြန်လေ့ရှိပြီး ယင်းစာရင်းများမှာလည်း လူသိများသည်။

—Source: Forbes





## တစ်ပတ်တာကံကြမ္မာ




### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မိမိရည်မှန်းချက်၊ ရည်ရွယ်ချက်များပြည့်မြောက်အောင်မြင်မည့် ကာလဖြစ်သည်။ ငွေကြေးကံကောင်းမည်။ အလုပ်ကံ၊ စီးပွားကံကောင်းမည်။ အလိုပြည့်မည်။ အပြိုင်အတိုက်အခံကြားမှ တက်လမ်းများရရှိမည်။ ငွေကြေးကိစ္စစကားပြောဆိုခြင်း အောင်မြင်မည်။ ပြဿနာဟောင်းများ ဖြေရှင်းအဆင်ပြေမည်။ ပြတ်နေသော အဆက်အသွယ်များ ပြန်လည်ချိတ်ဆက်လုပ်ငန်းလုပ်ကိုင်နိုင်မည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ကံအထူးကောင်းမည်။ အလုပ်အကြံအစည်မှန်သမျှ အောင်မြင်မည်။ စီးပွားရေးနှင့် ပတ်သက်၍ အထူးကောင်းမည်။ ပညာရှာသူများအဖို့ သာမန်ထက်ပိုသော အောင်မြင်မှုကို ရရှိမည်။ လုပ်ငန်းခွင်မှသူများ လုပ်ငန်းခွင်အတွင်း ဆက်ဆံရသောသူ ပြောင်းလဲမည်။ ထင်ရှားသည့် တိုးတက်မှုများ ရရှိမည်။ မိသားစုအတွင်း အလုပ်နေရာ အပြောင်းအလဲရှိမည်။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ အကျိုးရှိမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မိမိရည်မှန်းထားသည်များ လက်တွေ့ဆောင်ရွက်ရန် အခါကောင်းကြုံမည်။ အတတ်ပညာနှင့် အထူးကောင်းသောကာလဖြစ်သည်။ စိတ်ကူးရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် အထူးသင့်လျော်သည်။ လိုရာပြည့်စုံခြင်းများရှိမည်။ စီးပွားရေးလမ်းကြောင်းတွင် ထူးထူးခြားခြား အောင်မြင်ခြင်းရှိမည်။ ဦးတည်ချက်အပြောင်းအလဲနှင့် တက်လမ်းပေါ်မည်။ စိတ်ကူးသစ်များ ဆောင်ရွက်အောင်မြင်မည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရန်အားလုံးကို အောင်နိုင်၍ ထူးခြားသည့် တိုးတက်မှုများ ဖန်တီးရရှိမည်။ ငွေရေးကြေးရေးကံကောင်းမည်။ မထင်မှတ်ထားသည့် ကိစ္စများမှ ထင်ရှားသည့် တိုးတက်မှုများ ရရှိမည်။ အလုပ်သစ်၊ အကြံအစည်သစ်များ လုပ်ကိုင်ရန် အထူးသင့်လျော်မည်။ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်ဖူးခြင်းမရှိသည့် လုပ်ငန်းမျိုးလုပ်ကာ ပို၍သင့်လျော်သည်။ မိဘ၊ ဆွေမျိုးအကြီးအကဲ၏ ကျန်းမာရေးကို သတိရှိရမည်။




### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လမ်းသစ်ပွင့်မည်။ အကြံသစ်အောင်မည်။ မမျှော်လင့်ဘဲ လုပ်ဆောင်လိုက်သည့် ကိစ္စများမှ အကျိုးခံစားရမည်။ မိမိဝန်းကျင်တွင် ပြောရေးဆိုရေးများ ခါတိုင်းထက်ပို၍ အောင်မြင်မည်။ ကောင်းသောသတင်းစကားများကြားသိရသည်။ ခါတိုင်းထက် ငွေပိုဝင်လာပါက သတိရှိပါ။ ဒလဟောငွေကုန်ရန် ကြိုတင်ဖြစ်သည့် နိမိတ်ဖြစ်သည်။ ချော်လဲခြင်း၊ အပူလောင်ခြင်းများ မဖြစ်အောင် သတိထားပါ။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်အနှောင့်အယှက်များ၊ ရန်အတိုက်အခံများကြား အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ ပြန့်ကျဲနေသည့်စီးပွားများ ပြန်လည်စုစည်းနိုင်မည်။ ခက်ခဲသည့် ကိစ္စများကို အဆင်ပြေအောင်ဆောင်ရွက်နိုင်မည်။ သူတစ်ပါးနှင့်မတူသော ရှုထောင့်မှ တွေးခေါ်ဆောင်ရွက်ရင်း တိုးတက်မှုကောင်းများ၊ အောင်မြင်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ ပြည်ပခရီးစဉ်များ ဤရက်ပိုင်းအတွင်း အဆင်ပြေမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရည်မှန်းချက်အောင်မြင်မည်။ အလိုရှိရာ ကောင်းစွာတိုးတက်မည် ။ ငွေကြေးစီးပွားလက်လွှန်ဆုံးရှုံးမည်။ အကုန်အကျများမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းရမည်။ သူတစ်ပါးဖန်တီးလာသော ပြဿနာများ ထိပ်တိုက်ရင်ဆိုင်ရမည်။ စီးပွားရေးကိစ္စ၊ လုပ်ငန်းရေးရာ ကိစ္စများတွင် ထူးခြားစွာ ကောင်းခြင်းကြုံမည်။ မေတ္တာရေးတွင် အနည်းငယ်စိတ်အနှောင့်အယှက်ရှိမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဘဝတိုးတက်ခြင်း၊ အလုပ်အကြံအောင်မြင်ခြင်း၊ ငွေကြေးကံကောင်းခြင်းဖြစ်ပေါ်မည်။ အလိုရှိရာ ဆန္ဒရှိရာ များစနစ်တကျ လုပ်၍ ကောင်းစွာ ပြည့်ဝမည်။ သူတစ်ပါးကြောင့် အခက်အခဲများကြုံတွေ့ရာမှ ကင်းစင်သွားမည်။ ပျောက်ရှနေသည်များ လက်လွှန်ထားသည်များ လက်ဝယ်ပြန်ရမည်။ စာရွက်စာတမ်းကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ ရုံးရောက်ဂတ်ရောက်ကိစ္စများ အာမခံပေးရ၊ ကြားဝင်ကူညီရတတ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အခက်အခဲကြားမှ တိုးတက်မှုကို ဖန်တီးရရှိမည်။ စနစ်တကျ စီမံထားသည်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ အလုပ်ကိစ္စများ ဆောင်ရွက်ရာတွင် လွှန်လွှန်ကဲကဲ ချဲ့လွန်းခြင်း မပြုရ။ အေးအေးချမ်းချမ်းချင့်ချိန်စဉ်းစားပြီး အရာရာလုပ်ပါ။ ရည်မှန်းထားသည်များ ရည်ရွယ်ထားသည်များကို သူတစ်ပါးအားကိုးခြင်း မပြုဘဲကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပါ။ အလွယ်တကူ ကတိမပေးရ။




### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အထူးကောင်းမည်။ လုပ်သမျှအောင်မြင်မည်။ စိတ်ကူးထားသည်များ စနစ်တကျဖြစ်ပေါ်မည်။ မိမိအပေါ် အကျိုးလိုလားသူများနှင့်ကြုံမည်။ ပျိုရွယ်သူများ၊ လူလွတ်များအဖို့ အိမ်ထောင်ရေးကိစ္စများ စီစဉ်ဆောင်ရွက်ရမည်။ ကောင်းသော မင်္ဂလာများဖြစ်ထွန်းမည်။ ပညာရေးနှင့်ပတ်သက်သော ကိစ္စဆောင်ရွက်နေသူများအဖို့ ထူးချွန်ထက်မြက်မည်။ လုပ်ငန်းတိုးတက်မည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဘက်စုံကောင်းသည်။ ဆောင်ရွက်သမျှ အောင်မြင်မည်။ ငွေကြေးစနစ်နှင့် ပတ်သက်၍ တိုးပွားမည်။ စိတ်ကူးသစ်များကို အကောင်အထည်ဖော်မည်။ ပစ္စည်းပျောက်ရှတတ်သည်။ အဖိုးတန်ပစ္စည်းများ လုံခြုံစွာ ထိန်းသိမ်းပါ။ အိမ်အနီးပါးသို့ သူခိုးသူဝှက်ကပ်တတ်သည်။ နေအိမ်အပြောင်းအရွှေ့ကိစ္စ ဆောင်ရွက်စီစဉ်သူများအဖို့အလိုရှိရာအောင်မြင်မည်။ အိမ်သစ်၌ အကျိုးစီးပွား ဖြစ်ထွန်းမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အလွန်သတိရှိရမည်။ အတိုက်အခံအခက်အခဲများ တစ်မျိုးပြီး တစ်မျိုးဖြစ်မည်။ မူလစီစဉ်ထားခြင်း မရှိဘဲ ရုတ်တရက် ပေါ်ပေါက်လာသည့်အပေါ် ဆောင်ရွက်၍ စိတ်အနှောင့်အယှက်ဖြစ်မည်။ စိတ်ရှည်ရမည်။ အခက်အခဲများကို ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်ဖြင့် ဖြေရှင်းထိုးဖောက်ပါ။ ရန်အနှောင့်အယှက်များကြားမှ အလုပ်စီးပွားတိုးတက်မှု လမ်းကြောင်းသစ်များ ပေါ်မည်။

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# စာ(၂၅) ဂန္ဓလရာဇ် ခရီးသည် မှ

ဤကိစ္စ ကျွန်တော်တို့မြန်မာကိုယ်စားလှယ်များကြား သွားရင်းလာရင်းဆွေးနွေးကြည့်ရာ မတူသောအမြင်နှစ်မျိုးထွက်လာသည်။ ကျွန်တော်အပါအဝင်၆၀ အထက်လူကြီးပိုင်းက သဘောကျသည်။ မိမိနိုင်ငံ၏ အမျိုးသားအမှတ်အသားသရုပ်ကို တန်ဖိုးထားလေးစားသည့် သဘောဟု မြင်ကာ အားကျအတုယူလိုသည်။ လူငယ်ပိုင်းကတော့ ရိုးရိုးပဲတုံ့ပြန်သည်။ "တရုတ်လိုပြောလိုက် အင်္ဂလိပ်လိုဘာသာပြန်လိုက်နဲ့ အချိန်နှစ်ဆကုန်တာပေါ့ဗျာ . . ။" သဘာဝကျသော အမြင်မတူမှုဟု သဘောရပါသည်။ ကျွန်တော်တို့က အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုနောက်ခံတွင် မွေးဖွားကာ စစ်အေးခေတ်တွင် လူဖြစ်ကြီးပြင်းခဲ့ကြသူတွေ . . ။ သူတို့က ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကို အလျားလိုက်ဖြတ်သန်းနေကြသူတွေ . . ။

ခင်မင်ရင်းစွဲလူငယ်မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို တိုးတိုးလေးကပ်ပြောသည်။ "ဆရာလည်း အဘိုးကြီးဖြစ်သွားပြီ . . "

**ဇရာဂေဟာ အန်းတိ(ခ)ဈေးကွက်**

နောက်တစ်ဆင့် ခရီးဆက်ကြသည်က အစီအစဉ်စာရွက်တွင် Senior Citizen's house ဟု ရေးထားသော နေရာသို့။ ကျွန်တော်တို့ဆီက ဘိုးဘွားရိပ်သာလိုမျိုးဟု ထင်ထားသည့်တိုင် တကယ်ရောက်သွားတော့မဟုတ်။ ဆယ်ထပ်လောက်ရှိမည်ထင်ရသော ကွန်ဒိုတိုက်ခန်းကြီးတစ်ခုပင်။ ဓာတ်လှေကားပင်မရှိ။ သလုံးမြင်းကောင်းအားကိုးနှင့်တက်သွားရရာ ကျွန်တော့်မှာ မောနေတော့သည်။ "ဒီလောက်မြင့်တာကြီး အဘိုးအဘွားတွေ ဘယ်လိုတက်ပ"

ငါးထပ်လောက်ရောက်တော့မှ အခန်းတစ်ခန်းထဲရောက်သည်။ ဘာပရိဘောဂမှ ဟုတ်ဟုတ်ပြားပြားမရှိ။ တကယ့်ဟာလာဟင်းလင်း။ တစ်ထောင့်တွင်တော့ အဘိုးအဘွားသုံးယောက်ခန့် စက္ကူပန်းလေးတွေ ထိုးနေကြသည်။ မနီးမဝေး စားပွဲတွင်မူ အဘွားကြီးနှစ်ဦး မာကျောက် ကစားလျက်။ ထူးခြားသည်မှာ သူတို့အားလုံး စိတ်လက်ပေါ့ပါးစွာ ပြုံးပြုံးရွှင်ရွှင် သွက်သွက်လက်လက်။ မိတ်ဆွေအပေါင်းအသင်းများ အိမ်အလည်ရောက်လာသော ဧည့်သည်လို (သို့မဟုတ်) ပျော်ပွဲစားထွက်လာကြသလို။

မြန်မာပြည်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာလို ရိပ်သာတော်တော်များများ ကျွန်တော်ရောက်ဖူးပါသည်။ ခြံဝင်းကျယ်ကျယ်သာတောင့်သာယာ ပန်းမန်ဥယျာဉ်နှင့် ခြံထောင့်တစ်နေရာတွင် စေတီလေး တစ်ဆူပင်ရှိသေးသည်။ သက်ဆိုင်ရာများကလည်း ဖေးဖေးမမ ကြင်ကြင်နာနာပြုစုကြဟန် ရှိပါသည်။ သို့တစေ အဘိုးအဘွားတွေမျက်နှာမှာ 'ကြည်' လှသည်တော့မဟုတ်။ ဘဝ၏ နေညိုချိန်တွင် သားသမီးမြေးမြစ်များနှင့် ဝေးနေရသည့် ဝေဒနာရိပ်ကို အလွယ်နှင့် မှန်းဆနိုင်ပါသည်။ ယခု ကွန်ဒိုတိုက်ခန်းကျဉ်းလေးထဲမှ အဘိုးအဘွားများကား ဤသို့မဟုတ်။ အဘိုးတစ်ယောက်က ဆိုလျှင် သူထိုးထားသော ပလတ်စတစ်ပန်းနီနီလေးတွေကို အပြုံးတဝေဝေနှင့် ဝေငှနေသေးသည်။

မစ္စတာ ဖန်းကပင် အဘိုးအဘွားတို့၏ စာကြည့်ခန်းဆိုသည်ကို လိုက်ပြပါသည်။ စာအုပ်တွေ၊ ဗီရိုကြီးတွေနှင့်အပြည့်။ အားလုံး တရုတ်ဘာသာနှင့်။ စာထိုင်ဖတ်နေသော အဘိုးအိုနှစ်ယောက်ကိုလည်း တွေ့ရသည်။ ထူးဆန်းသည်က အဘိုးအဘွားတို့ကို ပြုစုမည့် ဝန်ထမ်းနှင့်တူသူမျိုး တစ်ယောက်မှမတွေ့။ 'အဘယ်နည်း' လူကြီးလာခါနီးမှ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ထုံးသုတ်ကြသည့် အလေ့အထတွေနှင့် တစ်သက်တာယဉ်ပါးသွားပြီဖြစ်သော စာရေးသူမှာ ယုံကြည်မှု အညှာမလွယ်တော့ပြီ။

ဂျာနယ်လစ် ကိုဖိုးနိုင်လင်းက ကျွန်တော့်နား တိုးတိုးကပ်ပြီး တိုးတိုးမေးသည်။

"ဘယ်လိုမြင်လဲ"

"အင်း . . . တစ်မျိုးပဲ"

စိတ်မှတ်ကမသိလိုက်ဘဲ ကျွန်တော်ပြုံးလိုက်မိဟန်တူပါသည်။ သူကလည်း တူသောအပြုံးနှင့်ပင် ပွဲတင်ထပ်သည်။

"ဟုတ်တယ်။ တစ်မျိုးပဲ"

အပြုံး၏ ဘာသာစကားကို ကျွန်တော်တို့ချင်းတော့ သိကြပါသည်။

"ကိုင်း. . ကိုင်း နောက်တစ်နေရာ ကူးကြရအောင်"

မစ္စတာဖန်းက ဆော်ဩတော့မှ ကျွန်တော်တို့အားလုံး လှေကားမှဆင်းခဲ့ကြသည်။ ဇာတ်ကွက်တစ်ကွက် ပြီးပြီကော။

နောက်တစ်နေရာမှာ ဖန်းကျယွမ် Antique Market ရှေးဟောင်းပစ္စည်းဈေး' ဆိုပါစို့။ 'အန်းတိ(ခ)' ဟုဆိုသည့်တိုင် ခေတ်မီကုန်တိုက်ကြီးတစ်ခုပင်။ ပြတိုက်ပုံသွင်ယူထားသော ဈေး. . ။ ရှေးဟောင်းပစ္စည်းမျိုးစုံကို ပြိုးပြက်ဝင်းပသော ခေတ်မီအလူမီနီယမ်ကောင်တာများဖြင့် ခင်းကျင်းပြသထားသည်။ ဈေးနှုန်းကို ကြည့်လိုက်တော့ ကြောက်စရာ။ "တကယ့်ရှေးဟောင်းပစ္စည်းဆိုလျှင် ယခုလိုလက်လွတ်စပယ် ရောင်းချကြပါမည်လော" ကျွန်တော့်မှာ မတွေးဘဲမနေနိုင်။

ဈေးသွားဈေးလာတွေကို ကြည့်လိုက်တော့ တရုတ်ဆို၍ တစ်ယောက်နှစ်ယောက်ထက်မပို။ နိုင်ငံခြားသားက အများစုဖြစ်နေသည်။ ဥရောပနွယ်ဖွားက နည်းနည်း အာရပ်နွယ်ဖွား၊ အရှေ့အလယ်ပိုင်းသားက များများ။ တရုတ်ပြည်မှာ နှစ်ပေါင်းထောင်ချီယဉ်ကျေးမှုကြီးကို ပိုင်ဆိုင်ထားသည်ဖြစ်ရာ နိုင်ငံခြားသားတွေက တရုတ်ယဉ်ကျေးမှုကို စိတ်ဝင်စားသည်။ တရုတ်ရှေးဟောင်းပစ္စည်းတွေကို တန်ဖိုးထားသည်။ တစ်နေရာအရောက် တရုတ်ကြွေပန်းအိုးကို တယုတယကိုင်ကြည့်နေသော အာရပ်ကြီးတစ်ယောက်ကို တွေ့ရသည်။

"ကြည့်ပါရှင်။ ဘီစီ ၅၀၀ လောက်က နန်းတွင်းသုံး ကြွေပန်းအိုးပါ။ သိပ်ကို ရှားပါးတဲ့ ရှေးဟောင်းပစ္စည်း။ ဒီက လူကြီးမင်းနဲ့ ထိုက်လို့တွေ့ရတာပါ။"

ဆိုင်ရှင် တရုတ်မ ဝဝဖိုင့်ဖိုင့်ကြီး စကားကို ကြားရတော့ ပုဂံဈေးသည်တွေကို သတိရမိသေးတော့သည်။ ထိုအပြောချို အပျိုချောတွေ ပြောလိုက်မှဖြင့် အနည်းဆုံး အနော်ရထာမင်းလက်ထက်က နန်းစဉ်ပစ္စည်းချည်း။

ကြာတော့လည်း မျက်စေ့တွေ ကျိန်းလာသည်။ ရှေးဟောင်းပစ္စည်းဆိုသည်များက တောက်ပဝင်းလက်လွန်းလှသကိုး။ ခြေထောက်တွေညောင်းလာသည်။ ကုန်တိုက်ကြီးက ကျယ်လှမြင့်လှလေသည်ကိုး။ စားပွဲဝိုင်းလေးတစ်ခုတွေ့တော့ ခြေပစ်လက်ပစ် ထိုင်မိကြသည်။ ဆရာကြီး ဒေါက်တာသာလှရွှေ၊ ဦးစိန်လှဗို၊ ဦးကျော်စံဝင်း၊ ပြီးတော့ ကျွန်တော်။အားလုံး ခြောက်ဆယ်ကျော် ခုနစ်ဆယ်ဝန်းကျင်။ ထိုင်လို့မှမကြာသေး။ ကင်မရာမီးရောင်တဖျတ်ဖျတ်လင်းသွားသည်။

"လာဟေ့။ ဒီရှေးဟောင်းပစ္စည်းကြီးတွေ ဓာတ်ပုံရိုက်ထားရအောင်"

ကိုဖိုးနိုင်လင်းအမှူးပြုသော လူငယ်တစ်သိုက်က ကျွန်တော်တို့ကို ဝိုင်းထားသည်။ ဒီကြားထဲ အစ်မကြီးတစ်ယောက် (ဂုဏ်သိက္ခာအရ အစ်မကြီးလိုက်ရသော်လည်း ငယ်ပါသေးသည်) က ဝင် 'သော' လိုက်သေးသည်။

"ဟိုး. . . ဟိုး ဒီအန်းတိ(ခ) တွေက ရောင်းဖို့မဟုတ်ဘူး"

ကျွန်တော်တို့မှာ ရယ်ရတော့ မလို၊ ငိုရတော့မလို။

**ဂန္ဓဝင်စားတော်ဆက်**

ပွဲဦးထွက်ညနေစာကို အထူးစီစဉ်ထားသည်ဟု ဆိုသည်။ ခေတ်မီဟိုတယ်ကြီးတွေမှာ ခေတ်မီ အစားအသောက်တွေနှင့် တည်ခင်းဧည့်ခံမည်မဟုတ်။ ပေကျင်းမြို့စွန် လမ်းသွယ်လေးတစ်ခုရှိ ဂန္ဓဝင်စားတော်ဆက်တွင် တရုတ်ရိုးရာ ဟင်းလျာများဖြင့် ဧည့်ဝတ်ပြုမည်ဟု သိရသည်။

တကယ်ရောက်တော့ ရပ်ကွက်လေးမှာ နှစ်လိုဖွယ်ရာ။ လမ်းသွယ်လေးမှာလည်း ချစ်စရာ။ ဂန္ဓဝင် တရုတ်ပန်းချီဟန် ကွေ့ကွေ့ဝိုက်ဝိုက် ကောက်ကြောင်း။ ကားဝင်မရ၍ နှင်းနှင့် မြူကိုဖြတ်ပြီး အသော့နှင်ရသည်။ သည်တော့မှ ဂန္ဓလရာဇ်ဗိသုကာဟန်ကို မပီဝိုးဝါးမြင်ရသည်။ ချမ်းလို့ ချမ်းမှန်းမသိ။ အေးလို့အေးမှန်းမသိ။ ငေးရင်းမောရင်း ရင်ဖိုရင်းနှင့်ပင် စားသောက်ဆိုင်လေးသို့ရောက်သွားသည်။

ထမင်းဆိုင်လေးမှာ တကယ့်ကို ဂန္ဓဝင် မည်ထိုက်ပါပေသည်။ တရုတ်ဟန်အမိုးကော့နှင့် နဂါးခွေရစ်မုခ်ဦး။ အတွင်းခန်းကား ရိုးရိုးလေးပင်။ မီးပုံးနီနီ အလင်းဖျော့တွင် ဟသ်ာပြဒါးရောင်နောက်ခံ တကာမှ ရွှေရောင် 'မင်္ဂလာနှစ်ထပ်ကွမ်း' စာလုံး။ သည်ရှေ့မှာပဲ စားပွဲဝိုင်းကို တည်ခင်းထားသည်။ ကျွန်တော်တို့ဝင်လာတော့ အသင့်ပြင်ဆင်ပြီး ဟင်းလျာရနံ့က နှာဝကို လာချူသည်။

သို့တိုင်အောင် ဆာဆာနှင့် ကုန်းလွေးလို့မဖြစ်။ သူတို့ထုံးစံအရ အိမ်ရှင်က နှုတ်ခွန်းဆက်မိန့်ခွန်းခြွေရသည်။ ထိုနေ့ကဆိုလျှင် အိမ်ရှင်တစ်ဦးမက သုံးဦးတိတိ မာရသွန်မိန့်ခွန်း ခြွေကြသည်။ ကျွန်တော်တို့မှာ ဝမ်းကြာတိုက်ထဲမှ ဂွီဂွီဂွမ်ဂွမ်ဆန္ဒပြနေကြသော ပိုးမျိုးရှစ်ဆယ်ကို မနည်းထိန်းနေရသည်။ သူတို့မိန့်ခွန်းပြီးတော့မှ ဧည့်သည်ဘက်မှ ကျေးဇူးတင်စကားတုံ့ပြန်ရသည်။ နောက်ဆုံး 'ကမ်းပေ့' ဆိုမှ 'ဟင်း' ချနိုင်ကာ ယမကာခွက်ကိုယ်စီ မြှောက်ပြီး ပျော်ပျော်ကြီး 'ကမ်းပေ့' လိုက်ကြတော့သည်။

'ကမ်းပေ့' ဆိုသည်မှာ ဖန်ခွက်ထဲမှ ယမကာကို တစ်ကျိုက်တည်း အကုန်မော့ပြီး ခွက်ကို မှောက်ပြရခြင်းဖြစ်သည်။ ဆီလျော်အောင် မြန်မာမှုပြုရလျှင် 'ခွက်မှောက်' ။ ကမ်းပေ့ပြီးလျှင်တော့ စားလို့ရပြီ။ တရုတ်ရိုးရာဟင်းလျာကစပ်စပ်ငန်ငန်ဗမာလျှာနှင့် တွေ့လှသည်။ မကြာမကြာ လာကမ်းပေ့သော တရုတ်ယမကာ ချိုမြရှတ . . ။ ထိုနေ့က အတော်စားပစ်လိုက်သည်။ အတော်လည်း သောက်ပစ်လိုက်သည်။ တရုတ်မိတ်ဆွေတွေမှာ တပြုံးပြုံး။

အိမ်ပြန်ချိန်မှာ မှောင်လှပြီ။ နှင်းမြူကမ္ဘလာကြီးကလည်း ပိုထူလာသည်။ ခရီးစဉ်အစ ကန့်လန့်ကာကြီး ဖွင့်လိုက်ပြီဖြစ်သော်လည်း မြူတွေဆိုင်းနေ၍ သဲသဲကွဲကွဲမမြင်ရ။

(ဆက်လက်ဖော်ပြပါမည်)

## JOKE

### လွဲနေတယ်

ကုမ္ပဏီမန်နေဂျာတစ်ဦး ရုံးတက်ရန် ဓာတ်လှေကားထဲ ဝင်လိုက်သောအခါ ရွှေရောင်ဆံပင်နှင့် မိန်းကလေးတစ်ဦး ဦးစွာရောက်နှင့်နေသည်ကို တွေ့ရသည်။ မန်နေဂျာကြီးဝင်လာချိန်မှာပင် မိန်းကလေးက "T-G-I-F" ဟူ၍ နှုတ်ဆက်လိုက်သည်။

မန်နေဂျာကြီးကလည်း မိန်းကလေးကိုပြုံးပြရင်း "S-H-I-T" ဟု ပြန်ပြောလိုက်သည်။ မိန်းမချောလေးလည်း စိတ်ရှုပ်သွားကာ "T-G-I-F" ဟု ပင်ထပ်ပြောသည်။ မန်နေဂျာကြီးကလည်း "S-H-I-T"ဟုသာပြုံးပြီး ထပ်ပြောသည်။ နောက်ဆုံးတွင် မိန်းမချောလေးက မနေနိုင်တော့ဘဲ "T-G-I-F - Thanks God It's Friday" (ကျေးဇူးတော်ပါပဲ သောကြာနေ့ဖြစ်သွားပြီ) ဟု အဓိပ္ပာယ်ဖွင့်ဆိုရာမန်နေဂျာကြီးကလည်း "S-H-I-T - Sorry, Honey, It's Thursday" (ဝမ်းနည်းပါတယ် မိန်းကလေး။ ဒီနေ့ကြာသပတေးနေ့ပဲရှိသေးတယ်) ဟု ပြန်ပြောပါသည်။

### သင်ပေးမယ်

ရုံးတက်လာသူများ ရုံးတက်ချိန်၊ ဆင်းချိန်မှန်စေရန်နှင့် ခေတ်သစ်လူနေမှုဘဝ အခက်အခဲများကို သင်ပေးရန် ကုမ္ပဏီမန်နေဂျာက ဆုံးဖြတ်လိုက်ပြီး ရုံးသူရုံးသားများအား အချိန်စီမံခန့်ခွဲမှု သင်တန်းပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ထိုအကြောင်းကို သေချာမသိသေးသော ဝန်ထမ်းတစ်ဦးက မန်နေဂျာကြီးအားဖုန်းဆက်ပြီး သင်တန်းဘယ်အချိန်စမှာလဲဟုမေးမြန်းရာ "အင်း . . . ခြောက်နာရီကျော်ကျော်၊ ခုနစ်နာရီထိုးခါနီးလောက် စကြမယ်လေ" ဟုပြန်လည်ဖြေကြားလိုက်သည်။



Environment
7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖွင့်ပေးလိုက်၍ မြန်မာနိုင်ငံရှိ သစ်တောများ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်လာရ

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖွင့်ပေးလိုက်သည့် မြန်မာနိုင်ငံတွင် သစ်တောများမှာ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်လာရကြောင်းကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောများ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းမှုအဖြစ် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစ၍ သစ်လုံးများ တင်ပို့ခြင်းကို ပိတ်ပင်တော့မည်ဟု အစိုးရက အောက်တိုဘာလတွင် ကြေညာခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခဲ့ပြီးနောက်ပိုင်း သယံဇာတ အရင်းအမြစ်များကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရသည်။

ကမ္ဘာပေါ်တွင် ကျွန်းသစ်အများဆုံး တင်ပို့သည့်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာသည် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း သစ်တန်ချိန် ၈၆၄,၀၀၀ တင်ပို့ခဲ့ပြီး ကန်ဒေါ်လာသန်း ၆၀၀ ကျော် ဝင်ငွေရရှိခဲ့သည်ဟု ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ခဲ့ပြီး အိန္ဒိယနိုင်ငံမှာ အကြီးဆုံး ဈေးကွက်ဟု ဖော်ပြသည်။ ဥရောပသစ်တောအင်စတီကျုဒ်၏ လေ့လာချက်တစ်ရပ်ကမူ မြန်မာနိုင်ငံမှ တင်ပို့သော သစ်အများစုမှာ နိုင်ငံပိုင်မြန်မာ့သစ်လုပ်ငန်း၏ ထောက်ခံမှုများ ပါဝင်သော်လည်း တရားမဝင် ခုတ်ထွင်၍ သယ်ယူပို့ဆောင်ခြင်းများလည်း ရှိနိုင်သည်ဟု မှတ်ချက်ပြုထားသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ဧရိယာမတူညီသော လေ့လာမှုများတွင်လည်း သစ်တောဖုံးလွှမ်းမှုဧရိယာ ကျန်ရှိမှုကို အမျိုးမျိုးဖော်ပြသည်။ ကုလသမဂ္ဂနှင့် Science မဂ္ဂဇင်း၏ လေ့လာမှုအရမူ နိုင်ငံစုစုပေါင်း မြေဧရိယာ၏ ၄၆ ရာခိုင်နှုန်းမှ ၄၈ ရာခိုင်နှုန်းကြား သစ်တောဖုံးလွှမ်းနေသည်ဟု ဖော်ပြသည်။ မြန်မာအစိုးရ ကော်မတီတစ်ခုကမူ သစ်တောဖုံးလွှမ်းမှုဧရိယာ ၂၄ ရာခိုင်နှုန်းသာကျန်ရှိတော့သည်ဟု ဩဂုတ်လအတွင်း ပြောကြားခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ထွက်ရှိခဲ့သည့် ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံ၏ ကျေးလက်လူဦးရေ ၇၀ ရာခိုင်နှုန်းရှိသော နိုင်ငံသား သန်း ၃၀ မှာ နေ့စဉ်လိုအပ်ချက်များအတွက် သစ်တောများအပေါ် အကြီးအကျယ် မှီခိုနေရသည်ဟု ဆိုထားပြီး လူပေါင်း ၅၀၀,၀၀၀ မှာ အလုပ်အကိုင်အတွက် သစ်တောများကို အားကိုးအားထားပြုနေရသည်ဟု ဖော်ပြသည်။

"နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ သယံဇာတတွေကို တာရှည်ထိန်းသိမ်းနိုင်အောင် ဘယ်လို စီမံခန့်ခွဲရမယ်ဆိုတာ မြန်မာအစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို အလျင်အမြန် ကူညီပေးနိုင်ရင် အကောင်းဆုံးပါပဲ"ဟု အာရှ-ပစိဖိတ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်မှ လက်ထောက်မန်နေဂျင်း ဒါရိုက်တာ မစ္စတာဂျက်ဟတ်က ပြောကြားသည်ဟု YALE e360 ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

*-Ref: UPI*



ဧရာဝတီမြစ်ကမ်းဘေးရှိ သစ်တောတစ်နေရာကို တွေ့ရစဉ်
ဓာတ်ပုံ - အိဖြူမွန်



# ဩစတြေးလျနိုင်ငံတွင် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး သမိုင်းဝင် သဘောတူညီမှုရရှိ

**ဆစ်ဒနီ၊ ဒီဇင်ဘာ-၁**

ဩစတြေးလျနိုင်ငံတွင် ဖက်ဒရယ်အစိုးရနှင့် တက်စ်မေးနီးယန်းပြည်နယ်အစိုးရတို့က ပြည်နယ်၏ သစ်တောထိန်းသိမ်းရေးအတွက် သမိုင်းဝင် သဘောတူညီချက်ကိုထောက်ခံကြသော်လည်း ဥပဒေအရ အတည်မဖြစ်သေးကြောင်း သတိပေးပြောကြားသည်။

လပေါင်း ၃၀ ကြာ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ပြီးနောက် စက်မှုလုပ်ငန်းအုပ်စုများနှင့် သဘာဝပတ်ဝန်းကျင်သမားများအကြား ရရှိခဲ့သော သဘောတူညီချက်မှာ အလွန့်အလွန်ထူးခြားသော အလားအလာများရှိသည်ဟု ဖက်ဒရယ် သဘာဝပတ်ဝန်းကျင်ဝန်ကြီး တိုနီဘာ့ခ်က ပြောသည်။

"တက်စ်မေးနီးယန်းပြည်နယ်မှာ အလုပ်အကိုင်တွေရရှိရေးနဲ့ လူတွေထင်မှတ်မထားတဲ့ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးကျေးဇူးတွေအတွက် ထူးခြားတဲ့အောင်မြင်မှုဆီကိုကျွန်တော်တို့ဦးတည်နေပါတယ်"ဟု မစ္စတာဘာ့ခ်က ပြောသည်။

"ကျွန်တော်တို့ အဲဒီကိုဦးတည်နေပါတယ်။ ဒါပေမဲ့ ရောက်တော့ မရောက်သေးပါဘူး"ဟု မစ္စတာဘာ့ခ်က ဆိုသည်။ တက်စ်မေးနီးယန်း ဝန်ကြီးချုပ်လာရာဂစ်ဒင်းစ်ကလည်း ယခုသဘောတူညီချက်မှနေ၍ ဒေသခံသစ်တောများနှင့် ပတ်သက်၍ နှစ်ပေါင်း ၃၀ ကြာ အငြင်းပွားမှု ပြေလည်နိုင်မည့်အလားအလာထွက်ပေါ် လာခြင်းဖြစ်သည်ဟု ပြောသည်။

"ဒါကိုတစ်နိုင်ငံလုံးမှာ သမိုင်းဝင်နေ့လို့ခံယူကြမယ်လို့မျှော်လင့်ပါတယ်"ဟု မစ္စစ်ဂစ်ဒင်းစ်က ပြောသည်။

*-Ref: SMH.com*






Tourism
7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

## နိုင်ငံတကာလေကြောင်းလိုင်း ၂၂လိုင်းရှိလာ

နိုင်ချို၊ အိဖြူလွင်
ရန်ကုန်၊
ဒီဇင်ဘာ-၁




မြန်မာနိုင်ငံနှင့် နိုင်ငံတကာသို့ ချိတ်ဆက်ပျံသန်းနေသော လေကြောင်းလိုင်းများမှာ ယခုအခါ ၂၂လိုင်းရှိလာပြီဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

၂၀၁၂ ခုနှစ်အတွင်းမှာပင် တိုးချဲ့ပျံသန်းသော လေကြောင်းလိုင်းသစ်ရှစ်ခုရှိခဲ့ပြီး Korea Air, Qatar Airways, Eva Air, All Nippon Airlines, Singapore Airlines, Hongkong Dragon, Condor Airlines, Trans Asia Airways တို့ဖြစ်သည်။ ၎င်းလေကြောင်းလိုင်းများက ဂျပန်၊ ကိုရီးယား၊ ဒိုဟာ၊ စင်ကာပူ၊ ဟောင်ကောင်စသည့်လေဆိပ်များသို့ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အခြေပြု၍ ချိတ်ဆက်ပျံသန်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ပျံသန်းပြေးဆွဲလျက်ရှိသော လေကြောင်းလိုင်း (၁၄)ခုအနက် အပြည်ပြည်ဆိုင်ရာ မြန်မာ့ လေကြောင်းလိုင်း (MAI) မှ ရှစ်စီးမြောက်လေယာဉ် Airbus A319 သည် နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိခဲ့သည်။ ယင်းလေယာဉ်မှာ ခရီးသည် ၁၂၀ ဆံ့လေယာဉ်ဖြစ်ပြီး စင်းလုံးငှားခရီးစဉ်များအတွက်ဖြစ်ကြောင်း MAI မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါ်အေးမရသာထံမှ သိရသည်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ ပျံသန်းသည့် နိုင်ငံတကာလေဆိပ် သုံးခုရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုတည်းသို့ ခရီးသည်ဝင်ရောက်မှုနှုန်းသည် ၂၀၁၁ ခုနှစ်ကထက်ပိုမိုများပြားလာသည်။

မြန်မာနိုင်ငံသို့ခရီးသည်အများဆုံး ဝင်ထွက်ရာ လေဆိပ်ဖြစ်သည့် ရန်ကုန်လေဆိပ်သို့ ပြည်တွင်းပြည်ပခရီးသည်ဝင်/ထွက်မှုနှုန်းမှာတစ်နှစ်လျှင်၂ဒသမ၈သန်းရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ တစ်နှစ် ခရီးသည်လက်ခံနိုင်မှုနှုန်းမှာ ၂ ဒသမ ၇ သန်းသာဖြစ်သည်ဆိုသည်။

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအခြေအနေကိုကြည့်ပါက ၂၀၁၂ ခုနှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ ရန်ကုန်ဝင်ပေါက်မှ ယခင်နှစ် အလားတူကာလထက် ၅၀ ရာခိုင်နှုန်း တိုးတက်လာပြီး ယခုနှစ်တွင် နယ်စပ်ဝင်ပေါက်အပါအဝင်စုစုပေါင်းခရီးသည်ဝင်ရောက်မှုဦးရေမှာ တစ်သန်းခန့်ဖြစ်လာမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်း ခရီးစဉ်များကို လေကြောင်းလိုင်းခြောက်လိုင်းက လေယာဉ်၃၄စီးဖြင့် ပြေးဆွဲနေသည်။

လက်ရှိတွင် ပြည်တွင်းရှိ လေဆိပ် ၂၇ ခုသို့ လေကြောင်းလိုင်းများ ပျံသန်းနေသည်။

## ဂျပန်ခရီးသွား ခြောက်ဆခန့် တိုးလာ

နိုင်ချို
ရန်ကုန်၊
နိုဝင်ဘာ-၂၉

ယခုနှစ် ခရီးသွား ရာသီတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များအနက် ဂျပန်နိုင်ငံမှ လာရောက်သည့် ဧည့်သည်အရေအတွက်မှာ ၂၀၁၁ ကထက် ခြောက်ဆခန့် တက်လာကြောင်းဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

"ဂျပန်ဧည့်သည်တွေ အရင်နှစ်ကထက် အဝင်များတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ခရီးသွားဧည့်သည်သီးသန့်မဟုတ်ဘူး။ အများစုက စီးပွားရေးလုပ်ငန်းရှင်တွေ လာတာများတယ်။ Nippon Air Lines ကလည်း တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနေတာလည်း ပါတယ်" မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေးဥက္ကဋ္ဌဦးဖြိုးဝေရာဇာက ပြောသည်။

ဂျပန်လူမျိုး ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ခြင်း၊ ယဉ်ကျေးမှုဓလေ့များ ဆင်တူခြင်းနှင့် မြန်မာလူမျိုးများ၏ ယဉ်ကျေးပျူငှာမှုအား သဘောကျ၍ဖြစ်ကြောင်း ဂျပန်ဧည့်လမ်းညွှန်များက ပြောသည်။ ပြည်တွင်း စာရင်းအင်း စစ်တမ်းကောက်ယူမှုအရ ၂၀၁၂ ခုနှစ်နှစ်ဆန်းမှစ၍ ခရီးသွား ရာသီရောက်ချိန်အထိ ဂျပန်ခရီးသွားဧည့်သည်၃၆,၀၀၀ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ၂၀၁၁ ခုနှစ်က အဆိုပါလများအတွင်းဂျပန်ခရီးသွားဧည့်သည်ငါးထောင်ကျော်သာဝင်ရောက်ခဲ့သည်။ ဂျပန်ခရီးသွားဧည့်သည်အရေအတွက်မှာ ယခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွားဧည့်သည်ဝင်ရောက်မှု အရေအတွက်၏ ၅ ရာခိုင်နှုန်းသာရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးကထုတ်ပြန်သော စာရင်းများတွင် ဖော်ပြထားသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံသို့ အများဆုံး လာရောက်သည့် နိုင်ငံမှာ ထိုင်းနိုင်ငံမှဖြစ်ပြီး ၂၀၁၂ ဇန်နဝါရီမှ အောက်တိုဘာလကုန်အထိ ခရီးသွားဧည့်သည်၇၂,၀၀၀ ကျော်ရှိပြီဖြစ်သည်။ တရုတ်နိုင်ငံမှလည်း ဆယ်လအတွင်း ၃၂,၀၀၀ ခန့် ဝင်ရောက်ခဲ့သည်။ ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာကလကုန်အထိ နိုင်ငံတကာမှ ခရီးသွားဧည့်သည် စုစုပေါင်း ၄၁၄,၀၀၀ ကျော်ဝင်ရောက်ခဲ့သည်။ ယမန်နှစ် အလားတူကာလကထက် ၂၇၆,၀၀၀ ကျော်သာ ရှိခဲ့သည်။

နိုင်ငံခြားသား ခရီးသွားများအတွက် ငွေကြေးသုံးစွဲမှု အဆင်ပြေစေရန် Visa Card, Master Card များ အသုံးပြုနိုင်ခြင်း၊ နိုင်ငံအချို့နှင့် တိုက်ရိုက်လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းခြင်း၊ စီးပွားရေး အချက်အချာကျသည့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တိုက်ရိုက်လေကြောင်းလိုင်းများရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု မြင့်တက်လာခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

## ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နိုင်ချို ရန်ကုန်၊ ဒီဇင်ဘာ-၁

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲရေးအတွက် ကနဦးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည်။

ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း၏ ပထမအဆင့်အနေဖြင့် ပင်မစီမံကိန်းရေးဆွဲရေးအဖွဲ့သည် နေပြည်တော်၊ အင်းလေး၊ ကျိုင်းတုံ၊ တာချီလိတ်၊ ကော့သောင်း၊ ကျိုက်ထီးရိုး၊ ရန်ကုန်မြို့များရှိခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သောဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့်ဆက်စပ်မှုရှိနေသူများအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ယခု ဒုတိယအဆင့်တွင် ဆွေးနွေးရရှိခဲ့သော ရလဒ်များအပေါ် စီမံကိန်းရေးဆွဲရေး အဖွဲ့အနေဖြင့်နှစ်ဖွဲ့ခွဲကာ ယနေ့မှစ၍ အင်းလေး၊ မန္တလေး၊ ပုဂံ၊ ငပလီ၊ ရန်ကုန်မြို့များသို့သွားရောက်၍ စစ်တမ်းများ ကောက်ယူမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင်နေပြည်တော်၌ အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းမူကြမ်းကို ၂၀၁၃ ခုနှစ်မတ်လတွင် အပြီးသတ်ပြုစုမည်ဖြစ်သည်။ ခရီးသွားသွားလုပ်ငန်း ပင်မစီမံကိန်းရေးဆွဲရန်နှင့်မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုး တိုးတက်ရေးအတွက် နော်ဝေအစိုးရနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အကူအညီဖြင့်ရေးဆွဲသွားမည်ဖြစ်ပြီး နော်ဝေနှင့် ADB တို့မှ ခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များ ကိုယ်တိုင်လာရောက်ဆွေးနွေးကူညီနေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ တိုးမြင့်ဝင်ရောက်လျက်ရှိရာ ၎င်းတို့အတွက် ဝင်ရောက်မှုလွယ်ကူစေရေး၊ သယ်ယူပို့ဆောင်မှုအဆင်ပြေစေရေး၊ တည်းခိုနေထိုင်စားသောက်မှုများတွင် ဝန်ဆောင်မှုကောင်းမွန်စေရေး၊ ခရီးစဉ်ဒေသများသို့ လုံခြုံစိတ်ချစွာသွားရောက်လည်ပတ်နိုင်စေရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာတွင်လည်ပတ်ချင်စရာ အကောင်းဆုံး ခရီးစဉ်ဒေသတစ်ခုအဖြစ် ပိုမိုသိရှိလာမည်ဟု ပြောကြားခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ဝန်ကြီးက ဆက်လက်၍ ခရီးသွားလုပ်ငန်းအတွက် မဟာဗျူဟာစီမံကိန်းရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းသည် လက်တွေ့ကျသော အကောင်အထည်ဖော်မှုနှင့် ဒေသတွင်းအခြေအနေများနှင့် လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သော ခရီးစဉ်ဒေသဖြစ်ရေးကို ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။




7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# The Cartoon Logo



























7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# အငြင်းပွားကျွန်းစုများ ဝန်းကျင်တွင် တရုတ်စစ်သင်္ဘောများ စေလွှတ်မည့်အရေး အာဆီယံအတွင်းရေးမှူးချုပ် သတိပေး

**ကွာလာလမ်ပူ၊ ဒီဇင်ဘာ - ၁**
အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်က တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံအချို့နှင့်ပိုင်နက်အငြင်းပွားနေသည့် နေရာတွင် တရုတ်နိုင်ငံမှ စစ်သင်္ဘောများစေလွှတ်မည့် အစီအစဉ်သည် တင်းမာမှုများကို ဖြစ်ပွားစေနိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။ ပြီးခဲ့သည့် ရက်ပိုင်းကပင် တရုတ်နိုင်ငံက အဆိုပါဒေသအတွင်း သင်္ဘောများရှာဖွေရန်နှင့် ကျောက်ချရပ်နားခွင့်ကို ကမ်းခြေစောင့်တပ်ဖွဲ့အားခွင့်ပြုခဲ့ပြီးနောက် အာဆီယံအတွင်းရေးမှူးချုပ်က ထိုသို့သတိပေးခဲ့ခြင်း ဖြစ်သည်။

ဆူရစ်ပစ်ဆူဝမ်က ဘေဂျင်း၏ စီမံကိန်းသည်ဖြစ်ရပ်များ၏ အရေးပါသော အလှည့်အပြောင်းဖြစ်ကြောင်းဆိုသည်။ တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများကို တရုတ်နှင့်အတူ ဖိလစ်ပိုင်၊ မလေးရှား၊ ဗီယက်နမ်၊ ဘရူနိုင်း၊ ထိုင်ပေတို့ကလည်း ပိုင်ဆိုင်ကြောင်း ပြောဆိုထားသည်။ တရုတ်အစိုးရသည် ကမ်းခြေစောင့်ရဲတပ်ဖွဲ့အား ဟိုင်နန်ပြည်နယ် ပိုင်နက်အတွင်း ဝင်လာသော တရားမဝင် နိုင်ငံခြားသင်္ဘောများအားဖမ်းဆီးစစ်ဆေးရေး၊ ပင်လယ်ပြင်တွင် ကျောက်ချရပ်နားရေး ဥပဒေပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

တရုတ်အစိုးရ၏ ယခုဥပဒေထုတ် ပြန်ကြောင်းကြေညာချက်သည် မကြာသေးမီကထုတ်ပေးခဲ့သော တရုတ်နိုင်ငံကူးလက်မှတ်အသစ်များ၌ တောင်တရုတ်ပင်လယ်အတွင်းအထက်ပါအငြင်းပွား ကျွန်းစုများရှိရာ နေရာကို တရုတ်ပိုင်နက် မြေပုံအတွင်း ထည့်သွင်းဖော်ပြပြီးနောက် ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ထိုင်ပေတို့ကမူ ထိုပတ်စ်ပို့များကို ၎င်းတို့၏ အချုပ်အခြာအာဏာကို ချိုးဖောက်မှုအဖြစ် ဝေဖန်ခဲ့ပြီး ဗီယက်နမ်နှင့် ဖိလစ်ပိုင်နှစ်နိုင်ငံစလုံးက ပတ်စ်ပို့ပေါ်တွင် တံဆိပ်တုံး မရိုက်ပေးဘဲ သီးခြားစာရွက်တစ်ခုတွင်သာ ဗီဇာတံဆိပ်တုံးရိုက်ပေးခဲ့ကြောင်း သိရသည်

—Ref: AP/ CNA



Photo - AFP

*ဘန်ကောက်မြို့ ရာဇဝတ်မှုဆိုင်ရာတရားရုံးတစ်ရုံးသို့ ရောက်ရှိလာသည့် မီဒီယာသမားများအား စကားပြောကြားနေသော ရှပ်နီအဖွဲ့ခေါင်းဆောင်နှင့်ပါလီမန်အမတ်ကော်ကျူး ပီခူသောင်ကိုနိုဝင်ဘာ ၂၉ ရက်က တွေ့ရစဉ်။ ၂၀၁၀ ပြည့်နှစ်က ဘန်ကောက်မြို့တွင်ဖြစ်ပေါ်ခဲ့သည့် ရှပ်နီအဖွဲ့ခေါင်းဆောင် ၂၄ ဦးအပေါ် တရားစွဲဆိုမှုအား ခေါင်းဆောင်တစ်ဦး မကျန်းမမာဖြစ်နေ၍ တရားရုံးက ဒီဇင်ဘာလသို့ ရွှေ့ဆိုင်းလိုက်သည်။*


# VDB | Loi

## International professional advisory firm expands Myanmar team

VDB Loi is a dynamic, regional professional services firm with over 50 outstanding local and international lawyers professional advisers in Cambodia, Indonesia, Laos, Myanmar, Singapore and Vietnam. Our teams in Yangon and Nay Pyi Taw provides the highest quality integrated advisory services for business and investment in Myanmar.

**We are recruiting:**

**Legal Associates and Senior Associate**
- Drafting or review related legal documents, including resolutions, article of incorporation and contracts, letters of advice, legal opinions, and other legal instruments;
- Research regulations, statutes, cases and texts;
- Participate actively in the Firm's business development efforts.

**Web Developer and Designer**
- Design, build and maintain website
- Write new or adapt existing programming code,
- Upload the site onto a server and register it with different search engines.
- Use InDesign to develop flyers, brochures, marketing materials

**Tax Consultants**
- Assist in preparation of tax compliance and submission to the tax department
- Knowledge of tax law and regulations is an advantage
- Translation as required

**Media and Marketing Staff**
- Manage events and seminars
- Drive social media campaign
- Develop flyers, brochures and marketing material

**Professional Accountants**
- Manage basic bookkeeping functions
- Prepare accounting records and financial statements for clients

**Executive Assistant**
- Administer office operations
- Support partners in all aspects of their work

For all positions we seek candidates who have:

- excellent English language skills
- a degree in a related field
- a positive attitude to working hard as a team member
- a willingness to learn

Full job descriptions available from HR.
Applications to HR at visakha.sir@vdb-loi.com. Only short listed candidates will be notified.




**VDB Loi Myanmar**

#1704 Sakura Tower
339 Bogyoke Aung San Road,
Kyauktada Township,
Yangon

No. 2, Thittsar (2) Street,
Pobathiri Township,
Nay Pyi Taw

Tel: +95 942 112 9769

www.vdb-loi.com


# ထိုင်းရှပ်နီခေါင်းဆောင် လွှတ်တော်အမတ်တစ်ဦး အာမခံချိုးဖောက်မှုဖြင့် ထောင်ကျ

**ဘန်ကောက်၊ ဒီဇင်ဘာ - ၁**
ထိုင်းရှပ်နီလှုပ်ရှားမှု ခေါင်းဆောင်များအနက် တစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်က ဆန္ဒပြမှုများတွင်ပါဝင်ခဲ့သည့်လွှတ်တော်အမတ်ကော်ကျူးပစ်ခူသောင်သည် ၎င်းရရှိသော အာမခံကို ချိုးဖောက်မှုဖြင့် ထောင်သွင်းအကျဉ်းချခံရကြောင်း သိရသည်။ ထိုင်းရာဇဝတ်တရားရုံးတော်ကအမတ် ပစ်ခူသောင်သည် ဇူလိုင်လက ရရှိထားသော အာမခံကို ချိုးဖောက်ကာ တရားသူကြီးများအား အစိုးရနှင့် ဆန့်ကျင်၍ တရားစီရင်မှုမပြုရန် ခြိမ်းခြောက်ခဲ့၍ ဘန်ကောက်ရှိရီမန်ထောင်သို့လွှဲပြောင်း အကျဉ်းချခံရကြောင်း ဆိုသည်။

ကော်ကျူးပစ်ခူသောင်သည် ယမန်နှစ်က ရွေးကောက်ပွဲတွင် သက်ဆင်၏ယခင်မဟာမိတ်ဟောင်း ရှပ်နီများနှင့်အတူ အမတ်နေရာအရွေးချယ်ခံခဲ့ရသူ တစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ်က ဆန္ဒပြပွဲများ တွင် ပါဝင်ခဲ့မှုဖြင့် တရားရင်ဆိုင်ရန် ရှိသည့် ရှပ်နီခေါင်းဆောင် ၂၄ ဦးအနက် တစ်ဦးအပါအဝင်ဖြစ်ကာ ရုံးတော်ကစွပ်စွဲသည့် ပြစ်မှုအရ ၎င်းအပါအဝင် ကျန်အမတ်လေးဦးပါ သေဒဏ်အထိ ချမှတ်ခံရဖွယ် ရှိနေသည်။

ထိုအမှုကို ထိုင်းပါလီမန် ရပ်နားချိန်တွင်မှသာ ကြားနာဖွယ် ရှိကြောင်း ၊ အဘယ်ကြောင့်ဆိုသော် ထိုပါလီမန်အမတ်များမှာလက်ရှိတွင် အမတ်ဖြစ်၍ပြစ်ဒဏ်စွပ်စွဲခြင်းမှ ကင်းလွတ်ခွင့်ရထားသောကြောင့်ဖြစ်သည်။

—Ref: AFP

# တရုတ်နှင့် အမေရိကန်တပ်မတော် နှစ်ရပ် သဘာဝဘေးကာကွယ်ရေး ပူးတွဲစစ်ရေး လေ့ကျင့်

**ချန်ဒူး၊ ဒီဇင်ဘာ - ၁**
တရုတ်တပ် မတော်နှင့် အမေရိကန်တပ်မတော်တို့သည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုအနေဖြင့် သဘာဝဘေးဒဏ်တုံ့ပြန်ကာကွယ်ရေးလေ့ကျင့်ခန်းများကို ယမန်နေ့ကလုပ်ဆောင်ခဲ့ကြောင်းသိရသည်။ အဆိုပါစစ်ရေးပူးတွဲလေ့ကျင့်မှုတွင် ပါဝင်သည့် နှစ်နိုင်ငံစစ်ရေးအရာရှိများက တပ်မတော်နှစ်ရပ် ချစ်ကြည်ရေးပိုတိုးတက်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့ပြီး လေ့ကျင့်ချိန်မှာ တရုတ်၏ ဂျပန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်စသည့်အိမ်နီးချင်းများနှင့် ပင်လယ်ပြင်နယ်နိမိတ် အငြင်းပွားမှုများ ဖြစ်ပွားနေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။

နှစ်နိုင်ငံပူးတွဲလေ့ကျင့်နေရာမှာချန်ဒူးမြို့အပြင်ဘက်ရှိတရုတ်စစ်စခန်းတစ်ခုတွင် ဖြစ်ပြီး ကွန်ပျူတာဖြင့် ဖန်တီးသော သဘာဝဘေးအန္တရာယ်မြင်ကွင်းများသုံးကာ လေ့ကျင့်ခဲ့ကြသည်။ နှစ်ရက်ကြာထိုသို့ ပူးတွဲလေ့ကျင့်မှုပြီးနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ပြောခွင့်ရပုဂ္ဂိုလ် တန်ဖန်းက "တရုတ်နဲ့ အမေရိကန်ဟာ ပစိဖိတ်သမုဒ္ဒရာခြားပြီး တည်ရှိနေပါတယ်။ ကျွန်တော်တို့ တပ်မတော်နှစ်ရပ်ဟာ နှစ်ဖက်စလုံးရဲ့ ဆန္ဒတွေကို အဖြေပေးဖို့ လက်တွဲခဲ့ကြပါတယ်" ဟု ပြောသည်။

ယခုသီတင်းပတ်အစောပိုင်းကပင် အမေရိကန်ရေတပ်ကာကွယ်ရေးဦးစီးချုပ် ရေးမက်ဘပ်စ်သည်အနာဂတ်၌ အမေရိကန်ဦးဆောင်သည့် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုများတွင် တရုတ်ပြည်အား ပါဝင်ရန်ကမ်းလှမ်းခဲ့သည်။ ဘေဂျင်းတွင် နိုဝင်ဘာလဆန်းကကျင်းပခဲ့သော ကွန်မြူနစ်ပါတီ ကွန်ဂရက်၌ ရေတပ်အင်အားကြီး နိုင်ငံဖြစ်ရေးအတွက် စစ်တပ်ကို ခေတ်မီအောင် ကြိုးပမ်းသွားရန် သမ္မတဟူကျင်တောင်က တိုက်တွန်းခဲ့သည်။

—Ref: AFP

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

## အိန္ဒိယစီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်သစ် ပါလီမန်တွင် မဲခွဲဆုံးဖြတ်မည်

**နယူးဒေလီ၊ ဒီဇင်ဘာ-၂**
အိန္ဒိယ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်အသစ်သည်ယခုအပတ်အတွင်း ပါလီမန်၌ စမ်းသပ်ရမည်ဖြစ်ပြီး ဝေါလ်မတ်စတိုးကဲ့သို့သော နိုင်ငံရပ်ခြား စူပါမားကက်ကြီးများကို ပြည်တွင်း၌ ခွင့်ပြု၊ မပြုအပေါ် မဲခွဲဆုံးဖြတ်သွားမည်ဖြစ်သည်။

ဝန်ကြီးချုပ်မန်မိုဟန်ဆင်း၏ လူနည်းစုအစိုးရသည် ပြီးခဲ့သည့်အပတ်အတွင်း ပါလီမန်ထဲ၌ အတိုက်အခံဘက်မှ ဖိအားပေးသော စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို မဲပေးရန် သဘောတူခဲ့ရသည်။ သတင်းများအရ အစိုးရသည် နိုင်ငံသုံးရူပီးငွေ အခြေအနေကောင်းရေးနှင့် ၁၉ လကာလအတွင်း အိန္ဒိယအစုရှယ်ယာများ ဈေးနှုန်းမြင့်တက်ရေး ကူညီနိုင်ရန်အတွက် အတိုက်အခံဘက်မှ အဆိုကို သဘောတူခဲ့ကြောင်းဆိုသည်။ လွှတ်တော်တွင် မဲပေးမှုကို ဗုဒ္ဓဟူးနေ့ (ဒီဇင်ဘာ ၄ ရက်)တွင် ပြုလုပ်ပြီး ဆင်း၏ကွန်ဂရက်ပါတီသည် အောက်လွှတ်တော်၌ အနိုင်ရဖွယ်ရှိသော်လည်း အထက်လွှတ်တော်တွင် ရှုံးနိမ့်နိုင်ကြောင်း သိရသည်။

အာရှ၏ တတိယအကြီးမားဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် အိန္ဒိယသည် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးစီးပွားရေး စွမ်းဆောင်ရည်ကျဆင်းမှုနှင့် ရင်ဆိုင်နေရပြီး စီးပွားရေးတိုးတက်နှုန်း ကျဆင်းခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်းတို့ကြောင်း ရင်းနှီးမြှုပ်နှံသူများက အခွန်စနစ်အပါအဝင် အတားအဆီးများ ပြုပြင်ပြောင်းလဲရေး အရှိန်မြှင့်ရန် တိုက်တွန်းနေသည်။

*—Ref: Reuters*

နောက်ကျောဖုံး မှ

## ဒမတ်စကတ်စ်မြို့အနီး တိုက်ပွဲများပြင်းထန်

ဒမတ်စကတ်စ်လေဆိပ်သို့ သွားရာ လမ်းအနီး မြို့နယ်များ၌ ဗုံးကျည်များ ကြိမ်ဖန်များစွာကျရောက်လာကြောင်း တက်ကြွလှုပ်ရှားသူများက ပြောသည်။ အချို့ကလည်း ဆီယက်ဆာဟမ်မြို့နယ်တွင် ကြုံနေရသော နေရာအနှံ့ ဗုံးကြဲမှုမျိုး ရှိနေသည်ဟု ဆိုကြသည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များမှာ မြို့တော်တစ်ဝိုက်နှင့် လေဆိပ်သွားရာလမ်း လုံခြုံမှုအတွက် အဓိကအာရုံစိုက်နေပုံရကြောင်း သတင်းများက ဆိုသည်။ လေဆိပ်သို့သွားရာလမ်းတစ်လျှောက်၌ ယခင်ရက်သတ္တပတ်အတွင်း တိုက်ခိုက်မှုများကြောင့် လေကြောင်းပျံသန်းမှုများ ပြတ်တောက်ခဲ့သည်။ ဆီးရီးယားအစိုးရက မြို့တော်မှ ၁၅ မိုင်ဝေးသော လေဆိပ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များ ထပ်မံဖြည့်တင်းထားသည်ဟု သတင်းများတွင် ဖော်ပြသည်။

အစိုးရကို လိုလားသော အယ်လ်ဝါတန်သတင်းစာက ဒမတ်စကတ်စ်မြို့တော်အား တိုက်ခိုက်ရန် စီစဉ်နေသူများနှင့် ချဉ်းကပ်ရန်စဉ်းစားနေသူများအတွက် ဆီးရီးယားစစ်တပ်က ငရဲသို့သွားရန် လမ်းဖွင့်ပေးထားကြောင်း ရေးသားဖော်ပြသည်။

ဆီးရီးယားအစိုးရက လေဆိပ်ကို ထိန်းချုပ်ထားနိုင်ပြီဟုသော အသိအမှတ်ပြုမှုအဖြစ် အီဂျစ်လေကြောင်းက ဒီဇင်ဘာ ၃ ရက်မှစ၍ ဒမတ်စကတ်စ်နှင့် နိုင်ငံမြောက်ပိုင်း အလက်ပိုမြို့များသို့ လေကြောင်းခရီးစဉ်များ ပြန်လည်စတင်မည်ဟု ပြောကြားသည်။

ဆီးရီးယားစစ်ဘက်၏ အပြင်းအထန် တိုက်ခိုက်မှုများကြောင့် သူပုန်တပ်ဖွဲ့များမှာ ဒမတ်စကတ်စ်မြို့တွင်းသို့ ဝင်ရောက်ရန် အခွင့်မသာသေးသလို မည်သည့်ဘက်ကမှ အသာစီးမရရှိခဲ့ပေ။ စစ်တပ်၏ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ခိုက်မှုများ ရှိနေသော်ငြား ဒမတ်စကတ်စ်မြို့တော်၏ ဆင်ခြေဖုံးဒေသများတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

*—Ref: LA Times/Reuters*

နောက်ကျောဖုံး မှ

## အီဂျစ်တရားသူကြီးများ အခြေခံဥပဒေဆန္ဒခံယူပွဲကို သပိတ်မှောက်

ယင်းလူထုဆန္ဒခံယူပွဲအား ကန့်ကွက်ဆန္ဒပြရေးအတိုက်အခံအုပ်စုများကလည်း ဆော်ဩထားသည်။

တစ်နိုင်ငံလုံးမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု မရရှိဘဲ ဆန္ဒခံယူပွဲကျင်းပမည်မဟုတ်ဟူသော ကတိကို သမ္မတမော်စီက ချိုးဖောက်ခဲ့ကြောင်း အတိုက်အခံများက ပြောကြားသည်။


ပြည်သူအများစုက ပယ်ချထားသော တရားဥပဒေနှင့်မညီညွတ်သည့် အခြေခံဥပဒေအပေါ် ဆန္ဒခံယူပွဲခေါ်ယူသော သမ္မတ၏ တာဝန်ယူမှုမရှိသည့် လုပ်ရပ်အပေါ် ရှုတ်ချကြောင်း အတိုက်အခံအဖွဲ့များ ဖွဲ့စည်းထားသော The National Salvation Front က ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

*—Ref: BBC*

# Leader's Profile

## နီကာရာဂွါနိုင်ငံ သမ္မတ ဒယ်နီယယ်လ် အော်တေဂါ

**ရဲမင်း**



ဟိုဆေးဒယ်နီယယ်လ် အော်တေဂါသည် နီကာရာဂွါနိုင်ငံရေး သမားတစ်ဦးဖြစ်ပြီး ၂၀၀၇ ခုနှစ်မှစ၍အာဏာရရှိထားသူနီကာရာဂွါနိုင်ငံ၏ သမ္မတဖြစ်သည်။ ယင်းမတိုင်မီတွင် ၁၉၈၅ မှ ၁၉၉၀ ခုနှစ်အထိလည်း နီကာရာဂွါနိုင်ငံ၏ သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ဆိုရှယ်လစ်လမ်းစဉ်ကိုလိုက်သော ဆန်ဒီနစ်စတာ အမျိုးသားလွတ်မြောက်ရေး တပ်ဦး၏ ခေါင်းဆောင်ဖြစ်သူ မစ္စတာ အော်တေဂါသည်အစိုးရ၏ ပေါ်လစီများအရ နီကာရာဂွါနိုင်ငံ တစ်ဝန်း၌ လက်ဝဲဆန်သော ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်ခြင်းကိုမြင်တွေ့ကြရသည်။

အော်တေဂါသည် ၁၉၄၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် လက်လုပ်လက်စားမိသားစုမှ မွေးဖွားခဲ့ပြီး ငယ်စဉ်ကပင် အာဏာရှင်ဟု လူအများက အသိအမှတ်ပြုထားသော သမ္မတအန်နစ်တာ ဆိုမိုဇာအစိုးရကို မုန်းတီးခဲ့သည်။ ယင်းအတွက်လည်း ဆိုမိုဇာအစိုးရဆန့်ကျင်ရေး မြေအောက်လှုပ်ရှားမှုများတွင် ငယ်စဉ်ကပင် ပါဝင်ပတ်သက်ခဲ့သည်။ အသက် ၁၅နှစ်အရွယ်ကပင် ဖမ်းဆီးနှိပ်စက်ခံခဲ့ရပြီးနောက် ကျူးဘားနိုင်ငံသို့ သွားရောက်ကာ မစ္စတာ ကက်စထရို၏ မာ့ခ်စ်လီနင်ဝါဒီ အစိုးရထံမှ ပြောက်ကျားတိုက်ခိုက်မှုနှင့် စစ်ရေးလေ့ကျင့်မှုများ သင်ကြားခဲ့သည်။ ယင်းနောက်တွင် မစ္စတာအော်တေဂါသည် နီကာရာဂွါနိုင်ငံသို့လျှို့ဝှက်စွာပြန်လည်ဝင်ရောက်ခဲ့ပြီး တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။

နီကာရာဂွါတော်လှန်ရေးကြောင့် ၁၉၇၉ ခုနှစ်တွင် ဆိုမိုဇာအစိုးရပြုတ်ကျသွားချိန်၌ မစ္စတာအော်တေဂါသည်ပါတီပေါင်းစုံပါဝင်သော အမျိုးသားပြန်လည်တည်ဆောက်ရေး အာဏာသိမ်းအစိုးရတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်လာပြီး မစ္စတာ အော်တေဂါမှာ ယင်းအစိုးရ အဖွဲ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရသည်။ အာဏာသိမ်းအစိုးရသည် ယင်းအချိန်ကပင်လူမှုပြုပြင်ပြောင်းလဲရေးရည်မှန်း ချက်ကြီးမားသော အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ လယ်မြေကေ ငါးသန်းအားသိမ်းယူ၍ မိသားစုပေါင်း တစ်သိန်းကို ဝေငှပေးခဲ့သည်။ စာတတ်မြောက်ရေး လှုပ်ရှားမှုကိုလည်း အကောင်အထည်ဖော်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၈၄ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်တွင် မစ္စတာအော်တေဂါသည်မဲဆန္ဒစုစုပေါင်း ၆၇ ရာခိုင်နှုန်းရရှိကာ သမ္မတဖြစ်လာခဲ့သည်။ ၁၉၈၅ မှ ၁၉၉၀ ခုနှစ်အထိ သမ္မတအဖြစ်တာဝန်ထမ်းဆောင်ရင်း အမေရိကန်သမ္မတ ရေဂင်အစိုးရအထောက်အပံ့ဖြင့် တိုက်ပွဲဝင်နေသော ကွန်ထရာ သူပုန်များကိုလည်း တိုက်ခဲ့ရသည်။ ယင်းစစ်ပွဲကြောင့် ၁၉၈၀ မှ ၁၉၈၉ ခုနှစ်အတွင်း နီကာရာဂွါနိုင်ငံသား ၃၀,၀၀၀ သေဆုံးခဲ့ရသည်။

၁၉၉၀ ရွေးကောက်ပွဲတွင် မူ မစ္စတာအော်တေဂါမှာ ပြိုင်ဘက်ဖြစ်သူ ချမ်မိုရိုအား ရှုံးနိမ့်ခဲ့သည်။ ၎င်းတို့အစိုးရ ဆင်းပေးရခြင်းအပေါ် မစ္စတာအော်တေဂါက "ငါတို့အောင်ပွဲရပြီး ထွက်ခွာသွားတာဖြစ်တယ်။ ဆန်ဒီနစ်စတာတွေဖြစ်တဲ့ ငါတို့ဟာ အစိုးရ ရာထူးတွေကို ဖက်တွယ်ထားချင်လို့ သွေးမြေအကျခံခဲ့တာမဟုတ်ဘူး။ လက်တင်အမေရိကဆီကို ဂုဏ်သိက္ခာနဲ့ လူမှုရေးတရားမျှတမှု အနည်းငယ်ဆောင်ယူလာချင်လို့ပဲ ဖြစ်တယ်" ဟုပြောကြားခဲ့သည်။

မစ္စတာအော်တေဂါသည် ၁၉၉၆ နှင့် ၂၀၀၁ ခုနှစ်ရွေးကောက်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မတူညီသော ပြိုင်ဘက်များကို ရှုံးနိမ့်ခဲ့သည်။ ထိုအတောအတွင်း မစ္စတာအော်တေဂါ၏ရပ်တည်မှုမှာ မာ့ခ်စ်လီနင်ဝါဒမှနေ၍ ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒဆီသို့ အနည်းငယ်ပျော့ပျောင်းလာခဲ့သည်။ ၂၀၀၆ ရွေးကောက်ပွဲတွင်မူမစ္စတာအော်တေဂါသည်သမ္မတအဖြစ်ဒုတိယအကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၆ ရက် သမ္မတရွေးကောက်ပွဲတွင်လည်း မစ္စတာ အော်တေဂါပင် အောင်ပွဲခံခဲ့ပြီး နီကာရာဂွါ သမ္မတအဖြစ်ဆက်လက် ရပ်တည်နိုင်ခဲ့ သည်။

မစ္စတာအော်တေဂါသည် လက်ရှိအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူနှင့် ဝန်ကြီးတစ်ဦးဖြစ်သူ ရိုဆာရီယိုမူရီယိုနှင့် ၁၉၇၉ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး ၎င်းတို့တွင် သားသမီးရှစ်ဦးထွန်းကားခဲ့သည်။

*—Ref: Wikipedia*

နောက်ကျောဖုံး မှ

## ဂျပန်နိုင်ငံတွင် ဥမင်လိုဏ်ခေါင်း ပြိုကျမှုကြောင့် လူကိုးဦးသေဆုံး

ချူအို အဝေးပြေးလမ်းမကြီးပေါ်ရှိ ပြိုကျသွားသောဆာဆာဂိုကားလမ်းဥမင် မော်တော်ယာဉ်သုံးစီးအတွင်းမှ အလောင်းကိုးလောင်းကို တွေ့ရှိခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ကြေညာသည်။

တိုကျိုမြို့ အနောက်ဘက်မိုင် ၅၀ အကွာရှိ သုံးမိုင်ရှည်လျားသော ဥမင်၏ကွန်ကရစ်အမိုးပြားများပြုတ်ကျလာပြီး ကားများကို ပိပြားသွားစေကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ လူအများ အပြားမှာ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ရသည်။

အရေးပေါ်ကယ်ဆယ်ရေးသမားများသည် ကားတစ်စီးအတွင်းမှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦး၏ မီးလောင်ကျွမ်းထားသော အလောင်းများကိုတွေ့ရှိခဲ့ကြောင်း ဂျိဂျိသတင်းဌာနက ပြောသည်။

ဥမင်ပြိုကျပြီးပြီးချင်း အကူအညီပေးရန် ကုမ္ပဏီကိုလှမ်း၍ အကြောင်းကြားခဲ့သည့် အသက်ငါးဆယ်အရွယ် ထရပ်ကား အမျိုးသားယာဉ်မောင်း တက်ဆူရာ နာကာဂါဝါ၏ အလောင်းကိုလည်း တွေ့ရကြောင်း မီးသတ်နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲ အေဂျင်စီက ပြောကြားသည်။

အခြားသေဆုံးသူ သုံးဦးမှာ သက်ကြီးပိုင်းအမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ဖြစ်ပြီး ကား တစ်စီးအတွင်း အတူစီးနင်းပိတ်မိသူများ ဖြစ်သည်။

ယင်းဥမင်ပြိုကျမှုအတွက် တာဝန်ပေါ့လျော့လစ်ဟင်းမှု ရှိမရှိဆိုသည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေသည်။

အဆိုပါအဝေးပြေးလမ်းမကို တာဝန်ယူလုပ်ကိုင်နေသောကုမ္ပဏီကမူ ပြီးခဲ့သည့်စက်တင်ဘာလက အဆိုပါဥမင်လိုဏ်ခေါင်းအား စစ်ဆေးခဲ့ရာတွင် ပုံမှန်မဟုတ်သည့် အခြေအနေများ မတွေ့ရှိခဲ့ရကြောင်း ပြောကြားသည်။

*—Ref: ASP*

နောက်ကျောဖုံး မှ

## ယခုလအတွင်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်မည်ဟု ဂျပန်အပါအဝင် အိမ်နီးချင်းများအား မြောက်ကိုရီးယား အသိပေး

ယခုတစ်ကြိမ်မှာဧပြီလကမအောင်မြင်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုအပြီး ဒုတိယအကြိမ် ပစ်လွှတ်စမ်းသပ်မှုလည်း ဖြစ်သည်။ ဝါရှင်တန်နှင့် ဆိုးလ်တို့ကမူ ပြုံယမ်းအား ၎င်း၏အစီအစဉ်ကို ရုပ်သိမ်းရန် တိုက်တွန်းထားပြီး ယင်းကိစ္စကြောင့် ဂျပန်အစိုးရသည် လာမည့်အပတ်တွင် မြောက်ကိုရီးယားအစိုးရနှင့် ပြုလုပ်မည့် ဆွေးနွေးပွဲများကို ရွှေ့ဆိုင်းထားပြီး ယင်းဒုံးကျည် ဂျပန်နိုင်ငံဘက်သို့ ဦးတည်လာပါက ပစ်ချရန် စစ်တပ်ကို အသင့်အနေအထား အမိန့်ထုတ်ထားသည်ဟု သိရသည်။

မြောက်ကိုရီးယား၏ကြေညာချက်တွင် ၎င်းတို့၏ ဒုံးကျည်သည် နိုင်ငံအနောက်မြောက်ပိုင်း ဆိုဟေးအာကာသစင်တာမှ ပစ်လွှတ်ပြီးနောက် တောင်ဘက်အရပ်တွင်ပေါက်ကွဲသွားမည်ဟုဖော်ပြခဲ့သည်။ ထို့အပြင် ဒုံးကျည်ပစ်လွှတ်ရာလမ်းကြောင်းမှာ လုံခြုံစိတ်ချရသော လမ်းကြောင်းကို ရွေးချယ်ထားခြင်းဖြစ်၍ အိမ်နီးချင်းနိုင်ငံများအား မထိခိုက်နိုင်ကြောင်း ဆိုထားသည်။

ပြုံယမ်းသည် ပြီးခဲ့သည့် ဧပြီလတွင် ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းရေးလုပ်ငန်းများတွင် အသုံးပြုရန်ဆိုကာ ကမ္ဘာပတ်လမ်းအတွင်း ဂြိုဟ်တုတစ်လုံးနှင့်အတူ ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခဲ့သည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ဖာရိဘုရင်တွေတောင်မှ သူ့လောက်အာဏာအများကြီး မယူခဲ့ဘူး

## နိုဗယ်ဆုရှင် အီဂျစ်အတိုက်အခံ ခေါင်းဆောင် မိုဟာမက်အယ်ဘာရာဒိုင်းနှင့် တွေ့ဆုံခြင်း



Photo - AP

**ကျော်မျိုး**

ပြီးခဲ့တဲ့အပတ်ကစလို့ အီဂျစ်သမ္မတ မိုဟာမက်မော်စီဟာ အခြေခံဥပဒေသစ်ရေးဆွဲမပြီးသေးတဲ့ကာလအတွင်း သူ့ကိုယ်သူ လုပ်ပိုင်ခွင့် ဩဇာအာဏာတွေ အများကြီးပေးအပ်လိုက်တဲ့အတွက်နိုင်ငံတွင်းရှိ အတိုက်အခံ ခေါင်းဆောင်တွေကြားမှာ ဝေဖန်မှုတွေပေါ်ထွက်စေခဲ့ပါတယ်။ မကြာသေးမီက စပိုင်းဂဲလ်မီဒီယာနဲ့တွေ့ဆုံခဲ့တဲ့ နိုဗယ်ဆုရှင် အီဂျစ်နိုင်ငံရေးခေါင်းဆောင် မိုဟာမက် အယ်ဘာရာဒိုင်းကလည်း သမ္မတမော်စီရဲ့ ယခုလုပ်ရပ်ဟာ အီဂျစ်နိုင်ငံကို အာဏာရှင်စနစ်ထဲပြန်ဆွဲခေါ်သွားတာလို့ ထောက်ပြပါတယ်။ ဒါ့ကြောင့် စပိုင်းဂဲလ်နဲ့ အယ်ဘာရာဒိုင်းတို့ရဲ့ လက်ရှိ အီဂျစ်သမ္မတမော်စီနဲ့ အီဂျစ်နိုင်ငံရေးအခင်းအကျင်းအကြောင်း မေးမြန်းထားတာကို ပြန်လည်ဖော်ပြလိုက်ပါတယ်။

**အီဂျစ်သမ္မတမော်စီဟာ ပြီးခဲ့တဲ့အပတ်ကစလို့ သူ့ကိုယ်သူလုပ်ပိုင်ခွင့် ဩဇာအာဏာအသစ်တွေ ပေးအပ်လိုက်ပါတယ်။ ဒါဟာ အာဏာသိမ်းတာများလား။**

သူက သူ့အတွက် အာဏာအပြည့်အဝယူလိုက်တာပဲ။ ဖာရိဘုရင်တွေတောင်မှ သူ့လောက် အာဏာအများကြီး မယူခဲ့ပါဘူး။ ပြောရရင် သူ့အရင် သမ္မတဟောင်းဟို့စနီမူဘာရက်နဲ့လည်း မတူပါဘူး။ ဒါဟာကံဆိုးမိုးမှောင်ကျတဲ့ ကပ်ဘေးတစ်ခုပါ။ သူ့ကို အာဏာရအောင် လုပ်ပေးခဲ့တဲ့ တော်လှန်ရေးကို လှောင်ပြောင်တာပါ။ အဆိုးဆုံးအခြေအနေကို ကြောက်လန့်စေဖို့ ဦးတည်လိုက်တဲ့ ဥပဒေတစ်ရပ်ပါ။

**လူကြီးမင်းကို သံခင်းတမန်ခင်း ဆန်ပြီး မျှမျှတတ ပြောဆိုတတ်သူအဖြစ် အများက တွေးထင်ထားကြတာပါ။ ဘာကြောင့်အခုမှ လူကြီးမင်းရဲ့ တုံ့ပြန်မှုက သိပ်ပြီးဇာတ်နာလွန်းနေရပါသလဲ။ (မော်စီပါဝင်တဲ့) မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ ခေါင်းဆောင်တစ်ဦးကတော့ သမ္မတကရယူထားတဲ့ လုပ်ပိုင်ခွင့်အာဏာအသစ်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းမပြီးမချင်းအထိသာ သက်ရောက်မှာဖြစ်တယ်လို့ ဆိုပါတယ်။**

ကျွန်တော်တို့ ဒီကိစ္စကို အပြောင်းအလဲကာလ ၂ နှစ်တာနီးပါးရဲ့ အဆက်အစပ်အခြေအနေထဲ ထည့်သွင်းကြည့်ရှုသင့်ပါတယ်။ ကျွန်တော်တို့မှာ ပုံမှန်လည်ပတ်နေတဲ့ ပါလီမန်မရှိခဲ့ဘူး။ ပြီးတော့ ပြီးခဲ့တဲ့လအနည်းငယ်အတွင်းမှာပဲ မော်စီက ဥပဒေပြုရေး တာဝန်လုပ်ပိုင်ခွင့်တွေ ရယူခဲ့တယ်။ အခုတော့သူက သူဖန်တီးထုတ်ပြန်တဲ့ ဥပဒေတွေကို အတိုက်အခံလုံးဝမရှိအောင်၊ မည်သည့်အမျိုးသားလုံခြုံရေး ဥပဒေကိုမဆို သူကပဲ တရားဝင်ပြဋ္ဌာန်းနိုင်အောင် ဆုံးဖြတ်လိုက်ပါပြီ။ ဒါဟာ ဒီ့ထက်တောင် သက်ဦးဆံပိုင် အုပ်ချုပ်မှုဆန်ဆန်ဖြစ်ဖို့ ခက်တဲ့ ကိစ္စပါ။ ပြီးတော့ အခြေခံဥပဒေရေးဆွဲရေး ညီလာခံကလည်း ဝမ်းနည်းစရာကောင်းတဲ့ စုစည်းမှုတစ်ရပ်ပါ။ အဲဒါကလည်း ကျွန်တော်တို့ကို အလယ်ခေတ်ကြီးရဲ့ မှောင်မိုက်တဲ့ ကာလဆီ ပြန်ဆွဲခေါ်သွားနိုင်ပါတယ်။

**အခြေခံဥပဒေသစ် ရေးဆွဲရေးကော်မရှင်ရဲ့ လစ်ဘရယ်နဲ့ ခရစ်ယာန် အဖွဲ့ဝင်တွေလည်း အကုန်လုံးနီးပါး နုတ်ထွက်သွားကြပါပြီ။ ဘာကြောင့်ပါလဲခင်ဗျ။**

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အားလုံး ဟာ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ကနေပြီး အမျိုးသမီးတွေနဲ့ ဘာသာရေးအရ လူနည်းစုအဖွဲ့ဝင်တွေရဲ့ အခွင့်အရေးတွေကို ဖိနှိပ်မယ့် အစ္စလာမ်ဝါဒီဆန်ဆန် ဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းတော့မှာ ကြောက်ကြလို့ပါ။ အဲဒီအဖွဲ့ထဲမှာ ဘယ်သူထိုင်နေလဲ။ ဂီတကို ပိတ်ပင်ချင်တဲ့သူ၊ အကြောင်းက အစ္စလာမ်မစ် ရှာရီးယားဥပဒေနဲ့ ငြိနေလို့ပါလို့ ပြောတဲ့သူပေါ့။ ဟိုလိုကော့စ် (ဂျူး များကို မျိုးဖြုတ်သုတ်သင်မှု) ကို မရှိခဲ့ဘူးလို့ ငြင်းတဲ့သူပေါ့။ နောက်တစ်ဦးကတော့ ဒီမိုကရေစီစနစ်ကို ပွင့်ပွင့်လင်းလင်း ရှုတ်ချတဲ့သူပေါ့။

**အီဂျစ်ဟာ နောက်ထပ်တစ်ကြိမ် အာဏာရှင်နိုင်ငံ ဖြစ်မယ့်လမ်းကြောင်းပေါ် ရောက်နေပြီလို့ ယုံကြည်နေပါသလား။ ဒါပေမဲ့ သမ္မတမော်စီဟာ တရားဝင်ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး မွတ်ဆလင်ညီအစ်ကိုတော်များ အဖွဲ့ဟာလည်း အများစုမဲရခဲ့တာပဲမဟုတ်လား။**

မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ဟာ သူတို့ရဲ့ မဲတွေကို သံသယမရှင်းဝေဝါးတဲ့ အခြေအနေမျိုးတွေအောက်မှာ ရခဲ့ကြတာပါ။ တိုင်းပြည်ကအဲဒီတုန်းက ပြိုကွဲနေခဲ့တာပါ။ တကယ်လို့အလယ်အလတ်အင်အားစုတွေက သာပြောဆိုနိုင်တဲ့ အသံမရှိတော့ဘူးဆိုရင် အီဂျစ်မှာပြည်တွင်းစစ်တစ်ရပ်ဖြစ်ဖို့ ရှိနေပါတယ်။ ကျွန်တော်အဲဒါကို ကြောက်နေပါတယ်။ ပြီးတော့လည်း ဒီမကျွမ်းကျင်တဲ့ အစိုးရဟာ နိုင်ငံ့စီးပွားရေးကို နှစ်မြှုပ်ပစ်လိုက်မှာ ကျွန်တော် စိုးရိမ်နေပါတယ်။

**အာရပ်နွေဦးဟာ အီဂျစ်မှာရောကျဆုံးသွားခဲ့ပါပြီလား။**

ကျွန်တော်အဲဒီအဆိုကို မယုံပါဘူး။ ကျွန်တော်အဲဒါကို ဆန့်ကျင်တိုက်ပွဲဝင်သွားမှာပါ။ ပြီးခဲ့တဲ့ဧပြီက ကွန်စတီကျူးရှင်းပါတီကို ကျွန်တော်တည်ထောင်ခဲ့တယ်။ ဆိုရှယ်ဒီမိုကရက်တွေ၊ လစ်ဘရယ်အင်အားစုတွေ အားလုံးနဲ့အတူ ပူးပေါင်းပြီး ကျွန်တော်တို့ အစ္စလာမ်မစ်ဝါဒီကို ဆန့်ကျင်သွားမှာပါ။ ကျွန်တော်တို့မှာ အခွင့်အရေးရှိဆဲပါ။ ဒီလို (ဒီမိုကရေစီ) နိုးကြားမှုကို ကျွန်တော်တို့ မဖြုန်းတီးသင့်ပါဘူး။ အဲဒါဆိုဝမ်းနည်းစရာဇာတ်လမ်း ဖြစ်သွားမယ်။ လူငယ်တွေဟာ ပုဂ္ဂလလွတ်လပ်မှုပိုရချင်နေကြပြီး အလုပ်အကိုင်ကောင်းကောင်းတွေရချင်နေတယ်။ သူတို့က မော်စီကိုဆန့်ကျင်တဲ့အနောက်တိုင်းရဲ့ စကားကို လိုချင်နေကြတယ်။ တကယ်လို့ အမေရိကန်တွေနဲ့ ဥရောပနိုင်ငံတွေဟာ သူတို့အမြဲတမ်းဟောပြောနေတဲ့ တန်ဖိုးစံတွေမှာ တကယ်ယုံကြည်ကြတယ်ဆိုရင် ကျွန်တော်တို့ကို ကူညီပြီး မော်စီ့ကိုဖိအားပေးရပါမယ်။

**လူကြီးမင်းအနေနဲ့ အီဂျစ်ကို အမေရိကန်ကပေးနေတဲ့ အကူအညီတွေကို ရပ်တန့်ထားဖို့ ထောက်ခံသွားမှာလား။**

ဒီမိုကရေစီ သဘောတရားတွေနဲ့ နေတဲ့သူတစ်ဦးထံကနေ ဒီလိုမျိုးအစိုးရကို ရေရှည်ထောက်ခံသွားနိုင်တယ်လို့ ကျွန်တော်မတွေးတတ်နိုင်ပါဘူး။ ပြင်သစ်တော်လှန်ရေးကြီး ဖြစ်တုန်းက အကြမ်းပတမ်းဖြစ်ခဲ့တာမျိုးတွေကို ကျွန်တော်တို့ တစ်ကျော့ပြန်မဖြစ်ချင်ပါဘူး။

*—Ref: ElBaradei Speaks out against Morsi, Spiegel.*



Photo - AP

စင်္ကာပူနိုင်ငံတွင်လုပ်ရန်
1.Engineer (B.E- E.P/E.C) (30)ဦး S$ 2000 ~ 2500
2.Techanician(G.T.I- E.P/E.C) (30)ဦး S$800~1000+
B.A/B.Sc + City Guilds (E.P/E.C)
3. Instrument Fitter (30)ဦး S$525~600+
Electrical
4. General Fitter (30)ဦး S$450+
5. Machinery Fitter (30)ဦး S$550~700+
G.T.I (M.P/M.T)B.A/B.Sc + City Guilds (M.P/M.T)
ဒူဘိုင်း UAE နိုင်ငံ Super Market တွင်လုပ်ရန်
* Cashier/ (၃၀)ဦး US 600 +
* Counterhand/ (၃၀)ဦး US 600 +
* Merchandisers (၃၀)ဦး US 600 +
* Porter (၂၀)ဦး US 600 +
* Baker/Confectioner/ (၁၀)ဦး US 600 +
Housing Allowance: Dhs 800 U.A.E Labour Law
US 600
15% Discount
License No.023/2012
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.39 • DECEMBER 6 , 2012

## နာရေးကူညီမှုအသင်းတွင် အခေါင်းဝင်သယ်မည်ဆိုသည့် နန်းခင်ဇေယျာ

ကြူကြူဟန်

ရန်ကုန်၊
ဒီဇင်ဘာ - ၁

ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသော နန်းခင်ဇေယျာက နာရေးကူညီမှုအသင်း နာရေးပို့ဆောင်သည့် လမ်းကြောင်းတွင် တစ်လလျှင်နှစ်ကြိမ် ကိုယ်တိုင်ပါဝင်ပို့ဆောင်မည်ဟု ဆိုသည်။

နန်းခင်ဇေယျာသည် ဂျပန်နိုင်ငံ အိုကီနာဝါမြို့၌ ပြုလုပ်ခဲ့သော Miss International (၂၀၁၂)ပြိုင်ပွဲတွင် ဆုသုံးဆုရရှိခဲ့ပြီးနောက် ပရဟိတလုပ်ငန်းများ၌ ယခုကဲ့သို့ ပါဝင်ဆောင်ရွက်လာခြင်းဖြစ်သည်။

“ဒီအလုပ်ကိုဝင်ကူညီတာပါ။ ညီမအသင်းမဝင်ပါဘူး။ တစ်လမှာ နှစ်ခေါက် နာရေးကူညီမှုလမ်းကြောင်းလိုက်မယ်။ မနက်ဖြန်ဆိုရင် ကိုယ်တိုင်အခေါင်းထမ်းမယ်။ ညီမကိုယ်တိုင်ရော ဒီလုပ်ငန်းမှာ စိတ်ဝင်စားတယ်။ ညီမရဲ့ တခြားပရိသတ်တွေရော ဒီစိတ်ကို ရှိစေချင်လို့၊ ဦးကျော်သူကိုလည်း လေးစားစေချင်လို့ အခေါင်းကို ကိုယ်တိုင်သယ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ” ဟု နန်းခင်ဇေယျာက ပြောသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် သထုံမြို့သို့ သွားရောက်၍ ပညာရေးနှင့်ဆိုင်သော လူမှုအကျိုးပြုလုပ်ငန်းလုပ်ဆောင်သွားမည်ဖြစ်သည်။

မကြာသေးမီက Miss Myanmar International ပြိုင်ပွဲဝင်များကို ခေါ်ယူနေခြင်းနှင့် ပတ်သက်၍ Miss Myanmar တစ်ဦးဖြစ်သည့် သူမက “အရမ်းကောင်းပါတယ်။ ဒီပွဲလေးကိုပြိုင်တာ။ နိုင်ငံတကာကို ယှဉ်ပြိုင်နိုင်တဲ့ပွဲပါ။ နိုင်ငံပေါင်းစုံနဲ့ပြိုင်ရမယ့်ပွဲပါ။ အဲ့ဒါကြောင့် ဝင်ပြိုင်သင့်တယ်။ ညီမက ပြင်ဆင်ချိန်မရခဲ့ဘူးပေါ့နော်။ ညီမလိုမဖြစ်အောင် အားလုံးပြင်ဆင်သွားသင့်တယ်လို့ ထင်ပါတယ်” ဟု နန်းခင်ဇေယျာကပြောသည်။



ဓာတ်ပုံ-နန်းခင်ဇေယျာFan Page

## ထွန်းအိန္ဒြာဗို တစ်ကိုယ်တော် ဖျော်ဖြေပွဲမှ ရရှိငွေကျပ်သိန်း ၉၀၀ ကျော် လှူဒါန်းမည်

အေးသူစံ

နိုဝင်ဘာ ၂၈ ရက်က ကျင်းပခဲ့သည့် အဆိုတော်ထွန်းအိန္ဒြာဗို၏ Charity Live ဖျော်ဖြေပွဲမှ ရရှိခဲ့သည့် အကျိုးအမြတ်ပေါင်း ကျပ်သိန်းကိုးရာကျော်ကို မူလရည်ရွယ်ထားသည့် ပရဟိတလုပ်ငန်းများအပြင် အခြားအကူအညီလိုအပ်နေသော နေရာများသို့ ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း ထွန်းအိန္ဒြာဗိုက 7 Day News သို့ ပြောသည်။

ကချင်ပြည်နယ်ရှိဒုက္ခသည်များ၊ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များ၊ ရန်ကုန်ကလေး ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ ပညာရေးကွန်ရက်၊ ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့နှင့် ဒဂုံမြို့သစ်တောင်ပိုင်းရှိဒေါ်ဖြူဖြူသင်း၏ HIV စင်တာတို့ကို ဖျော်ဖြေပွဲမှရရှိထားသည့် ကျပ်သိန်းကိုးရာကျော်ထဲမှ သိန်းတစ်ရာစီ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-ကျော်မျိုးဦး

“စာရင်းအရ သိန်းကိုးရာကျော်ရရှိထားတော့ ခုနစ်နေရာအတွက်ကတော့ ခုနစ်ရာက သေချာသွားပြီ။ စာနယ်ဇင်း နာမကျန်းရန်ပုံငွေအတွက် ပွဲနေ့က ဆယ်သိန်းလှူမယ်လို့ ကြေညာလိုက်ပေမယ့် ဒီ့ထက်ပို လှူဖြစ်ဖို့များပါတယ်။ ကျန်တဲ့ အလှူငွေတွေကိုလည်း ဒီရက်ပိုင်းမှာပဲ အရေးတကြီးလိုနေတဲ့နေရာတွေကို တစ်ပြားမကျန်လှူသွားမှာပါ။ တချို့လှူတဲ့သူတွေကနယ်က ငွေပို့မှာမို့လက်ထဲမှာသာ အလှူငွေ ကိုးရာကျော်ဆိုပေမယ့် မရသေးတာကြောင့်ပါ”ဟုထွန်းအိန္ဒြာဗိုက ပြောသည်။

တစ်ကိုယ်တော် ဖျော်ဖြေပွဲကျင်းပမည့်နေ့မတိုင်မီ ရာသီဥတုအခြေအနေ မကောင်းခဲ့သည့်အတွက် ပွဲမဖြစ်မြောက်မည်ကို စိတ်ပူခဲ့သော်လည်း လာရောက်ကြည့်ရှုမည့်ပရိသတ်များ အဆင်မပြေဖြစ်ခဲ့ခြင်းကို စိုးရိမ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒီဇင်ဘာ ၁ ရက်က မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ထွန်းအိန္ဒြာဗိုက “ ဒီအလုပ်ရုံဆွေးနွေးပွဲတွေက ကြိုဆိုရမယ့်ကိစ္စပါပဲ။

စာ(၄၉)သို့



## ၂၀၁၂ အာရှဂီတဆုလေးဆုရသွားတဲ့ ဂန်းနမ်စတိုင်

ဟောင်ကောင်၊ ဒီဇင်ဘာ - ၁

ယခုနှစ်အတွင်း‘ဂန်းနမ်စတိုင်’ သီချင်းဖြင့် ကမ္ဘာကျော်ခဲ့သော တောင်ကိုရီးယား အဆိုတော် PSYသည် ယမန်နေ့က ဟောင်ကောင်တွင် ကျင်းပပြုလုပ်ခဲ့သော 212 Mnet အာရှဂီတဆုပေးပွဲ၌ တစ်နှစ်တာအကောင်းဆုံးသီချင်းဆု၊ အကောင်း ဆုံးဂီတဗီဒီယိုဆု အပါအဝင် ဆုလေးဆု ဆွတ်ခူးခဲ့သည်။ PSYသည် ယခုနှစ်ဆုပေးပွဲတွင် အထက်ပါဆုနှစ်ဆုအပြင် လူကြိုက်အများဆုံး နိုင်ငံတကာ အနုပညာရှင်ဆု၊ အကောင်းဆုံးတစ်ကိုယ်တော် အက ဖျော်ဖြေတင်ဆက်မှုဆုတို့ကိုပါ ရရှိခဲ့ခြင်းဖြစ်သည်။

လူကြိုက်အများဆုံး နိုင်ငံတကာ အနုပညာရှင်ဆု ရရှိခဲ့သည်ကို ရည်ညွှန်း၍ ဆုလက်ခံမိန့်ခွန်း၌ PSY က “ခင်ဗျားတို့တွေ ကျွန်တော့်သီချင်းကို ဆိုနေတာ ကျွန်တော်မြင်ခဲ့ရပါတယ်။ ဒါဟာထူးဆန်းပါတယ်” ဟုပရိသတ်ကို ပြောကြားခဲ့သည်။ အမည်ရင်း ပက်ဂျေးဆန်ဟုခေါ်သော PSY သည် ယခုနှစ်အတွင်းဂန်းနမ်စတိုင် သီချင်းဖြင့် ကမ္ဘာကျော်ခဲ့ပြီး အင်တာနက်ဗီဒီယိုဝက်ဘ်ဆိုက် YouTube တွင်လည်း ယင်းသီချင်းမှာ ကြည့်ရှုသူအများဆုံး ကမ္ဘာ့စံချိန် ရရှိခဲ့သည်။

—Ref: CNA



7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ဆုရွေးချယ်ရေးအဖွဲ့ အပြောင်းအလဲနှင့် အကယ်ဒမီအကြို မြင်ကွင်းများ

အေးသူစံ၊ ကြူကြူဟန်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ယခုနှစ်ကုန် ဒီဇင်ဘာ ၃၀ ရက်မှာ ရန်ကုန်မြို့မှာ ငါးနှစ်အတွင်းပထမဆုံးအကြိမ် ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ကျင်းပနေကျ နေပြည်တော်မဟုတ်ဘဲ ရန်ကုန်မှာပြန်ကျင်းပမှာဖြစ်လို့ အကယ်ဒမီပေးပွဲ နီးကပ်လာတာနဲ့အမျှ ခရီးသွားဖို့လာဖို့ တည်းဖို့ခိုဖို့ ကြိုတင်ပြင်ဆင်ရတဲ့ အလုပ်တွေသက်သာသွားတယ်လို့ အနုပညာရှင်တော်တော်များများက တညီတညွတ်တည်း ပြောကြားကြပါတယ်။ ဒါပေမဲ့ အရင်နှစ်တွေနဲ့မတူ ထူးခြားတာက ပွဲကျင်းပဖို့ တစ်လလောက်ပဲ လိုတော့ပေမယ့် အကယ်ဒမီကို ပြည်သူလူထုက စိတ်ဝင်စားမှု နည်းပါးနေပြီး ယခင်နှစ်များလို ခန့်မှန်းအနုပညာရှင်တွေကို ထင်ကြေးပေးတာတွေ၊ အနုပညာရှင်တွေရဲ့ အကယ်ဒမီရင်ခုန်သံတွေလည်း ငြိမ်သက်နေခြင်းပါပဲ။ ၂၀၁၁ ခုနှစ်အတွက် အကယ်ဒမီ စာရင်းဝင်ဇာတ်ကားများကို စိစစ်အကဲဖြတ်တဲ့ အဖွဲ့ထဲမှာ ဒီနှစ်ကစပြီး အနုပညာရှင်တွေထဲက ပါဝင်လာကြတဲ့အတွက် ဆုရွေးချယ်မှုစနစ် ပိုပြီးအနုပညာမြောက်မယ်လို့တော့ ထင်မြင်ကြတဲ့ အနုပညာရှင်အများစုလည်း ရှိကြပါတယ်။ နှစ်သစ်ကို ကြိုရင်းကျင်းပမယ့် ၂၀၁၁ အကယ်ဒမီပွဲအပေါ် အနုပညာရှင်တွေရဲ့အမြင်၊ သူတို့ရဲ့ပွဲတက်ဖက်ရှင်တို့ကို စုစည်းတင်ဆက်လိုက်ပါတယ်။







ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)




### နေတိုး

ရန်ကုန်မှာ ကျင်းပတဲ့အတွက် သွားရလာရတာအရမ်းလွယ်ကူသွားတယ်။ လူစုံတက်စုံလည်း တက်ရောက်ခွင့်ရှိသွားတယ်။ ပွဲတစ်ပွဲဆိုတာ စည်စည်ကားကားဖြစ်လေ၊ ပိုအောင်မြင်လေလေပါပဲ။အဆက်ဆက်ကလည်း ရန်ကုန်မြို့မှာပဲ လုပ်ခဲ့တာဆိုတော့ ရန်ကုန်မှာပြန်လုပ်တာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပါပဲ။ ဆုရွေးချယ်မှုနဲ့ ဆုပေးတဲ့အပိုင်းကိုတော့ ကျွန်တော်သိပ်စိတ်မဝင်စားပါဘူး။ အနုပညာပိုင်းကိုပဲ စိတ်ဝင်စားပါတယ်။ ဘယ်သူတွေရနိုင်ခြေရှိတယ်ဆိုတာလည်း ကျွန်တော်မသိပါဘူး။ အကယ်ဒမီပွဲတက်ဝတ်စုံကတော့ ယွန်းရွှေရည်ပိုးထည်တိုက်ပါ။ ဒီဇိုင်နာကတော့ မင်း သက်စံပါ။ အရောင်ကိုတော့ ကျွန်တော် မသေချာသေးလို့ မပြောနိုင်သေးပါဘူး။

### ကျော်ကျော်ဗို

အကယ်ဒမီပေးပွဲအတွက် ပွဲတက်ဝတ်စုံကတော့ ကျွန်တော့်အမျိုးသမီးပဲ နှစ်တိုင်းစီစဉ်တာပါ။ ဒီနှစ်လည်း ဘာဝတ်ဖြစ်မလဲဆိုတာသူစီစဉ်တဲ့အပေါ် မူတည်ပါတယ်။ အကယ်ဒမီပွဲအပေါ်အမြင်ကတော့ တတ်သိနားလည်တဲ့ အနုပညာရှင်တွေ ပါဝင်ဆုံးဖြတ်စိစစ်ထားတဲ့အတွက် အရင်နှစ်တွေထက်စာရင်း အပြောင်းအလဲရှိ ကောင်းရှိမှာပါ။ ရန်ကုန်မှာ ကျင်းပတာ ဖြစ်တဲ့အတွက်လည်း အားလုံးအတွက်ပိုပြီး အဆင်ပြေသွားပါတယ်။

### ဒါရိုက်တာဝင်းထွန်းထွန်း

အကယ်ဒမီပေးပွဲကတော့ပွဲပြီးမှပဲ အပြောင်းအလဲကိုသိရမှာပါ။ ဒီနှစ်ဆုရွေးချယ်ရေးအဖွဲ့ထဲမှာအနုပညာကို နားလည်တတ်ကျွမ်းတဲ့သူတွေ ပါလာတော့ အရင်နှစ်တွေကထက်စာရင် ပိုကောင်းလာမယ်လို့တော့ မျှော်လင့်နိုင်ပါတယ်။ တကယ်ကြိုးစားထားတဲ့၊ တကယ်အရည်အချင်းရှိတဲ့၊ တကယ်အနုပညာမြောက်တဲ့ ဇာတ်ကားဆိုရင် တစ်ကားတည်းပဲရှိနေဦးတော့ အကယ်ဒမီနဲ့ထိုက်တန်ပါတယ်။ ပွဲတက်ဒီဇိုင်းကတော့ ယောကျ်ားလေးဖြစ်တဲ့အတွက် ထူးထူးခြားခြားမရှိပါဘူး။ ရန်ကုန်မှာလုပ်တာ ဖြစ်လို့ တော်တော်အလုပ်ရှုပ် သက်သာသွားပါတယ်။

### ဒါရိုက်တာညီညီထွန်းလွင်

အကယ်ဒမီကတော့ ဂျာနယ်တွေထဲမှာ ပါတာတွေပဲ သိရတယ်။ ‘ထာဝရအလင်းတန်းများ’ တို့၊ ‘ပန်းကြာဝတ်မှုန်’တို့ပေါ့။ ကျွန်တော်ကတော့ ရုပ်ရှင်မကြည့်ဖြစ်တာ များတယ်။ မင်းသားမင်းသမီးပိုင်းလည်း အဲဒီနှစ် ကားထဲကလူတွေရနိုင်တာပေါ့။

### ဟိန်းဝေယံ

အကယ်ဒမီပွဲတက်ဝတ်စုံအတွက် ဝါရွှေစင်ပိုးထည်တိုက်က စပွန်ဆာပေးထားပါတယ်။ ခဲရောင်ဝတ်ဖြစ်ပါမယ်။ ဒီဇိုင်နာက ကိုမင်းသက်စံပါ။ ဒီနှစ်အကယ်ဒမီက အရင်နှစ်တွေနဲ့မတူတော့ဘူး။ နေပြည်တော်ကိုမသွားရတော့တဲ့အတွက် အချိန်ကုန်လည်းသက်သာသွားတယ်။ ဆုရွေးချယ်ရေးအဖွဲ့မှာလည်း အနုပညာလောကထဲက အနုပညာရှင်တွေ သက်ဆိုင်ရာအဖွဲ့ထဲမှာ ပါလာတဲ့အတွက် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ ရွေးချယ်ကြမယ်လို့ကြားတော့ အနုပညာရှင်တွေ ပါဝင်အကဲဖြတ်ခွင့် ရလာမယ့်အပေါ်မှာ ဆုက ပိုပြီး အသက်ဝင်လာမယ်လို့ မျှော်လင့်ပါတယ်။

### အကယ်ဒမီ ထွန်းအိန္ဒြာဗို

ဒီနှစ် အကယ်ဒမီက အပြောင်းအလဲတွေ ရှိနေတော့ ကျွန်မစိတ်ဝင်စားပါတယ်။ အခြေအနေကို စောင့်ကြည့်နေရတဲ့အနေအထားပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ပြောင်းလဲသွားတဲ့ အနေအထားကို သိပ်ဝမ်းသာပါတယ်။ သိပ်ကြိုဆိုပါတယ်။ ဆုရွေးချယ်ရေးအဖွဲ့ကိုလည်း ယုံကြည်ပါတယ်။

### ချစ်သုဝေ

အကယ်ဒမီဝတ်စုံကို ဒီဇိုင်းနာ မပုံ့ (My Favourite) က စီစဉ်ပေးတယ်။ ထရီဇာက ချိတ်ဝမ်းဆက်ဝတ်ဖို့ စဉ်းစားထားတယ်။ ခုနောက်ပိုင်းချိတ် စစ်စစ်တွေကို သိပ်မဝတ်ဖြစ်ကြလို့ဝတ်ဖို့စဉ်းစားတာပါ။

**တစ်ဖက်သို့**

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012



## ဆုရွေးချယ်ရေးအဖွဲ့ အပြောင်းအလဲနှင့် အကယ်ဒမီအကြို မြင်ကွင်းများ မှ

မိတ်ကပ်ကတော့ အန်တီနှင်း (ဒီဇင်ဘာနှင်း)နဲ့ ပြင်ဖြစ်ပါတယ်။ ချိတ်ကတော့ ယဉ်သူထိုက်ပိုးထည်က စပွန်ဆာ ပေးတာပါ။ ဆုရွေးချယ်မှုအပေါ် အမြင်ကတော့ ရုပ်ရှင်ဘက်က အနုပညာရှင်တွေ ပါဝင်ဆုံးဖြတ်ရွေးချယ်ခွင့်ရလာတဲ့အတွက် ပိုကောင်းမယ်လို့ ထင်ပါတယ်။ ရန်ကုန်မှာပဲ ကျင်းပတဲ့အတွက် သွားလာရတာ အရမ်းလည်း အဆင် ပြေသွားပါတယ်။

**ဒီဇိုင်နာမပုံ့(My Favourite)**

အကယ်ဒမီပေးပွဲအတွက် သက်မွန်မြင့်၊ ခင်လေးနွယ်၊ ချစ်သုဝေ၊ ဝိုင်းစုခိုင်သိန်း၊ သက်သခင်တို့ကိုဝတ်စုံစီစဉ်ပေးဖြစ်ပါတယ်။ အရောင်နဲ့ ဒီဇိုင်းကတော့ သရုပ်ဆောင်တွေရဲ့အကြိုက်ပေါ် မူတည်ပြီးတော့ အကောင်းဆုံးဖန်တီးပေးသွားမှာပါ။ ခေတ်ပုံစံရောရိုးရိုးပုံစံပါ နှစ်စုံ၊ သုံးစုံလောက် လုပ်ထားပါမယ်။

**ယုသန္တာတင်**

အကယ်ဒမီအတွက် မြတ်ပန်းပွင့်ပိုးထည်တိုက်က စပွန်ဆာပေးထားပါတယ်။ ဝတ်စုံဒီဇိုင်းကတော့ မြတ်စုပါ။ အရောင်ကတော့ ဘာဝတ်ဖြစ်ဦးမလဲတော့ မသိသေးပါဘူး။ ဒီနှစ်ကတော့ အကယ်ဒမီပေးပွဲကို အနုပညာရှင် တစ်ယောက်အနေနဲ့ ပထမဆုံး တက်ရောက်မှာပါ။

**အိန္ဒြာကျော်ဇင်+ပြေတီဦး**

ဝတ်စုံဒီဇိုင်းကတော့ Vivid ဖက်ရှင်ကပါ။ မိတ်ကပ်က ခင်စန်းဝင်းနဲ့ လိမ်းဖြစ်ပါတယ်။ ကိုပြေတီဦးအတွက် ဝတ်စုံကိုတော့ ဝါရွှေစင်ပိုးထည်က ဆင်ထားပေးပါတယ်။ ဒီနှစ်က ရန်ကုန်မှာ ကျင်းပတဲ့အတွက် သွားရလာရတာ အရမ်းအဆင်ပြေသွားပါတယ်။ ဆုရွေးချယ်မှုပိုင်းကလည်း ဒီအနုပညာ လောကအကြောင်းကို ပိုပြီးနား လည်တတ်ကျွမ်းတဲ့သူတွေ ပါလာတဲ့အတွက် ပိုပြီးကောင်းလာမယ်လို့ ထင်ပါတယ်။

**ဒါရိုက်တာ စင်ရော်မောင်မောင်**

ရန်ကုန်မှာ တစ်ကျော့ပြန်တက်ရမယ်ဆိုတော့ ဖီလင်နောက် တစ်ခုအသစ်ရတာပေါ့နော်။ အဓိကက အသက်ကြီးတဲ့သူတွေ အတွက် ပါပါတယ်။ အသက်ကြီးတဲ့သူတွေက လေးနာရီခရီးထိမသွားဘဲနဲ့ တန်းတက်လို့ရတာပေါ့နော်။ ဒါပေမဲ့ တစ်ဖက်ကလည်း ရန်ကုန်မြို့လူထုတွက် အခုလို အလှည့်ကျလေး လုပ်ပေးလိုက်တော့ ကောင်းတာပေါ့။ အဲဒါလေး ပြောချင်ပါတယ်။ ကျွန်တော်က အကယ်ဒမီတက်ရင် ဒီဇိုင်နာ မရှိပါဘူး။ ကျွန်တော့်မှာရှိတဲ့ ဥစ္စာကို သားနဲ့နှစ်ယောက် ဝတ်ပြီးသွားကြတယ်။ အသစ်ချုပ်တာပဲ။ စပွန်ဆာကမင်းသား၊ မင်းသမီးတွေပဲများပါတယ်။ ကျွန်တော်တို့က ဒါရိုက်တာတွေက ဒါမျိုး မရှိပါဘူး။ ကျွန်တော် သားသားနဲ့ပဲသွားနေကျလေ။ သားသားနဲ့ပဲ သွားမှာပါ။

ကျွန်တော်တို့ ရုပ်ရှင်မှာ လေးစားရတဲ့ ဆရာဝင်းဖေတို့၊ ဦးအောင်သိန်းမြင့်တို့ အစရှိတဲ့ ပုဂ္ဂိုလ်တွေ ဆုရွေးချယ်ရေးအဖွဲ့ထဲမှာ ပါလာတဲ့အတွက် ဝမ်းသာပါတယ်။ လှိုက်လှိုက်လှဲလှဲလည်း ကြိုဆိုပါတယ်။

**မယ်လိုဒီ**

ကျွန်မဝတ်မယ့် အဝတ်အစားတွေကတော့ နန်းထိုက်ကပိုးထည်ပဲ ဝတ်မှာပါ။ မိတ်ကပ်က မကြီးစန်းပဲပေါ့။ ဒီဇိုင်နာက မစု (ဗိသနိုး)၊ ရန်ကုန်မှာလုပ်တော့ ကောင်းပါတယ်။ အကုန်လုံးတက်လို့ ရတယ်။ အကဲဖြတ်တွေ တိုးလာတဲ့အခါကျတော့ ပိုကောင်းတာပေါ့။ အကုန်လုံး ဝိုင်းဝန်းပြီးတော့ကြည့်ပေးနိုင်တာပေါ့နော်။ ကောင်းပါတယ်။ ရန်ကုန်မှာပဲဆိုတော့ကိုယ့်ဘာသာကိုယ်တစ်ယောက်တည်း သွားဖြစ်မှာပါ။

**စိုးနန္ဒာကျော်**

တက်ဖြစ်ဖို့ များပါတယ်။ သမီးကြားတာတော့ ဒီနှစ်က ရန်ကုန်မှာ လုပ်ဖြစ်တယ်လို့ကြားတယ်ရှင့်။ အရင်နှစ်က နေပြည်တော်မှာဆိုတော့ သမီးတို့ အနုပညာရှင်တွေ အခက်အခဲဖြစ်တယ်လို့ထင်တယ်။ ရန်ကုန်မှာဆိုတော့ ပိုပြီးတော့ အဆင်ပြေသွားတာပေါ့။

အဝတ်အစားတွေက စီစဉ်ဖို့လုပ်နေကြပါတယ်။ Aroma ကလည်း ပေးတယ်။ တချို့ဒီဇိုင်းနာတွေကလည်း စပွန်ဆာပေးတယ်။ ဒါပေမဲ့ သမီးဘယ်သူ့ဆီမှာ ချုပ်ဖြစ်မလဲဆိုတာ မသေချာသေးဘူး။ သမီးတို့မောင်နှမတွေ အားလုံး အားလို့ရှိရင် သမီးတို့ The Sign of Love အဖွဲ့သားအားလုံးတက်ဖြစ်လိမ့်မယ်။ အားလုံး စုစုလုံးလုံးပေါ့နော်။ အဲ့ဒီလို မဟုတ်ရင် သမီးတို့ အမေနဲ့ပဲ သွားဖြစ်မှာပါ။

**စိုးပြည့်သဇင်**

စိုးပြည့်အနုပညာလောကထဲ စဝင်တည်းက ရန်ကုန်မှာ မကျဖူး ဘူး။ ပထမဦးဆုံးဆိုတော့ အတွေ့ကြုံအသစ်ပေါ့နော်။ စိုးပြည့်ဝတ်မှာက Karat Silk ၊ မစိုးမြတ်နန္ဒာက စပွန်ဆာပေးတာပေါ့။ Karat Silk က ပိုးထည်ကို မလတ်နဲ့ ချုပ်ပါမယ်။ မိတ်ကပ်ကတော့ စီစီ(ခင်စန်းဝင်း) ပါ။ အကယ်ဒမီပေးပွဲက ကိုယ့်ရန်ကုန်မှာပဲဆိုတော့ ကိုယ့် ဘာသာကိုယ် သွားဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြီးမယ့်အချိန်တွေကမတူကြတော့လေ ပြင်ဆင်တာ။ စိုးပြည့်သိပ်တော့ နားမလည်ပါဘူး။ လူကြီးတွေ စီစဉ်တာ ကောင်းမယ်ထင်လို့ စီစဉ်ကြတာ။

**ဝင့်ယမုံလှိုင်**

အကယ်ဒမီပွဲဆိုတာ နှစ်တိုင်းနှစ်တိုင်း လုပ်နေတော့ ဘယ်လိုပြောရမှာလဲ အရမ်းပျော်စရာကြီးပါ။ ရင်ခုန်စရာကြီးပေါ့။ ဝတ်မယ့်အဝတ်အစားတွေကတော့ သမီးတို့ကို စီစဉ်ပေးမယ့် လူတွေတော့ ရှိတယ်ပေါ့နော်။ သမီးတို့တက်ဖြစ်မယ်ဆိုရင် The Sign of Love တစ်ဖွဲ့လုံး တက်ဖြစ်မယ်ဆိုတော့ အဲ့ဒီအတွက် သူတို့ဘယ်လိုစီစဉ်ပေးမလဲ မသိသေးဘူး။ ဒီဇိုင်းပိုင်းလည်း သူတို့ပဲ လုပ်ပါလိမ့်မယ်။

**မောင်မျိုးမင်း(ရင်တွင်းဖြစ်)**

အကယ်ဒမီက အရင်ပွဲနဲ့ အခုပွဲနဲ့ ဘာကွာလဲဆိုတာတော့ မရောက်သေးတော့ မပြောတတ်သေးဘူး။ အဝတ်အစားက မြန်မာဆန်ဆန်ပဲ ဝတ်မယ်။ ဝါရွှေစင်က ပိုးထည်ပေးတယ်။ ဖိနပ်က ဆင်ကိုးကောင်၊ ဒီဇိုင်းနာက မင်းသက်စံ။ ဦးနဲ့ ဦးမိန်းမနဲ့ပဲ သွားမှာပါ။

**ချစ်စနိုးဦး**

ဒီနှစ် ရန်ကုန်မှာလည်း ပြောင်းလုပ်တယ်။ ပြီးတော့ အစစအရာရာ အကုန်လုံး ပြောင်းမယ်လို့ပြောတော့ အကောင်းဆုံးကိုတော့ မျှော်လင့်ထားတယ်။ ဒီဇိုင်းက မန္တလေးက အဥ္စလီဇော်ထက်၊ ချိတ်က တော်ဝင်နဒီ၊ ဖိနပ်က Shoe Gallery၊ လက်ဝတ်ရတနာက မိဘရတနာဆိုင်၊ မိတ်ကပ်က ငယ်ငယ်(အေးချစ်မွန်)၊ ရန်ကုန်မှာဆိုတော့ ကိုယ့်ဘာသာကိုယ် သွားဖြစ်မယ်။



## ဟစ်ဟော့ပ်အဆိုတော် ဒေါက်တာဒရေး ယခုနှစ် ဝင်ငွေအကောင်းဆုံး ဂီတသမားဖြစ်လာ

**လန်ဒန်၊ ဒီဇင်ဘာ – ၁**

အမေရိကန်ဟစ်ဟော့ပ်အဆိုတော် ထုတ်လုပ်သူဒေါက်တာဒရေးသည် Forbes မဂ္ဂဇင်းကြီးက ၂၀၁၂ အတွက် ထုတ်ပြန်သော ဝင်ငွေအကောင်းဆုံးဂီတပညာရှင် ၂၅ဦးစာရင်းတွင် ဝင်ငွေဒေါ်လာသန်း ၁၀၀ ဖြင့် ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ အသက် ၄၇ နှစ် အရွယ် အဆိုပါ ရက်ပ်ပါသည် ၁၉၉၀ နှစ် များမှ စ၍ ကျော်ကြားလာသော ဟစ်ဟော့ပ်ဂီတပညာရှင်ဖြစ်ပြီး အီမီနမ်၊ စခုဒေ့ါဂ်စသော ရက်ပ်ပါများနှင့်လည်း တွဲဖက်အလုပ်လုပ်ဖူးသည်။

ယခုနှစ်တွင်ဒေါက်တာဒရေး ဝင်ငွေကောင်းခဲ့ရခြင်းမှာ ၎င်း၏အမည်ဖြင့် ထုတ်လုပ်ရောင်းချခဲ့သော နားကြပ်များဖြစ်သည့် Beats by Dre နားကြပ်များရောင်းအားကောင်းခြင်းက အဓိကပါဝင်သည်ဟု Forbes မဂ္ဂဇင်းကဆို သည်။ ယခုနှစ်အတွက် မဂ္ဂဇင်းစာရင်းတွင်ဒေါက်တာဒရေး (ဝင်ငွေဒေါ်လာ သန်း ၁၀၀)၊ ရော်ဂျာဝါတားစ် (ဒေါ် လာ ၈၈ သန်း)၊ အယ်လ်တန်ဂျွန် (ဒေါ်လာ သန်း ၈၀)၊ ယူတူးဂီတအဖွဲ့ (ဒေါ်လာ ၇၈ သန်း)၊ Take That အဖွဲ့ (ဒေါ်လာ ၆၉ သန်း)တို့က ပထမမှ ပဥ္စမနေရာအထိ အသီးသီးရရှိခဲ့သည်။

ယခုနှစ် ဝင်ငွေအကောင်းဆုံး ဂီတသမား ၂၅ဦးတွင်တေလာဆွစ် (ဒေါ်လာ ၅၇ သန်း)၊ ဂျပ်စတင်ဘီဘာ (ဒေါ်လာ ၅၅ သန်း)၊ လေဒီဂါဂါ (ဒေါ်လာ ၅၂ သန်း)တို့လည်းပါဝင်သည်ကိုတွေ့ရသည်။ ထိပ်တန်း ငါးဦးပြီးနောက် ဆဋ္ဌမနေရာတွင် ကျော်ကြားမှု တာရှည်ထိန်းထားသော ရော့ခ်ဂီတအဆိုတော် ဘွန်ဂျိုဗီက (ဒေါ်လာ သန်း ၆၀)ဖြင့် ရပ်တည်ခဲ့သည်။

—Ref: BBC

### စာ-၄၇၊ ထွန်းအိန္ဒြာဗို တစ်ကိုယ်တော် ဖျော်ဖြေပွဲမှ ရရှိငွေကျပ်သိန်း ၉၀၀ ကျော် လှူဒါန်းမည် မှ

ကိုယ်ကလောကသား တစ်ယောက်အနေနဲ့ လေ့လာသူအနေနဲ့တက်ဖြစ်တာပါ။ ကျွန်မတို့ ရုပ်ရှင်လောကကို အပြင်လူက သုံးသပ်နိုင်ဖို့ အတွင်းလူက ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ဆွေးနွေးသင့်ပါတယ်" ဟု ပြောသည်။ ထွန်းအိန္ဒြာဗိုသည် တစ်ကိုယ်တော်ဖျော်ဖြေပွဲ အပြီးတွင် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှုများကို ပြန်လည်စတင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၇ရက်၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက် ရုပ်ရှင်ကားကြီးကို စတင်လက်ခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Twilight Saga: Breaking Dawn - Part Two | Summit Enter: | ၂၂၇,၃၆၆,၀၀၀ | ၂ |
| ၂။ | Skyfall | Sony Pic. | ၂၂၁,၁၄၄,၀၀၀ | ၃ |
| ၃။ | Lincoln | Touchston Pic. | ၆၂,၈၄၀,၈၀၀ | ၃ |
| ၄။ | Rise of the Guardians | Dream Works Studio | ၃၂,၃၄၁,၁၀၀ | ၁ |
| ၅။ | Life of Pi | 20th Century Fox. | ၃၀,၅၇၃,၁၀၀ | ၁ |
| ၆။ | Wreck-It Ralph | Walt Disney Pic. | ၁၄၉,၂၇၉,၀၀၀ | ၄ |
| ၇။ | Red Dawn | FilmDistrict & MGM | ၂၁,၆၈၉,၂၀၀ | ၁ |
| ၈။ | Flight | Paramount Pic: | ၇၄,၇၁၉,၀၀၀ | ၄ |
| ၉။ | Silver Linings Playbook | The Weinstein Company | ၆,၂၀၉,၇၇၀ | ၂ |
| ၁၀။ | Argo | Warner Bros. Pic. | ၉၈,၀၆၂,၃၀၀ | ၇ |

## Movie Review

### Buffalo Girls




ထိုင်းနိုင်ငံတွင် တောမှမြို့သို့တက်လာပြီး အလွန်အလုပ်ကြိုးစားကာ စကားလည်းများများမပြော စဉ်းစဉ်းစားစားလည်း မရှိသူများကို ကျွဲဟုခေါ်ကြသည်။ ဤဇာတ်ကားမှာ ယင်းအကြောင်းကို ရိုက်ကူးထားခြင်း ဖြစ်သော်လည်း အသက်၈နှစ်အရွယ် မိန်းကလေးငယ်နှစ်ဦး၏ ဇာတ်လမ်းကို ပြောပြထားသည်။ Stam နှင့် Pet တို့ထိုင်းနိုင်ငံတွင် အရေအတွက် ၃၀,၀၀၀ ခန့်ရှိသော ကလေးလက်ဝှေ့သမားများကို ကိုယ်စားပြုသည်။ ထိုင်းကျေးလက်တောရွာများတွင် ရိုက်ကူးထားသော ဇာတ်လမ်း ၌ ယင်းမိန်းကလေးများ ဖြတ်သန်းခဲ့ရသည့်ဘဝကို ခြေရာကောက်ထား သည်။ မြို့ငယ်လေးများရှိ မွေထိုင်းလက်ဝှေ့ရုံများတွင် ဆုကြေးစားယှဉ်ပြိုင်၍ မိသားစုကို ထောက်ပံ့ရပုံ၊ အနိုင်၊ အရှုံး၊ အပြုံး၊ အပျော်၊ ဝမ်းသာစရာ၊ ကြေကွဲစရာနှင့် ကလေးများအား အရွယ်နှင့် မလိုက်အောင် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးပုံများကို ပုံဖော်ထားသည်။ နောက်ဆုံးတွင် Stamနှင့် Pet တို့ကီလို ၂၀ တန်းသရဖူလုကြပုံများ မှတ်တမ်းတင်ရုပ်ရှင်ဆန်ဆန်ဇာတ်ကားကိုဒါရိုက်တာ Todd Kelsteinက ရိုက်ကူးထားပြီး Palachin ကုမ္ပဏီက ဒီဇင်ဘာ ၇ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.11, No.39 • DECEMBER 6 , 2012


**မြန်မာ** လက်ရွေးစင်ဘောလုံးအသင်းကတော့ ခြေစွမ်းအမှန်ပြသကာ ဒေသတွင်းအဆင့်မြင့်ဆုံး ဆုဖလားပြိုင်ပွဲမှ အုပ်စုအောက်ဆုံးအနေအထားဖြင့် ပြည်တော်ပြန်လာခဲ့ပြီဖြစ်သည်။ အိပ်မက်များ၊ မျှော်လင့်ချက်များနှင့် စောင့်ဆိုင်းနေသော မြန်မာဘောလုံးပရိသတ်များအတွက် မြန်မာအသင်း၏ လက်ဆောင်မှာ ရဂိုးတစ်ဂိုး၊ ပေးဂိုးခုနစ်ဂိုး၊ ရမှတ်တစ်မှတ်ဖြင့် လေးသင်းပါဝင်သည့် အုပ်စုတွင် စတုတ္ထနေရာဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ပြိုင်ပွဲတွင်(၁-၇)ဂိုးဖြင့်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ဗီယက်နမ်အသင်းအား ပွဲဦးထွက် ပွဲစဉ်တွင် တစ်ဂိုးရှုံးနေရာမှ ပယ်နယ်တီတစ်ဂိုးပြန်လည်ချေပကာ သရေရရလဒ်က မြန်မာအသင်းကို စိတ်ဓာတ်တက်ကြွစေခဲ့သော်လည်း အဆိုပါသွင်းဂိုးက ယခုပြိုင်ပွဲတွင် မြန်မာအသင်း၏ ပထမဆုံးနှင့် နောက်ဆုံးဂိုးဖြစ်သွားခဲ့သည်။

# ပရိသတ်များ စိတ်ပျက်ရပြန်ပြီ

**ဗိုလ်ဗိုလ်ဝင်း**



မြန်မာဘောလုံးအသင်းအိပ်မက်ကို ချိုးဖျက်ခဲ့သော ဖိလစ်ပိုင်-မြန်မာပွဲစဉ်တွင် နှစ်ဖက်ကစားသမားများ ဘောလုံးယှဉ်လုစဉ် Photo - AFP

ခြေစစ်ပွဲအောင်ခဲ့သော်လည်း မြန်မာအသင်းခြေစွမ်းကို နည်းပြပတ်ဆောင်ဟွာလည်း နောက်ဆုံးအဆင့်ပြိုင်ပွဲအကြိုစုစည်းလေ့ကျင့်ချိန် သုံးပတ်ခန့်အတွင်း၌ ကယ်တင်နိုင်ခြင်းမရှိခဲ့ပေ။ လက်ရွေးစင်ကစားသမားအချို့ ဒဏ်ရာရရှိနေချိန်၌ ငွေကျပ်သိန်းပေါင်းများစွာ အရှုံးခံလုပ်ထားသည့် လေးနှစ်သက်တမ်းရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင် ပွဲတွင်လည်း ကစားသမားကောင်း မွေးထုတ်နိုင်မှု ရှားပါးနေဆဲဖြစ်သည့်အတွက် နိုင်ငံကိုယ်စားပြု အသင်းကို အထောက်အကူမပြုနိုင်ခဲ့ကြောင်း လေ့လာသူများက ဆိုသည်။

"အဓိက ကစားသမားအချို့ ဒဏ်ရာရချိန်မှာ လက်ရွေးစင်အသင်းအတွက် လူစာရင်းမှာ ကလပ်အသင်းက အရန်ကစားသမားအချို့တွေတောင် ပါလာတယ်။ ကလပ်အသင်းမှာတောင် ကစားခွင့်မရတဲ့ ကစားသမားတွေအနေနဲ့ လက်ရွေးစင်အသင်းမှာ ဘယ်လိုယုံကြည်မှုနဲ့ကစားမှာလဲ" ဟု အားကစားလေ့လာသူတစ်ဦးက ပြောသည်။

လက်ရှိ အာဆီယံအဆင့်သတ်မှတ်ချက်ပထမနေရာမှ ဗီယမ်နမ်အသင်းနှင့်ပွဲစဉ်တွင် သူ့ရဲကောင်းသဖွယ် ဖြစ်ခဲ့သော ကြည်လင်းအား ထိုင်းကစားသမားများက ထိန်းချုပ်လိုက်သောအခါ မြန်မာအသင်း၏ခြေစွမ်းအမှန်က ထိုင်းနှင့်ပွဲစဉ်တွင် ပေါ်ထွက်လာခဲ့သည်။ ထိုင်းအသင်းအား အဘက်ဘက်က မယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် ရှုံးနိမ့်ခဲ့သော်လည်း မြန်မာအသင်း၏ အုပ်စုမှလွတ်မြောက်ရေးသည် ဖိလစ်ပိုင်အားအနိုင်ယူနိုင်ပါက မျှော်လင့်နိုင်ဆဲဖြစ်ခဲ့သည်။

ဖိလစ်ပိုင်နှင့် အနိုင်ရလဒ်ကို မဖြစ်မနေလိုအပ်နေချိန်၌ မြန်မာအသင်း၏ တိုက်စစ်ဆင်မှုမှာ အသက်မဝင်ခဲ့ဘဲ တစ်ဂိုးပေးလိုက်ချိန်မှသာ ကစားသမားများအနေဖြင့် အသည်းအသန်လိုက်ကစားခဲ့ပုံကလည်း အံ့သြစရာဖြစ်ရကြောင်း ပရိသတ်များက ပြောသည်။ ခံစစ်ဦးစားပေးစနစ်ဖြင့် ချီတက်သွားခဲ့သော ပတ်ဆောင်ဟွာအနေဖြင့်လည်း မဖြစ်မနေအနိုင်ယူရန် လိုအပ်နေသော ပြိုင်ဘက်အသင်းအား တိုက်စစ်ဆင်မှုအပိုင်း နည်းဗျူဟာတွင် အားနည်းချက်များရှိခဲ့သည်။

"ဒီအသင်းမှာ ပါသွားတဲ့ အလယ်တန်း ကစားသမားတွေအားလုံးနီးပါးဟာ ဖျက်အားသန်တဲ့ ကစားသမားတွေဖြစ်ပါတယ်။ ဘောလုံးကိုကိုင်ပြီး လမ်းကြောင်းခင်းပေးနိုင်တဲ့ တိုက်စစ်အားသန်တဲ့ ကစားသမားတွေမဟုတ်တော့ တိုက်စစ်လမ်းကြောင်းကို ချပေးလိုက်တဲ့ ကစားပုံမျိုးကို သုံးပွဲစလုံးမှာ မတွေ့မိသလောက်ပါပဲ။ ကြုံသလိုပေးကစားနေသလိုမျိုး ဖြစ်နေတယ်" ဟု အားကစားဆောင်းပါးရှင် ကိုနေကိုက ပြောသည်။

လက်ရွေးစင်အသင်းတွင် အဓိကကစားသမားအချို့ဒဏ်ရာရရှိမှုရှိနေသော်လည်း ခြေစစ်ပွဲအပြီးတွင် ပြည်တွင်းရှုံးထွက်ဖလားပြိုင်ပွဲရှိနေပြီး လက်ရွေးစင်အသင်းအတွက် စုစည်းလေ့ကျင့်ချိန် နည်းပါးမှုကလည်း အခြေခံပိုင်နိုင်မှုမရှိဟု ပတ်ဆောင်ဟွာကိုယ်တိုင်ဝန်ခံထားသည့် မြန်မာကစားသမားများအတွက် အခက်အခဲဖြစ်စေခဲ့မည်ဖြစ်ပြီး လာမည့်ရာသီများအတွက် ဘောလုံးအဖွဲ့ချုပ်၏ ပိုမိုစနစ်ကျသည့်ပွဲစဉ်ရေးဆွဲမှုများ လိုအပ်မည်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

"ကစားသမားတွေ လူမှန်၊ နေရာမှန် မကစားရတာလဲ ဒီပြိုင်ပွဲဝင်အသင်းရဲ့ အခက်အခဲပါ။ ကလပ်အသင်းမှာ ကစားတာနဲ့ လက်ရွေးစင်အသင်းမှာ အခြားနေရာပြောင်းကစားရတော့ အဆင်မပြေတော့ဘူး။ မြန်မာကစားသမားတွေရဲ့ လက်ရှိအရည်အသွေးကလည်း ချက်ချင်းပြောင်းကစားခိုင်းလို့ရလောက်တာမရှိသေးဘူး။ နည်းပြဆရာရဲ့ စုစည်းလေ့ကျင့်ချိန်ကလည်း နည်းပါးတဲ့အတွက် အချိန်တိုအတွင်း အံမဝင်ဖြစ်ခဲ့တာပါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက သုံးသပ်သည်။

"အခြေအနေအရလက်ရွေးစင်အဆင့်မရှိတဲ့ ကစားသမားလေးငါးယောက်လောက်ပါသွားတယ်။ အာဆီယံအဆင့်ဝင်ပြိုင်နိုင်တဲ့ level ရှိတဲ့သူတွေ မဟုတ်ဘူးပေါ့။ ပွဲစဉ်တွေကြည့်ရင် သိနိုင်ပါတယ်။ မြန်မာနောက်တန်း ကစားသမားတွေအနေနဲ့လည်း ပါးနပ်မှုမရှိလို့ဂိုးတွေပေးလိုက်ရတာကိုလည်း တွေ့ရတယ်။ နောက်တန်းက အရမ်းရိုးသားနေလို့ မရဘူး" ဟု အဖွဲ့ချုပ်နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ဆိုသည်။

ထိုင်း၊ ဖိလစ်ပိုင်အသင်းများနှင့် ပွဲစဉ်များတွင် မြန်မာအသင်းခွင့်ပြုခဲ့ရသည့် သွင်းဂိုးအချို့မှာ မြန်မာနောက်တန်းကစားသမားများ၏ အားနည်းချက်များမှဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်တွင် ကျပ်သိန်းတစ်ထောင်ကျော်ဖြင့် ပြောင်းရွှေ့ကြေးအများဆုံးဖြစ်ခဲ့သည့် ကစားသမားဇော်မင်းထွန်းနှင့်တွဲဘက်ခံစစ်မှူးများမှာလည်း ပြိုင်ဘက်အာဆီယံတိုက်စစ်မှူးများကို ယှဉ်နိုင်ခြင်းမရှိခဲ့ခြင်းကလည်း လက်ရှိမြန်မာဘောလုံးအခြေအနေမှန်ကိုပြသလိုက်ခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

"ရှုံးတယ်ဆိုတာက လွယ်လွယ်ပြောရရင် နိုင်နိုင်တဲ့ အရည်အချင်းမရှိလို့ပေါ့။ အားနည်းတာကတော့ အဘက်ဘက်မှာပါပဲ အဓိကဦးတည်ပြီး ပြောစရာတောင် ရှာရခက်မယ်။ ထိုင်းနဲ့ကစားတဲ့ပွဲကို ကြည့်ရင် ကျွန်တော်တို့မြန်မာဘောလုံးသမားတွေ ဘယ်လောက်အထိ ပြတ်ကျန်ခဲ့ပြီဆိုတာ သိနိုင်တယ်။ ကျွန်တော်တို့ဘောလုံးသမားတွေက အခုချိန်ထိ အခြေခံဘောလုံးပညာ နိုင်နင်းမှု မရှိသေးဘူး။ ဖိလစ်ပိုင်လိုအသင်းမျိုးတောင် သူ့ဘာသာ မွေးစားသားများတယ်ပဲပြောပြော ဘောလုံးအခြေခံမှာ မြန်မာထက်အများကြီးသာတယ်။ လူတစ်ဦးချင်းရဲ့ အရပ်အမောင်းနဲ့ကြံ့ခိုင်မှု၊ ဘောလုံးကျွမ်းကျင်မှု၊ အကွက်မြင်မှုစတဲ့နေရာတွေမှာ အများကြီး လိုအပ်ချက်တွေရှိနေတယ်" ဟု အားကစားအယ်ဒီတာဟောင်း ကိုဇင်သော်နိုင်က ပြောသည်။

နိုင်ငံလက်ရွေးစင်အသင်း အောင်မြင်မှုရရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် အစပြုခဲ့သည့် မြန်မာနေရှင်နယ်လိဂ် သက်တမ်းလေးနှစ်ရှိချိန်တွင် လက်ရွေးစင်အဆင့်ဝင်ရောက်ယှဉ်ပြိုင်ရသည့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းသည် ကျရှုံးမှုများနှင့်သာ ရင်ဆိုင်နေရသည်။ သက်တမ်းအလိုက် ပြိုင်ပွဲအချို့တွင် အောင်မြင်မှုအချို့ ရရှိခဲ့သော်လည်း အဆိုပါပြိုင်ပွဲဝင် ကစားသမားများ၏ အသက်မှန်ကန်မှုအတွက်မူ မည်သူကမှ အာမခံနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အောင်ပွဲရရန် သက်တမ်းအလိုက် ပြိုင်ပွဲများကိုသာ ထုံးစံအတိုင်းအသက်လိမ်ပြိုင်ရမည့်သဘောဖြစ်နေသည်။

ယခုပြိုင်ပွဲတွင်လည်း မြန်မာအသင်းကို ESPN မှ ဘောလုံးပွဲသုံးသပ်သူက အလွန်ငယ်ရွယ်သောအသင်း၊ အသက်အကြီးဆုံးဆို၍ အသက် ၂၈ နှစ်အရွယ် ရန်ပိုင်သာ ပါသည်ဟု အသက်စာရင်းကို ကြည့်သုံးသပ်သည်။ ငယ်ရွယ်သူများ၍ ၂၀၁၃ ဆီးဂိမ်းအတွက် ဆုဖလားမှာ မြန်မာအတွက် ပြင်ဆင်မှုကောင်းကောင်းရခဲ့သည်ဟု သုံးသပ်သည်။ ထိုကဲ့သို့ သုံးသပ်မှုများ လွဲခဲ့ရသည်မှာ နှစ်မနည်းတော့။ ပြဿနာက သက်တမ်းအလိုက် ပြိုင်ပွဲတွင် အောင်ပွဲရကစားသမားများမှာ အလွတ်တန်း ပြိုင်ပွဲများတွင်မူ အသက်နှင့်လိုက်၍ ရင့်ကျက် ခြေစွမ်းပြရမည့်အစား ပိုညံ့ကုန်ခြင်းဖြစ်သည်။

ဆုကြေးစားစနစ်မပြောင်းခင် လေးနှစ်ကာလက မြန်မာလက်ရွေးစင်အသင်းသည် ၂၀၀၆ ခုနှစ် မာဒေးကားဖလားတွင် ဗိုလ်စွဲခဲ့ပြီး ၂၀၀၇ ဆီးဂိမ်းပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည်။ ၂၀၀၉ ခုနှစ်မှ စတင်ကာ ဆုကြေးစားစနစ်ပြောင်းလဲပြီးနောက် လေးနှစ်သက်တမ်းရှိချိန်တွင်မူ ၂၀၁၁ ဆီးဂိမ်းတွင် တတိယရရှိခဲ့သော်လည်း ဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆုဖလားပြိုင်ပွဲနှစ်ကြိမ်ဆက် အုပ်စုအောက်ဆုံးနေရာမှ ထွက်ခဲ့ရသည်။

ကလပ်အသင်းများတွင် အနိုင်ရရှိရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားသားကစားသမားများကို ဦးစားပေးနေရာပေးထားမှုက အဆိုပါနေရာများကို အစားထိုးဝင်ရောက်မှုမရှိသေးသည့် မြန်မာကစားသမားများအတွက်လည်း ပွဲထွက်ကစားခွင့် မရရှိခြင်းက အခက်အခဲဖြစ်နေဆဲဖြစ်သည်။ ကလပ်အသင်းနှင့် နိုင်ငံအသင်း မည်သည့်အသင်းအောင်မြင်မှုအတွက် အဓိက လုပ်ဆောင်ကြမလဲဆိုသည်ကို တာဝန်ရှိသူများအနေဖြင့် ပြန်လည် စိစစ်အဖြေရှာသင့်နေပြီဖြစ်ကြောင်း လေ့လာသူများက ပြောသည်။

လက်ရှိတွင် နိုင်ငံခြားသားတိုက်စစ်မှူးများ အများဆုံးလွှမ်းမိုးနေသည့်မြန်မာနေရှင်လိဂ်ကလပ်အသင်းများ၏ အကျိုးဆက်က ဆုဖလားဖလားဝင်လက်ရွေးစင်အသင်းတိုက်စစ်တွင် အဓိက ခံစားခဲ့ရပြီး ပြိုင်ပွဲဝင်အသင်းရှစ်သင်း၌ ရဂိုးတစ်ဂိုးသာရသည့်အသင်းမှာမြန်မာအသင်းတစ်သင်းသာဖြစ်ခဲ့သည်။ အဆိုပါတစ်ဂိုးမှာလည်း ပယ်နယ်တီမှ တစ်ဆင့် ရခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲဒုတိယနေရာမှ အောင်မြင်ခဲ့သော လာအိုအသင်းပင် ရဂိုး ခြောက်ဂိုးအထိရရှိခဲ့သည်။ ခံစစ်အသားပေးပုံကြောင့်ဟု အကြောင်းပြချက်ပေးနိုင်သော်လည်း ပွဲစဉ်များတွင်ရရှိသည့် အခွင့်အရေးများကို အသုံးမချနိုင်ခြင်းက မြန်မာကစားသမားများ၏ အရည်အသွေးနှင့် အတွေ့အကြုံပိုင်း အားနည်းချက်များကို ဖော်ပြနေသည်။

"မြန်မာပြည်မှာ အကောင်းဆုံးဆိုတဲ့ ဘောလုံးသမားတွေဆိုတာ သူတို့နဲ့ တွဲကစားနေတဲ့ သူတွေထက် နှာတစ်ဖျားပဲသာတာ။ အရည်အချင်း ၃၀ လောက်ပဲရှိတဲ့ သူတွေထဲမှာ ၃၅-၄၀ လောက်ရှိတဲ့ သူတွေက ဗိုလ်လုပ်နေတာ။ ဘယ်သူမှ ၁၀၀ မပြည့်ဘူး။ နောက်ပြီးအခြေမခိုင်ဘဲ ပေါ်ပင်လုပ်ပြီး ထောင်ထားတဲ့ လိဂ်ဟာ မြန်မာဘောလုံးအသင်းကိုတကယ်အကျိုးပြု မပြုဆိုတာ ကျွန်တော်တို့ အကြိမ်ကြိမ်သင်ခန်းစာရခဲ့ပြီးပြီ။ အောက်ခြေမှာ ခိုင်မာတဲ့ စနစ်တစ်ခုရှိပြီးမှ အထက်ကိုတက်လာရမယ့်အစား အထက်မှာ မနိုင်ရင်ကာရောမကြီး ကောက်တည်လိုက်တော့ ရေရှည်မှာ အခက်အခဲဖြစ်စေလိမ့်မယ်" ဟု အားကစားလေ့လာသူတစ်ဦးကဆိုသည်။

မည်သို့ပင်ဖြစ်စေ ၂၀၁၂ ခုနှစ်ကို မြန်မာဘောလုံးအသင်းသည် အရှုံးရလဒ်ဖြင့် နှုတ်ဆက်ရတော့မည်ဖြစ်သည်။ မဆုံးနိုင်သောသင်ခန်းစာများကိုရယူရင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးအသင်းအား လာမည့် ၂၀၁၃ ဒီဇင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲက စိန်ခေါ်မှုများနှင့် စောင့်ကြိုနေပြီဖြစ်သည်။

# ဆီးဂိမ်းအတွက် မြန်မာ့ရိုးရာခြင်းလုံး လက်ရွေးစင် ရွေးမည်



မြန်မာ့ရိုးရာခြင်းလုံးကစားသမားများ လေ့ကျင့်စဉ်
ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁**

(၂၇) ကြိမ်မြောက် ဆီးဂိမ်းတွင် ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာခြင်းလုံးကစားနည်းအတွက် မြန်မာ့လက်ရွေးစင် ရွေးချယ်မည့်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရန်ကုန်မြို့၌ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ရှစ်မျိုးထည့်သွင်းကျင်းပရန် စီစဉ်လျက်ရှိကြောင်း၊ လက်ရှိရွေးချယ်လေ့ကျင့်ပေးနေသော ကစားသမားများအပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူရွေးချယ်ပွဲ ပြုလုပ်ခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်က ပြောသည်။

"လက်ရွေးစင်ရွေးချယ်ခံရရင် တစ်နှစ်ပတ်လုံး နေပြည်တော်မှာ စခန်းသွင်းလေ့ကျင့်မှုခံယူနိုင်တဲ့သူဖြစ်ရပါမယ်။ ကျန်းမာရေးကောင်းမွန်ပြီး ဆေးစစ်ဆေးမှုခံယူနိုင်တဲ့သူလည်းဖြစ်ရပါမယ်။ ပြိုင်ပွဲဝင်အရေအတွက်လည်း ကန့်သတ်ထားခြင်းမရှိပါဘူး" ဟု ဦးရဲအောင်က ပြောသည်။

ပဏာမ အားကစားသမားများအဖြစ် အမျိုးသား ၅၀ ဦးနှင့် အမျိုးသမီး ၃၀ ဦးရွေးချယ်ရန် စီစဉ်ထားကြောင်းနှင့် ပြိုင်ပွဲဝင်အားကစားသမားများ အနေဖြင့် ဝင်ကြေးအခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်မည့်မြန်မာ့ရိုးရာခြင်းလုံးအားကစားသမားများသည် ဒီဇင်ဘာ ၃၁ ရက်နေ့ နောက်ဆုံးထား၍ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းနှင့် ဖုန်း - ၀၁-၃၉၃၄၂၀ သို့ စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အားကစားအဖွဲ့များသည်လည်း ယခုလ ၁၄ ရက်တွင် အာဆီယံနိုင်ငံ ခုနစ်နိုင်ငံသို့ သွားရောက်၍ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းများကို သရုပ်ပြလှည့်လည်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အာဆီယံ-အိန္ဒိယချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲ မြန်မာ ရှစ်ဦးပါဝင်

**မေဝင်းမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၃၀**

အနိုင်ရရှိရေးအတွက် ယှဉ်ပြိုင်မောင်းနှင်ခြင်းပုံစံမျိုးမဟုတ်သည့် အာဆီယံ-အိန္ဒိယချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲ (ASEAN-Inida Car Rally)သည် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၉ နိုင်ငံသို့ ဖြတ်သန်းမောင်းနှင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏မြို့လေးမြို့သို့ ဒီဇင်ဘာ ၁၂ ရက်တွင် ဖြတ်သန်းမောင်းနှင်မည်ဖြစ်သည်။




ကားမောင်းပြိုင်ပွဲတွင်မဟင်ဒရာမော်တော်ကားကုမ္ပဏီမှထုတ်လုပ်သော ခရီးကြမ်းမောင်းနိုင်သည့်(Sport Utility Vehicle-SUV) ယာဉ် ၃၁ စီး၊ အာဆီယံ ၁၀ နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှ လူဦးရေ ၁၂၄ ဦး ပါဝင်မည် ဖြစ်သည်။

မြန်မာနိုင်ငံမှလည်း အနုပညာရှင်များဖြစ်သော ဝေဠုကျော်၊ ဒါရိုက်တာကိုပေါက်၊ မေသဥ္ဇာဦး၊ ဆုပန်ထွာတို့နှင့် Sky Net ရုပ်သံလိုင်းမှ ၄ ဦး၊ စုစုပေါင်း ၈ ဦးပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ-အိန္ဒိယကားမောင်းပြိုင်ပွဲမှာ နိုဝင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ယိုရာကာတာမှ စတင်ထွက်ခွာလာပြီး စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ မြန်မာနိုင်ငံများသို့ ဖြတ်သန်းမောင်းနှင်ကာ ဒီဇင်ဘာ ၂၀ ရက်တွင်ကားမောင်းပြိုင်ပွဲပိတ်ပွဲကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၂ ရက်တွင်ရောက်ရှိမည်ဖြစ်ပြီး နေပြည်တော်၊မန္တလေး၊ကလေးမြို့များသို့ ဖြတ်သန်းကာအိန္ဒိယနိုင်ငံ ဂူဝါဟာတီမောင်းနှင်ရန်စီစဉ်ထားကြောင်း သိရသည်။

"ကားမောင်းပွဲသတ်သတ်မဟုတ်ဘဲ အာဆီယံနဲ့ အိန္ဒိယနိုင်ငံတို့ရဲ့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှစ်(၂၀)မြောက်အထိမ်းအမှတ်အပြင် အာဆီယံ-အိန္ဒိယ ထိပ်သီးအဆင့်ပူးပေါင်းဆောင်ရွက်မှု(၁၀)နှစ်မြောက်အထိမ်းအမှတ်လည်းဖြစ်ပါတယ်။ နိုင်ငံတွေအချင်းချင်း ချစ်ကြည်ရင်းနှီးမှုအတွက်သာမက စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုစတာတွေလည်းပါဝင်ပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးဒေါက်တာ ဗီအက်စ် ရှေရာဒရီကပြောသည်။

"အဓိက ကတော့ အာဆီယံနဲ့အိန္ဒိယနိုင်ငံတို့ ဆက်ဆံရေးပိုမိုခိုင်မြဲဖို့ ရည်ရွယ်ပြီးလုပ်ဆောင်တာဖြစ်ပါတယ်။ ကားတစ်စီးကိုလူလေးယောက်စီနဲ့ကီလိုမီတာ စုစုပေါင်း ၈,၀၀၀ လောက်ကို မောင်းမှာဖြစ်ပါတယ်။ ဘရူနိုင်းနဲ့ ဖိလစ်ပိုင်ကလွဲလို့ကျန်တဲ့အာဆီယံနိုင်ငံတွေကို ဖြတ်သန်းမောင်းနှင်မှာပါ။ ၂၀၁၄ ခုနှစ်မှာမြန်မာနိုင်ငံကအာဆီယံဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မှာဖြစ်တဲ့အတွက် အာဆီယံနဲ့ပတ်သက်တဲ့လုပ်ဆောင်ချက်တစ်ခုအနေနဲ့ လေးလေးနက်နက်ဖြစ်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ကားမောင်းပြိုင်ပွဲစီစဉ်သည့်မင်္ဂလာရှုခင်းခရီးသွားကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ရွှေက ပြောသည်။

အာဆီယံ-အိန္ဒိယချစ်ကြည်ရေးကားမောင်းပြိုင်ပွဲကို ၂၀၀၄ ခုနှစ်ကစတင်ကျင်းပခဲ့ပြီးယခုအကြိမ်မှာ ဒုတိယအကြိမ်မြောက်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# မန်ချက်စတာ ဒါဘီနဲ့ အကြိတ်အနယ်ပွဲကြီးပွဲကောင်းတွေပါဝင်လာမယ့် ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်



**ကိုအေးမြတ်**

ဒီတစ်ပတ်မှာဆိုရင် ဥရောပလိဂ်ပွဲစဉ်တွေပွဲစဉ်(၁၆)အထိရောက်ရှိလာပါပြီ။ ဒီတစ်ပတ်ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေကတော့ မန်ချက်စတာဒါဘီပွဲ အပါအဝင် အခြားပွဲကောင်းတွေပါဝင်မှာဖြစ်ပြီး စီးရီးအေမှာ အဝေးကွင်းကစားရမယ့် ဂျူဗင်တပ်ရဲ့ ပါလာမိုနဲ့ပွဲ၊ အင်တာ-နာပိုလီ ထိပ်တိုက်တွေ့တဲ့ပွဲတွေက အကြိတ်အနယ်ဖြစ်လာမှာပါ။ လာလီဂါမှာတော့ ရီးရဲလ်မက်ဒရစ်၊ ဘာစီလိုနာနှစ်သင်းစလုံးအဝေးကွင်းပွဲတွေဖြစ်သန်းရဖို့ ရှိနေပါတယ်။

**<u>ပရီးမီးယားလိဂ်</u>**

**<u>ဒီဇင်ဘာ ၈၊ စနေ</u>**

**အာဆင်နယ် - ဝက်စ်ဘရွန်း**

ယမန်နှစ်ရလဒ် ၃-၀

အာဆင်နယ်တို့ အနိုင်သေချာသလောက်ရှိပါတယ်။ ဝက်စ်ဘရွန်းတို့ ဇယားမှာထိပ်တန်းရောက်လာနေပေမယ့်အိမ်ကွင်းခြေစွမ်းခိုင်မာမှုမရှိသလိုပေးဂိုးလည်းများနေတာပါ။အာဆင်နယ်အပြန်အလှန် သွင်းဂိုးတွေနဲ့ နိုင်သွားမှာပါ။

**ဆန်းဒါးလန်း - ချယ်လ်ဆီး**

ယမန်နှစ်ရလဒ် ၁-၂

ဆန်းဒါးလန်းတို့ ရှုံးပွဲများနေတာမို့ချယ်လ်ဆီးအလယ်တန်းကိုယှဉ်ဖို့ မလွယ်ဘူး။ ချယ်လ်ဆီးတစ်ဂိုးအသာနဲ့ အနည်းဆုံးနိုင်မယ့်ပွဲပါ။ သရေဖြစ်ဖို့မရှိပါဘူး။

**<u>ဒီဇင်ဘာ ၉၊ တနင်္ဂနွေ</u>**

**မန်စီးတီး - မန်ယူ**

ယမန်နှစ်ရလဒ် ၁-၀

မန်စီးတီးကို မန်ယူတို့အကြိတ်အနယ် ကစားရဖွယ်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က နှစ်ကျော့စလုံးနိုင်ခဲ့တာကြောင့် အိမ်ရှင်မန်စီးတီး စိတ်ဓာတ်ပိုင်း အသာရနေသလိုကစားကွက်လည်းကောင်းပါတယ်။ မန်ယူအမြင့်ဆုံး သရေလောက်ပဲရဖို့ရှိပြီး မန်စီးတီး ကပ်နိုင်ဖို့ရှိနေတယ်။

**အဲဗာတန် - စပါး**

(ည ၉း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၁-၀

စပါးအတွက် အဲဗာတန်ဟာ ကစားရခက်တဲ့ အသင်းဖြစ်ပါတယ်။ အဲဗာတန်တို့ အိမ်ကွင်းမှာ အကောင်းဆုံးကစားနိုင်ပြီး သရေမျှော်လင့်ခွင့်ရှိနေပါတယ်။ စပါးနိုင်ရင်လည်း ဂိုးအနည်းနဲ့ ကပ်နိုင်ပါမယ်။

**စီးရီးအေ**

**<u>ဒီဇင်ဘာ ၉၊ တနင်္ဂနွေ။</u>**

**ရိုးမား - ဖီအိုရင်တီးနား**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၁-၂

အပြန်အလှန်အနိုင်ယူနေကျနှစ်သင်းတွေ့တဲ့ပွဲပါ။ ရိုးမားရှေ့တန်းမှာ တော့တီ၊ အော့စ်ဗယ်လ်ဒိုတို့ ဂိုးသွင်းနေပြီး အိမ်ကွင်းနိုင်ပွဲတွေ ပြန်ရနေတာမို့ ရိုးမားကပ်နိုင်ခြေရှိပါတယ်။

**ပါလာမို - ဂျူဗင်တပ်**

(ည ၈း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၀-၂

ယမန်နှစ်က ရှုံးခဲ့ပေမယ့် ပါလာမိုတို့ဒီနှစ်အိမ်ကွင်းပွဲမှာအခြေအနေကောင်းနိုင်ခြေရှိတယ်။ ဂျူဗီတို့ ချန်ပီယံလိဂ်ခြေစွမ်းကိုဆက်ရရင်တော့ အဝေးကွင်းနိုင်ပွဲရမယ်။ သရေ ဒါမှမဟုတ် ဂျူဗီကပ်အနိုင်သာ ဖြစ်မယ့်ပွဲပါ။

**<u>ဒီဇင်ဘာ ၁၀၊ တနင်္လာ</u>**

**အင်တာ - နာပိုလီ**

(နံနက် ၂း၁၅ နာရီ)

ယမန်နှစ်ရလဒ် ၀-၃

အဝေးကွင်းရှုံးပွဲနည်းနေတဲ့ နာပိုလီကို အင်တာတို့ နိုင်ဖို့ခက်ပါမယ်။ အင်တာတို့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ ရှုံးပွဲနဲ့ သရေပွဲတချို့ရှိခဲ့တာမို့ နာပိုလီကို ကပ်ရှုံးနိုင်တယ်။

**လာလီဂါ**

**<u>ဒီဇင်ဘာ ၉၊ တနင်္ဂနွေ</u>**

**ရီးရဲလ်ဗယ်လာဒိုလစ် - ရီးရဲလ်မက်ဒရစ်**

(နံနက် ၁း၃၀ နာရီ)

ယမန်နှစ်ရလဒ် မရှိ

တန်းပြန်တက်လာတဲ့ ဗယ်လာဒိုလစ်တို့ အိမ်ကွင်းရှုံးပွဲတစ်ပွဲပဲရှိတာ သတိထားရပါမယ်။ ရီးရဲလ်မက်ဒရစ် အကြိတ်အနယ်ကစားရဖွယ်ရှိပြီး သရေကျနိုင်တယ်။ ဗယ်လာဒိုလစ်ကပ်နိုင်ခြေလည်း နည်းနည်းရှိတယ်။

**<u>ဒီဇင်ဘာ ၁၀၊တနင်္လာ</u>**

**အသလက်တီကိုမက်ဒရစ် - ဒီပို့တီဗို**

(နံနက် ဝဝး၃၀ နာရီ)

ယမန်နှစ်ရလဒ် - မရှိ

နောက်ဆုံးထိပ် တိုက်တွေ့ဆုံမှု ငါးကြိမ်မှာ အသလက်တီကိုသုံးကြိမ်နိုင်ပြီး ဒီပို့တီဗိုတစ်ကြိမ် နိုင်ထားတယ်။ လက်ရှိခြေစွမ်းအရ အိမ်ရှင်တို့ အားသာနေပြီး နှစ်ဂိုးလောက်ရသွားနိုင်တယ်။

**ရီးရဲလ်ဘက်တစ် - ဘာစီလိုနာ**

(နံနက် ၂း၃၀ နာရီ)

ယမန်နှစ်ရလဒ် ၂-၂

ဘက်တစ်ကို ဘာကာတို့ သူ့အိမ်ကွင်းမှာ မနိုင်တာကြာပါပြီ။ ဒီပွဲမှာ ဘာကာတို့ ခက်ခဲဖွယ်ရှိပြီး နိုင်ရင်လည်း ဂိုးအနည်းနဲ့ ကပ်နိုင်သွားမှာပါ။ ဘက်တစ်ဘက်က အမြင့်ဆုံးသရေမျှော်လင့်နိုင်ပါတယ်။



# အစ္စရေး အိမ်ရာဆောက်လုပ်မှု အစီအစဉ် အမေရိကန်ဝေဖန်

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁**

အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းခြေ၌နေအိမ်အလုံး ၃,၀၀၀ ဆောက်လုပ်ရေး အစ္စရေးနိုင်ငံ၏ဆုံးဖြတ်ချက်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်က ဝေဖန်ပြောကြားလိုက်သည်။

"ဒီနေ့ထွက်ပေါ်လာတဲ့ကြေညာချက်နဲ့ပတ်သက်ပြီး ပြောရရင် ဒီလိုလုပ်ဆောင်မှုတွေ (အိမ်ရာဆောက်လုပ်မှုများ) ဟာငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုတွေကို နောက်ပြန်ဆွဲစေတယ်ဆိုတာ ယခင်အစိုးရတွေလိုပဲ ဒီအစိုးရကလည်း အစ္စရေးကိုရှင်းရှင်းလင်းလင်း ပြောထားပြီးဖြစ်ပါတယ်" ဟု မစ္စစ်ကလင်တန်က အစ္စရေးနိုင်ငံခြားရေးဝန်ကြီး အဗစ်ဒါလိုင်ဘာမန်းနှင့် ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘားရက်တို့ တက်ရောက်နေသော ဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

ဝါရှင်တန်မြို့၌ကျင်းပသော အဆိုပါဆွေးနွေးပွဲအား အရှေ့အလယ်ပိုင်းပေါ်လစီအတွက် ဆာဘန်စင်တာက လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ သံသယဖြစ်ဖွယ် နျူကလီးယားအစီအစဉ်၊ ဆီးရီးယားနိုင်ငံ ပဋိပက္ခများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ပြောကြားသောမိန့်ခွန်း၌မစ္စစ်ကလင်တန်က မပြေမလည်ဖြစ်နေသောအရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်အား အဓိကထားပြောကြားပြီး အစ္စရေးနှင့်ပါလက်စတိုင်းတို့အနေဖြင့် ညှိနှိုင်းဆွေးနွေးရေးဆီသို့ပြန်သွားကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

အဖွဲ့ဝင်မဟုတ်သော လေ့လာသူနိုင်ငံအဖြစ် အစ္စရေးအား အသိအမှတ်ပြုရန် ကုလသမဂ္ဂ၏ သမိုင်းဝင်မဲခွဲဆုံးဖြတ်မှု ထွက်ပေါ် အပြီး အစ္စရေး၏ အိမ်ရာဆောက်လုပ်ရေးအစီအစဉ် ပေါ်ထွက်လာခြင်းဖြစ်သည်။

*—Ref: Aljazeera*



*ကွန်ဂိုနိုင်ငံအရှေ့ပိုင်း ကာရူဘာရွာအနီး ၎င်းတို့၏ စခန်းများကို စွန့်ခွာ၍ တောင်ကုန်းများကိုဖြတ်ကျော်ကာ ဆုတ်ခွာလာသော M23 သူပုန်များကို နိုဝင်ဘာ ၃၀ ရက်ကတွေ့ရစဉ်။ ဒေသတွင်းနိုင်ငံများ ကြားဝင်ဖြေရှင်းပေးသော သဘောတူညီချက်အရ ကွန်ဂို သူပုန်များသည် ကတိပေးထားသည့်အတိုင်း ဂိုမာမြို့အနီး ရှေ့တန်းစစ်မျက်နှာမှ စတင်ဆုတ်ခွာနေကြပြီဖြစ်သည်။*

**Photo - AFP**

# ထိန်းချုပ်ထားသော ဂိုမာမြို့အား ကွန်ဂိုသူပုန်များ ပြန်လည်လွှဲပေး

**ဂိုမာ၊ ဒီဇင်ဘာ - ၁**

ကွန်ဂိုနိုင်ငံတွင် M23 သူပုန်တပ်ဖွဲ့များသည် နိုင်ငံအရှေ့ပိုင်း ဂိုမာမြို့အား သိမ်းပိုက်မှု အဆုံးသတ်လိုက်ကြောင်းနှင့် ယင်းမြို့အား ထိန်းချုပ်မှုအား အစိုးရဆီသို့ တရားဝင်ပြန်လည်လွှဲပြောင်းပေးမှု အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဂိုမာမြို့ကနေ ထွက်ခွာနေပါပြီ။ အရာရှိတွေလည်း ထွက်သွားနေပြီ။ ရဲတပ်ဖွဲ့လည်း ထွက်သွားနေပြီ" ဟု M23 တပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆူလတန် မာကင်ဂါက ပြောသည်။ ၎င်းတို့၏ ကတိကဝတ်ကို ၎င်းတို့ကိုယ်တိုင် လေးစားသလို ကင်ရှာဆာရှိကွန်ဂို အစိုးရကလည်း ၎င်းတို့ ကတိကဝတ်များအပေါ် လေးစားမည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောသည်။

စစ်သား အယောက်တစ်ရာခန့်မှာမူ လေဆိပ်အနီးရှိနေဦးမည်ဟု သူပုန်ဗိုလ်ချုပ်ကြီးက ပြောသည်။ ပစ္စည်းများ သိမ်းယူသည်ဟူသောစွပ်စွဲချက်များနှင့် ပတ်သက်၍မူ ယင်းအဖြစ်အပျက်များအကြောင်းမကြားမိဟု ၎င်းကပြောပြီး စစ်သားများက၎င်းတို့၏ပစ္စည်းကိရိယာများပြန်လည် သယ်ဆောင်နေခြင်းသာဖြစ်သည်ဟု ဆိုသည်။

ဂိုမာမြို့အားကစားကွင်းအတွင်းပြုလုပ်သည့် လွှဲပြောင်း ခြင်းအခမ်းအနားသို့လူပေါင်းရာနှင့်ချီ၍ တက်ရောက်ခဲ့ကြသည်။

ဂိုမာမြို့တွင် နေထိုင်သူများကမူ သူပုန်များ အမှန်တကယ် ထွက်ခွာသွားကြသည်ဆိုခြင်းကို သံသယရှိနေကြသည်။ ကွန်ဂိုတိုက်ခိုက်မှုများကြောင့် လူထောင်ပေါင်းများစွာ နေအိမ်များမှ ထွက်ပြေးနေကြရသည်ဟု နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC) ကပြောကြားပြီး ဂိုမာမြို့သိမ်းပိုက်ချိန်တွင် လူပေါင်း ၉၀ သေဆုံးခဲ့သည်ဟု (ICRC) ကပင် ပြောသည်။

*—Ref: Aljazeera*



7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် မက္ကဆီကိုသမ္မတသစ်နှင့် အတိုက်အခံများ လက်မှတ်ရေးထိုး

**မက္ကဆီကိုစီးတီး၊ ဒီဇင်ဘာ-၃**

တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍတွင်ယှဉ်ပြိုင်မှုများပိုမိုရှိလာစေရေးနှင့် ပညာရေးစနစ်တွင် အောက်ခြေပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရေးအတွက် မက္ကဆီကိုသမ္မတပင်ညာနီယက်တိုနှင့်နိုင်ငံ၏ အဓိကအတိုက် အခံပါတီများအကြား သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

လွှတ်တော်တွင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးလိပ်ခဲတည်းလည်း အခြေအနေအား အဆုံးသတ်နိုင်ရန် မစ္စတာပင်ညာနီယက်ကို သမ္မတဖြစ်လာပြီး နောက်တစ်နေ့မှာပင် သဘောတူညီခဲ့ကြခြင်း ဖြစ်သည်။




Photo - AFP

*မက္ကဆီကိုသမ္မတ အင်းနရစ် ပီညာနီယက်တို(ဝဲဘက်မှ နှစ်ယောက်မြောက်)က မက္ကဆီကိုပြည်ထဲရေးဝန်ကြီး မီဂွယ်အိုဆိုရီယိုချုန်(အောက်ဆုံးတန်းဘယ်အစွန်)၊ ဒီမိုကရက်တစ်တော်လှန်ရေးပါတီဥက္ကဋ္ဌအပါအဝင် အခြားခေါင်းဆောင်များနှင့် မက္ကဆီကိုစီးတီးမြို့တော်၌ ဒီဇင်ဘာ ၂ ရက်က Pact for Mexico သဘောတူစာချုပ် ချုပ်ဆိုပြီး စကားပြောကြားနေပုံ*

မစ္စတာ ပင်ညာနီယက်တို (၄၆နှစ်)သည် အတိုက်အခံအဖြစ် ၁၂ နှစ်ကြာ ရပ်တည်ခဲ့သော အခြေခံဥပဒေတော်လှန်ရေးပါတီ(IRP )နှင့်အတူ ရွေးကောက်ပွဲအနိုင်ရရှိခဲ့ပြီး ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ပါလီမန်တွင် မည်သည့်ပါတီမျှ ပြတ်ပြတ် သားသားလူများစုနေရာ မရရှိခဲ့ပေ။

"တူညီတဲ့ သဘောထားတစ်ရပ် ရရှိဖို့ကျွန်တော်တို့ညှိနှိုင်းဆွေးနွေးရပါမယ်။ အခုအချိန်ဟာ နိုင်ငံ့သမိုင်းမှာ အဆုံးအဖြတ်ပေးတဲ့ ကာလပါပဲ။ အရေးကြီးတဲ့ သဘောတူညီချက်တွေ ရရှိဖို့ရာ နိုင်ငံရေးသမားတွေဟာ ဘုံရပ်တည်ချက်တွေ ရှာဖွေရမယ်ဆိုတာ အခြေအနေက တောင်းဆိုနေပါတယ်" ဟု သမိုင်းဝင်ချက်တူတီပက်ရဲတိုက်တွင် ပြုလုပ်ခဲ့သည့် အခမ်းအနား၌ မစ္စတာ ပင်ညာနီယက်တိုက ပြောကြားသည်။

ယခု သဘောတူညီချက်အားယခင်အစိုးရအာဏာရပါတီဖြစ်သော အမျိုးသားရေး လှုပ်ရှားမှုပါတီ (PAN) ဥက္ကဋ္ဌ မစ္စတာဂုတ်စတာဗို မာဒီရိုနှင့် လက်ဝဲယိမ်း ဒီမိုကရက် တစ်တော်လှန်ရေးပါတီ (PRD) ဥက္ကဋ္ဌ ဂျီးဆပ်ဇမ်ဘရာနိုတို့လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူညီချက်တွင် မက္ကဆီကို နိုင်ငံ၏ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ၌ယှဉ်ပြိုင်မှုတိုးမြှင့်ရေး၊ ပညာရေးစနစ်အား ခေတ်မီအောင် ပြုပြင်ရေး၊ ဒေသခံအစိုးရများ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို တိုးတက်အောင် လုပ်ဆောင်ရေးစသည့်အချက်သုံးချက်ပါဝင်သည်။ သို့သော် အဆိုပါသဘောတူညီချက်တွင်တစ်နှစ်အတွင်း အကောင်အထည်ဖော်မည်ဆိုထားပြီး လူအများစောင့်ကြည့်နေကြသော အခွန်အကောက်နှင့် စွမ်းအင်စီမံကိန်းအရေးကိစ္စများ မပါဝင်ခဲ့ပေ။ *—Ref: Reuters*

# ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု ပိုမိုများပြားလာကြောင်း သုတေသနအစီရင်ခံစာ ဖော်ပြ

**လန်ဒန်၊ဒီဇင်ဘာ-၃**

ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများကိုလေ့လာသော စာတမ်းတစ်ခုအရ ၂၀၁၂ ခုနှစ်အတွင်း စက်မှုလုပ်ငန်းများမှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများ ခန့်မှန်းခြေအားဖြင့် ၂ဒသမ ၆ ရာခိုင်နှုန်းခန့် တိုးလာကြောင်း သိရသည်။

၂၀၁၁ ခုနှစ်အတွင်းကလည်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့သည်ဟု လူသားများ၏ ကာဗွန်ညစ်ညမ်းမှုများကို စောင့်ကြည့်လေ့လာ၍ နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်သော Global Carbon Project အစီရင်ခံစာက ဖော်ပြသည်။ ယင်းအတွက် ကမ္ဘာကြီးအား အန္တရာယ်များသော ရာသီဥတုပြောင်းလဲမှု လမ်းကြောင်းပေါ်သို့ သေချာပေါက်နီးပါး ရောက်ရှိသွားစေကာ အပူလှိုင်းများ၊ မိုးခေါင်ရေရှားမှုများနှင့် မုန်တိုင်းများ ပိုမိုကြုံတွေ့ရနိုင်ကြောင်း သိရသည်။

ယခုတွေ့ရှိချက်များက ကာတာနိုင်ငံ ဒိုဟာမြို့တွင် နိုင်ငံပေါင်း ၂၀၀ ခန့် တက်ရောက်ဆွေးနွေးနေသော ရာသီဥတုပြောင်းလဲမှု ဆွေးနွေးပွဲများကို ပိုမို၍ အရေးတကြီးဖြစ်လာစေမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲများမှာ ဒီဇင်ဘာ ၇ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်က သဘောတူညီခဲ့သော ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှုအား ၂ ဒီဂရီဆဲလ်စီးယက်စ်အောက်တွင် ထားရှိရေး ရည်မှန်းချက်အား ဖြည့်ဆည်းနိုင်အောင် ကြိုးစားကြမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှုပမာဏမှာ ၃၅ ဒသမ ၆ ဘီလီယံတန် ရှိသည်ဟု သုတေသီများက စာတမ်းတွင် ဖော်ပြထားသည်။

*—Ref: The Guardian*









# ရုရှားနိုင်ငံတွင် မိုင်ပေါင်း ၁၂၀ ရှည် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်

**မော်စကို၊ ဒီဇင်ဘာ-၃**

မော်စကိုမြို့ အနောက်မြောက်ဘက် အဝေးပြေးလမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ပြီး မော်တော်ယာဉ်များမှာ သုံးရက်ကြာ ပိတ်မိနေကြောင်း သိရသည်။

M10 အဝေးပြေးလမ်းမကြီးပေါ်ရှိယာဉ်ကြောပိတ်ဆို့မှုမှာမိုင်ပေါင်း ၁၂၀ ခန့်အထိ ရှည်လျားသည်ဟု မီဒီယာသတင်းများက ဆိုသည်။ ယာဉ်မောင်းတစ်ဦးကလည်း ယာဉ်ကြောမှာ ၂၄ နာရီအတွင်း တစ်ကီလိုမီတာသာ ရွေ့သို့ရွေ့သွားသည်ဟု ပြောသည်။ နှင်းများ ထူထပ်စွာ ကျဆင်းခဲ့၍ ယာဉ်ကြောပိတ်ဆို့ရသည်ဟု ဆိုသည်။


Photo - Getty Images

ယာဉ်မောင်းများမှာ လမ်းဘေးကွင်းပြင်များမှာပင် ချက်ပြုတ်စားသောက်နေကြသော်လည်း သုညအမှတ်အောက်နေသော အအေးဒဏ်ကို ခံနိုင်ရန် ၎င်းတို့၏ ကားအင်ဂျင်များနှင့် အပူပေးစနစ်များဖွင့်ထားရန် ဆီပြတ်လပ်နေပြီဟု ယာဉ်မောင်းအများအပြားက ပြောသည်။

"ယာဉ်မောင်းတွေကတော့ တစ်ယောက်နဲ့တစ်ယောက် ယိုင်းပင်းကူညီကြပါတယ်။ အာဏာပိုင်တွေ ဘက်မှာ ပြဿနာရှိနေတာပါ။ ဓာတ်ဆီတင်ယာဉ်တွေ လာတာလည်း မရှိဘူး။ ရေလည်း မရှိ၊ ဘာလည်း မရှိ၊ ငါတို့ဒီမှာပဲ ပိတ်မိနေကြတာပဲ"ဟု ဆာဂျီဟု အမည်ရှိသော ယာဉ်မောင်းက ဆို သည်။

ရဲတပ်ဖွဲ့ဝင် တစ်ဦးကမူ ယာဉ်ကြောပိတ်ဆို့မှုမှာ မိုင် ၂၀ ထက် မပိုဘဲ တဖြည်းဖြည်း လျော့နည်းလာနေသည်ဟု ဒီဇင်ဘာ ၂ ရက်က ပြောသည်။ သို့သော် ဝန်ကြီးချုပ် မက်ဗီဒက်၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ယာဉ်ကြောပိတ်ဆို့မှု အဆုံးသတ်ရေးနှင့် သောင်တင်နေသော ယာဉ်မောင်းများအား ကူညီရေးနည်းလမ်းရှာရန် မစ္စတာမက်ဗီဒက်က ဒုတိယဝန်ကြီးချုပ်အား ညွှန်ကြားထားသည်ဟု ပြောကြားသည်။

ရုရှားနိုင်ငံ၏ M10 အဝေးပြေးလမ်းမကြီးမှာ မော်စကိုမြို့မှ မိုင်ပေါင်း ၄၃၅ မိုင်ဝေးသော နိုင်ငံ၏ ဒုတိယအကြီးဆုံး စိန့်ပီတာစဘာ့ဂ်မြို့နှင့် ဆက်သွယ်ထားသော ဖင်လန်နိုင်ငံနယ်စပ်အထိ ဖောက်လုပ်ထားသည့် လမ်းမကြီးဖြစ်သည်။

—*Ref: ASP*

## ဆီးရီးယားအရေး ရုရှားသမ္မတနှင့် တူရကီဝန်ကြီးချုပ် ဆွေးနွေး

**လန်ဒန်၊ ဒီဇင်ဘာ-၂**

ရုရှားသမ္မတ ဗလာဒီမီရာပူတင်သည် တူရကီဝန်ကြီးချုပ် တေယစ်အာဒိုဂန်နှင့် တွေ့ဆုံကာ ဆီးရီးယားပဋိပက္ခအရေး ဆွေးနွေးသွားမည်ဟု သိရသည်။ ထိုသို့ဆွေးနွေးခြင်းမှာ ဆီးရီးယားအစိုးရ၏ အဓိကမဟာမိတ်ဖြစ်သော မော်စကိုနှင့် ဆီးရီးယားသမ္မတ အာဆတ်အား ဖြုတ်ချရန်ကြိုးစားနေသော သူပုန်များကို ထောက်ခံမှုပေးနေသည့် အန်ကာရာတို့အကြား နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့် ဆွေးနွေးပွဲလည်း ဖြစ်သည်။ ပြီးခဲ့သည့်အောက်တိုဘာလကလည်း တူရကီသည် ရုရှားလုပ် ဆီးရီးယား လေယာဉ်တစ်စင်းကို ကြားဖြတ်နှောင့်ယှက်ခဲ့ဖူးကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ရုရှားနှင့် ဆီးရီးယားတို့ဘက်ကမူ သတင်းကိုငြင်းဆိုခဲ့သည်။ အစ္စတန်ဘူလ်မြို့တော်တွင် ကျင်းပမည့် ရုရှား၊ တူရကီ ဆွေးနွေးပွဲ၌ စွမ်းအင်ဆိုင်ရာကိစ္စများ အဓိကထား ဆွေးနွေးမည်ဟု သိရသည်။

ဆွေးနွေးမှုများ မစတင်မီ ပူတင်၏ နိုင်ငံခြားရေးပေါ်လစီရေးရာအကြံပေးအကြီးအကဲ ယူရီအူရှာခေါ့ဗ်က နှစ်ဖက်စလုံးအနေဖြင့် ဆီးရီးယားအရေးအပေါ် အသေးစိတ်ဆွေးနွေးသွားမည်ဟု ဆိုထားသည်။ မော်စကိုသည် ဆီးရီးယား၏ အာဆတ်အစိုးရနှင့် ဒေါ်လာဘီလီယံများစွာ တန်ဖိုးရှိသည့်လက်နက်အရောင်းအဝယ် စာချုပ်များ ချုပ်ဆိုထားသည်။ ထို့ကြောင့် ရုရှားနှင့် တူရကီအစိုးရအကြား ဆီးရီးယားအရေးသဘောတူညီချက်ရရန် ကြိုးစားရဖွယ်ရှိနေသည်။ ရုရှားသမ္မတပူတင်သည် ဆွေးနွေးပွဲ၌ တူရကီ၏ မကြာသေးမီက နေတိုးထံ တောင်းဆိုချက်ဖြစ်သော ဆီးရီးယား-တူရကီနယ်စပ်၌ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ် တပ်ဆင်ပေးရန် တောင်းဆိုမှုအပေါ်လည်း စိုးရိမ်ကြောင်း ထုတ်ပြောရန်ရှိနေပြီး တူရကီဘက်ကမူ ယင်းကို ကာကွယ်ရေးသက်သက်အတွက်သာ ဖြစ်သည်ဟု ဆိုခဲ့သည်။

—*Ref: BBC*



7Day News Journal
# International
Vol.11, No.39 • DECEMBER 6 , 2012


Photo - AFP

*တိုကျိုအနောက်ဘက် ကီလိုမီတာ ၈၀ အကွာ အော့ဆူကီမြို့မှ ဆာဆာဂိုးဥမင်လိုဏ်ခေါင်း၏ အစိတ်အပိုင်းအချို့ ပြိုကျခဲ့ရာ ကားများထိခိုက်ပျက်စီးခဲ့ပြီး လိုဏ်ခေါင်းအတွင်း မီးလောင်မှုအချို့လည်းဖြစ်ပေါ်ခဲ့သည်။ ပြိုကျမှုများကြောင့် ဒီဇင်ဘာ ၃ ရက်အထိ သေဆုံးသူ ကိုးဦးအထိ ရှိလာခဲ့သည်။*

## ဂျပန်နိုင်ငံတွင် ဥမင်လိုဏ်ခေါင်း ပြိုကျမှုကြောင့် လူကိုးဦးသေဆုံး

**တိုကျို၊ ဒီဇင်ဘာ-၃**

ဂျပန်နိုင်ငံတွင် ကားလမ်းဖြတ်သန်းဖောက်လုပ်ထားသော အဓိက ဥမင်လိုဏ်ခေါင်းတစ်ခု ဒီဇင်ဘာ ၂ ရက်က ပြိုကျခဲ့ရာ မော်တော်ယာဉ်များ ဥမင်လိုဏ်ခေါင်းအတွင်း ပိတ်မိပြီး မီးလောင်ကျွမ်းမှုတစ်ခုလည်း ဖြစ်ပွားခဲ့ကာ လူကိုးဦး သေဆုံးခဲ့သည်။

**စာမျက်နှာ(၄၅)သို့ »**

## အီဂျစ်တရားသူကြီးများ အခြေခံဥပဒေဆန္ဒခံယူပွဲကို သပိတ်မှောက်

**ကိုင်ရိုင်၊ ဒီဇင်ဘာ-၃**

အီဂျစ်နိုင်ငံမှ တရားသူကြီးများသည် နိုင်ငံ၏ အခြေခံဥပဒေသစ်မူကြမ်းအပေါ် လူထုဆန္ဒခံယူမှုမဲခွဲဆုံးဖြတ်မှုအား ကြီးကြပ်ပေးရန် ငြင်းဆန်နေကြသည်။ ယင်းမဲခွဲဆုံးဖြတ်မှုကို ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အီဂျစ်နိုင်ငံ၏ အခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ်နှင့် သမ္မတမိုဟာမက်မော်စီကို ထောက်ခံသူ အစ္စလာမ်မစ်များအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် တရားသူကြီးများအဖွဲ့၏ ယခုဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံ၏ အခြေခံဥပဒေအား ရေးဆွဲခဲ့သော ညီလာခံအဖွဲ့၏ တရားဥပဒေအရ အကျုံးဝင်မှုကို တရားသူကြီးများက ဆုံးဖြတ်မည့်အရေးမှာ ပိတ်ပင်ခံခဲ့ရသောကြောင့် ၎င်းတို့၏ ပုံမှန်အလုပ်များ ဆိုင်းငံ့ထားကြောင်း တရားရုံးက ပြောကြားသည်။

**စာမျက်နှာ(၄၅)သို့ »**




Photo - AFP

*ဖော်ပြပါပုံတွင် တရုတ်နိုင်ငံအရှေ့ပိုင်း ရှီကျန်းပြည်နယ်တွင် အသစ်ဖောက်လုပ်ထားသော လမ်းမအလယ်၌ရှိနေသော ငါးထပ်တိုက်တစ်လုံး(အပေါ်ပုံ)နှင့် ယင်းကို မြေတူးစက်များဖြင့် ဖယ်ရှားနေပုံ(အောက်)။ အဆိုပါ အဆောက်အအုံမှာ ဖယ်ရှားရန်ငြင်းပယ်နေ၍ လျော်ကြေး ကန်ဒေါ်လာ ၄၀,၀၀၀ ပေးကာ အိမ်ရှင်၏သဘောတူညီမှုဖြင့် ဒီဇင်ဘာ ၁ ရက်က ဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။*

## ယခုလအတွင်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်မည်ဟု ဂျပန်အပါအဝင် အိမ်နီးချင်းများအား မြောက်ကိုရီးယား အသိပေး

**ဆိုးလ်၊ဒီဇင်ဘာ-၂**

မြောက်ကိုရီးယားအစိုးရသည် ယခုလအတွင်း ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားသည့်လမ်းကြောင်းကို ဂျပန်အပါအဝင် ၎င်း၏အိမ်နီးချင်းနိုင်ငံများအား အသိပေးခဲ့ကြောင်းသိရသည်။

မြောက်ကိုရီးယားသည် ယခုသတင်းကိုပြီးခဲ့သည့်နိုဝင်ဘာ ၂၀ ရက်ကကြေညာခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်ကို ဒီဇင်ဘာ ၁၀ မှ ၂၂ ရက်အတွင်းပစ်လွှတ်မည်ဟုအကြောင်းကြားထားသည်။

**စာမျက်နှာ(၄၅)သို့ »**

## ဒမတ်စကတ်စ်မြို့အနီး တိုက်ပွဲများပြင်းထန်

**ဒမတ်စကတ်စ်၊ဒီဇင်ဘာ-၃**

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်စ်မြို့တော်နှင့် နိုင်ငံတကာလေဆိပ် လုံခြုံရေးအတွက် ဆီးရီးယားစစ်ဘက်က ထိုးစစ်များ ဆက်လက်ဆင်နွှဲနေသဖြင့် ဒမတ်စကတ်စ်မြို့ဆင်ခြေဖုံးဒေသများတွင် တိုက်ပွဲများ ပြင်းထန်နေပြီး အစိုးရတပ်များက တိုက်လေယာဉ်များနှင့် ဒုံးကျည်များ အသုံးပြု၍ သူပုန်တပ်ဖွဲ့များကို အပြင်းအထန်တိုက်ခိုက်နေသည်။

ဆီးရီးယားစစ်တပ်က ရှေ့တိုးလာသော သူပုန်များကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး မြို့တော်အနီး တပ်စခန်းနှစ်ခုအား သိမ်းပိုက်ထားသော သူပုန်များက မြို့ပြင်ပရှိ ၎င်းတို့၏အမာခံဒေသများကို ခြေကုတ်ယူ၍ မြို့ထဲသို့ဝင်ရောက်ရန် စီစဉ်နေကြရာ လွန်ခဲ့သောရက်သတ္တပတ်အတွင်း တိုက်ပွဲများပြင်းထန်ခဲ့သည်။

**စာမျက်နှာ(၄၅)သို့ »**


### NEWS ANALYSIS



ရန်းကန်နေရသော ဂျပန်စီးပွားရေး

**စာမျက်နှာ(၃၆)သို့ »**

### INTERVIEW



**ဖာရိုဘုရင်တွေတောင်မှ သူ့လောက်အာဏာအများကြီး မယူခဲ့ဘူး**

နိုဗယ်ဆုရှင် အီဂျစ်အတိုက်အခံခေါင်းဆောင် မိုဟာမက်အယ်ဘာရာဒိုင်းနှင့် တွေ့ဆုံခြင်း

**စာမျက်နှာ(၄၆)သို့ »**



၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL အချပ်ပို

Vol.11, No.39 • DECEMBER 6 , 2012

# တောင်ငူ(ကေတုမတီ)မြို့တည်နန်းတည် ၅၀၂ နှစ်ပြည့်ပွဲတော် စည်ကားစွာကျင်းပ

**ဥက္ကာကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ-၃**

တောင်ငူ(ကေတုမတီ) မြို့တည်နန်းတည် ၅၀၂ နှစ်ပြည့်ပွဲတော်ကြီးကို နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ တောင်ငူမြို့လုံးကျွတ် သိုက်မြိုက်စွာကျင်းပခဲ့ပြီး ယခုနှစ်တွင် မြန်မာ့ရိုးရာ နွားပြိုင်ပွဲ၊ လှေပြိုင်ပွဲတို့ကိုလည်း ထည့်သွင်းခဲ့၍ ယခင်နှစ်များကထက် ပိုမိုစည်ကားခဲ့သည်။

ယခုနှစ်ပွဲတော်တွင် အားကစားပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲ၊ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ နွားပြိုင်ပွဲများ၊ လှေပြိုင်ပွဲ စသည်တို့ကို ပြုလုပ်ခဲ့သည်။

ပွဲတော်နောက်ဆုံးရက် ဖြစ်သည့် နိုဝင်ဘာ ၂၈ ရက်တွင် ဝင်းခင်း သဘင်တော်ကြီးကို တောင်ငူခေတ်ရိုးရာ ပုံစံအတိုင်း ဆင်ယင်ကျင်းပခဲ့သည်ကို တွေ့ရသည်။

တောင်ငူမြို့တည် ဘုရင် မဟာသီရိဇေယျသူမင်းကြီးညိုနှင့် မိဖုရားခေါင်းကြီးအဖြစ် အကယ်ဒမီရဲအောင်နှင့် အကယ်ဒမီမို့မို့မြင့်အောင်တို့က ပါဝင်ပေးခဲ့ပြီး အိမ်ရှေ့စံမင်းသားနှင့် ကြင်ယာတော်အဖြစ် သရုပ်ဆောင်ဇေယျာ၊ မေကဗျာ၊ အိမ်ရှေ့မင်းသမီးများအဖြစ် အကယ်ဒမီ စိုးပြည့်သဇင်၊ မေသက်ခိုင်တို့က ဆောင်ရွက်ပေးခဲ့ကြသည်။





ဓာတ်ပုံ-ဥက္ကာကိုကို

တောင်ငူ(ကေတုမတီ)မြို့တည်နန်းတည်နှစ် ၅၀၂နှစ်ပြည့်ပွဲကျင်းပစဉ်

ဝင်းခင်းသဘင်တော်ကြီးကို တောင်ငူမြို့ အရှေ့ဘက်အောင်နန်းတံခါးမှ စတင်ကာ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း ကန်တော်ကြီးအထိ လမ်းတစ်လျှောက်ချီတက်ခဲ့ကြပြီး မြို့လုံးကျွတ် လာရောက်အားပေးခဲ့ကြသည်။

တောင်ငူ (ကေတုမတီ) မြို့တည်နန်းတည်ပွဲတော်ကြီးကို နှစ် ၅၀၀ ပြည့်မှ စတင်ခဲ့ခြင်းဖြစ်ပြီး လာမည့်နှစ်များတွင် ယခုထက် ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကာ အဓိကဖြစ်သည့် ဝင်းခင်းသဘင်ကိုလည်း ပိုမိုစုံလင်အောင် ဆင်ယင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ဆိုသည်။

# ပေါ်ဆန်းစပါးဈေး ထပ်မံမကျဆင်းစေရန် မြန်မာနိုင်ငံ အများပိုင်ကော်ပိုရေးရှင်းက တန်ချိန်နှစ်သိန်း ဝယ်ယူမည်

**သိမ့်သိမ့်စိုး၊ သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၃**

ဈေးနှုန်းကျဆင်းမှုများသည့် အပြင် ဝယ်လိုအားကျဆင်းနေခြင်းကြောင့်အခက်အခဲများနှင့် ရင်ဆိုင်နေရသော ပေါ်ဆန်းစိုက် တောင်သူများထံမှ ပေါ်ဆန်းစပါး တန်ချိန်နှစ်သိန်းခန့်ကို လက်ရှိပေါက်ဈေးအတိုင်း မြန်မာနိုင်ငံ အများပိုင် ကော်ပိုရေးရှင်းက ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌ ကိုရဲမင်းအောင်ကပြောသည်။

“ပေါ်ဆန်းက ဒီနှစ်မှာ ဈေးတွေကလည်း ကျနေတဲ့ အပြင် ဝယ်လိုအားက မရှိဖြစ်နေတာကြောင့် Mapco အနေနဲ့ဝယ်ပေးဖို့ ဆန်စပါးအသင်းချုပ်နဲ့ ညှိနှိုင်းပြီးလုပ်ဆောင်ပေးတာပါ”ဟု မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာစိုးထွန်းက ပြောသည်။

ပေါ်ဆန်းဈေးနှုန်းများသည် လက်ရှိဈေးကွက်အနေအထားအရ ဆန်ကြမ်းဈေးနှုန်းများအောက် ထိပင်ကျဆင်းနေသည့်ဈေးကွက် အနေအထားဖြစ်နေသည်။ ထို့ကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းမှု မရှိစေရန် လက်ရှိပေါက်ဈေးကို ထိန်းပေးထားရန်အတွက် ယခုကဲ့သို့ဝယ်ယူပေးရန် စီစဉ်ပေးခြင်းဖြစ်သည်ဟု ကိုရဲမင်းအောင်ကပြောသည်။

၂၀၁၁ မိုးစပါးပေါ်ချိန်တွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်း ဝန်းကျင်ခန့် ဈေးပေါက်ခဲ့သော်လည်း ယခုနှစ်တွင် ဈေးကွက်ဝယ်လက်ပျောက်နေသဖြင့် ကျပ်လေးသိန်းကျော်ခန့်သာ ဈေးပေါက်နေသည်။

ဈေးကွက်ဝယ်လိုအား ကျဆင်းကာ ဈေးနှုန်းများ ကျဆင်းနေခြင်းမှာ ယခုနှစ်တွင် ဆန်စပါးကုန်သည်များ၏လက်ဝယ်၌လက်ကျန်စပါး ကျန်ရှိနေသေးခြင်းကြောင့် စပါးကို အင်တိုက်အားတိုက်ဖြင့်ဝယ်ယူနိုင်ခြင်းမရှိသဖြင့် ယခုကဲ့သို့ဈေးကွက်ကိုကော်ပိုရေးရှင်းအနေဖြင့်ဝင်ရောက်ထိန်းပေးရခြင်းဖြစ်သည်ဟုကိုရဲမင်းအောင်ကပြောသည်။

နိုင်ငံတော်၏ အရန်ဆန် ဝယ်ယူမှုမှာလည်း ဆန်ကြမ်းများကိုသာဝယ်ယူမှုရှိပြီး ဆန်ချောဖြစ်သည့် ပေါ်ဆန်းများကို ဝယ်ယူမှုမရှိသည့်အတွက်လည်း ပေါ်ဆန်းစပါးများမှာဈေးကွက်ဝယ်ယူမှုနည်းပြီး ဈေးနှုန်းကျဆင်းနေရသည်ဟု ဒေါက်တာ စိုးထွန်းကပြောသည်။

လတ်တလောတွင် တန်ချိန်နှစ်သိန်းခန့်ဝယ်ယူရန် စီစဉ်ထားသော်လည်း လိုအပ်ချက်အပေါ်မူတည်၍ ဝယ်ယူမှု ပမာဏမှာ ပြောင်းလဲမှုရှိနိုင်ကြောင်း ကိုရဲမင်းအောင်က ပြောသည်။

မိုးစပါးအတွက် နိုင်ငံတော်အရန်ဆန် ဝယ်ယူရာတွင် အာမခံစနစ်အစား တင်ဒါစနစ်ဖြင့် ဈေးကွက်အတွင်းရှိ ဆန်များကိုသာ ဝယ်ယူနေကြောင်း နိုင်ငံတော်အရန် ဆန် ထားရှိရေး ကြီးကြပ်မှုကော်မတီမှ သတင်းရရှိသည်။

နိုင်ငံတော်အရန်ဆန်ဝယ်ယူမှုတွင် ကော်မတီ၌ ကျပ်ငွေသန်းပေါင်း ဘီလီယံ ၁၄ ဒသမ ၅ သန်းဝန်းကျင်ရှိပြီး နိုဝင်ဘာလဆန်းမှ စတင်၍ အရန်ဆန်တန်ချိန် ၅၀,၀၀၀ ကို စတင်ဝယ်ယူနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

## အများနှင့်သက်ဆိုင်သော နေရာများတွင် အရုပ်ဆိုးစေသော ရုပ်ပုံနှင့်စာလုံးများ ရေးဆွဲခြင်းကို တားမြစ်

**မင်းဟိန်းကျော်** **ရန်ကုန်၊ဒီဇင်ဘာ-၃**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ရုပ်ပုံများရေးဆွဲခြင်း၊ စာလုံးများရေးသားခြင်းမပြုလုပ်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဒီဇင်ဘာ ၃ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်။

မြို့တော်နယ်နိမိတ်အတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သော နံရံများ၊ အဆောက်အအုံများ၊ လမ်း၊ တံတား အစရှိသည့် နေရာများတွင် အကျည်းတန်အရုပ်ဆိုးစေသော စာလုံးများ၊ ရုပ်ပုံများ ရေးဆွဲခြင်းဖြင့် သန့်ရှင်းမှုကိုထိခိုက်စေပြီး အများပြည်သူများကို စိတ်အနှောင့်အယှက်ဖြစ်ပေါ်စေသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ၃၃(ခ)အရ အမိန့်ထုတ်ပြန်ခြင်းဖြစ်ကြောင်း အဆိုပါ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။ တားမြစ်မှုကို ဖောက်ဖျက်ကျူးလွန်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေအရ အရေးယူခံရမည်ဟုဆိုသည်။

“ဒီလိုတားမြစ်တာလည်း ကောင်းပါတယ်။ ဒီလို ဂရပ်ဖတီပုံဆွဲတာမျိုးကို ဥပဒေနဲ့ကန့်သတ်ရတဲ့အထိ ဖြစ်လာတယ်ဆိုတော့ ဂုဏ်ယူဖို့ ကောင်းတာပေ့ါ။ ဒါပေမဲ့ ဒီလိုမျိုးတုံးတိပိတ်လိုက်တာထက်စာရင် ဂရက်ဖတီဆွဲလို့ရမယ့်နေရာလေးတစ်ခု သီးသန့်လုပ်ပေးရင်ပိုကောင်းပါတယ်”ဟု အိုဘားမားပုံ ရေးဆွဲခဲ့သူကိုအာကာကျော်က ပြောသည်။ ဂရက်ဖစ်တီရေးဆွဲသူအချို့မှာ ပုံကိုကြည့်ကောင်းအောင် စနစ်တကျဆွဲသော်လည်း အချို့မှာ အရုပ်ဆိုးအောင် လက်သရမ်းဆွဲသူလည်းရှိသည်။ အဆိုပါ အမိန့်ကြော်ငြာချက်ကို ရန်ကုန်မြို့တော်ဝန်ဦးလှမြင့် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း ရန်ကုန်မြို့တော် စည်ပင်၏ပထမဆုံး ထုတ်ပြန်သည့်အမိန့်ကြော်ငြာချက်ဖြစ်သည်။

# ဂျပန်နိုင်ငံတွင် ဖမ်းမိခဲ့သော သတ္တုပိုက်များနှင့် ပတ်သက်၍ ကန်လွှတ်တော်အမတ်က သမ္မတဦးသိန်းစိန်ထံစာပို့

**ဝါရှင်တန်၊**

**နိုဝင်ဘာ-၃၀**

အမေရိကန်အထက်လွှတ်တော်မှ ရီပက်ဘလီကန်အမတ် ရစ်ချက်လူဂါသည် ဂျပန်နိုင်ငံတွင် မကြာသေးမီက ဖမ်းဆီးရမိခဲ့သော ယူရေနီယမ်သန့်စင်ရေး(သို့မဟုတ်) ဒုံးကျည်ထုတ်လုပ်ရာတွင် အသုံးပြုဖွယ်ရှိသည်ဆိုသော သတ္တုပိုက်နှင့် အဆင့်မြင့်အလူမီနီယံသတ္တုစပ်ပစ္စည်းများနှင့် ပတ်သက်၍ ဖြေရှင်းပေးပါရန် မြန်မာသမ္မတဦးသိန်းစိန်ထံသို့နိုဝင်ဘာ ၂၆ ရက်(အင်္ဂါနေ့က) စာရေးသားပေးပို့ခဲ့ကြောင်း ဂျပန်အဆာဟိရှင်ဘွန်းသတင်းစာတွင် ဖော်ပြသည်။

အဆိုပါ ပစ္စည်းများမှာ သတ္တုပိုက်များနှင့် အလူမီနီယမ်သတ္တုများဖြစ်ပြီး ယင်းတို့ကို အမေရိကန်ဘက်မှ တောင်းဆိုချက်အရ ပြီးခဲ့သည့်ဩဂုတ်လက ကမ်းကပ်ထားသော သင်္ဘောတစ်စီးကို ရှာဖွေစစ်ဆေးရာမှ ဂျပန်အာဏာပိုင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆာဟိရှင်ဘွန်းသတင်းစာက အဆိုပါ မြောက်ကိုရီးယားသင်္ဘောသည် မြန်မာနှင့် တရုတ်နိုင်ငံများသို့ ယင်းပစ္စည်းများအားတင်ပို့ဖွယ်ရှိသည်ဟု ခန့်မှန်းဖော်ပြသည်။

အမေရိကန် အထက်လွှတ်တော် အမတ် လူဂါက မြန်မာ သမ္မတသည် မကြာမီကပင် နိုင်ငံတွင်း၌ မည်သည့်နျူကလီးယားဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုမျိုးကိုမဆို ကုလသမဂ္ဂမှ ပိုမိုစစ်ဆေးပိုင်ခွင့် ပြုထားသော၊ နျူကလီးယား မပြန့်ပွားရေး နိုင်ငံတကာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားကြောင်း ချီးမွမ်းပြောကြားထားသည်။

၎င်း၏စာထဲတွင် လူဂါက အာဆီယံအတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဟာ ဒီသင်္ဘောရဲ့ ရည်ရွယ်ချက်ရှိရှိ သယ်ဆောင်လာတဲ့ ကုန်စည်တွေကြောင့် ထိခိုက်နိုင်ပါတယ်ဟု ရေးသားထားသည်။

ရီပက်ဘလီကန်ပါတီ၏ အထက်လွှတ်တော်အမတ် ရစ်ချက်လူဂါသည် အမေရိကန်ကွန်ဂရက်တွင် နျူလက်နက် မပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များ၌ဦးဆောင်သူတစ်ဦးလည်းဖြစ်သည်။ *-Ref:AP*

7 DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# အာဆီယံခေါင်းဆောင် ၁၀၀ တွေ့ဆုံဆွေးနွေးပွဲ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပ

**မေဝင်းမွန်**

**ရန်ကုန်၊ဒီဇင်ဘာ-၄**

နဝမအကြိမ်မြောက် အာဆီယံခေါင်းဆောင် ၁၀၀ တွေ့ဆုံဆွေးနွေးပွဲ(ASEAN 100 Leadership Forum 2012)ကိုမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ယခုလ ၅ နှင့် ၆ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး "Turbulent World. Asia Rising. Where do we go from here?" ခေါင်းစဉ်ဖြင့် ယခုနှစ်တွင် အဓိကဆွေးနွေးသွားမည် ဖြစ်သည်။

ဒုတိယသမ္မတက မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုနှင့်အခွင့်အလမ်းများ (Change and Continuity: Challenges and Opportunities for Myanmar) ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၅ ရက်တွင် ဆွေးနွေးမည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်က အာဆီယံခေါင်းဆောင် ၁၀၀ တွေ့ဆုံဆွေးနွေးပွဲ မိန့်ခွန်းဖြစ်သည့်(Resilience in Turbulent Times)ခေါင်းစဉ်ဖြင့်ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားမည်ဖြစ်သည်။

မလေးရှားနိုင်ငံ ပီရက်ပြည်နယ် တော်ဝင်အိမ်ရှေ့မင်းသား ရာဂျာနက်ဇ်ရင်ရှားကလည်း ဆွေးနွေးပွဲ အဖွင့် မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး David Hale Global Econimics ၏ ဥက္ကဋ္ဌ မစ္စတာဒေးဗစ်ဟေးလ်၊ Enright, Scott & Associates မှ ဒါရိုက်တာဖြစ်သူ ပါမောက္ခမိုက်ကယ်အန်ရိုက် စသဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား စသည့်နိုင်ငံများမှ ကမ္ဘာ့စီးပွားရေးဆိုင်ရာနာမည်ကျော် ဝေဖန်သုံးသပ်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ၁၈ ဦးကိုလည်း ဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားထားသည်ဟုသိရသည်။

“အခြားအာဆီယံနိုင်ငံတွေနဲ့ယှဉ်ရင် မြန်မာနိုင်ငံက နောက်ကျနေတဲ့ အနေအထားမှာ ရှိနေပါတယ်။ အဲဒီရဲ့ကောင်းကျိုးကတော့ အရှေ့က တိုးတက်ပြောင်းလဲသွားတာတွေကို နမူနာယူ၊ အတုယူပြီး ပြုပြင်ပြောင်းလဲနိုင်တဲ့ အခွင့်အရေးပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကြုံတွေ့ရမယ့်စိန်ခေါ်မှုတွေနဲ့ အခွင့်အလမ်းတွေကို အာဆီယံခေါင်းဆောင် ၁၀၀ အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်နားထောင်ခွင့်ရဖို့ ရည်ရွယ်ပြီး ဒီနှစ်အစည်းဝေးကို ပြုလုပ်ရတာဖြစ်ပါတယ်”ဟု Aisa Inc Forum ဥက္ကဋ္ဌ၊ အာဆီယံခေါင်းဆောင် ၁၀၀ တွေ့ဆုံဆွေးနွေးပွဲ ကြီးမှူးကျင်းပသူ မစ္စတာဒါတိုတီမိုသီအွန်ကပြောသည်။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၊ အာရှတွင်မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ၊ အာဆီယံစုပေါင်းအသိုက်အဝန်း တိုးတက်ဖြစ်ထွန်းမှုအခြေအနေနှင့် အမေရိက၏လက်ရှိစီးပွားရေးအခြေအနေတို့ကို သုံးသပ် ဆွေးနွေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ထိုဆွေးနွေးပွဲကို Asia Inc Forum က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ စတင်ကျင်းပခဲ့သည်။

# အငှားယာဉ်ကြီးများ၏ ကနဦး ယာဉ်မှတ်ပုံတင်ခြင်း ရွာသာကြီးတွင် ပြောင်းရွှေ့လုပ်ကိုင်ပေး

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ-၄**

ပြည်ပမှ တင်သွင်းလာသည့် အငှားယာဉ်ကြီးများ၏ ကနဦး ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းအား ယခုလ ၃ ရက်မှစ၍ တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး)၌ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ရွာသာကြီး (ရုံးခွဲ)၌ပင် ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ယာဉ်များအား နံပါတ်ယူခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ကျသင့် အခွန်အခများကို ပေးသွင်းခြင်းတို့အပြင် ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံ လက်မှတ်များ ထုတ်ပေးခြင်းကိုလည်း သီးခြားခွဲထုတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် တင်သွင်းယာဉ်စီးရေ တစ်နေ့တခြား များပြားလာသည့်အတွက် ယာဉ်မှတ်ပုံတင်သူများ အဆင်ပြေစေရေးအတွက်ပြောင်းရွှေ့သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

“လောလောဆယ် မြင်သာရုံးမှာ လူစီးယာဉ်ကိုပဲ လုပ်ပေးနေတာ။ အရင်က တစ်နေ့ရတည်းမှာပဲ လူတွေကော၊ ကားတွေကော အကုန်လုံးဆိုတော့ အလုပ်လုပ်ရတာ ကြန့်ကြာမှုတွေ ရှိတာပေ့ါ။ နေရာနည်းနည်း ပြောင်းရွှေ့ဖို့ကျ ရွာသာကြီးပဲရှိတော့ ရွှေ့ပြောင်းလိုက်တာ” ဟု နေပြည်တော် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ယာဉ်အို ယာဉ်ဟောင်းဖျက်သိမ်းရေး စီမံချက်အရ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစ၍ ယခုလ ၃ ရက်ထိ အစားထိုးတင်သွင်းလာသည့် ယာဉ်မှတ်ပုံတင်အစီးရေ ၆၈,၂၉၇ စီးရှိပြီး မူသေနံပါတ် ၄င/အက္ခရာဖြင့် ထုတ်ပေးသော အစီးရေ ၂,၃၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

ထို့အပြင် မြန်မာတစ်နိုင်ငံလုံးတွင် ယာဉ်အို၊ ယာဉ်ဟောင်းဖျက်သိမ်းရေး အစီအစဉ်အရ ယခုလ ၃ ရက်ထိ လာအပ်သော အစီးရေမှာ ၇၆,၉၃၅ စီးရှိပြီး သွင်းကုန်လိုင်စင်ထုတ်ပေးခဲ့သော အစီးရေ ၇၄,၁၄၉ စီးရှိကာ ထိုအထဲမှ ကားသွင်းခွင့်လိုင်စင်ယူပြီး အစီးရေ ၆၈,၂၉၇ စီးရှိသည်။ ၎င်းတို့အနက် ဘတ်စ်ကား ၁,၀၀၀ ကျော်နှင့် ကုန်တင်ယာဉ် ၂,၉၀၀ ကျော်ရှိကာ လူစီးကား ၆၄,၃၀၀ ကျော်ရှိကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

မျက်နှာဖုံးဆောင်းပါးမှအဆက်...

# နောက်ကြောင်းပြန်မလှည့်ရန် အားလုံးမှာ တာဝန်ရှိသည်



**မျှော်လင့်စွာ၊ပျော်ရွှင်စွာ၊ စိတ်လှုပ်ရှားစွာဖြင့် အိုဘားမားကို ကြိုဆိုနေသောပြည်သူများ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ယခင်စစ်အစိုးရလက်ထက်က ခြေရာလက်ရာနှင့်ဆင်တူစွာ လက်ပံတောင်းတောင် အရေးတွင် ကိုင်တွယ်ခဲ့၍ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု နောက်ကြောင်းပြန်လှည့်မည်ကို စိုးရိမ်ပူပန်နေကြမှုဖြစ်၏။

“နောက်ပြန်လှည့်မလား၊ မလှည့်ဘူးလားဆိုတာကတော့ ပြည်သူတွေရဲ့ ဆန္ဒပေါ်မှာ မူတည်ပါတယ်။ ကျွန်တော်ထင်ပါတယ်။ ပြည်သူတွေကို မေးကြည့်ရင်တော့ ဘယ်လိုမှ နောက်ပြန်လှည့်ချင်တဲ့ ဆန္ဒ မရှိတော့ပါဘူး။ ပြည်သူက နောက်ပြန်မလှည့်ချင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကလည်း နောက်ပြန်မလှည့်နိုင်အောင်ကြိုးစားပြီးလုပ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးမှာတော့ သဘောထားတွေကတော့ အမျိုးမျိုးရှိမှာပါ။ တူညီတဲ့ အချက်တွေရှိတယ်။ မတူညီတဲ့ အချက်တွေရှိတယ်။ နိုင်ငံရေးသမားဆိုတာကတော့ ချီးမွမ်းခံရတာတွေရှိသလို၊ အဆဲခံရတာတွေလည်းရှိမှာပါပဲ။ ရှေ့ကိုပဲချီတက်သွားဖို့လိုတယ်လို့ ဒီလိုပဲ ကျွန်တော်ပြောချင်ပါတယ်” နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြည်တွင်းမီဒီယာများနှင့် ပထမဆုံးအကြိမ် ပြုလုပ်သော အောက်တိုဘာ ၂၁ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သောစကားဖြစ်သည်။ တိုက်ဆိုင်စွာ ယခုလပိုင်း၌ နိုင်ငံတော်သမ္မတရုံးဝက်ဆိုဒ်အဖွင့်စာမျက်နှာတွင် ဦးသိန်းစိန်၏ အဆိုပါ ပြောစကား ကောက်နုတ်ချက်ကိုဖော်ပြထားသည်ကိုတွေ့ရပါသည်။

သမ္မတဦးသိန်းစိန် ပြောသကဲ့သို့ပင်ပြည်သူများကဆိုရှားသော အုပ်ချုပ်မှုများအောက် ကာလရှည်ကြာနေထိုင်ခဲ့ရပြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ၌နေခဲ့ရ၍ လက်ရှိအခြေအနေမှ နောက်ပြန်မလှည့်လို။ 7Day Newsက ဒေသပေါင်းစုံမှ ပြည်သူ ၃၀ကို လူတွေ့မေးမြန်းကြည့်ရာတွင်လည်း အားလုံးက နောက်ပြန်မလှည့်လိုဟုဖြေသည်။ သို့သော် အချို့က လက်ရှိ အခြေအနေမှာ နောက်ပြန်မလှည့်သော်လည်း ရှေ့သို့လည်းမရောက်ဟု ပြောသူရှိသလို လက်ရှိအစိုးရလုပ်ကိုင်နေသည်ကိုလည်း မယုံကြည်သေးဟု ပြောသူများလည်း ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို လေ့လာဆန်းစစ်သောအခါစိုးရိမ်ပူပန်မှုကို အခြေမခံသင့်ကြောင်း နိုဝင်ဘာ ၂၆ ရက်ထုတ် ဒီလှိုင်းစာစောင်တွင် ဖော်ပြခဲ့သော ပင်တိုင်ဆောင်းပါးကဏ္ဍ ‘ဒီစကား’၌ ရေးသားထားသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရှုမြင်သုံးသပ်ရမည့်ပုံစံနှင့် ပတ်သက်၍ ‘ဒီစကား’ တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်က အောက်ပါအတိုင်း ရေးသားအကြံပြုထားသည်။

“ယခုအချိန်မှာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ဦးတည်တဲ့ ပြုပြင်ပြောင်းလဲရေးတွေ အကောင်အထည်ဖော်ခြင်းကိုအားပေးသောအားဖြင့် ပြည်တွင်း-ပြည်ပမှ အားပေးထောက်ခံမှု အမြောက်အမြား ရှိနေပါတယ်။ ဒီလိုပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်လို့ ကျွန်မရဲ့ သဘောထားကို မေးမြန်းသူ အများအပြားလည်း ရှိကြပါတယ်။ ပြုပြင်ပြောင်းလဲမှုကို ဘယ်လိုမြင်လဲ။ ‘ဂ’ ကွေ့ပြန်ကွေ့သွားမှာစိုးရိမ်လား။ ဒီလိုမဖြစ်အောင် ဘယ်လိုလုပ်သင့်သလဲဆိုတာတွေကတော့ အများဆုံး အမေးခံရတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။ ‘ပြုပြင်ပြောင်းလဲရေး’ ကို လေ့လာဆန်းစစ်ပြီး သင့်တော်သလို အားပေးဖို့ လေ့လာတဲ့အခါမှာ စိုးရိမ်ကြောင့်ကြမှုကို အခြေမခံသင့်ကြောင်းကို ကျွန်မ ရှင်းလင်းခဲ့ရပါတယ်။ ဖြစ်သင့်ဖြစ်ထိုက်သည်များနှင့် ကျွန်မတို့ပြည်သူများရဲ့ မျှော်လင့်ချက်တွေကိုသာ အဓိကထားပြီး ‘ပြုပြင်ပြောင်းလဲရေး’ ဖြစ်စဉ်တွေကို သုံးသပ်သင့်ပါတယ်။ ‘ပြုပြင်ပြောင်းလဲရေး’ ရပ်တန့်သွားမှာကို စိုးရိမ်ပြီး ဝန်းရံတာထက်၊ လုပ်ရမည်တို့ကို လုပ်ဖို့ရန် ဝိုင်းဝန်းအားပေး တိုက်တွန်းသင့်တယ်လို့ ထင်ပါတယ်”

## အခုဘယ်ရောက်နေပြီလဲ

စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသောမြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ ခေတ်သစ်နိုင်ငံရေး သိပ္ပံအယူအဆနှင့် ချိန်ထိုးကြည့်လျှင် ဒီမိုကရက်တိုင်ဇေးရှင်း၏ အဆင့်လေးဆင့် အနက် ပထမအဆင့်သာရှိသေးကြောင်း နိုင်ငံပေါင်း ၁၁၅ ခု၏ ဒီမိုကရေစီအပြောင်းအလဲကို လေ့လာသုံးသပ် ကျမ်းပြုစုခဲ့ပြီးသော ဒီမိုကရေစီအသွင် ကူးပြောင်းရေးလေ့လာသူ ဒေါက်တာမင်းဇော်ဦးနှင့် နိုင်ငံရေးလေ့လာစောင့်ကြည့်သူ၊ မြန်မာ့ဖွံ့ဖြိုးရေး သုတေသနစင်တာမှ အကြီးတန်းသုတေသန ဒေါက်တာတင်မောင်သန်းတို့က ပြောသည်။

ရောဝတီမြစ်ဆုံစီမံကိန်း ရပ်ဆိုင်းပေးခြင်း၊ နိုင်ငံရေးအကျဉ်းသားများစွာ လွတ်ငြိမ်းခွင့်ပြုခြင်း၊ ဆန္ဒပြခွင့်ဥပဒေ ပြဋ္ဌာန်းခြင်း၊ စာပေစိစစ်ရေး ဖျက်သိမ်းပေးခြင်း၊ အမည်ပျက်စာရင်း သွင်းထားသူများအားပယ်ဖျက်ပေးခြင်း၊ ပိုက်ဆံရှိသူတိုင်း လွတ်လပ်စွာ ကားတင်သွင်းခွင့်ပြုခြင်း၊ ရွေးကောက်ပွဲဥပဒေပြင်ဆင်၍ ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပကာ ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာအောင် လမ်းခင်းနိုင်ခဲ့ခြင်း၊ လွှတ်တော်၏ ကြိုးပမ်းမှုများကြောင့် လွှတ်တော်များ အသက်ဝင်လာခြင်း စသော နိုင်ငံရေး၊ စီးပွားရေး၊ ပြုပြင်ပြောင်းလဲမှုများကိုဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရက လပေါင်းနှစ်ဆယ်အတွင်းကမ္ဘာကအံ့အားသင့်အောင် လုပ်ဆောင်ခဲ့သော်လည်း လက်ရှိမြန်မာနိုင်ငံရေးမှာ အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ ကူးရာတွင် ပထမဆုံးအဆင့်ဖြစ်သောဖြေလျှော့မှု (Liberalization) အဆင့်သာရှိသေးကြောင်း ဒေါက်တာမင်းဇော်ဦးကသုံးသပ်သည်။

“ကျွန်တော်တို့ရဲ့ အသွင်ကူးပြောင်းရေးက တကယ် ‘စ’လုံးရေစဖို့တောင်ကြံတဲ့အဆင့်ပဲ ရှိတယ်လို့ ကျွန်တော်ထင်တယ်။ အဓိက ဒီမိုကရေစီအပြောင်းအလဲနဲ့ ဒီမိုကရေစီဖြစ်ထွန်းတဲ့ဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် စစချင်း အကူးအပြောင်းဖြစ်တယ်။ အကူးအပြောင်းမဖြစ်ခင်မှာ ဒီအရင်အစိုးရတွေက ဒီမိုကရေစီ မကျတကျ လစ်ဘရယ်လိုက်ဇေးရှင်းဆိုတဲ့ နိုင်ငံရေးတံခါးလေးကို စဖွင့်ပေးတယ်။ အဲဒီကာလတွေပြီးမှ အကူးအပြောင်း တကယ်ဖြစ်လာတယ်။ အကူးအပြောင်းဖြစ်လာရင် ဒီမိုကရေစီဖွံ့ဖြိုးဖို့ လုပ်ရတဲ့ဖြစ်စဉ်တွေ ဖြစ်လာတယ်။

အဲဒီဖြစ်စဉ်တွေ အခြေခိုင်လာပြီ။ နှစ်ပေါင်းများစွာကြာလာတဲ့နောက် consolidation ပေ့ါ။ ကျွန်တော်တို့အဆင့် က ဒီမိုကရေစီ အကူးအပြောင်းဖြစ်တဲ့ transition အဆင့်လောက်ပြောလို့မရသေးဘူး။ ဘာလို့ပြောလို့မရသေးလဲဆိုတော့ လက်ရှိအစိုးရက ၂၀၁၀ ရွေးကောက်ပွဲနဲ့ တက်လာတယ်။ ၂၀၁၀ ရွေးကောက်ပွဲက အားနည်းချက်တွေ အများကြီးရှိတယ်။ အဲဒီလို အားနည်းချက်တွေရှိတဲ့အပေါ်မှာ ကျွန်တော်တို့က လက်ရှိအစိုးရကို နိုင်ငံရေးတံခါးဖွင့်ပေးတဲ့ အစိုးရလို့ ကြည့်လို့ရှိရင် ပိုပြီးတော့ သင့်တော်မယ်။”

ဒေါက်တာတင်မောင်သန်းကလည်း အဆိုပါအဆင့်များကို နားလည်လွယ်အောင် အဖွင့်၊ အကူး၊ အခိုင်ဟူ၍ အမည်တိုပေးပြီး လက်ရှိမြန်မာရောက်နေသောအဆင့်ကိုအောက်ပါအတိုင်းပြောပါသည်။

“ပညာရပ်ဆိုင်ရာ ရှုထောင့်က ကြည့်မယ်ဆိုရင် အကူးလို့ ပြောလို့မရသေးဘူး။ အဖွင့်ပဲရှိသေးတယ်။ ချုပ်ထားတာတွေကို ဖြေလျှော့နေတဲ့ ကာလပေ့ါ”

နိုင်ငံရေးသိပ္ပံပညာရှင်များက အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြိမ်းခြောက်သော အချက်လေးချက်ရှိသည်ဆိုသည်။ နိုင်ငံ၏ ဂျီဒီပီနိမ့်ကျခြင်း၊ အစိုးရ၊ နိုင်ငံရေးသမားနှင့် နိုင်ငံသားများအားလုံး အရည်အသွေးနိမ့်ကျခြင်း၊ အဖွဲ့အစည်းများအားမကောင်းခြင်း၊ အစိုးရစစ်တပ်မဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များရှိပြီးပြည်တွင်းစစ်ပွဲများဖြစ်နေခြင်းစသည်တို့ကြောင့်ဖြစ်သည်။ ကံမကောင်းစွာ လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေမှာ အထက်ပါခြိမ်းခြောက်မှုလေးခုလုံးနှင့် ကြုံနေရသည်။

“ကျွန်တော်လည်း အသွင်ကူးပြောင်းရေးတွေ အများကြီးလေ့လာခဲ့တယ်။ ကျွန်တော်တို့အသွင်ကူးပြောင်းရေးက အခက်ခဲဆုံးပဲ။ ကျွန်တော်တို့လောက် ပြဿနာရှုပ်ထွေးတဲ့ အကူးအပြောင်း၊ ပြဿနာများတဲ့ အကူးအပြောင်းမရှိခဲ့သေးဘူး” ဟု ဒေါက်တာမင်းဇော်ဦးက သုံးသပ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအောင်မြင်ခဲ့လျှင် ကမ္ဘာ့ကျော်မော်ဒယ်တစ်ခုဖြစ်လာပေမည်။ ယခုပင် မြန်မာနိုင်ငံ၏ အကူးအပြောင်းကို အာဏာရှင်နိုင်ငံများ အနေဖြင့်နမူနာယူကြရန်ပြောဆိုမှုများမကြာခဏရှိသည်။ ယခုနောက်ဆုံး တရုတ်နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ချင်ကွမ်းချန်က တရုတ်ကွန်မြူနစ်ပါတီ အကြီးအကဲရှီကျင်းပင်အား မြန်မာ့အပြောင်းအလဲကိုနမူနာယူရန် တိုက်တွန်းလိုက်သည်။

**ပြည်သူတွေ ဘယ်လိုကူညီနိုင်လဲ**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.39 ▪ DECEMBER 6 , 2012



## အခါလွန်မိုးကြောင့် ကြက်သွန်နီအဝင်နည်း၍ ဈေးတက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၄**

အခါလွန်မိုး ရွာသွန်းမှုကြောင့် ကြက်သွန်နီဈေးကွက်တွင် အသစ်ဝင်ရောက်မှုနည်းသဖြင့် ဈေးနှုန်းများသည် တစ်ပတ်အတွင်း တစ်ပိဿာလျှင် ကျပ် ၈၀၀ ကျော် ၁၀၀၀ နီးပါး ဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ဘုရင့်နောင်ကြက်သွန်နီပွဲရုံများမှ လုပ်ငန်းရှင်များက ပြောသည်။

“အသစ်က တူးရမယ့်အချိန်မှာ မိုးရွာတာကြောင့် မတူးနိုင်တော့ ပစ္စည်းအဝင်နည်းလို့ ဈေးတွေတက်ကုန်တာ။ အဟောင်းလက်ကျန်ကလည်း နည်းနေပြီ။ အသစ်က ဝင်ရမယ့်အချိန် မဝင်နိုင်ဘဲ နောက်ကျနေတော့ ပစ္စည်းနည်းနေတာကြောင့် ဈေးကွက်သဘောအရ ဈေးတွေတက်နေတာပါ။ ဝယ်လိုအားက မပြောင်းပါဘူး”ဟု ကြက်သွန်စိုက်ပျိုး ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးအန်ကောက်က ပြောသည်။

ကြက်သွန်နီဈေးနှုန်းများမှာ ပြီးခဲ့သည့် အပတ်အတွင်း တစ်ပိဿာလျှင် ၇၀၀ ကျပ်၊ ၈၂၅ ကျပ်၊ ၉၀၀ ကျပ်၊ ၁၀၂၅ ကျပ်၊ ၁၁၂၅ ကျပ် အသီးသီး ရှိနေရာမှ ယခု ဒီဇင်ဘာ ၄ ရက်တွင် ၁၄၅၀ ကျပ်၊ ၁၆၅၀ ကျပ်၊ ၁၇၅၀ ကျပ်နှင့် ၁၈၅၀ ကျပ်ထိ အသီးသီးမြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ကြက်သွန်ထွက်ရာ ဒေသများဖြစ်သော မြစ်သား၊ ပခုက္ကူ၊ မြင်းခြံ၊ တောင်တွင်းကြီးဒေသများသည် အသစ်များ တူးဖော်ချိန်ရောက်ရှိနေပြီး မိုးရွာသွန်းမှုကြောင့် အထွက်နောက်ကျနေရခြင်းဖြစ်သည်။

“ဈေးတွေက မိုးရွာလို့ အဝင်နည်းပြီး တက်တာဆိုတော့ ရက်ပိုင်းပါပဲ။ ပြန်ကျသွားလိမ့်မယ်” ဟု ဈေးနှုန်းအနေအထားကို သုံးသပ်ပြောသည်။

## မြဝတီလမ်းကြောင်း ရွှေ့လျားစစ်ဆေးရေးအဖွဲ့ စစ်ဆေးစဉ် တရားဝင်ကုန်သွယ်မှု နှစ်ဆနီးပါးတိုး

**ပြည့်သိမ်း**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၄**

ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေး၏ အဓိကလမ်းကြောင်းဖြစ်သော မြဝတီကုန်သွယ်ရေးလမ်းကြောင်းတွင် မှောင်ခိုပစ္စည်း ပပျောက်ရန် ရွှေ့လျားစစ်ဆေးရေး အဖွဲ့ စတင်ဆောင်ရွက်ပြီးနောက် ၁၄ ရက်အတွင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ဆယ့်လေးသန်းဝန်းကျင်ထိတိုးမြှင့်ရလာကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ သတင်းရရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အမြန်လမ်းတစ်နေရာမှ ကုန်စည်များ သယ်ယူပို့ဆောင်နေသော ယာဉ်ကြီးများ**

“ဆယ်နှစ်ကျော်ကာလအတွင်းမှာ ဒီလောက်ရတာ။ ဒါပထမဆုံးပဲ”ဟုမြဝတီနယ်စပ်ကုန်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ဆိုသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ရွှေ့လျားစစ်ဆေးရေးကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပညာပေးကာလသတ်မှတ်ခဲ့သည်။ ပညာပေးကာလအတွင်း ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းများနှင့် သက်ဆိုင်သည့် လိုင်စင်နှင့် စာရွက်စာတမ်းများ စစ်ဆေးသွားမည်ဖြစ်ပြီး လိုင်စင်ပြုလုပ်ထားခြင်း မရှိပါက ပြန်လည်ပြုလုပ်စေခြင်း၊ ဒဏ်ကြေးပေးဆောင်ခြင်းတို့ ပြုလုပ်သည်ဟု ဆိုသည်။

ပညာပေးကာလကျော်လွန်သွားပါက ယာဉ်နှင့် ယာဉ်ပေါ်ပါ ပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း၊ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို တည်ဆဲဥပဒေနှင့် အညီအရေးယူခြင်း၊ ပစ္စည်းနှင့် သက်ဆိုင်သည့် လုပ်ငန်းရှင်ကို အမည်ပျက်စာရင်းသွင်းခြင်း၊ တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းများ ပြုလုပ်မည်ဖြစ်သည်။

“လူတွေက ခေါက်ရိုးကျိုးလာတော့ လမ်းကြောင်းမှန်ကိုရောက်အောင် ပညာပေးကာလနဲ့ လမ်းညွှန်နေရတယ်” ဟု နယ်စပ်ကုန်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူးက ရှင်းပြသည်။

မြဝတီကုန်သွယ်ရေးလမ်းကြောင်းတွင် ယခင်နှစ်များက နိုဝင်ဘာလတစ်လအတွင်း ကုန်သွယ်မှုမှာ အမေရိကန် ဒေါ်လာ ဆယ့်သုံးသန်းမှ ဆယ့်ငါးသန်းကြားသာရှိခဲ့သည်။ ယခု ရွှေ့လျားစစ်ဆေးမှု စတင်ဆောင်ရွက်ချိန်တွင် နိုဝင်ဘာတစ်လအတွင်း အမေရိကန် ဒေါ်လာနှစ်ဆယ့်ငါးမှ နှစ်ဆယ့်ရှစ်သန်းထိ တိုးတက်ရရှိလာသည်။

ထို့ကြောင့်မှောင်ခိုကုန်သွယ်မှုမှာလည်း တရားဝင်နယ်စပ်ကုန်သွယ်မှု ပမာဏနီးပါးရှိနေခြင်းဖြစ်ကြောင်း အထက်ပါကိန်းဂဏန်းများကို နှိုင်းယှဉ်၍ သိရှိနိုင်သည်။

---

နိုင်ငံသားတစ်ဦးချင်းဆီက နိုင်ငံသားကောင်းတွေဖြစ်အောင် ကြိုးစားတည်ဆောက်တာဟာ ကနေ့နိုင်ငံရေးလမ်းကြောင်း နောက်ကြောင်းပြန်မလှည့်အောင်၊ ဒီမိုကရေစီရှေ့ရှုတဲ့ အပြောင်းအလဲအဖြစ်အောင်မြင်အောင်ဆောင်ရွက်ရမယ့် နိုင်ငံသားတစ်ဦးစီရဲ့ တာဝန်လို့ ကျွန်တော်မြင်ပါတယ်။ ဒီလိုတည်ဆောက်နိုင်တာဟာ ကနေ့အပြောင်းအလဲမြန်ဆန်အောင် နိုင်ငံသားတစ်ဦးချင်းဆီရဲ့ အကူအညီ ပေးမှုလို့ပဲ ပြောလို့ရပါတယ်။ နိုင်ငံသားကောင်းဆိုတဲ့နေရာမှ မိမိရပ်ရေးရွာရေးကအစ တိုင်းပြည်တစ်ခုလုံးရဲ့ အရေးအရာတွေကိုပါ စိတ်ဝင်စားကာ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကာ ဥပဒေနဲ့အညီ ပြုမူနေထိုင်တာတွေကို ဆိုတာပါ။ မတရားတာတွေ့ရင် မြင်ရင်လည်း ရဲရဲဝံ့ဝံ့မတရားတဲ့အကြောင်း ထုတ်ဖော်ပြောဆိုနိုင်ရပါလိမ့်မယ်။ ကန့်ကွက်ရဲရပါလိမ့်မယ်” ဟု နိုင်ငံသားတစ်ယောက်၏ တာဝန်ကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အဓိပ္ပာယ်ဖွင့်သည်။

နိုင်ငံရေးဆောင်းပါးရှင် နေသန်မောင်ကလည်း လူထုတာဝန်ကို အောက်ပါအတိုင်းပြောသည်။ “လူထုက ဘာလုပ်ရမလဲဆိုတော့ ကျွန်တော်ထင်တယ်ဗျ။ ဟိုတုန်းကရှိခဲ့တဲ့ ပွင့်လင်းမြင်သာမှုမရှိခဲ့တဲ့ ချုတ်ခြုံကျခဲ့တဲ့ပြဿနာတွေ ဖိနှိပ်တဲ့ပြဿနာတွေက ရှင်းကိုရှင်းရမှာဗျ။ ဘယ်လိုရှင်းမလဲဆိုတော့ အကောင်းဆုံးနည်းက ဒီမိုကရေစီနည်းကျကျနဲ့ ပွင့်ပွင့်လင်းလင်း တင်ပြ ပြဿနာအားလုံးကို နားထောင်၊ အဲဒီမှာ အားလုံးကျေနပ်နိုင်တဲ့အဖြေကိုရှာ အဲဒါအကောင်းဆုံးပဲဗျ။ အဲဒီလိုမဟုတ်ဘဲနဲ့ လူထုဘက်ကလည်း အချို့ဟာတွေ ဖုံးထားမယ်။ အစိုးရဘက်ကလည်း ဖုံးထားမယ်။ အကြမ်းနည်းနဲ့ ရှင်းမယ်ဆိုရင်ဒီပြဿနာကဘယ်တော့မှ မပြေလည်ဘူး”

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းကလည်း နောက်ကြောင်းမပြန်အောင် လူထုက ကူညီနိုင်ပုံကိုအောက်ပါအတိုင်းပြောသည်။ “ပြည်သူတွေအနေနဲ့ကတော့ ကိုယ်ကိုယ်တိုင်က ငြိမ်းချမ်းစွာဖြေရှင်းတတ်တဲ့ အကျင့်ကိုမွေးယူရမယ်။ ဘာလို့လဲဆိုရင် ဘယ်ဒီမိုကရေစီနိုင်ငံမှ ဒီမိုကရေစီစနစ်တစ်ခုကို အကြမ်းဖက်တဲ့နည်းနဲ့ စည်းမဲ့ကမ်းမဲ့ယူလို့မရဘူးလေ။ အဲဒီတော့ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းလမ်းနဲ့ပဲ ပြည်သူတွေက အစိုးရကို ကူညီရမယ်။ အဓိကရုဏ်းတွေ ဘာတွေ မဖြစ်အောင် လုပ်ရမယ်။ ပြည်သူတွေက စည်းကမ်းရှိရမယ်။ စည်းကမ်းရှိရှိနဲ့ ဖြေရှင်းရမယ်။ ဒီမိုကရေစီနည်းလမ်းကျကျ တိုင်းပြည်က အရှိန်အဟုန်နဲ့ သွားနေတဲ့အချိန်မှာ ပြည်သူကလည်း စည်းကမ်းရှိရှိနဲ့ ပါဝင်ဖို့လိုတာပေါ့။ မိမိကိုယ်တိုင်က ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းတဲ့အကျင့်ကိုပျိုးထောင်ပြီး အစိုးရကို ကူညီသင့်တာပေါ့”။

ကျောင်းသားသမဂ္ဂဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကိုဒီငြိမ်းလင်းကလည်း “ဒီမိုကရေစီလမ်းကြောင်းကိုသွားရင် အကုန်လုံး စိတ်ရှည်ရှည်နဲ့ ညှိနှိုင်းပြီးသွားရမှာ။ ပြည်သူတွေဘက်ကလည်း အလကားနေ ဆန္ဒပြမယ်ဆိုတာ မဖြစ်သင့်ဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဒီမိုကရေစီကို ဖော်ဆောင်ဖို့ဆိုတာက ဆန္ဒပြနေရုံနဲ့ မပြီးဘူး။ အခုတော့ ဆန္ဒပြမယ်ဆိုတာကို ရှေ့တန်းတင်တယ်။ ဖြေရှင်းတဲ့သူကလည်း အကြမ်းဖက်ဖြေရှင်းတယ်။ ဒါတွေကမဖြစ်သင့်တော့ဘူး”ဟု သူ၏အမြင်ကိုပြောသည်။

အထက်ပါအတိုင်းဆို၍ ပြည်သူများက မိမိတို့၏ နစ်နာမှုများကို မတောင်းဆိုရတော့ဟု ဆိုလိုခြင်းမဟုတ်ပါ။ နစ်နာချက်များ၊ အမြင်များ၊ ထင်မြင်ယူဆချက်များကို ပွင့်လင်းစွာ ငြိမ်းချမ်းစွာ တောင်းဆိုရမည်လည်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက ပြောသည်။ လူထုအနေဖြင့်လည်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုကို ယခုနှစ်အတွင်း ရင်းနှီးလာပြီဖြစ်သည်။ အစိုးရက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေပြဋ္ဌာန်းပြီးနောက် တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုများမှာ တစ်လလျှင် အကြိမ်ရေဆယ်နှင့်ချီ၍ ရှိနေသောကြောင့်ဖြစ်သည်။

**အစိုးရဌာနသာအဓိကတာဝန်ရှိ**

ဤတွင်ပြဿနာမှာ နစ်နာသူများ၏ တောင်းဆိုချက်ကို တာဝန်ရှိသော လုပ်ငန်းရှင်များ၊ အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများက ပြေလည်အောင်မဖြေရှင်းပေးခြင်းဖြစ်သည်။ အစိုးရဌာနနှင့် သက်ဆိုင်သော ကိစ္စများတွင်လည်း အောက်ခြေအဆင့်မှတာဝန်ခံ၍ ဖြေရှင်းပေးမှုနည်းပါးပြီး အရာအားလုံးတွင် နိုင်ငံတော်သမ္မတကပြောမှ ပြည်ထောင်စုအစိုးရက ဝင်ရောက်ဖြေရှင်းမှ ပြေလည်သည်များ ကြုံလာသည်။

ဒီမိုကရေစီခေတ်ဆိုသော်လည်း အခွင့်ထူးခံခရိုနီများ ရှိနေခြင်းနှင့် အစိုးရ၏ယန္တရားများ ညံ့ဖျင်းမှုများမှာ ထိုအခြေအနေတွင် ပေါ်လာသည်။

“ဖြစ်နိုင်ရင် ကျွန်တော်တို့ ဆန္ဒမပြချင်ဘူး။ အခု ဆန္ဒပြတာ ၃၁ ရက်ရှိပြီ ဝါဝါဝင်းရှေ့မှာ။ လယ်သမားတွေ အိမ်ပြန်ချင်ပါပြီ။ လုပ်ပိုင်ခွင့်ရှိတဲ့သူတွေ လယ်သိမ်းသွားတဲ့သူတွေဟာ သူတို့ လုပ်တဲ့ အလုပ်နဲ့ ပတ်သက်ပြီးတော့ တာဝန်ယူမဖြေရှင်းသရွေ့ကာလပတ်လုံး မြန်မာနိုင်ငံမှာ တိုးတက်မှာမဟုတ်ဘူး”ဟု ဆန္ဒပြပွဲများစွာကိုဦးဆောင်ခဲ့သော ဦးဝင်းချိုကလည်း သုံးသပ်ပြောကြားသည်။

“နောက်ကြောင်းပြန်လှည့်ခြင်းမလှည့်ခြင်းက အစိုးရပေါ်မှာပဲ မူတည်တယ်လို့ထင်တယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကလည်း နောက်ကြောင်းပြန်လို့ရတဲ့ ဥပဒေကြီးဆိုတော့ သူနဲ့ပဲဆိုင်တယ်။ အခုပြည်သူတွေလုပ်နေတာကလည်း နောက်ကြောင်းပြန်အောင် လုပ်နေတာမဟုတ်ဘူး။ ရှေ့ကိုသွားနိုင်အောင် လုပ်နေတာ။ အရင်တုန်းက လုပ်ခဲ့တဲ့ အမှားတွေကို ပြင်ခိုင်းနေတာ။ ဆန္ဒပြတယ်ဆိုတာ ဖြစ်သင့်တာကို ပြောနေတာလို့ပဲ မြင်တယ်။ ပြည်သူတွေ ဆန္ဒဖော်ထုတ်တယ်ဆိုတာ အားနည်းတဲ့ဥပဒေကိုပြင်ခိုင်းနေတာ။ ရှေ့ကိုသွားနိုင်အောင်လုပ်တာ” ဟု လူမှုရေးလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်နေသော ဒေါက်တာကျော်သူကလည်း ပြောသည်။

လက်ရှိအစိုးရက နိုင်ငံရေး၊ စီးပွားရေး နှစ်ခုစလုံးကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသော်လည်း အဓိကအားနည်းချက်မှာ စီးပွားရေးဖွံ့ဖြိုးအောင် မလုပ်သည့်နိုင်သေးသည့်အတွက်အပြောင်းအလဲများမှာပြည်သူများ မခံစားရသေးခြင်းဖြစ်သည်။ ယခင်အစိုးရလက်ထက်က ချန်ရစ်ခဲ့သော ပြဿနာအမွေဆိုးများကို ဖြေရှင်းနေရသည်ဆိုသော်လည်း အစိုးရသစ်လက်ထက် ဆောင်ရွက်မှုအချို့မှာလည်း ပွင့်လင်းမြင်သာမှုအားနည်းခြင်းဖြစ်သည်။ သမ္မတဦးသိန်းစိန်နှင့် ၎င်း၏အစိုးရအဖွဲ့ဝင်များမှာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသောစိတ် ရှိသည်ဟု ပြည်သူများယုံကြည်သော်လည်း အချို့မှာ နောက်ကြောင်းပြန်လိုသော သဘောထားတင်းမာသူများ ရှိနေဆဲဆိုသည်ကလည်း ထင်ရှားနေသည်။ လာဘ်ပေးလာဘ်ယူမှုများ အမြစ်တွယ်နေခြင်း၊ အစိုးရအဖွဲ့ဝင်များ၏ သဘောထားနှင့် လုပ်နည်းလုပ်ဟန်များမှာ အာဏာရှင်လက်ထက်ကကဲ့သို့ပင် ကြိုးနီစနစ်ကိုသာ ကျင့်သုံးနေဆဲဖြစ်ပြီး မိုင်းဆတ်မပြောင်းလဲနိုင်ခြင်း၊ မူဝါဒချမှတ်မှုများ နှေးကွေးခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုအားနည်းခြင်း၊ ပြည်ထောင်စုအစိုးရတွင်သာ လုပ်ပိုင်ခွင့်အာဏာ အများဆုံးရှိနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ အာဏာဖြန့်ဝေသုံးစွဲမှုတို့တွင်လည်း အစိုးရတွင် အားနည်းချက်များရှိနေသည်။

ထို့ကြောင့် လပေါင်း ၂၀ အတွင်း ဦးသိန်းစိန်အစိုးရက မှန်ကန်သော ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့သော်လည်း၊ အစိုးရ၏ ညံ့ဖျင်းမှုမှာလည်း များစွာရှိနေဆဲပင်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်က ဖြစ်ပျက်ခဲ့သော လက်ပံတောင်းတောင်အရေး ဆန္ဒပြသူများကိုအင်အားသုံးဖြိုခွင်းခဲ့ခြင်းမှာ အစိုးရ၏ ညံ့ဖျင်းမှုပင်ဖြစ်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်သူလူထု၏ ထောက်ခံချက်ရရှိနေသော သမ္မတဦးသိန်းစိန်မှာပင် ထိုနေ့နောက်ပိုင်း ဝေဖန်မှုများစွာ ကြုံနေရသည်။ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက သံဃာတော်များကို ထိုဖြစ်ရပ်ပြီးနောက် ဩဝါဒခံယူပွဲကျင်းပ၍ တောင်းပန်မှုမှာ ယခင်အာဏာရှင်စနစ်တွင် မတွေ့ရသော ကောင်းမွန်မှုဟုဆိုရမည်။ သို့သော် သံဃာတော်နှင့် ပြည်သူအများအပြားဒဏ်ရာရရှိအောင် မည်သည့်အတွက်ကြောင့်ဖြစ်ပွားခဲ့ရပြီး၊ မည်သူ့တွင် တာဝန်ရှိသည်ကိုအစိုးရကပွင့်ပွင့်လင်းလင်းမရှင်းပြသေးခြင်းမှာတာဝန်ယူမှုတာဝန်ခံမှုအပေါ် မေးခွန်းထုတ်စရာဖြစ်သည်။

“တိုင်းပြည် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်ရဲ့ ထိပ်ဆုံးမှာ နိုင်ငံတော်သမ္မတရှိနေတာပဲ။ သမ္မတက ပြောတာဆိုတာ ညွှန်ကြားတာတွေဆိုတာ အောက်ခြေအုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်က လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကိစ္စတွေဖြစ်တယ်။ အဲဒီလိုအခြေအနေတွေမရှိဘူးဆိုရင် အုပ်ချုပ်ရေးယန္တရားထဲမှာ တစ်ခုခုတော့ မှားနေလို့ဖြစ်မယ်ထင်တယ်။ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး ဒီကိစ္စတွေမှာ ရှင်းရှင်းလင်းလင်းရှိဖို့ လွတ်လပ်ကြဖို့ လိုသလိုတပ်မတော်ရဲ့ အခန်းကဏ္ဍကလည်း သီးသန့်ရှိနေဖို့ လိုတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးတွေနဲ့ ပြည်ထောင်စုရဲ့ လုပ်ပိုင်ခွင့်တွေမှာလည်း ရှင်းရှင်းလင်းလင်းရှိဖို့ လိုပါတယ်။ ချုပ်ပြီးပြောရင်တော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ဖို့ ပြင်သင့်တာတွေကိုပြင်ဖို့ အရမ်းအရေးကြီးပါတယ်။ အောက်ခြေအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်ကိုလည်း ခေတ်နဲ့လျော်ညီတဲ့ အသွင်အပြင်မျိုးဖြစ်အောင် ပြုပြင်နိုင်ဖို့ တည်ဆောက်နိုင်ဖို့ အလွန်အရေးကြီးတယ်လို့ မြင်ပါတယ်”ဟု ဦးအောင်မိုးဇော်က ပြောသည်။

ယခုဆောင်းပါးအတွက်7Day Newsက နိုင်ငံရေးသမားများ၊ ပညာရှင်များ၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ၊ စီးပွားရေးသမားများထဲမှ ပုဂ္ဂိုလ် ၂၀ ဦးကိုတွေ့ဆုံမေးမြန်းခဲ့ရာ အထက်တွင် ဆိုခဲ့သည့် အားနည်းချက်များကိုအစိုးရအနေဖြင့်ပြင်ဆင်ဆောင်ရွက်ရန်၊ ပြည်သူလူထုအသံကို နားထောင်၍ ပူးပေါင်းဆောင်ရွက်ကြရန် တစ်ညီတညွတ်တည်း အကြံပြုခဲ့ကြသည်။

ဒေသအသီးသီးရှိ သာမန်ပြည်သူ ၃၀ ဦးကို လူတွေ့မေးမြန်းမှုအရလည်း ၎င်းတို့လိုလားသော အစိုးရမှာ အများစုက တညီတညွတ်တည်းပြောသည်က **ပြည်သူ့အသံနားထောင်၍ ပြည်သူ့အကျိုးလိုလားသော၊ ပြည်သူကိုစာနာသော၊ ပွင့်လင်းမြင်သာသော၊ အမြော်အမြင်ကြီးသော အစိုးရကိုလိုလား သည်**ဟူ၍ ဖြစ်ပါသည်။

■ ■ ■

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး လေ့လာသူ ဒေါက်တာမင်းဇော်ဦးနှင့် တွေ့ဆုံခြင်း

**ထွန်းခိုင်၊ ရန်မျိုးနိုင်**

ဒေါက်တာမင်းဇော်ဦးသည် ကမ္ဘာတစ်ဝန်းမှ ဒီမိုကရေစီအပြောင်းအလဲ ၁၁၅ ခုအား လေ့လာသုံးသပ်ကျမ်းပြုစုခဲ့ပြီး George Mason University မှ ပါရဂူဘွဲ့ရခဲ့သည်။ Georgetown University မှ အမျိုးသားလုံခြုံရေးဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့နှင့် George Mason University မှ ပဋိပက္ခသုံးသပ်ဖြေရှင်းမှု မဟာသိပ္ပံဘွဲ့တို့ရရှိခဲ့သည်။ လက်ရှိ Myanmar Peace Center တွင် ငြိမ်းချမ်းဆိုင်ရာလုပ်ငန်းများ ကူညီပေးနေသည်။



**■ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးက ဘယ်အဆင့်ရောက်နေပြီလို့ ထင်ပါသလဲ။**

ကျွန်တော်တို့ရဲ့ အသွင်ကူးပြောင်းရေးက တကယ် 'စ' လုံးရေစဖို့တောင်ကြံတဲ့အဆင့်ပဲ ရှိတယ်လို့ ကျွန်တော်ထင်တယ်။ အဓိက ဒီမိုကရေစီအပြောင်းအလဲနဲ့ ဒီမိုကရေစီဖြစ်ထွန်းတဲ့ဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် စစချင်း အကူးအပြောင်းဖြစ်တယ်။ အကူးအပြောင်းမဖြစ်ခင်မှာ ဒီ့အရင်အစိုးရတွေက ဒီမိုကရေစီ မကျတကျ လစ်ဘရယ်လိုက်ဇေးရှင်းဆိုတဲ့ နိုင်ငံရေးတံခါးလေးကို စဖွင့်ပေးတယ်။ အဲဒီကာလတွေပြီးမှ အကူးအပြောင်း တကယ်ဖြစ်လာတယ်။

**■ နောက်ပြန်မလှည့်အောင် ပြည်သူဘက်က ဘာလုပ်သင့်လဲ။**

လူထုဘက်က နံပါတ်တစ်က ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေကို ကျွန်တော်တို့ အကန့်အသတ်ထားဖို့လိုတယ်။ ဒီနေ့အချိန်ဟာ 'စ' လုံးရေစ အချိန်ပဲဖြစ်တယ်။ အဲဒီတော့ ပြဿနာအများစုကို မဖြေရှင်းပေးနိုင်ဘူး။ အဲဒီအမြင်လေးကို ကျွန်တော်တို့ မြင်ဖို့ လိုတယ်။ နောက်တစ်ခုက ဒီမိုကရေစီ နိုင်ငံကို ကျွန်တော်တို့ သွားတော့မယ်ဆိုရင် ဒီမိုကရေစီသဘောတရားက ကိုယ်လိုချင်တာ တောင်းတာတစ်ခုတည်း မဟုတ်ဘူး။ တခြားသူတွေရဲ့ အခက်အခဲကို ကျွန်တော်တို့က သိနိုင်ဖို့လိုတယ်။ အရင်တုန်းက အာဏာရှင်စနစ်မှာတော့ ဥပဒေဆိုလို့ရှိရင် ဒါဟာ မတရားတဲ့ ဥပဒေဆိုတဲ့အတွက် ဒါဟာ ဖီဆန်ရမယ်ဆိုတဲ့သဘောရှိလာတယ်။ ဒီမိုကရေစီနိုင်ငံ အကူးအပြောင်းဖြစ်ဖို့ကြိုးစားလာတဲ့အချိန်မှာ ဥပဒေတွေကို ကျွန်တော်တို့ကိုယ်တိုင် လိုက်နာတတ်ရမယ်။ လူထုကြားထဲမှာ ကျင့်သုံးဖို့လိုမယ်။

**■ အခြားဒီမိုကရေစီနိုင်ငံတွေလို တပ်မတော်က သူ့အလုပ် သူလုပ်နိုင်အောင် ဘယ်လိုအခြေအနေတွေဖြစ်ဖို့လိုလဲ။**

တပ်မတော်ကို နိုင်ငံရေးထဲက ထွက်စေချင်တယ်ဆိုလို့ရှိရင် တပ်မတော်နိုင်ငံရေးထဲမှာ ဘာလို့ရှိလဲဆိုတဲ့ အဓိကအကြောင်းအရာပြဿနာကို ဖြေရှင်းဖို့လိုတယ်။ အဲဒါ ဘာလဲဆိုတော့ လုံခြုံရေး။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆို လက်ရှိရှိတဲ့ လူမျိုးစုလက်နက်ကိုင် တိုင်းရင်းသားပြဿနာကို မဖြေရှင်းပေးနိုင်ရင် လုံခြုံရေးပြဿနာကို မဖြေရှင်းပေးနိုင်ဘူး။ အဲဒါကို မဖြေရှင်းပေးနိုင်ရင် တပ်မတော်ကိုလည်း ကျွန်တော်တို့က နိုင်ငံရေးထဲက ထွက်ဆိုတဲ့ဟာ ပြောရခက်လာလိမ့်မယ်။ တခြားနိုင်ငံတွေကြည့်တဲ့အခါမှာလည်း အင်ဒိုနီးရှားမှာ အာချေမှာ ပြည်တွင်းငြိမ်းချမ်းရေးရခဲ့တယ်။ အဲဒီလို အောင်မြင်မှုတွေရပြီးနောက်ပိုင်းမှာ တပ်မတော်အနေနဲ့ နိုင်ငံရေးထဲက ထွက်ရေးဆိုတာက တစ်ဖြေးဖြေးချင်း ဖြစ်လာတယ်။ နံပါတ်တစ် တပ်မတော်ကိုနိုင်ငံရေးထဲမပါစေချင်ရင် တပ်မတော်ပါခဲ့တယ်ဆိုတဲ့အကြောင်း၊ လုံခြုံရေး၊ ဒီပြဿနာကိုကျွန်တော်တို့ဖြေရှင်းဖို့ လိုလိမ့်မယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ တပ်မတော်သားတွေကိုအရာရှိ၊ အရာခံအားလုံးကို Professional စစ်တပ်တစ်ခုဖြစ်အောင် လုပ်ပေးဖို့လိုတယ်။ Professional စစ်တပ်ဆိုတာ တပ်မတော်ကစစ်သားဆိုတဲ့အတွက်စစ်သားအလုပ်ပဲ လုပ်သွားတယ်။ နိုင်ငံရေးမှာ သူတို့မပါဘူး။ အဲဒီလိုမျိုးတွေ ဖြစ်နိုင်ဖို့ဆိုတာ တပ်မတော်သားတွေရဲ့ စားဝတ်နေရေးပြဿနာအများကြီး ဖြေရှင်းနိုင်ဖို့လိုလိမ့်မယ်။ အဓိကတစ်ခုက စစ်တပ်ကိုဒီမိုကရေစီအပြောင်းအလဲထဲကို ပါစေချင်ရင် အပြောင်းအလဲဖြစ်ခြင်းကြောင့်စစ်တပ်ရဲ့ပင်မရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးကိုမငြိစွန်းဘဲနဲ့မပွန်းပဲ့ဘဲနဲ့ ဒီမိုကရေစီတည်ဆောက်လို့ ရတယ်ဆိုတဲ့ အမြင်မျိုး စစ်တပ်ကို ပြောပြနိုင်ဖို့ လိုလိမ့်မယ်။ ယုံကြည်အောင် လုပ်ပြရမယ်။ မဟုတ်လို့ရှင်ရင်တော့ စစ်တပ်က နိုင်ငံရေးထဲကထွက်ဖို့ခက်မယ်ပေါ့။

**■ သမ္မတဦးဆောင်တဲ့ လုပ်ရပ်တွေကို တောက်လျှောက်ထောက်ခံမှုရလာတာ ရှိတယ်။ လက်ပံတောင်းတောင်ကိစ္စမှာတော့ ဝေဖန်တာတွေရှိလာတယ်။ အခုလက်ရှိ အခြေအနေမှာ အစိုးရအနေနဲ့ ဘာလုပ်သင့်တယ်ထင်လဲ။**

လက်ရှိ အနေအထားမှာတော့ ဒီလိုမျိုး အကျပ်အတည်းတွေက ရှိလာမှာပဲ။ ဒါပထမဆုံးအကြိမ်ဆိုပေမယ့် ဒါမျိုးတွေလည်း နောက်ပိုင်းမှာ ဖြစ်လာနိုင်တယ်။ ဖြစ်တဲ့အခါမှာ ကျွန်တော်တို့ ဘာအကျပ်အတည်းဖြစ်ဖြစ် အစိုးရဘက်ကကော အတိုက်အခံဘက်ကကော လူထုကြားထဲမှာပါ ပဋိပက္ခဖြေရှင်းတဲ့ပုံစံနဲ့ အရင်ချဉ်းကပ်ဖို့လိုတယ်။ ဒီမိုကရေစီစနစ်သွားနေပြီ။ ဒီမိုကရေစီကျင့်စဉ်က ဒီလိုလုပ်ရမယ်ဆိုပြီးတော့ စံပေတံတွေနဲ့ တိုင်းလို့က မလွယ်သေးဘူး။ အခုအချိန်မှာ။ ပြဿနာတွေကို ဖြေရှင်းတဲ့ ပဋိပက္ခဖြေရှင်းတဲ့အခြေခံမျိုးနဲ့မချဉ်းကပ်နိုင်သ၍ လက်ပံတောင်းတောင်လိုကိစ္စမျိုးက ဒါအစိုးရဘက်ကတစ်ခုတည်းတင်မကဘူး။ ဘက်ပေါင်းစုံက အင်အားစုပေါင်းစုံက ဒီပုံစံနဲ့ချဉ်းကပ်ဖို့လိုတယ်။ ငါတို့က ဒါတောင်းဆိုတယ်။ မရရင် တစ်လက်မှမလျှော့နိုင်ဘူးဆိုတဲ့ဟာမျိုးကျတော့ ထိပ်တိုက်ရင်ဆိုင်ဖြစ်ဖို့ပဲ ရှိတော့တာပေါ့။ အဲဒီလို ပုံစံမျိုးနဲ့ ချဉ်းကပ်မယ်ဆိုရင် နောက်ပိုင်းမှာလည်း လက်ပံတောင်းတောင်လို ပြဿနာတွေ အများကြီးဖြစ်လာနိုင်တယ်။

**■ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအပြောင်းအလဲမှာ အဟန့်အတားဖြစ်နိုင်တာတွေ တော်တော်များ များရှိတယ်ပြောတယ်။ ဒီအခြေအနေက ကျော်လွှားပြီး ဒီမိုကရေစီကူးပြောင်းမှု အောင်မြင်သွားရင် ကမ္ဘာက မြန်မာအပေါ် ဘယ်လိုမြင်မလဲ။**

ကျွန်တော်လည်း အသွင်ကူးပြောင်းရေးတွေ အများကြီးလေ့လာခဲ့တယ်။ ကျွန်တော်တို့အသွင်ကူးပြောင်းရေးက အခက်ဆုံးပဲ။ ကျွန်တော်တို့လောက် ပြဿနာရှုပ်ထွေးတဲ့ အကူးအပြောင်း၊ ပြဿနာများတဲ့ အကူးအပြောင်းမရှိခဲ့သေးဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ အားကောင်းချက်က ဘာလဲဆိုတော့ အားနည်းချက်လည်းဖြစ်လာနိုင်တာပေါ့ဗျာ။ စစ်တပ်အုပ်ချုပ်ခဲ့တဲ့ လွန်ခဲ့တဲ့နှစ် ၂၀ ကျော်ကာလ၊ အရင် ဦးနေဝင်းအုပ်ချုပ်ခဲ့တဲ့ မ. ဆ. လ အစိုးရလက်ထက်မှာ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး ဒါကို အများကြီး လုပ်နိုင်ခဲ့တယ်။ အဲဒီတော့ အခြားတိုင်းပြည်တွေမှာ ပြည်တွင်းစစ်တွေဖြစ်ပြီး အပြောင်းအလဲ ဖြစ်တဲ့အချိန်မှာ တိုင်းပြည်က မီးလောင်ပုတ်တိုပဲ ကျန်တော့တယ်။ အာဖဂန်နစ္စတန်မှာသွားကြည့်လိုက်၊ ရန်ကုန်မြို့လိုကာဘူးလ်ဆိုတဲ့ မြို့တော်ကြီးမှာ အိမ်တွေက အမြောက်ရာ၊ ကျည်ရာတွေက နေရာတိုင်းမှာရှိတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အဲဒီလိုအခြေအနေ မရောက်သွားခဲ့ဘူး။ ဘာကြောင့်မရောက်ခဲ့လဲဆိုရင် စစ်တပ်ဆိုတဲ့ စုဖွဲ့မှုက လုံခြုံရေးအရကော၊ နိုင်ငံရေးအရကော ထိန်းချုပ်ထားနိုင်ခဲ့တယ်။

**■ လက်ရှိအစိုးရရဲ့ လုပ်ခဲ့တာတွေအနက် ကောင်းတာ၊ ဆိုးတာတွေက ဘာလို့မြင်မိလဲ။**

အားနည်းချက်ကို အရင်ပြောရရင်တော့ အစိုးရတစ်ခုလုံးမှာ ရှေ့ကိုရွှေ့တဲ့အခါမှာ မြန်မြန်ဆန်ဆန်နဲ့မူဝါဒတွေချမှတ်ပြီး ရွှေ့နိုင်တာ အားနည်းခဲ့တယ်။ မူဝါဒတွေအကောင်အထည်ဖော်တာ အားနည်းခဲ့တယ်။ ဒါကလည်းဖြစ်ရိုးဖြစ်စဉ်ပြဿနာ။ မူဝါဒဆိုတာ အပေါ်ကချမှတ်လိုက်တာလွယ်တယ်။ အကောင်အထည်ဖော်တာက ဝန်ကြီးဌာနတွေ ဌာနဆိုင်ရာတွေက အကောင်အထည်ဖော်ရတယ်။ ဒါပေမဲ့ အပေါ်ကလူရဲ့ မူဝါဒကသာ အသစ်ဖြစ်လာတာ အောက်ကယန္တရားက အဟောင်းကြီး။ အဟောင်းကြီးကနေ မူဝါဒအသစ်ကို လုပ်ရတဲ့အခါကျတော့ အများကြီးခက်တယ်။ နောက်တစ်ခုက ခုနကပြောတဲ့ World View ပေါ့။ ပြောင်းချင်တဲ့ ဆန္ဒရှိတယ်။ ဒီမိုကရေစီကိုသွားချင်တယ်။ ဒါပေမဲ့ အချို့ World View တွေက ဒီမိုကရေစီဘက်ကိုသွားတဲ့ World View နဲ့ အရင်ခေတ်က World View ကို ဒီမိုကရေစီခေတ်ထဲကို ဆွဲယူပြီးမှ စဉ်းစားတာပိုပြီး ခရီးရောက်တယ်ပေါ့။ နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်မျိုးတွေက ဆန့်ငင်ဆန့်ငင်နဲ့ ပါလာကြတာကိုဗျ။ နောက်တစ်ခုက ကျွန်တော်တို့မှာ Capacity အရမ်းကြီးတယ်။ လုံခြုံရေးဘက်ကပဲကြည့်ကြည့်၊ အစိုးရဘက်ကပဲကြည့်ကြည့်၊ ဌာနဆိုင်ရာဘက်ကပဲကြည့်ကြည့် Capacity ပြဿနာက အရမ်းကြီးတော့ အဲဒီပြဿနာကများလေလေ လုပ်ငန်းအကောင်အထည်ဖော်ဖို့ နှေးလေလေ၊ မူဝါဒကို ထိထိရောက်ရောက် ချမှတ်နိုင်မှုနည်းလေလေဖြစ်တယ်။

အောင်မြင်တဲ့ဘက်က ပြန်ကြည့်ရင် မြန်မာပြည်မှာရှိတဲ့ နိုင်ငံရေး အင်အားစုအားလုံးလိုလို မြေပေါ်ရောက်သွားတယ်။ ထောင်ချခံရတဲ့ သူတွေ ရွေးကောက်ပွဲလုပ်နိုင်တယ်။ လွှတ်တော်ထဲရောက်လာတယ်။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင်ပေါ့။ တစ်ဆက်တည်းမှာ နိုင်ငံရေးနယ်ပယ်ကျယ်လာတယ်။ မီဒီယာလွတ်လပ်ခွင့် အနေအထားမှာ အခုဆိုရင် ဆင်ဆာဆိုတာမရှိသလောက်ဖြစ်သွားပြီ။ အရင်က စစ်အစိုးရဆိုတာ သုံးလို့မရဘူး။ အခုကပြဿနာမရှိဘူးပေါ့။ နောက်တစ်ခုက ငြိမ်းချမ်းရေးကိစ္စ ကချင်ကလွဲရင် အခြားနေရာတွေ သေနတ်မဖောက်သလောက်ဘဲ။ ကျွန်တော်တို့တိုင်းပြည်မှာ အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့ ဆယ်ခုမှာ ပြဿနာအသေးလေးတွေဖြစ်တယ်ဆိုတာ သုံးခုလောက်ပဲရှိတယ်။ အခြားနိုင်ငံတွေနဲ့ ယှဉ်ကြည့်တဲ့အခါမှာ ပြည်တွင်းစစ်မှာ ကျွန်တော်တို့လောက် အပစ်အခတ်ရပ်စဲတာ အောင်မြင်ခဲ့တာမရှိဘူး။

အပစ်အခတ် ရပ်စဲတယ်ဆိုတဲ့ ဘက်ကကြည့်ရင် အောင်မြင်ခဲ့တယ်။ ဟိုအရင်ကလည်း အောင်မြင်ခဲ့တယ်။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ တိုင်းရင်းသားအရေးနဲ့ ပတ်သက်ပြီး အဓိကအကျဆုံးတစ်ခုက လက်ရှိအစိုးရရဲ့ တိုင်းရင်းသားကိစ္စကို ဖြေရှင်းမယ်ဆိုတဲ့ပုံစံက အကျယ်ကြီးထားပေးထားတယ်။ ဒီနေ့ဦးအောင်မင်းလိုလူမျိုးက ပြည်ထောင်စုဝန်ကြီးတစ်ယောက်က ဖက်ဒရယ်ဆိုတာ ရဲရဲပြောရဲလာပြီ။ ဖက်ဒရယ်ကို အတိုက်ခံတွေတောင် ဒီမှာပြောဖို့ တော်တော်စဉ်းစားရတယ်။ ဒီမှာ ဖက်ဒရယ်ကို ကြောက်စရာမလိုဘူးဆိုတာ ဦးအောင်မင်းလိုလူမျိုး ရဲရဲပြောရဲလာတယ်။ တိုင်းရင်းသားအရေးနဲ့ပတ်သက်လို့ မြန်မာပြည်ရဲ့ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ဒါကသော့ချက်ပဲ။ ဒီသော့ချက်ကို ရဲရဲပြောရဲပြီး ရဲရဲစားပွဲပေါ်တင်ရဲတဲ့အဆင့် ဖြစ်လာတယ်။

**■ ဘာများ ဖြည့်စွက်ပြောချင်ပါသေးလဲ။**

ဒီမိုကရေစီအပြောင်းအလဲမှာ နံပါတ်တစ်အန္တရာယ်အရှိဆုံး ဂိုဏ်းဂဏပြဿနာ၊ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့လိုတယ်။ ကျွန်တော်တို့မှာလည်း ပုဂ္ဂိုလ်ရေးအရတို့၊ ကိုယ်လုပ်နေတဲ့ အလုပ်အရတို့ တိုက်ခိုက်ခံရတာရှိတယ်။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေကော၊ ကျွန်တော်ကိုယ်တိုင်ကော ဒါတွေကို မတုံ့ပြန်ဖို့လိုတယ်။ ကျွန်တော်တို့က ဒီဟာတွေကို တုံ့ပြန်ပြီး ထိပ်တိုက်ရင်ဆိုင်ရင် ကျွန်တော်တို့ရဲ့ ပဋိပက္ခက ပိုကြီးလာဖို့ပဲ ရှိတယ်။ ဂိုဏ်းဂဏပြဿနာကိုဖြေရှင်းဖို့ အကောင်းဆုံးနည်းလမ်းက အတူအလုပ်တွဲလုပ်နိုင်ဖို့နည်းလမ်းဖြစ်တယ်။ ကျွန်တော်တို့ကြားထဲမှာ မတူတဲ့ဟာလေးတွေ ခွဲလုပ်လိုက်၊ တူတာတွေတွဲလုပ်၊ အဲဒီယဉ်ကျေးမှုတည်ဆောက်နိုင်ရန် ဂိုဏ်းဂဏပြဿနာကျွန်တော်တို့ ကျော်လွှားနိုင်လိမ့်မယ်။ ရှိနေဆဲဆိုရင်တော့ ကျွန်တော်တို့ ဒီမိုကရေစီအရေးသွားဖို့ အဟန့်အတား ဖြစ်နိုင်ပါတယ်။ ။

---

## အင်အားသုံးဖြိုခွဲရာမှ ဒဏ်ရာရရှိခဲ့သော သံဃာနှင့်လူ ၁၀၀ ခန့် မန္တလေးဆေးရုံသို့ ပြောင်းရွှေ့ကုသ

**မောင်တာ၊ မျိုးမင်းဦး**

**မန္တလေး၊ဒီဇင်ဘာ-၃**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းရပ်ဆိုင်းရေး ဆန္ဒပြသပိတ်တွင်အကြမ်းဖက်ဖြိုခွဲခံရသောကြောင့် ဒဏ်ရာရရှိသူများမှ သံဃာတော်နှင့် လူ ၉၈ ဦး မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါးကုသမှု ခံယူနေကြောင်း အဆိုပါ ဒဏ်ရာရသူများကို ရေရှည်ထောက်ပံ့ ကူညီမှုပေးနိုင်ရန် ဖွဲ့စည်းထားသည့် လက်ပံတောင်းတောင်အရေး ဒဏ်ရာရသူများ ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ဆရာတော် ဦးဥတ္တမသာရ(ဘဝအလင်းပရဟိတအသင်း-ဥက္ကဋ္ဌ)က ပြောသည်။

မုံရွာဆေးရုံကြီးတွင် ဆေးဝါးကုသနေသူများ အပါအဝင် ဒဏ်ရာရနေသူများကို နိုဝင်ဘာ ၃၀ ရက်မှစ၍ မန္တလေးဆေးရုံကြီးသို့ ပြောင်းရွှေ့ခဲ့ရာ ဒီဇင်ဘာ ၃ ရက်ညနေပိုင်းအထိ မန္တလေးဆေးရုံကြီးတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသော လူနာမှာ သံဃာတော် ၈၉ ပါး၊ လူ ၉ ဦး၊ စုစုပေါင်း ၉၈ ဦးဖြစ်ကြောင်း ဆရာတော်ဦးဥတ္တမက မိန့်ကြားသည်။

"ဆေးရုံမရောက်သေးဘဲ ကျန်နေတဲ့လူနာရှိရင်လည်း ဦးဇင်းတို့က ဆေးရုံကို ပို့ပေးတာက အစ အကုန်ကူညီပေးမယ်"ဟု ဆရာတော်ကမိန့်သည်။


မန္တလေး ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူနေသော လက်ပံတောင်းတောင် ဒေသ၊ ဝက်မွေးရွာသူ မဖြူဖြူဝင်းက သပိတ်စခန်းဖြိုခွဲခံရစဉ် ဒဏ်ရာရသူအတော်များများ ဆေးရုံသို့ရောက်ရှိ ဆေးဝါးကုသနေကြပြီဖြစ်ကြောင်း၊ ဝက်မွေး၊ ရွှေလှေနှင့် ဆည်တည်းရွာများမှ လူများအများဆုံး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြောသည်။

ရွှေလှေရွာမှ ဒဏ်ရာရသူကိုဇော်မြင့်ထွေးက ဒဏ်ရာရရှိသော်လည်းမပြင်းထန်၍ ကြောက်ရွံ့ကာ ဆေးရုံမတက်ဘဲ ရွာတွင်ကျန် ရစ်သူရှိနေနိုင်ကြောင်း ပြောသည်။ မန္တလေး ဆေးရုံကြီးသို့ ရောက်ရှိလာသော လူနာအရေအတွက် စာရင်းကို မေးမြန်းရာ မန္တလေးဆေးရုံအရေးပေါ် လူနာဌာနနှင့် ဆေးရုံကြီးရုံးခန်းမှ တာဝန်ရှိသူများက အတည်ပြုဖြေကြားနိုင်ခြင်း မရှိသေးပေ။

သပိတ်စခန်း ဖြိုခွဲခံရစဉ် ဒဏ်ရာရပြီး ဆေးရုံတက် ဆေးဝါးကုသမှုခံယူနေရသူများအား ဆေးဝါးနှင့် လိုအပ်သည်များ ကူညီထောက်ပံ့ရန် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီကို မန္တလေးမြို့မှ ပရဟိတဆောင်ရွက်နေသည့် ဆရာတော်၊ သံဃာတော်များ အပါအဝင် ဆရာတော်ရှစ်ပါးဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါကော်မတီက ရက်ရှည်ဆေးဝါးကုသမှုခံယူရမည့် ဆရာတော်များအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြင်ပအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မန္တလေးဆေးရုံကြီး၌ ဆေးဝါးကုသနေသူများတွင် ဒဏ်ရာပြင်းထန်သူများရှိသော်လည်း အသက်အန္တရာယ်အထိ စိုးရိမ်ရသည့် လူနာမရှိကြောင်း ဆရာတော်ဦးဥတ္တမသာရကမိန့်သည်။

လက်ပံတောင်းတောင် စီမံကိန်း ရပ်ဆိုင်းရေး ထိုင်သပိတ်ဆင်နွှဲကာ ဆန္ဒပြတောင်းဆိုနေသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၂၉ ရက် နံနက်လင်းအားကြီးပိုင်းတွင် အကြမ်းဖက်နှိမ်နင်းခဲ့ရာမှ ယခုကဲ့သို့ဒဏ်ရာများရရှိပြီး ဆေးရုံသို့ တက်ရောက်ဆေးဝါးကုသမှု ခံယူနေရခြင်းဖြစ်သည်။



ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်းကို ဒီဇင်ဘာ၁ရက်က ဂြိုဟ်တုဓာတ်ပုံမှမြင်ရစဉ်

# ယခုနှစ်ဆောင်း အအေးပေါ့မည်

## မြန်မာနိုင်ငံအောက်ပိုင်းတွင် ဒီဇင်ဘာလအတွင်း ဖျက်မိုးရွာနိုင်

**မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဒီဇင်ဘာလအတွင်း ဆောင်း၏အငွေ့အသက်များ ခံစားရမည်မဟုတ်ဘဲ မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ကြုံကြိုက်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးချစ်ကျော်က ပြောသည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ သုံးပုံတစ်ပုံခန့်မှာ မိုးသည်းထန်စွာရွာသွန်းမည်ဟု ဦးချစ်ကျော်ကပင်ပြောသည်။ "ဒီမိုးက အဖျက်မိုးပဲ တောင်သူလယ်သမားတွေသိအောင် ကျွန်တော်တို့က အချိန်နဲ့အမျှ ထုတ်ပြန်ပေးနေတယ်။ ဒါပေမဲ့ သူတို့ဘက်က တုံ့ပြန်လိုက်နာမှု အားနည်းတဲ့အတွက် အပျက်အစီးအလေအလွင့်တွေ ရှိသွားတယ်"ဟု ၎င်းကပင်ပြောသည်။

ယခုနှစ်ဆောင်းကာလ၏ အချိန်အခါမဟုတ် ရွာသွန်းသော မိုးကြောင့် မြန်မာပြည်အောက်ပိုင်းရှိ စိုက်ပျိုးထားသည့် ပဲနှင့် အခြောက်လှမ်းထားသည့် ကောက်လှိုင်းအချို့ မိုးမိကာ ပျက်စီးလေလွင့်မှုအချို့ရှိခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ လယ်သမားကြီးတစ်ဦးကပြောသည်။ "မိုးကအရမ်းရွာမယ်မှန်း မထင်ဘူး။ ပဲခင်းတွေ ရေဝင်ကုန်တယ်။ ပြန်စိုက်ဖို့တော့ မီနိုင်သေးတယ်"ဟု အဆိုပါလယ်သမားကပြောသည်။

ထို့အတူ ဆောင်းရာသီ၏ ဒုတိယလဖြစ်သော ဒီဇင်ဘာလတွင် တောင်ပေါ်ဒေသအချို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၌သာ အအေးဒဏ်ကိုသိသာစွာ ခံစားနိုင်ရမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့် တိုင်းအချို့တွင်ဆောင်းရာသီ၏ အအေးဒဏ်ကိုခံစားရမည်မဟုတ်ကြောင်း မြို့ကြီးအချို့မှာမူ မိုးရွာသွန်းရက် ၉ ရက်မှ ၁၀ ရက်အထိ ရွာသွန်းနိုင်ကြောင်း နေပြည်တော်မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။



နိုဝင်ဘာလကုန်ပိုင်းက မိုးရွာနေသော ရန်ကုန်မြို့တစ်နေရာ ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

လက်ရှိတွင် ဘင်္ဂလားပင်လယ်အော် အလယ်တည့်တည့် မြန်မာနိုင်ငံမှ မိုင် ၃၅၀ အကွာကို ကိုးကျွန်းအနောက်ဘက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ ပြောင်းလဲရန် ရှိ၊ မရှိကိုမူ ဆက်လက်စောင့်ကြည့်နေကြောင်း ယင်းလေဖိအားနည်းအရှိန်ကြောင့် ယခုလို မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုအားကောင်းနေခြင်းဖြစ်ကြောင်း မိုးလေဝသပညာရှင် ဦးထွန်းလွင်ကသုံးသပ်သည်။

"ဒီနှစ်ဆောင်းက သိပ်တော့မအေးနိုင်ဘူး။ တောင်ပေါ်ဒေသတွေမှာ အေးနိုင်ပေမယ့် ကျန်တဲ့အပိုင်းတွေက သိပ်မသိသာနိုင်ဘူး။ အယ်နီညိုဖြစ်စဉ်တော့ မဖြစ်ပေါ်နိုင်သေးပါဘူး"ဟု ဦးထွန်းလွင်က ယခုနှစ် ဆောင်းရာသီ၏ အခြေအနေကို သုံးသပ်သည်။

# တစ်ဦးချင်းကုန်သွယ်ကတ် စတင်အသုံးပြုနိုင်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ - ၁**


တစ်ဦးချင်း ကုန်သွယ်မှုပြုလုပ်နိုင်သည့် Individual Trading Card များကို ဒီဇင်ဘာ ၁ ရက်နေ့မှ စတင်အသုံးပြု ကုန်သွယ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းကတ်ကို ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းတွင် စတင်စမ်းသပ်အသုံးပြုနေပြီဖြစ်ပြီး မူဆယ်နှင့်မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းများတွင်လည်း မကြာမီ စတင်စမ်းသပ်အသုံးပြုတော့မည်ဟု နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်က ပြောသည်။

တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုများပြုလုပ်လာနိုင်ရန် ရည်ရွယ်သည်ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆိုသည်။ အဆိုပါကတ်ပြုလုပ်လိုပါက သက်ဆိုင်ရာနယ်စပ်ကုန်သွယ်ရေးစခန်းများတွင် လျှောက်ထားရမည်ဖြစ်သည်။

ယင်းကတ်သက်တမ်းမှာ တစ်နှစ်ဖြစ်ပြီး ကတ်စတင်ပြုလုပ်မည်ဆိုပါက နိုင်ငံတော်သို့ ကျပ်ငါးသောင်း ပေးသွင်းရမည်ဖြစ်သည်။ ယင်းကတ်ဖြင့် တစ်လလျှင် ကျပ်သိန်း ၂၀၀ ဖိုး ကုန်သွယ်နိုင်သည်ဟု နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Individual Trading Card ကို မြန်မာနိုင်ငံတွင်ရှိသည့် နယ်စပ်ကုန်သွယ်ရေးစခန်းပေါင်း (၁၃) ခုလုံးတွင် အသုံးပြုကုန်သွယ်နိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




ဆိုနေမယ် ခွန်အားသစ် သီချင်း
M-150
သီချင်းတွေဘယ်လောက်ပဲဆိုဆို
မောပန်းတယ်လို့ မခံစားရပါဘူး။
အဲဒါ စင်ပေါ်မတက်ခင် M-150
သောက်ထားလို့ပါ ...
M-150 ကြောင့် တက်တက်ကြွကြွ
သီချင်းဆိုနိုင်ပြီး ပရိသတ်နဲ့ ကျွန်တော်
အမြဲ တစ်သားတည်း ရှိနေပါတယ်။
ဖျော်ဖြေပြီးတဲ့အခါမှာလည်း M-150
က ကျွန်တော့်ကို ပြန်လည်လန်းဆန်း
အားပြည့်စေပါတယ်။
ဇော်ပိုင်
( အဆိုတော် )
DEVOTION
COURAGE
SACRIFICE
M-150
Power Beyond Limit



သင့် စိတ်ကူးအိပ်မက်ထဲက
ပြီးပြည့်စုံသော အလှတရားအတွက် . . .
Gold jojoba
Skin
Rejuvenating Night Oil
Made In Australia




www.myanmar-expo.com/MTG/
MYANMAR INT'L
TEXTILE & GARMENT
INDUSTRY EXHIBITION
Ad by Bureau of Foreign Trade
၂၀၁၂ အပြည်ပြည်ဆိုင်ရာ မြန်မာ့ချည်မျှင်နှင့်အထည်ချုပ်စက်ပစ္စည်းများပြပွဲကြီး
ကျင်းပမည့်နေ့ရက်– ၁၄– ၁၂– ၂၀၁၂ မှ ၁၇– ၁၂– ၂၀၁၂ ထိ
ကျင်းပမည့်အချိန်– နံနက် ၉ နာရီမှ ညနေ ၄:၃၀ နာရီထိ
ကျင်းပမည့်နေရာ– တပ်မတော်ခန်းမ(ရန်ကုန်)
TAIWAN
TAIWAN PAVILION
YOUR BEST CHOICE
Organizer:
Exhibitors from Taiwan
LIH CHIH
SICAMA
TSM
TNC
YAO HAN
RED ARROW

7DAY NEWS JOURNAL
Vol.11, No.39 • DECEMBER 6 , 2012

# ဘရာဇီး စီးပွားရေးအားနည်းလာခြင်းကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် စိုးရိမ်မှု ပိုများလာ

**ဆာအိုပိုလို၊ ဒီဇင်ဘာ - ၁** ဘရာဇီးနိုင်ငံ၏ စီးပွားရေးမှာ ယခုနှစ်တတိယသုံးလပတ်အတွင်း စိတ်ပျက်စရာကောင်းစွာ အားနည်းလာခဲ့ပြီး သမ္မတဒီလ်မာရူးဆက်ဖ်အပေါ် ဖွံ့စည်းတည်ဆောက်ပုံတွင် ပြုပြင်ပြောင်းလဲမှုများ ပိုမိုလုပ်ဆောင်ရေး ဖိအားများလာစေခဲ့သလိုကမ္ဘာ့စီးပွားရေးနွေးကွေးမှုက စီးပွားရေးအင်အားကြီး နိုင်ငံများကိုပါ ထိခိုက်စေကြောင်း စိုးရိမ်မှုများ ပိုများလာသည်။

ဘရာဇီး စီးပွားရေးမှာ ဒုတိယသုံးလပတ်ထက်နှိုင်းယှဉ်ပါက သုည ဒသမ ၆ ရာခိုင်နှုန်းသာ တိုးတက်လာကြောင်း အစိုးရစာရင်းအင်းဌာနက ထုတ်ပြန်ကြေညာခဲ့ရာ ယင်းမှာ ဘဏ္ဍာရေးဈေးကွက်များ မျှော်လင့်ထားသော နှုန်း၏ ထက်ဝက်သာ ရှိသည်။

၂၀၁၁ တွင် မစ္စစ်ရူးဆက်ဖ် သမ္မတဖြစ်လာပြီးနောက်ပိုင်း ဘရာဇီးနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးမှုများနှင့် ကြုံတွေ့လာရသည့် ကုမ္ပဏီများမှာ ကုန်ကျစရိတ်များ ပြားမှု၊ အခြေခံအဆောက်အအုံနှင့် အလုပ်သမားပြဿနာများ ရင်ဆိုင်လာရခြင်းကြောင့်ဖြစ်သည်။

မစ္စစ်ရူးဆက်ဖ်ကလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်လာစေရန် အခွန်လျှော့ပေးခြင်းအပြင် အခြားစီးပွားရေး နှိုးဆွမှုအစီအစဉ်များ အကောင်အထည်ဖော်ခဲ့သော်လည်း ကုမ္ပဏီများက တုံ့ပြန်ခြင်း မရှိကြောင်း အစိုးရကိန်းဂဏန်းများကပြသနေပြီး ရင်းနှီးမြှုပ်နှံမှုများမှာ သုံးလပတ်ငါးကြိမ်ဆက်တိုက်ကျဆင်းလာသည်ကိုပြသနေခြင်းဖြစ်သည်။

ထို့အတွက် လက်တင်အမေရိကတိုက်၏ အကြီးမားဆုံး စီးပွားရေးနိုင်ငံကြီး အားနည်းလာခြင်းက ကမ္ဘာ့စီးပွားရေးအပေါ် ပဲတင့် ထပ်လာလိမ့်မည်ဟု စိုးရိမ်မှုများလည်း ကြီးထွားလာသည်။

*—Ref: Reuters*



Photo - AFP




# ဘတ်ဂျက်ဆွေးနွေးမှုများ အချိန်ကြာမြင့်နိုင်ကြောင်း အိုဘားမား သတိပေး

**ဝါရှင်တန်၊ ဒီဇင်ဘာ-၁** အခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ လိပ်ခဲတည်းလည်းဖြစ်နေသော ဘဏ္ဍာရေး ဆွေးနွေးညှိနှိုင်းမှုများတွင် တစ်ဖက်နှင့်တစ်ဖက် အသာစီးရရှိရေး ကြိုးပမ်းမှု တစ်ပတ်ကြာကုန်ဆုံးလာချိန်မှာပင် အမေရိကန်သမ္မတအိုဘားမားနှင့် ပါလီမန်ဥက္ကဋ္ဌ ဂျွန်ဘိုးနားတို့မှာ တစ်ဦးနှင့်တစ်ဦး အလျှော့ပေးညှိနှိုင်းရေး တောင်းဆိုနေကြသည်။

သမ္မတအိုဘားမားက အချိန်ကြာမြင့်သော ဆွေးနွေးညှိနှိုင်းမှုများဖြစ်ပေါ်နိုင်သည်ဟု သတိပေးရင်း ဘဏ္ဍာရေးအကျပ်အတည်း အခြေအနေကို ဖြေရှင်းရေးပထမအဆင့်အနေဖြင့် ဝင်ငွေအလယ်အလတ်ရှိသော အမေရိကန်နိုင်ငံသားများအတွက် အခွန်လျှော့ချပေးထားခြင်းကို ကွန်ဂရက်က အတည်ပြုပေးရေး ရီပက်ဘလေကန်များကိုဖိအားပေးရန် ပင်ဆယ်ဗေးနီးယားပြည်နယ်၌ မဲဆန္ဒရှင်များ၏ အကူအညီရရှိနိုင်ရန် ပန်ကြားခဲ့သည်။ ဤသို့ဆိုလျှင် အခွန်စနစ်ပြင်ဆင်ရေးဆုံးဖြတ်ချက်နှင့် အစိုးရအသုံးစရိတ် လျှော့ချမှုများကို လာမည့်နှစ်တွင်မှ ကိုင်တွယ်နိုင်မည်ဖြစ်သည်။

"ဒီကိစ္စကို လုပ်ဆောင်ဖို့ရာ ကျွန်တော်တစ်ယောက်တည်း မလုံလောက်ပါဘူး"ဟုပင်ဆယ်ဗေးနီးယားပြည်နယ်၊ ဟတ်ဖီးလ်ဒ်ဒေသရှိ အရုပ်ထုတ်လုပ်သော စက်ရုံတွင် အိုဘားမားက ပြောကြားခဲ့သည်။

နောက်ထပ် နာရီဝက်ပင် မကြာဘဲ ဝါရှင်တန်၌ စကားပြောကြားသော အောက်လွှတ်တော်ဥက္ကဋ္ဌ ဂျွန်ဘိုးနားက ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာ ကွန်ဂရက်ခေါင်းဆောင်များသို့ တင်ပြခဲ့သည့် အစိုးရ၏ အစီအစဉ်မှာ စီးပွားရေးလုပ်ငန်းများအပေါ် အခွန်အကောက်များ တိုးမြှင့်ထား၍ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်သည်ဟု ပြောသည်။ ဆွေးနွေးမှုများမှာ ရွေးကောက်ပွဲ မတိုင်မီက ကျန်ရှိနေသော အချိန်ထက် ပိုမိုကြာမြင့်မည်မဟုတ်ဟု ၎င်းကပြောသည်။

"ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေတစ်ရပ် ရှိနေတာ သေချာပါတယ်"ဟု မစ္စတာဂျွန်ဘိုးနားက ဆိုသည်။

ထိပ်တန်းဝင်ငွေရရှိသူ နှစ်ရာခိုင်နှုန်းအတွက် ယခင်သမ္မတဘုရှ်လက်ထက်က နှုန်းထားများအတိုင်း ဆက်လက်ထားရှိမည်လားဆိုသည့်အပေါ် လိပ်ခဲတည်းလည်းအခြေအနေမှာ ကွန်ဂရက်တွင် သမ္မတအိုဘားမားနှင့် ရီပက်ဘလေကန်များအကြား တစ်နှစ်ကျော်ကြာ ငြင်းခုံဆွေးနွေးနေသော အကြောင်းအရာဖြစ်သည်။

အခွန်များတိုးမြှင့်ခြင်းနှင့် သုံးစွဲမှုလျှော့ချရေး ကန်ဒေါ်လာ ၆၀၀ ဘီလီယံ အစီအစဉ်မှာ လာမည့်ဇန်နဝါရီလတွင် စတင်အသက်ဝင်လာတော့မည်ဖြစ်ရာ ယင်းကိစ္စမှာ ပိုမို၍ အရေးတကြီးဖြစ်လာသည်။

*—Ref: Bloomberg*